www.burmeseclassic.com

VIEW

# မင်းကလေး

## သစ်ခက်လက်တံ



COVER Idea Kvaw

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၂၂၃၀၃၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၂၈၆၀၃၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြဲ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

Idea Kyaw

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ ဧပြီလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

**ဖြန့်ချိရေး**

နိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅ . ၈၃

မိန်းကလေး

သစ်ခက်လက်တံ / မိန်းကလေး။ - ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၀ ။

၃၀၄ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) သစ်ခက်လက်တံ

BURMESE CLASSIC .com

## အခန်း (၁)

အချစ်ကို တွေ့ရှိခြင်းက လေပူတချို့ကို အနမ်းဦးပေးရသည့် အလား။

သူ့ကို သတိထားကြည့်မိခြင်းက ဆိုင်ရင်မှာ စူးတူးတူး ဖြစ်စေသည်။ ဆီ၏ အိမ်ပြန်ချိန်တိုင်းကို လက်ဖက်ရည်ဆိုင်ဘေးရပ်၍ မချင့်မရဲ သူကြည့်နေသည်မှာ လွန်ခဲ့တဲ့နှစ်လကတည်းကဖြစ်ကြောင်း ဆီ သတိထားမိသည်။ ဆီသတိထားမိစေသည့် သူ၏ထူးခြားချက်က သူ့ဝတ်စုံကြောင့် ဖြစ်သည်။

ခပ်ညံ့ညံ့ စပို့ရှပ်အနက်ရောင်နဲ့ ဂျင်းဘောင်းဘီရှည်အနက်ကို ခပ်ရိုးရိုးဝတ်ထားသည်။ ဆီတွေ့သမျှ သူက ထိုဝတ်စုံနဲ့ချည်းသာ ဖြစ်သည်။ သူနဲ့လိုက်ဖက်တဲ့ ထိုဝတ်စုံကို ဒါဇင်လိုက် ဝယ်ဝတ်တာလား။ ဒါမှမဟုတ် အထည်လဲဝတ်စရာမရှိလို့ တစ်စုံတည်း လှည့်ဝတ်တာလား။ ဒါတော့ သူကိုယ်တိုင်ပဲ သိနိုင်မည်။

ထိုဝတ်စုံကြောင့် သူ့ကို ပို၍သတိထားမိတာတော့ ဆီ ဝန်ခံတယ်။ သူက ထိုဝတ်စုံကို အပြောင်းအလဲမရှိ ဝတ်သလို ဆီ၏အိမ်ပြန်ချိန်တိုင်းကို မှန်မှန်ရပ်ကြည့်ဆဲ။ ခုဆို သုံးလတင်းတင်း ပြည့်ခဲ့ပြီ။ သူက ရပ်ကြည့်တာကလွဲလို့ ဆီရှေ့သို့ ခြေတစ်လှမ်းမှ တိုးမလာခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းတိုးမလာတော့ ဏီ ရင်မှာ အီသလို ခံစားရသည်။ အကယ်၍ သူ့ခြေလှမ်းတိုးလာခဲ့မယ်ဆိုရင်လည်း ဏီဘက်က တံခါးပိတ်၍ လှလှပပ နောက်ဆုတ်ရမယ့် အကြောင်းပြချက်တွေရှိတာကြောင့် ဏီ ရင်မှာကျပ်ခဲ့စေသည်။

ထို့ကြောင့် သူ့ကို နောက်ထပ် သတိထားမကြည့်မိအောင် ဆင်ခြင်ဖို့ ဏီကိုယ်ဏီ စည်းတားမိသည်။ ထိုနေ့မှစ၍ ဏီ အိမ်ပြန်ချိန်ကို တစ်နာရီနောက်ဆုတ်ရန် ဆုံးဖြတ်လိုက်သည်။

ပုံမှန် ညနေငါးနာရီ ပြန်နေကျ။ နာရီသံ ငါးချက်မြည်နေပေမယ့် ဏီ ရုံးခန်းထဲမှာ ထိုင်နေဆဲ။

"မဏီ ငါးနာရီထိုးပြီ၊ မပြန်သေးဘူးလား"

ရုံးခန်းတံခါးသော့လေး ဖွင့်ဝင်ပြီး သင်းသင်းမေး၏။ ထိုအခါ ဏီမျက်ဝန်းလေး ကြည်ကြည်လေးပင့်၍ ခေါင်းအသာယမ်း၏။ သင်းသင်း အံ့ဩသလို တွေသွားပြီး –

"အရေးကြီးကိစ္စရှိလား၊ ရှိရင် သင်းသင်း ဝိုင်းကူမယ်လေ"

"ရတယ်၊ သင်းသင်း ပြန်တော့"

"ဖြစ်ပါ့မလား၊ မဏီ တစ်ယောက်တည်း"

ဏီ ယဲ့ယဲ့ပြုံး၍ –

"ဖြစ်ပါတယ် သင်းသင်းရယ်"

ဏီရဲ့ ပြောင်းလဲမှုကို သင်းသင်း အံ့ဩပြီး တွံ့ဆိုင်းဆိုင်း လှည့်ထွက်သွားတော့ ဏီ သက်ပြင်းချလေ၏။ ဏီပြန်မယ့်အချိန်ကို စောင့်နေမယ့် သူ့ကို မြင်ယောင်လာသည်။ ဏီ့ကို မတွေ့ရရင် သူ ဘယ်လိုဖြစ်သွားမလဲ။

အိုး ဘယ်လိုဖြစ်ဖြစ် သူ့ဆီရောက်နေတဲ့ ဏီ့အာရုံကို ဖြတ်ရမယ်။ သူ့ကို ဦးနှောက်ထဲက မောင်းထုတ်ဖို့ စားပွဲပေါ်က ဖိုင်တစ်တွဲ



ကိုင်၍ အမိပွာယ်မဲ့ လှန်လှောနေမိသည်။

သူက ဏီ့အာရုံထဲက မထွက်နိုင်တာ ခက်လှသည်။ ဏီ့ကို မတွေ့ရင် သူ လှည့်ပြန်သွားမလား။ ဒါမှမဟုတ် ဏီဆင်းလာသည်အထိ စောင့်ကြည့်နေမလား။ သိချင်စိတ်က ဏီ့အာရုံကို ဆွဲဆန့်နေစေသည်။ ထို့ကြောင့် ဏီ ထိုင်ရာက ထ,သည်။

ပြတင်းပေါက်မှန်အနက်တံခါးလေး အသာဟကာ ချောင်းကြည့်မိသည်။ အပေါ်စီးက လှမ်းမြင်ရသည့် သူ့အသွင်က ပုကွကွလေးလိုပဲ၊ သူ့မျက်နှာရိပ်နဲ့ သူ့မျက်ဝန်း ပြောင်းလဲမှုရှိ မရှိ ဏီ ဆန်းစစ်ချင်မိသည်။ ရုံးခန်းထဲမှာ မှန်ပြောင်းတစ်ခုရှိနေတာကို သတိရတာကြောင့် ထိုမှန်ပြောင်းနဲ့ သူ့ကို အနီးကပ် ဆွဲကြည့်လိုက်လျှင် –

"အိုး"

သူ့နှုတ်ခမ်းပါးလေးက ပိရိသေသပ်လှသည်။ မျက်လုံးက စိန်တစ်ပွင့်လို တောက်ပစိုလက်၍ သူ့မျက်နှာပေးလေး တည်ကြည်ခံ့ညားကာ ဏီဆင်းလာမည့် လှေကားဘက်သို့ စူးစူးစိုက်စိုက် ကြည့်နေသည့် သူ့မျက်ဝန်းက မျှော်လင့်ချက်တွေနဲ့ လင်းလက်နေသည်။

ဆယ့်ငါးမိနစ်လောက်ကြာတော့ သူ့အသွင်က တည်ငြိမ်မှုလျော့ပါးလာသည်။ စိတ်လှုပ်ရှားမှုတစ်မျိုးဖြင့် သူ့နှုတ်ခမ်းပါးလေးဆတ်ဆတ် တုန်လာသည်။ ထို့နောက် သူ့ဘယ်ဘက်လက်ကောက်ဝတ်မှ အညိုရောင်စာတ်ခဲနာရီကို တစ်ချက်ကြည့်ပြီး ဏီရှိမည်ဟု ခန့်မှန်းရသော ကုမ္ပဏီအဆောက်အအုံကြီးကို တစ်ချက်ဝေ့ဝိုက် မော့ကြည့်သည်။

ထို့နောက် ထိုင်းမှိုင်းသောခြေလှမ်းအစုံနှင့် လေးလေးလံလံ ကျောခိုင်းထွက်သွားသည့် သူ့ကို ဏီ အတန်ကြာ ငေးကြည့်မိသည်က သူ့အရိပ်ပျောက်သွားသည်အထိ ဖြစ်သည်။ လမ်းကျဉ်းတစ်ခုအတွင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့ လှမ်းဝင်သွားသည့် သူ့အရိပ်ပျောက်သွားမှ မှန်ပြောင်းကို စားပွဲပေါ် တင်သည်။ ထိုအခါ ဏီ့ ရင်မှာနွမ်းသလို ဖြစ်လာတာကြောင့် ဆိုဖာခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်က အိခနဲ။

သူ့ရယ် ဘာကြောင့် ဏီ့ကို စောင့်ကြည့်ရတာလဲ။ ဏီက ရော သူ့ကို ဘာကြောင့် သတိထားရတာလဲ။ သတိထားမိခြင်းက ဏီ့ရင်ခွင်အတွက် ဘာတွေဖြစ်နိုင်မည် ထင်သလဲ။ သေချာတာက သူ့ကိုသတိထားမိခြင်း ခေါင်းစီးအောက်မှာ ဏီ့လှုပ်ရှားမှုများက ပုံမှန်လို သွက်သွက်လက်လက်၊ မြူးမြူးကြွကြွ ရှိမနေတော့ပါ။ မှိုင်းမှိုင်းဝေဝေနှင့် အေးတိအေးစက် ဖြစ်လာခဲ့သည်။ အထူးသဖြင့် အိမ်ပြန်ချိန်ကို ခြောက်နာရီ ပြောင်းရွှေ့လိုက်ကတည်းက သူသည် ငါးနာရီဆယ့်ငါးမိနစ်ဆိုလျှင် တပ်ခေါက်ပြန်သွားတတ်သည်။ နောက် ငါးရက်အကြာတွင် သူ့ကို မတွေ့ရတော့။ ဏီ့ကို တွေ့ခွင့်မရလို့ စိတ်ဓာတ်ကျသွားတာလား။ ဏီ့ကို တစ်မျိုးမြင်လို့လား။ ဒါမှမဟုတ် တခြားကောင်မလေးတစ်ယောက်ကို တွေ့သွားလို့လား။ ထိုအတွေးတွေနဲ့ ဏီ အာရုံမှာ မီးတောင်တစ်ခု ထွန်းခဲ့ပြီ။

"ဟော့ ဏီ"

"အောင်မယ်လေး"

အထိတ်တလန့်အော်သံကြောင့် ဏီ လန့်ဖျပ်သွားမိသည်။ သူ ရောက်မလာပေမယ့် ငါးနာရီ ဒေါင်ခနဲဆို ဏီက ပြတင်းပေါက်တံခါး လှမ်း၍ဖွင့်ကြည့်ဆဲ။ အခုလည်း သူ့ကို တွေ့လိုတွေ့ငြားငေးနေစဉ် ခေါ်သံကြောင့် လန့်သွားသည်။ ဏီ ရင်ဘတ်ကို လက်နှင့်ဖိ၍လှည့်ကြည့်မိတော့ ဏီရဲ့ ကျောင်းနေဘက်သူငယ်ချင်းသုံးယောက်။ ဏီ့ကို တရောခံကြည့် ကြည့်တဲ့မျက်လုံးတွေနဲ့ ပိတ်ဆို့ကြည့်ပြီး –



" 'ပုလဲဏီ' ကို ခေါင်းစဉ်အသစ်တစ်ခု တပ်ပေးရတော့မယ်" ဟု "ခင်ရီ" ဆိုလာသည်။ ဝင်းမေနဲ့ အိသူက –

"ဟုတ်တယ်" လို့ ပြိုင်တူထောက်ခံသည်။ ဏီ ရင်ဘတ်ပေါ်ကလက် ရုပ်လိုက်ပြီး မျက်နှာပေးခါ၍

"မိန်းမတွေ လာမယ်ဆိုလည်း ကြိုပြောပါလား၊ ဏီဖြင့် လန့်သွားတာပဲ"

"အဲဒါကြောင့် ခေါင်းစဉ်အသစ်တပ်ရမယ်လို့ ပြောတာ'

'အိသူ' ပြောလျှင် ဏီ မျက်ခုံးပင့်လိုက်ပြီး –

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့၊ ဆိုင် ညီမျှခြင်း ဆိုင်လေ"

ဝင်းမေအပြောကြောင့် ဏီ့မျက်နှာပေါ် ပန်းနုနှင်းဆီပန်းအရောင် ပြောင်းလဲသွားသည်။ ထိုအခါ ဝင်းမေတို့သုံးယောက် ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ သူတို့၏ရယ်မောခြင်းကို ဏီ နှုတ်ခမ်းပါစူ၍ မျက်မှောင်တွန့်ကြည့်လိုက်ပြီး –

"ဟာ ဘာတွေလဲ၊ ဆိုင်တာတွေရော ရယ်တာတွေရော"

"အင်းလေ အခြေအနေက အဲသလိုဖြစ်နေတာကိုး"

"ကဲ တော်ပါတော့၊ သပွတ်အူလုပ်မနေစမ်းနဲ့"

"မလုပ်ချင်လို့ ဏီ့ကို ခေါင်းစဉ်အသစ်တပ်ပေးရမယ်လို့ ခင်ရီဆိုတာပေါ့ဟ"

"လာပြန်ပြီ ဘာခေါင်းစဉ်လဲ"

"ပုလဲဏီ၏ မျက်လုံးနဲ့ အသက်ရှူသံသည် အကြောင်းတစ်စုံတစ်ခုကြောင့် မရိုးသားတော့ပါကြောင်း"

ဝင်းမေ စာသံပေသံနှင့်ဆိုစဉ် ဏီ မျက်ခုံးတန်းနက်နက်ကလေးနှစ်ဖက် မြောက်တက်သွားသည်။

www.burmeseclassic.com



"ဘာ၊ ဏီ မရိုးသားတော့ဘူး၊ ဟုတ်လား"

"ဟုတ်တယ်လေ"

ရယ်သံစွက်၍ ဆိုလာသည့် အိသူကို ခပ်စူးစူးလေး ကြည့်မိပြီး –

"ဘယ် ဘယ်လိုဟုတ်တာလဲ၊ ဘယ်လိုမရိုးသားတာလဲ"

ဏီ့ ခြောက်သွေ့သွေ့မေးခွန်းကြောင့် ဝင်းမေတို့သုံးယောက် ဏီ့ကို သနားသလို၊ သရော်ဟန် ပြုံးကြည့်ပြီး –

"ဏီရယ် အိတို့နဲ့ လေးနှစ်လေးမိုးပေါင်းလာတဲ့ သူငယ်ချင်းပါကွယ်၊ ဏီ့မျက်လုံး, ဏီ့အမူအရာကြည့်ရုံနဲ့ ဏီ ဘာဖြစ်နေသလဲ ဆိုတာ ခန့်မှန်းတတ်ပါတယ်၊ အခု ဏီ ယောကျ်ားတစ်ယောက်အတွက် တစ်ခုခုခံစားနေရတယ် မဟုတ်လား"

"ဟင်"

ဏီ မျက်ဝန်းအစုံ တကယ်ပြူးသွားသည်။

"အိတို့ကို ဘယ်သူပြောလဲ"

အိတို့သုံးယောက် ပခုံးပြိုင်တူတွန့်၍ –

"ဏီ့မျက်လုံးက ပြောတာလေ"

"ဟင် ဏီ့မျက်လုံးက"

"ဟုတ်တယ်လေ"

"အိတို့ အတော်နောက်တာပဲ ဟင့် ဟင့်"

ဏီ မလုံမလဲ ရယ်မိသည်။ အိတို့ရဲ့ ခန့်မှန်းခြေ စပ်စုမှုကို ဏီ အသိအမှတ်မပြုနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူနဲ့ဏီဟာ ဘာမှမဟုတ်သလို ဏီနဲ့သူ ဘယ်လိုမှဆက်စပ်လို့ မဖြစ်နိုင်တာကို ဏီကလွဲပြီး ဘယ်သူ့ထံမှ မပေါက်ကြားချင်ဘူး။ ပေါက်ကြားတာနဲ့ ဏီ့မှာ ပြဿနာတွေ အနည်ကြွလာစရာ အကြောင်းရှိတယ်လေ။

BURMESE CLASSIC .com



ဒါကြောင့် ဏီ မလုံမလဲရယ်၍ ဖုံးကွယ်ခြင်း။ ဏီ၏ဖုံးကွယ်မှုကို ခင်ရီတို့ တအံ့တသြဖြစ်စေပြီး –

"ဘာလဲ ခင်ရီတို့ နောက်နေတယ်ထင်လို့လား။ နောက်နေတာမဟုတ်ဘူး။ အတည်ပြောတာ"

"အတည်"

ဏီ အရယ်ရပ်၍ တုံးတိတိမေးသည်။ ခင်ရီ ခေါင်းညိတ်၍

"ဟုတ်တယ် ဏီ၊ လွန်ခဲ့တဲ့သုံးရက်က ဏီ့ဆီ ခင်ရီလာကတည်းက သတိထားမိတယ်"

"ဏီနဲ့လည်း မတွေ့ပါလား"

"ဘယ်တွေ့မလဲ၊ ဏီ့ဆီ ခင်ရီမရောက်ဘူး၊ အောက်ကနေ ဏီ့ရုံးခန်းကို မော့ကြည့်လိုက်တော့ ဏီ့ရုံးခန်းက ဟောဟို မှန်တံခါးချပ်လေး ပွင့်နေတာ တွေ့တယ်"

ဏီ မျက်ခုံးတန်းလေး တွန့်ခေါက်သွားသည်။ ခင်ရီက ဏီနဲ့ မျက်နှာချင်းဆိုင် ရပ်နေရာမှ ဆိုဖာခုံမှာ ဝင်ထိုင်၍ ဆက်ပြောသည်။

"ဒါပေမဲ့ ဒီတံခါးပေါက်လေး ပွင့်နေတာကိုက ထူးခြားချက်တစ်ရပ်ပဲ၊ နောက် ထူးခြားချက်တစ်ရပ်က ဏီ ပုံမှန်ထက် တစ်နာရီနောက်ကျပြီး ရုံးဆင်းတာ၊ ခင်ရီတို့သုံးယောက် တိုင်ပင်ကြတယ်၊ ဏီ မှန်တံခါးအနောက်ကနေ ဘာကို ကြည့်တာလဲ၊ မြင်ရအောင် မှန်တံခါးနောက်ကို ဘေးတိုက်မြင်နိုင်တဲ့ ဟိုဘက်မျက်နှာချင်းဆိုင် မျက်စောင်းထိုးတိုက် အပေါ်ဆုံးထပ် ဝရန်တာကနေ ချောင်းကြည့်တာလေ၊ ဟာထားတဲ့ မှန်တံခါးနောက်မှာ ဏီရပ်နေတာ၊ ဏီ့မျက်လုံးက မှန်တံခါးဟာနေတဲ့ အပေါက်ကျဉ်းကျဉ်းလေးကတစ်ဆင့် လမ်းဟိုဘက် လက်ဖက်ရည်ဆိုင်ဆီကို ရောက်နေတာ၊ တစ်စုံတစ်ယောက်ကို ငေးကြည့်တော့ မြင်ရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဏီ၊ အဲဒါကြောင့် ကျွန်မရင်မှာ မရှိးသားတော့ဘူးလို့ ခေါင်းစဉ်ပေးဖို့လာခဲ့တာ၊ ကျွန်မရင်မှာ ယောကျ်ားတစ်ယောက် နေရာယူနေပြီဆိုတာ ခန့်မှန်းမိတာပေါ့"

"ဏီ ဟန်ဆောင်မနေပါနဲ့ကွယ်၊ သူငယ်ချင်းတွေကို ရင်ဖွင့်စမ်းပါ"

သူငယ်ချင်းသုံးယောက် အပ်ကျမပ်ကျပြောလျှင် ဏီ့ ရင်မှာ ဝမ်းနည်းသလိုလို၊ ဟာသလိုလိုဖြစ်ကာ တစ်ဆို့လာသည်။

"ပြောလေ ဏီ၊ သူက ဘယ်သူလဲ၊ ဘာလုပ်လဲ၊ ကျွန်မကို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်တာလဲ"

ခင်ရီတို့ စူးစမ်းတဲ့မေးခွန်းကို ဏီ ဖြေဖို့ သင့်တင့်တဲ့ အကြောင်းပြချက် မရှိပါ။ ဏီ ဘယ်လိုဖြေရမလဲ။ ဏီ ခေါင်းအသာယမ်း၍ ဆိုဖာခုံမှာ ထိုင်ချသည်။

"ဘာလဲ၊ အိတို့ကို ရင်မဖွင့်ချင်တာ မယုံလို့လား"

"မဟုတ်ပါဘူး အိရာ"

ကမန်းကတန်း ငြင်းလိုက်သည့် ဏီ့အသံက အဖျားခတ်တုန်ခါလာသည်။ အိတို့ မျက်ဝန်းအရောင်တောက်လာပြီး ဆိုဖာထိုင်ခုံတွေမှာ အသီးသီး ဝင်ထိုင်ကြသည်။

"ဒါဆို ဘာဖြစ်လို့လဲ"

ခင်ရီ စူးစိုက်မေးလာတော့ ဏီ မျက်လွှာချ ရှောင်ဖယ်လိုက်သည်။

"ဝင်းမေတို့စပ်စုတာ ကျွန်မအတွက် စိတ်ပူလို့ပါ ဏီ၊ ဏီက ယောကျ်ားတွေနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိဘူး၊ အထူးသဖြင့် ရည်းစားတောင် မထားဖူးဘူးဆိုတော့ ယောကျ်ားတွေရဲ့ မြားချက်ကို ဏီ ခံနိုင်မှာမဟုတ်ဘူး၊ ကျွန်မထံ ချဉ်းကပ်မယ့် အဲဒီသူရဲ့ မြားထိပ်မှာ



အဆိပ်တွေလား၊ ပျားရည်တွေလား၊ ဟန်ဆောင်မှုလား ခွဲခြားတတ်မှာ မဟုတ်ဘူး။ ခွဲခြားမတတ်ခဲ့ရင် ကျွန်မနှလုံးသားလည်း ရှုံးမယ်၊ ဏီတို့ရဲ့ စည်းစိမ်ဥစ္စာလည်း ပြုန်းမယ်၊ နောက် ကျွန်မမလို ဏီဖြစ်သွားမှာကို မေတို့သူငယ်ချင်းတွေ စိုးရိမ်လို့ပါဟာ၊ ကျွန်မကို စိုးရိမ်လို့ပါ"

ဝင်းမေ အလေးအနက်ပြောလျှင် ဏီမျက်ဝန်းအိမ်မှာ ဝမ်းနည်းမျက်ရည်တွေ ခိုတွဲလာသည်။ ကျွန်မအတွက် စိုးရိမ်တကြီးရှိလှတဲ့ သူငယ်ချင်းတွေရဲ့မေတ္တာကို မြင်ရတော့ ပို၍ဝမ်းနည်းလာသည်။ ရင်မှာ တစ်ချက်နှစ်ချက် အသံတိတ် ရှိုက်မိသည်။

"ကျေးဇူးတင်ပါတယ် မေတို့ရယ်၊ ကျွန်မမအတွက် အခုထိ စိတ်မချမ်းမသာ ဖြစ်ရတယ်၊ မမက အချစ်ကို ယုံတာလား၊ ယောကျ်ားတစ်ယောက်ကို ယုံတာလား၊ ဘာကိုယုံလို့ယုံမှန်းမသိဘူး၊ နောက်ဆုံးတော့ မမနှလုံးသား စားသုံးခံရတယ်၊ မမရဲ့လုပ်ငန်းတွေကို ဝါးမျိုခံရတယ်၊ မမဟာ လူစဉ်မမီတော့အောင် နှိပ်စက်ခံရပြီး အရူးတစ်ယောက်ဖြစ်အောင် ပြုစားခံရတယ်လေ၊ အဲဒီအတွက် မာမို့ခမျာ ဒီနေ့အထိ စိတ်သောကရောက်ရတယ်၊ လူစဉ်မမီတဲ့ ရူးကြောင်ကြောင်ဖြစ်သွားရှာတဲ့ မမကို မြင်လေ မချစ်သူကို နာကြည်းလေဖြစ်ရတယ်၊ အဲဒါကြောင့် မာမီက ကျွန်မကို ဘယ်ယောကျ်ားတစ်ယောက်နဲ့မှ ပတ်သက်ခွင့်မပေးခဲ့ဘူး၊ ကျွန်မကိုယ်တိုင်ကလည်း ယောကျ်ားတွေနဲ့ ပတ်သက်ရမှာ ကြောက်လာတယ်"

ဏီ အသံနှင့်၍ တိမ်ဝင်သွားသည်။ အကြောင်းသိသူငယ်ချင်းတွေက ဏီတို့မိသားစုဖြစ်စဉ်အတွက် သက်ပြင်းချသည်။

"ကျွန်မအတွက် ရီတို့လည်း စိုးရိမ်တာပေါ့ကွယ်၊ ကျွန်မမစိတ်ကြောင့် ကျွန်မဒယ်ဒီ ရောဂါဖိစီးပြီး ဆုံးပါးရတယ်၊ ကျွန်မအစ်ကိုလေးဟာလည်း ဆေးစွဲပြီး ကွယ်လွန်ရတယ်၊ ဒါဟာ ကျွန်မမယောကျ်ားရဲ့အချစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မြားဦးကြောင့်၊ သိုက်တူးမှုကြောင့်၊ ရက်စက်မှုကြောင့်တွေလေ"

"ကဲပါလေ ဖြစ်ခဲ့ပြီးတာ ပြီးပါစေတော့ပေါ့၊ အခု ဏီ့ရင်ထဲ ရောက်နေတဲ့သူဟာ ဘာလဲ၊ ဏီ့အတွက် စစ်မှန်မှုရှိ မရှိဆိုတာ အိတို့ အားလုံး ပိုင်းဝန်းဆန်းစစ်ကြည့်မယ်လေ"

"ဟုတ်တယ် ဏီ၊ ဘာဖြစ်လို့လဲဆိုတော့ ဏီတို့မိသားစုမှာ ယောက်ျားကောင်းတစ်ယောက် လိုအပ်တယ်၊ အဲဒီယောက်ျားကောင်းဟာ ဏီ့ကို အစစ်အမှန်ချစ်တဲ့သူဖြစ်ဖို့ အရေးကြီးတယ်၊ ဒါမှလည်း ဏီရော၊ ဏီ့မမရော၊ ဏီ့မာမီရော စိတ်ချမ်းသာမှုရမှာလေ"

ဏီ တံတွေးတစ်ချက် မျိုချလိုက်သည်။ လျှံကျလာသည့် မျက်ရည်တစ်စကို လက်ညှိုးလေးနဲ့ အသာသပ်ပစ်သည်။ ဏီ့အပေါ် ညီအစ်မအရင်းတွေလို ကရုဏာသက်ဝင်သည့် ဝင်းမေတို့ကို စာနာစွာ ကြည့်၍ ဏီ ခေါင်းအသာညိတ်မိ၏။

✿ ✿ ✿

## အခန်း (၂)

သူ့အကြောင်း ပြောပြလိုက်လျှင် မေတို့သုံးဦး အံ့သြငြိမ်သက်သွားသည်။ အတန်ကြာမှ –

"ဒါဆို စဉ်းစားရမှာက တစ်မျိုးကြီးပဲ၊ ကိတ်မုန့်ကို ငါးပိရည်နဲ့ တို့စားသလို ခံတွင်းမမျက်သလိုပဲ"

ခင်ရီဇါမှတ်ချက်ကြောင့် အိနဲ့ဏီတို့ နှာခေါင်းရှုံ့သည်။ အိက စုသွဲ့သွဲ့လေးဖြစ်နေတဲ့ နှုတ်ခမ်းကိုတွန့်ပြီး ပြောသည်။

"ရီရယ် ရီပြောလိုက်မှပဲ ကိတ်မုန့်နဲ့ငါးပိရည် လင်မယားဖြစ်ရတော့တယ်"

"ဟုတ်တယ်လေ၊ ယောက်ျားလေးတွေရဲ့ ချဉ်းကပ်နည်းထဲမှာ သူ့ချဉ်းကပ်နည်းက အဲသလိုရှုပ်ပဲ၊ ဒါပေမဲ့ သူ့ရဲ့ချဉ်းကပ်နည်းက တွေးကြည့်မယ်ဆိုရင်တော့ သမုဒ္ဒရာထက် ကျယ်တဲ့သဘော ဆောင်တယ်"

"ဟုတ်တယ်၊ အိလည်း ထောက်ခံတယ်"

မေက မေးထောက်ကာ ငြိမ်သက်၍စဉ်းစားနေဆဲ ဏီက ဘာမှမတွေးချင်တော့။ သူ့ကို အနီးကပ် ဆွဲကြည့်ဖူးသည့် မှန်ပြောင်လေးကိုဆုပ်ကိုင်၍ ခပ်ငေးငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း အိတို့ထင်သလိုပဲ သူ့နည်းက အတွေးပွားစရာ၊ အတွေးများစရာကြီးပဲ၊ ဒီတော့ သမုဒ္ဒရာထက်မကျယ်အောင်၊ သမုဒ္ဒရာကနေ အိုင်လေးတစ်အိုင်လို ကျုံ့သွားနိုင်အောင် လုပ်နိုင်တဲ့နည်း တစ်နည်းတော့ ရှိတယ်"

"ဆိုစမ်းပါဦး ဘာနည်းလဲ"

ရီ ခပ်သွက်သွက်မေးသည်။ အိက မျက်လုံးအရောင်တောက်ပလာသလို ဏီကလည်း မေ့ကို စူးစိုက်ကြည့်မိသည်။ မေက အေးတိအေးစက် ဆက်ပြောသည်။

"အင်း အဲဒီနည်းက သူ့ကိုစောင့်ကြည့်ဖို့ပဲ"

"သေနာမ၊ အဲဒါ မေပြောမှလား၊ ရီလည်း သိတာပေါ့"

"သိပေမယ့် ထုတ်မပြောတတ်ဘူး မဟုတ်လား"

"ကဲ ပညာရှင်မမတွေ ငြင်းပြီးခုန်မနေနဲ့"

မေက ခင်ရီကို ခပ်နှက်နှက်ပြောလိုက်သည်။

"ကဲ စောင့်ကြည့်ဆိုရင်လည်း ဘယ်လိုပုံစံနဲ့ စောင့်ကြည့်ရမလဲ"

"မျက်လုံးဖွင့်ပြီး ကြည့်မယ်လေ"

မေ့ကို အိ မျက်စောင်းခဲကြည့်သည်။

"ကဲ စကားတောင်စားမဟုတ်တဲ့ စကားနိုးစားမရယ်၊ ညည်းက နားရွက်နဲ့ကြည့်၊ အိတို့က မျက်လုံးနဲ့ကြည့်မယ်၊ ဏီက ဟောဒီ ပြတင်းပေါက်နဲ့ ကြည့်ပေါ့၊ ဟုတ်ပြီလား"

ခင်ရီတို့ ရယ်ကျဲကျဲ ခေါင်းညိတ်ပေမယ့် ဏီ ခေါင်းမညိတ်နိုင်ဘူး။ လည်မျိုမှာ ဆူးတစ်ချောင်းခံသလို ဆစ်ခနဲ နာမျက်သွားပြီး အသံတိမ်နှင့် ပြောမိသည်။

"စောင့်ကြည့်တော့လည်း ဘာထူးမှာလဲ"



"ဘာဖြစ်လို့"

မေတို့ မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ ဏီ သက်ပြင်းချ၍ -

"သူမှ မလာတော့တာ"

ခင်ရီတို့ အံ့ဩမှင်တက်သလို တိတ်ဆိတ်သွား၏။

"ဟုတ်တယ်နော်၊ သူ မလာရင် ဘယ်လောက်ပဲစောင့်ကြည့်ပါစေ အကြောင်းထူးမလာဘူး၊ အဲဒီတော့"

မေ ပြောလက်စ စကားဖြတ်၍ တစ်စုံတစ်ရာအတွက် လေးနက်ဟန် တွေးနေလိုက်သည်။

"ကဲပါလေ သူ မအားလို့ မလာတာလို့ မှတ်လိုက်ပေါ့၊ ဏီလည်း ရုံးဆင်းချိန်ကို နောက်မဆုတ်နဲ့၊ ပုံမှန်အတိုင်း ဆင်းပေါ့၊ သူ့ရင်မှာ လေးနက်ခိုင်မာတဲ့ ခံစားချက်ရှိတာ သေချာရင် သူ လာဦးမှာပဲ၊ အဲဒီတော့ မေတို့ ဝိုင်းဝန်းအကဲခတ်နိုင်မယ့်လမ်းစ ရမယ်လေ"

ဝင်းမေ အားတက်သရောပြောလာသည်။ ဏီ ခေါင်းမညိတ်၊ ခေါင်းမခါ ငြိမ်သက်နေဆဲ။ ဏီ၏အစွဲအလမ်းကြီးမှု၊ တစ်စုံတစ်ခုကို အရှုံးအမှုံးခံစားတတ်မှုက ဏီ့ဘဝ၊ ဏီ့ရှင်သန်မှု၏ အားနည်းချက် တစ်ရပ်ဖြစ်သည်ကို ကောင်းစွာသဘောပေါက်သည့် သူငယ်ချင်းတွေ စိတ်မသက်မသာကြည့်၍ သက်ပြင်းမျှင်းမျှင်း ချသည်။

"ဏီရယ် ဏီ့ကို အဲဒါကြောင့် တို့ စိုးရိမ်တာ၊ အမှန်ဆိုရင် ဏီ သူ့အတွက် ဒီလောက်မိုင်တွေဖို့ မလိုအပ်ဘူး"

ခင်ရီ ဝေဖန်စဉ် ဏီ့ကိုယ်ဏီ မလုံမလဲ ဖြစ်ရသည်။

"ဘာဖြစ်လို့"

"ဒီမှာ ဏီ ယောကျ်ားတွေဆိုတာ သူတို့ချိန်ရွယ်တဲ့ မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် ဝုန်းခနဲ လဲကျသွားအောင် ကျားတစ်ကောင်လို အင်အားသုံးပြီး ခုန်အုပ်တတ်သလို၊ တဖြည်းဖြည်းချင်း လဲကျသွားအောင် စပါးကြီးမြွေလိုလည်း ညှို့ယူတတ်ကြတယ်၊ အခု ဏီ့လူဟာ စပါးကြီးမြွေနဲ့ တူနေတယ်၊ ဏီ့ကို လပေါင်းများစွာ ငေးကြည့်ခြင်းနဲ့ ညှို့နေတာ''

''ဟုတ်တယ် ဏီ၊ သူညှို့တာကို ဏီ ယစ်မူးသလို ခံယူနေတာ အဲဒါ ဏီ့ရဲ့တိမ်းညွတ်မှုပဲ၊ ဏီ အဲလောက်ထိ တိမ်းညွတ်မနေနဲ့ မှိုင်မနေနဲ့ အိတို့ပြောတာ ခံစားလို့ရလား၊ ဏီ သဘောပေါက်လား''

သူငယ်ချင်းတွေရဲ့ သုံးသပ်မှုကို ဏီ မငြင်းနိုင်ခဲ့။ ရေစီးနှင့်အတူ အလိုက်သင့်စီးမျောလာသည့် ပန်းတစ်ပွင့်လို ဏီ ခပ်ထုံထုံဖြစ်ကာ ခေါင်းငုံ့နေမိသည်။

''သူ့ကို တိမ်းညွတ်စိတ်နဲ့ ဏီ မှိုင်တွေတွေဖြစ်နေမယ်ဆိုရင် ဏီ့အဖြစ်ကို ဏီ့မာမီ ရိပ်မိလိမ့်မယ်၊ ဏီ့မာမီ ရိပ်မိလို့ကတော့ ပုလဲဏီညည်း လှောင်အိမ်ထဲမှာ အကျဉ်းစံရလိမ့်မယ်၊ ဏီ့မာမီအကြောင်းလည်း ဏီ သိရဲ့သားနဲ့''

မုန့်ပြောင်းလေးကို စားပွဲပေါ်တင်ကြည့်၍ ဏီ သက်ပြင်းချလိုက်သည်။

''ကဲ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး''

မေက ခပ်ရွှင်ရွှင်နဲ့ သီချင်းတစ်ပိုဒ် ညည်းလိုက်သည်။

''ပြန်ကြစို့ ဏီ၊ နောက်နေ့တွေ ပုံမှန်ချိန်အတိုင်း ရုံးဆင်း။ သူလာတယ်ဆိုရင် အိတို့ကို ဖုန်းဆက်လိုက်၊ အိတို့လည်း ငါးနာရီဆိုရင် အလုပ်တွေပြတ်ပြီး ဏီ့အနား လာနေနိုင်အောင် ကြိုးစားမယ် ဟုတ်ပြီလား''

''ဟုတ်တယ်၊ အဲဒီတော့ ဏီ့အာရုံ လန်းဆန်းလာမှာ''



ဏီ စိတ်ပျော်စေရန် သူငယ်ချင်းတွေ အပြုံးနုနုနဲ့ အာဟာရကျွေးလေသည်။ ဏီ ယဲ့ယဲ့ပြုံးပြီးခေါင်းညိတ်၍ သူငယ်ချင်းတွေနှင့်အတူ ရုံးခန်းထဲမှ ထွက်ခဲ့သည်။

ဟုတ်တယ်။ ဏီ့ဖြစ်စဉ်ကို မာမီ မရိပ်မိဖို့အရေးကြီးတယ်။ မာမီရိပ်မိရင်တော့၊ ထိုအတွေးက ဏီ့နောက်ကြောကို ပူသွားစေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ထီထီ"

မာမီ၏ဆတ်တောက်တောက်ခေါ်သံကြောင့် ကျောချမ်းသွားသည်။

မာမီသည် မမ ချစ်သူအရွေးမှားမှုကြောင့် ထီတို့မိသားစု ဘ၀ ကစဉ့်ကလျားဖြစ်မှု၊ စိတ်မချမ်းမြေ့ဖွယ် ဝမ်းနည်းကြေကွဲရမှုတွေကို ခံစားရတာများလွန်းလို့ အခုအချိန်ထိ စက္ကန့်မလပ် ပူလောင်နေခဲ့သည်။

မမချစ်သူကို စက္ကန့်မလပ် ကျိန်စာပို့နေဆဲ။ မမကိုကြည့်၍ ဝိုနေဆဲ။ ဘယ်သူ့ကိုမဆို အမြင်မကြည်နိုင်လောက်အောင် စိတ်ဆူနေဆဲ ဖြစ်သည်။

ထီ အပေါ်ထပ်သို့ လှမ်းမတက်တော့။ ညေ့်ခန်းအလယ်မှာ ခပ်မတ်မတ်ရပ်နေသည့် မာမီ့ရှေ့သို့ ခေါင်းငုံ့လျက်သာ ရောက်ရှိခဲ့သည်။

"ထီထီ"

ပထမခေါ်သံထက် အနည်းငယ်ပျော့လာသည့် မာမီ့ခေါ်သံကြောင့် ထီ ဖြည်းညင်းစွာ မော့ကြည့်မိသည်။ ထိုအခါ မာမီ့မျက်ဝန်းမှာ



ဆူလောင်နေဆဲ။ မာမီ့နှုတ်ခမ်း ရင့်ရော်နေဆဲ။

"ထီ ခုတစ်လော ဘာဖြစ်နေတာလဲ"

"ရှင်"

မာမီ့အသံသည် အက်ကွဲလိုက်တုန်နေသည်။ အုံ့ညှို့မှုသွန်းချီးထားသည့် ထီ့မျက်ဝန်းလှကလေး ပြူးသယောင် ဖြစ်သွားမှုကို မာမီ ငေးကြည့်သည်။ ပြီးမှ နှုတ်ခမ်းပါးလေးတစ်ချက် တွန့်သည်။ ပြီးတော့ ဆိုဖာပေါ် ခြေချိတ်၍ ခပ်မတ်မတ်ထိုင်ပြီး ထီ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လာသည်။

မာမီ၏ရှုးစိုက်ကြည့်မှုကြောင့် ထီ လက်ချောင်းလေးတွေ တုန်လာသည်။ ထီ့လက်ထဲက လက်ကိုင်အိတ် လွှတ်မကျအောင် သတိကြီးစွာ ဆုပ်ကိုင်ထားရသည်။ မျက်တောင် တဖျပ်ဖျပ်ခတ်ခြင်းဖြင့် ထီ အမူအရာပျက်ယွင်းမသွားအောင် ထိန်းလိုက်ပြီး –

"ဘာ ဘာကိုမေးတာလဲ မာမီ"

"ထီ ဘာဖြစ်လို့ မှိုင်တိုင်တိုင်ဖြစ်နေရတာလဲ၊ ကုမ္ပဏီကိစ္စကြောင့် မဟုတ်ဘူးဆိုတာ မာမီအကဲခတ်မိတယ်"

မလုံမလဲစိတ်ကို ဟက်ခနဲရယ်ခြင်းဖြင့် ထီ ဖုံးကွယ်လိုက်ပြီး

"မာမီကလည်းလေ ထီ့ကို ဘာဖြစ်လို့ အဲလောက် စောင့်ကြည့်ရတာလဲ၊ ထီ ဘာမှမဖြစ်ပါဘူး။ ထီ မှိုင်တယ်ဆိုတာက ရွှေမြက်နှင်းကုမ္ပဏီ ထီတို့ကုမ္ပဏီကို လှည့်ကွက်တစ်မျိုးနဲ့ တိုက်နိုက်ဖို့ကြိုးစားလာတယ်လေ၊ အဲဒီအတွက် ထီတို့နဲ့အတူ ဝန်ထမ်းအားလုံးကြိုးစားနေရတော့ စိတ်ဖိစီးမှုများပြီး မှိုင်သလိုဖြစ်နေရတာပါ၊ မာမီထင်သလို တခြားကိစ္စကြောင့် မဟုတ်ဘူး"

ရွှေမြက်နှင်းကုမ္ပဏီက စီးပွားရေးပရိယာယ်နဲ့ ထီတို့ကုမ္ပဏီကို တိုက်နိုက်လာတဲ့ကိစ္စကို မာမီသိနှင့်သည်။ ထိုကိစ္စကို ခုတုံးလုပ်၍

www.burmeseclassic.com



မာမိယုံလွယ်အောင် ဏီ ခပ်ပေါ့ပေါ့ဆိုလိုက်သည်။ ဏီက ယုံလွယ်နိုင်မယ့်အကြောင်းပြချက်နှင့် ခုတုံးလုပ်တာတောင် မာမို့မျက်ဝန်းက တည်တည်ငြိမ်ငြိမ် လက်မခံနိုင်အောင် ဖြစ်နေခဲ့။

"အဲဒီအတွက်ဆိုရင် ဏီ ဆက်ပြီးမှိုင်မနေနဲ့တော့"

"ဘာဖြစ်လို့"

"အဲဒီကိစ္စအတွက် မာမီတို့ကုမှဏီ ဒီထက်ကြီးကျယ်သွားအောင်ချဲ့ဖို့ မာမိ စီစဉ်လိုက်ပြီ"

"ဟွန်း ဏီလည်း ဘာမှမသိရပါလား"

"အခု သိရပြီမဟုတ်လား၊ ဒါကြောင့် ဏီ မှိုင်မနေပါနဲ့ သမီးရယ်၊ ...ဒီမှိုင်နေရင် မာမိ ပိုပြီး စိတ်ထိခိုက်ရလိမ့်မယ်၊ ဏီတို့ဘဝကို ဘာအကြောင်းပြောဖို့မှ မာမီ အစွန်းအထင်းမခံနိုင်ဘူး၊ ငြိမ်းချမ်းပြီးပျော်ရွှင်စရာကောင်းခဲ့တဲ့ မာမီတို့မိသားစုဘဝဟာ သမီးကြီးချစ်ရသူ ယောက်ျားတစ်ယောက်ကြောင့် ဖြေသိမ့်မနိုင်တဲ့ ကြေကွဲနာကျင်မှုမျိုးတွေ ဝါးမျိုခဲ့ရတယ်၊ ဒါတွေကို ဏီ သမီးသိပါတယ်ကွယ်၊ ဒါကြောင့် ဏီတို့ရင်မှာ ဘယ်ယောက်ျားတစ်ယောက်ကိုမှ ထည့်သွင်းဖို့ မကြိုးစားပါနဲ့ သမီးရယ်၊ မကြိုးစားပါနဲ့"

မာမို့မျက်ဝန်းအိမ်မှာ ကြေကွဲမှုတွေ အစီအရီ ကွန်းခိုနေသည်။ ဖြေသိမ့်မနိုင်မှုတွေ တဖွားဖွား လွင့်ကျလာသည်။ နှုတ်ခမ်းအစုံက တလှိုက်လှိုက်တုန်လာသည်။ ဏီ မာမို့ဘေးမှာ ဝင်ထိုင်၍ မာမို့လက်ချောင်းကလေးများကို ဖျစ်ညှစ်ဆုပ်ကိုင်၍ အားပေးမိသည်။

"ဒီဖြစ်စဉ်ဟာ မာမီတို့ ရှင်သန်နေသမျှ လောင်ကျွမ်းနေမယ့်ဖြစ်စဉ်ပါသမီး၊ ဒါကို သမီး လျစ်လျူရှုလို့ မရဘူး၊ ဘေးဖယ်ပုံချလို့မရဘူး၊ အဲသလိုအဖြစ်ဆိုးမျိုး သမီးကြီးခံခဲ့ရသလို သမီးငယ် မခံစားစေရဘူး၊ အဲဒါ မာမို့ဆန္ဒ၊ ဒါကြောင့် မာမီ ဏီတို့ကို မျက်ခြည်မပြတ်



စောင့်ကြည့်အကဲခတ်နေရတယ်၊ နောက်ပြီး သမီးဘဝအတွက်, မာမီတို့မိသားစုအတွက် လိုအပ်တဲ့ယောက်ျားတစ်ယောက်ကို မာမီ စိတ်တိုင်းကျ ရွေးချယ်ထားတယ်၊ မာမီရွေးချယ်တဲ့သူကို ဏီလက်ခံရမယ်"

ဏီ အသက်အောင့်နေလိုက်မိသည်။

"မာမီပြောတာ သမီးနားလည်ရဲ့လား"

ဏီ တဲတွေးမျိုး၍ ခေါင်းညိတ်လိုက်မိသည်။ ဏီ ခေါင်းညိတ်တော့ မာမို့မျက်ဝန်း ဆူလောင်မှုတချို့ အနည်ထိုင်လာသည်ဟု ဏီ အကဲခတ်မိသည်။

"သူက ဘယ်သူလဲဆိုတာကို သမီး ဘာလို့မမေးရတာလဲ"

ဏီ မျက်ဝန်းမှိုင်းမှိုင်းနဲ့ မာမို့ကို မော့ကြည့်မိသည်။ မာမီ ခပ်စူးစူးလေးကြည့်၍ –

"သူ့ကို သမီးငြင်းချင်လို့လား၊ မာမီရွေးချယ်ပေးတာကို လက်မခံချင်လို့လား ဏီဏီ"

ဏီ ခေါင်းအသာယမ်းမိသည်။ ဏီ့ဘဝမှာ ရွေးချယ်ခွင့်ဆိုတာ ရှိခဲ့တာမှမဟုတ်တာ မာမီရယ်။ ဏီတစ်ယောက် ပျော်ရွှင်မှုထက် ဏီတို့မိသားစု ချမ်းမြေ့ရေးက အရေးကြီးဆုံး လိုအပ်ချက်ဆိုတာ ဏီ သိနှင့်တယ်လေ။ ဒါကြောင့် –

"ဘယ်သူပဲဖြစ်ဖြစ် မာမီရွေးချယ်တဲ့သူကို ဏီ ကျေနပ်ရမှာပေါ့၊ လက်ကျန်ရှိနေတဲ့ ဏီတို့မိသားစု စိတ်ချမ်းသာဖို့အတွက် ဏီ့ဆန္ဒနဲ့ ဘာကိုမှ ရွေးချယ်မှာမဟုတ်ဘူးလို့ မာမို့ကို ဏီ ကတိပေးထားပြီးပြီပဲ"

မာမီ ခေါင်းအသာဆတ်၍ –

"ကတိပေးရုံနဲ့ မလုံလောက်ဘူးသမီး၊ ကတိတည်မြဲဖို့ စောင့်စည်းနေသူရဲ့ နှလုံးသားမှာ အတွင်းကြေဒဏ်ရာ ထင်ကျန်မနေဖို့

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊ ဒါမှလည်း မာမီရွေးချယ်ပေးတဲ့သူကို ဏီ ကျေကျေနပ်နပ် လက်ခံနိုင်မှာ၊ ကျေနပ်မှုနဲ့လက်ခံမှ သမီးစိတ်နှလုံး ပျော်ရွှင်နိုင်မယ်လေ၊ မာမီတို့ စိတ်ပျော်ရွှင်သလို ဏီဏီ့ကိုလည်း စိတ်ပျော်ရွှင်စေချင်တယ်ကွယ်၊ ဒါကြောင့်ပါ သမီးရယ်''

''ဏီနားလည်ပါတယ် မာမီ''

''အဲဒါဆိုရင် သမီးအနားယူလိုက်၊ ဒီည ခုနစ်နာရီမှာ မာမီတို့ ညစာစားပွဲတစ်ခုသွားကြမယ်''

''ဟုတ်ကဲ့ မာမီ''

ဏီ မာမီ့အပါးမှ လှည့်ထွက်စဉ် –

''ခကြာ် ဏီဏီ''

မာမီ့အသံကြောင့် ဏီ ခြေလှမ်းတန့်သွားသည်။

''ပြောပါ မာမီ''

''မာမီတို့မိသားစုကို ညစာကျွေးဖို့ သူတို့ဘက်က စဖိတ်တယ်၊ မာမီလက်ခံလိုက်တယ်၊ ဘာကြောင့်လဲ သိလား''

ဏီ နားမလည်နိုင်တဲ့ မျက်ဝန်းအရောင်တောက်တောက်လေးနှင့် မာမီ့ကို စူးစိုက်ကြည့်၍ ခေါင်းယမ်းလိုက်မိသည်။ မာမီက အောင်မြင်သောလေသံနှင့် ပြောသည်။

''သမီးအတွက် လက်ရွေးစင်ဆယ်ယောက် ရွေးချယ်ထားတဲ့ အထဲမှာ သူက အကောင်းဆုံးနဲ့ စိတ်ဓာတ်မြင့်မြတ်ဆုံးပဲ၊ ပြီးတော့ သူ့မိဘကိုယ်တိုင် မာမီ့ဆီမှာ သမီးကို ဆယ်ကြိမ်မက လိုလိုလားလား တောင်းဆိုခဲ့တယ်၊ သူကိုယ်တိုင် သမီးကို မမြင်ဖူးဘဲနဲ့ ကျေကျေနပ်နပ် လက်ခံခဲ့တယ်၊ အခြေအနေအရပ်ရပ်ဟာ မာမီ့ဆန္ဒအတိုင်း မတောင်းဆိုရဘဲ သူတို့ဘက်က အလိုလို အသင့်ဖြစ်နေတဲ့အတွက် မာမီလက်ခံလိုက်တာ''



ဏီ့မှာ ဝေဖန်ဆွေးနွေးနိုင်ခွင့် မရှိပါ။

''ဏီလည်း လက်ခံပါတယ် မာမီ''

ဏီ့အသံ သိသိသာသာ တုန်သွားသည်ကို ဏီ သတိထားမိသည်။ ထို့နောက် မာမီ့ရှေ့မှ ကမန်းကတန်း ထွက်ခဲ့သည်။

အပေါ်ထပ်အခန်းရှိရာသို့ ပြေးဝင်၍ ခုတင်ပေါ် ပစ်လှဲ၍ ငိုကြွေးမိသည်။ ဘုရား ဘုရား ဏီ ဘာကြောင့်ငိုရတာလဲ။ ဒီငိုကြွေးခြင်းက ဘယ်အချိန်ထိ တာရှည်နေမည် မသိ။

✿

''သမီး ဏီဏီ''

အခန်းတံခါးခေါက်၍ခေါ်လာသည့် မာမီ့အသံကြည်ကြည်ကြောင့် ဏီ ပါးပြင်ထက်မှ မျက်ရည်စတွေကို ခပ်လောလောသုတ်၍ ခုတင်ပေါ်က လူးလဲထလိုက်သည်။

''ပြောပါ မာမီ''

''တံခါးဖွင့်ပါဦး''

''ဟုတ်ကဲ့ မာမီ''

ဏီ ခုတင်ပေါ်ကဆင်း၍ အခန်းတံခါး ဖွင့်ပေးလိုက်သည်။ အခန်းထဲ လှမ်းဝင်လာသည့် မာမီ့မျက်ဝန်းသည် ကြည်၍ နှုတ်ခမ်းပါးအစုံတွင် အပြုံးနှောနှောလေး ပွင့်နေသည်။ မချစ်သူအတွက် ခံစားခဲ့ရသည့် သောကတွေကြောင့် မာမီ့မျက်နှာပေါ် အပြုံးမပွင့်ခဲ့။ ပွင့်တဲ့အပြုံးက ဒါ ပထမဦးဆုံးအပြုံးဆိုတာ ဏီ အကဲခတ်မိသည်။

''ဏီ ကုမ္ပဏီကပြန်လာတဲ့ဝတ်စုံတောင် မလဲရသေးပါလား''

www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ လဲတော့မလို့၊ မာမီရောက်လာတာနဲ့"

"လဲတော့၊ လဲပြီး ရေချိုး"

"ဟုတ်ကဲ့ မာမီ"

မာမီ့လက်ထဲ ဆွဲကိုင်လာတဲ့ အိတ်ကို ခုတင်ပေါ် တင်သည်။ ထို့နောက် ထိုအိတ်ထဲမှ ပစ္စည်းတွေကို မာမီကိုယ်တိုင် ထုတ်၍ ဏီ့ကို ပြသည်။

"ဒီမှာသမီး သမီး ညစာစားပွဲသွားရင် ဝတ်ဖို့ မာမီ ဝယ်ထားတာလေ၊ မလှဘူးလား ကြည့်စမ်းပါဦး"

ညပွဲတွေမှာဝတ်သည့် အဖြူရောင်တောက်တောက်ဝတ်စုံလေးကို ဖြန့်၍ ဏီ့ကိုယ်မှာ ကပ်ပြ၍ မာမီ ရွှင်ရွှင်မြူးမြူးလေး ဆိုလာသည်။ မာမီ၏ပျော်ရွှင်ကြည်နူးမှုကို ဏီ မနှောင့်ယှက်ချင်ပါ။ မာမီပျော်နေရင် ဏီလည်း ပျော်နိုင်အောင် ကြိုးစားရမှာပေါ့။ ဏီ မကြိုက်ဆုံးက အဖြူရောင်ဆိုတာ မာမီသိနှင့်တယ်လေ။

ဒါပေမဲ့ ဏီ ဝတ်ရမှာပါလေ၊ မကြိုက်တဲ့အရောင်ကို ဝတ်ရတော့မှာဖြစ်သလို လက်မခံချင်တဲ့သူကိုလည်း အင်း ဏီဆက်မတွေးချင်တော့ပါ။

မာမီ ကျေနပ်စွာ ပျော်ရွှင်နေဖို့ ဏီ ဦးစားပေးရမယ်။ ဒါကြောင့် ဏီ မျက်နှာပေးကို ပြုပြင်၍ –

"လှတာပဲ၊ အရမ်းလှတာပဲ၊ ဏီနဲ့လည်း လိုက်မှာပဲ" လို့ ခြောက်ခြောက်သွေ့သွေ့ ပြောမိသည်။

"ကဲ သမီး အချိန်သိပ်မရှိတော့ဘူး၊ မြန်မြန်ပြင်ဆင်တော့"

"ဟုတ်ကဲ့ မာမီ"

ဏီ ဝတ်စုံအဖြူလေးကို ခုတင်ခြေရင်းမှာ ပြန်ထားလိုက်သည်။ မာမီက ဏီ ကျေနပ်ဟန်ဆောင်သည်ကို မရိပ်မိဘဲ ဏီ့ကို



ချစ်စနိုး ပြုံးကြည့်ပြီး –

"လှလှလေး ပြင်လိုက်နော်"

"ဟုတ်ကဲ့"

"ဏီ့မမလည်း ဒီနေ့ အရမ်းပျော်နေတယ်၊ စိတ် ပုံမှန်ဖြစ်လာပြီထင်တယ် သမီးရယ်၊ ဒီနေ့ဟာ မာမ့်အတွက် မင်္ဂလာရှိတဲ့နေ့ပဲကွယ်၊ ဏီဏီ ဝမ်းမသာဘူးလား"

"အို ဝမ်းသာစရာပေါ့ မာမီ၊ ဏီ ဝမ်းသာတာပေါ့"

"ကဲ ဏီ ပြင်ဆင်တော့၊ သမီးကြီးနဲ့မာမီလည်း ပြင်ဆင်ဦးမယ်"

ဏီ ပြုံး၍ ခေါင်းညိတ်မိသည်။ ကျေနပ်ပီတိဖြစ်သော မာမီက ဏီ့ပါးပြင်ကို ဖွဖွနမ်းသည်။

"ဏီ့ကြောင့် မာမီတို့ စိတ်ချမ်းသာမှုရစေတဲ့အတွက် သမီးလေးကို အရမ်းကျေးဇူးတင်တယ်ကွယ်"

နှစ်နှစ်ရရ ရေရွတ်၍ မာမီ ထွက်သွားသည်။ မာမီထွက်သွားတော့ ဏီ အခန်းတံခါးကို ဖိပိတ်၍ အရုပ်ကြိုးပြတ် ထိုင်ချမိသည်။

ဏီ ဟန်ဆောင်ရမှာပါ။ အားလုံး အားလုံးအတွက် ဏီ ဟန်ဆောင်ရမှာပါ။ ဒီနေ့မှာ မမ တကယ်ပျော်သတဲ့လား။ စိတ်ပုံမှန်ဖြစ်သတဲ့လား မမရယ်။

မမ,ပျော်တော့ မာမီလည်း ပျော်မှာပေါ့လေ။ ပျော်ရမှာပေါ့။ မပျော်လို့ ဘယ်ဖြစ်ပါ့မလား။

မမဟာ ကိုငြိမ်း နှိပ်စက်ထားတဲ့ဒဏ်နဲ့ ခြေတစ်ဖက်ဆွံ့ကာ လက်တစ်ဖက်သေသလိုဖြစ်ပြီး လမ်းလျှောက်လျှင် လဲကျတော့မလို ယိုင်နဲ့သွားရုံမက မျက်နှာတစ်ခြမ်း အကြောလိုက်၍ တွန့်ကာ စကားပြောလျှင် ထစ်၍ လုံးထွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမှာ ရက်နှစ်ဆယ်ခန့် စိတ်နောက်ကာ ငိုလိုက်၊ ရယ်လိုက်၊ ကြောင်တောင်တောင် ဖြစ်နေတတ်သည်။ ကောင်းတဲ့ ဆယ်ရက်ကလည်း မမနဲ့ကိုငြိမ်းတို့ ပေါင်းသင်းပြီးရလာတဲ့ သုံးလအရွယ် သမီးလေးကို တမ်းတမ်းတတအော်ခေါ်ကာ သမီးရူးရောဂါ ထနေတော့သည်။

ကိုငြိမ်းက မမကို နှိပ်စက်လို့ဝတော့ သမီးလေးနဲ့ မမစည်းစိမ်တွေကို ပင့်မ၍ ပြေး၏။

ကိုငြိမ်းပြေးစဉ်က မမဟာ တကယ့်ကို အရူးမလေးဖြစ်ပြီး လမ်းပေါ်လျှောက်ပြေးနေတော့သည်။ ဒယ်ဒီတို့ အစွမ်းကုန် ကုသသော်လည်း ပုံမှန်အတိုင်း ဖြစ်မလာခဲ့။

ဆေးတိုက်တုန်းသာ ငြိမ်ပြီး ဆေးအရှိန်ကုန်သည်နှင့် ကိုယ်ပေါ်က အဝတ်အစားတွေကို ဆုတ်ဖြဲ သူ့ကိုယ်သူ မီးရှို့ဖို့ ကြိုးစားလိုကြိုးစား၊ အထိန်းတော်တွေ အများကြီး စောင့်ရှောက်တဲ့ကြားထဲက ထွက်ပြေးလို ထွက်ပြေး၊ လမ်းပေါ်တွေ့သမျှ ကိုငြိမ်းတို့အရွယ် ယောကျ်ားတွေကို ကိုငြိမ်းအမှတ်နဲ့ ပြေးဆွဲလိုဆွဲနှင့် အပြင်းထန်ဆုံး ဖြစ်ခဲ့သည်။

မမကြောင့် ဒယ်ဒီနှင့်မာမီ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ မမအတွက် စိတ်မချမ်းမသာဖြစ်ရတဲ့ ဒယ်ဒီက အရက်တွေချည်း သောက်ခဲ့ရာမှ အသည်းကင်ဆာဖြစ်သည်။

ဒယ်ဒီ ဆေးရုံတက်ရသည်။ ကိုကိုလေးက ကိုငြိမ်းဆွယ်ရာနောက် မူးယစ်ဆေးဝါးကို အလွန်အကျွံသုံးစွဲတတ်ခဲ့ရာမှ ဆေးဖိုးမရလျှင် တစ်အိမ်လုံးကို မုန်တိုင်းတိုက်တော့သည်။ မာမီ့မှာ ဆေးစွဲသည့်သားကတစ်ဖက်၊ ရူးနေသည့်သမီးက တစ်ဖက်၊ ခင်ပွန်းသည် အသည်းကင်ဆာသည်က တစ်ဖက်၊ လူမမယ် ဏီကတစ်ဖက်၊ စီးပွား



ဆေးလုပ်ငန်းတွေကတစ်ဖက်နဲ့ ကျိုက်ကျိုက်ဆူနေတော့သည်။

နောက်ဆုံးတော့ ကိုကိုလေးဟာ ဆေးထိုးရင်း ရှော့ခ်ဖြစ်ပြီး ဆုံးပါးခဲ့သည်။ ကိုကိုလေးဆုံးသည့်သတင်းကြောင့် မမသည် မျက်လုံးကြီးပြူး၍ အဆက်မပြတ် ငိုကြွေးနေသလို ဒယ်ဒီ၏ရောဂါသည်လည်း ဆိုးဝါးလာခဲ့သည်။

မာမီ့မှာ ငွေတွေပုံအောပြီး ဒယ်ဒီနဲ့မမကို ကုသသော်လည်း ကိုကိုလေးဆုံးပြီး တစ်လအကြာမှာ ဒယ်ဒီကွယ်လွန်ခဲ့သည်။ မမကို စိတ်ကျန်းမာရေးဆေးရုံ ပို့ရတော့သည်။

ထိုစိတ်ကြောင့် မာမီသည် အစဉ်အမြဲ ဆူဝေနောက်ကျိကာ အရာရာကို အလိုမကျဖြစ်နေတော့သည်။

ဘယ်သူကိုမှ မယုံတော့ဘဲ ဒေါသတကြီး အံကြိတ်နေပြီးနောက် ကိုငြိမ်းအပေါ် စက္ကန့်နှင့်အမျှ ကျိန်စာတိုက်နေခဲ့သည်။

ဒီလိုနဲ့ မမသက်သာလာလို့ ဆေးရုံကပြန်ခေါ်သည်။ အိမ်မှာထား၊ ဆေးအချိန်မှန်မှန်ကျွေး၍ ကုသသည်။ မာမီက အနီးကပ် ချော့ချော့မော့မော့ပြုစုထားလို့ ခုလောက်အခြေအနေမှာ မမ ရှင်သန်နေခြင်း ဖြစ်သည်။

ဒီထက်ပိုကောင်းနိုင်မယ့် တစ်နည်းက မမ,သမီးလေးကို မမ ပြန်တွေ့ပိုက်ခွင့်ရရင် အခြေအနေ တစ်မျိုးတစ်ဖုံ ပြန်ကောင်းလာနိုင်မယ်လို့ ဆရာဝန်ကြီး မှတ်ချက်ပေးတာကြောင့် မာမီက ကိုငြိမ်းသတင်းကို စုံစမ်းသော်လည်း ကိုငြိမ်းက ခြေရာဖျောက်ပြေးသွားတာ ဒီနေ့ထိ သတင်းမရတော့။ ခုဆိုရင် မမ,သမီးလေးဟာ ရှစ်နှစ်အရွယ် ရှိမှာပေါ့။

ထိုအဖြစ်အပျက်ကြောင့် မာမီဟာ ဏီ့ကို မျက်ခြည်မပြတ် ဆော့။ ဏီကျောင်းတက်တော့ ဏီ့ကို အနီးကပ်စောင့်ရှောက်ခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးတော့ မာမီရဲ့ကုမ္ပဏီလုပ်ငန်းကို လွှဲ၍ ဣကို နောက်က ချုပ်ကိုင်ထားခဲ့သည်။

မာမီက မမကို ပြုစုစောင့်ရှောက်ရင်း ဣတို့ လက်ကျန် မိသားစုလေး ချမ်းမြေ့စွာ ဆက်လက်နေနိုင်အောင် လုံ့လကြီးစွာ ကြိုးစားနေခြင်း ဖြစ်သည်။ ဒါကြောင့် ဣဘဝထဲ ဘယ်ယောက်ျား တစ်ယောက်မှ ဝင်ခွင့်ရမှာ မဟုတ်သလို ဝင်ခွင့်ရမယ့်သူဟာလည်း မာမီ့စိတ်တိုင်းကျ ရွေးချယ်သူပဲ ဖြစ်တော့မှာပေါ့။

ဩော် သူရှယ် ရှင်ဟာ မာမီရွေးချယ်တဲ့သူဖြစ်ရင် သိပ် ကောင်းမှာပဲလို့ မဆီမဆိုင် တွေးတောမိသည်။

ခုတော့ မာမီရွေးချယ်ထားတဲ့သူကို ဣ လက်ခံရတော့မယ်။ ဣရင်မှာ လက်မခံချင်ရင်လည်း ဟန်ဆောင်မှုနဲ့ လက်ခံရတော့မှာ ပေါ့။

✿ ✿ ✿

## အခန်း (၄)

မာမီ့အစီအစဉ်ကို ဣ လက်ခံကြောင်း အိတို့ကို အသိပေး လိုက်စဉ် အိတို့ အံ့ဩငေးမောသွားသည်။

"တကယ်"

"ဣ တကယ်ပြောတာလား"

"အိုး ဣ ဘာလို့လက်ခံရတာလဲ"

လို့ တစ်ယောက်တစ်ခွန်း ပြောကြသည်။ ဣ သက်ပြင်းချ၍

"ဣ မငြင်းရက်ဘူး မာမီနဲ့ မမရဲ့ ပျော်ရွှင်မှုကို ဣ ဘယ်လို လုပ် အရောင်ပြောင်းပေးစေမလဲ၊ နောက်ပြီး မာမီ့မှာ နှလုံးရောဂါ စဝင်နေပြီလေ၊ ဟိုညကမှ ဣလည်း သိရတယ်၊ ဒီတော့ –"

"အဲဒါလည်း ဟုတ်တာပဲလေ"

မေက လေးတွဲတွဲ မှတ်ချက်ပေးသည်။

"ဣရယ် ဣတို့မိသားစုရဲ့ ကြေကွဲမှုတွေ အားလုံးက နောက် ဆုံးတော့ ဣဆီမှာ စုပြုံကျနေသလိုပဲဟာ"

အိက စိတ်မသက်မသာအသံလေးနှင့် ပြောသည်။ ဣ သက်မ,လေးချ၍ –

"ကံပဲပေါ့၊ ဣ ဘာတတ်နိုင်မှာလဲ၊ ဣတတ်နိုင်တာက

www.burmeseclassic.com



မာမီ့ရွေးချယ်မှုကို ခေါင်းငုံ့လက်ခံဖို့, ဏီကျေနပ်တယ်ဆိုတာ မာမီ ယုံကြည်အောင် ဟန်ဆောင်နေဖို့ ရှေ့ဆက်ပြီးလည်း ဏီ ဟန်ဆောင် ရမှာပဲလေ၊ ဟန်ဆောင်ဖို့ကို ကျေကျေနပ်နပ် ဏီ ရွေးချယ်ထားပြီး ပါပြီ၊ ဏီ ကျေနပ်ပါတယ်လေ"

ဏီ ခပ်လေးလေး ဝန်ခံလိုက်သည်။ ထိုအခါ အိတို့ သုံးယောက် ဏီ့ကို ကရုဏာသက်တဲ့မျက်ဝန်းနှင့် လှမ်းကြည့်၍ သက်ပြင်း ကိုယ်စီချသည်။

"ဒါနဲ့ ဏီ့မာမီ ရွေးချယ်ထားတဲ့ သူက ဘယ်လိုအနေအထား လဲ ပြောဦးလေ"

ခင်ရီက သတိတရ မေးလာသည်။

"ဟုတ်တယ်"

"အိတို့လည်း အဲဒီလူကို အကဲခတ်ကြည့်ချင်တယ်၊ အဲဒီနေ က ဖြစ်စဉ်လေးကို ပြောဦးလေ"

အိတို့တောင်းဆိုစဉ် ဏီ့ရင်မှာ တင်းကျပ်သလိုဖြစ်လာသည်။

"သိပ်ထူးထူးခြားခြားတော့ မဟုတ်ပါဘူးဟာ"

ဏီ ခပ်ဖျော့ဖျော့ပြောသည်။ ထိုအခါ အိတို့ ဘဝင်မကျဘဲ-

"အိတို့သိချင်တာက ထူးခြားမှု ရှိမရှိ မဟုတ်ဘူး၊ သူ့နာမည်, သူ့အသွင်, သူ့အလုပ်အကိုင်, ဏီ့ကိုကြည့်တဲ့ အကြည့်၊ အဲဒါတွေဟာ"

"ဟုတ်တယ် ... ရီတို့က သူ့အတ္ထုပ္ပတ္တိကို သိချင်တာ"

"အသိချင်ဆုံးက ဏီ ရင်ခုန်,မခုန် မိန်းပွိုင့်ကို သိချင်တာဟ"

ဏီထက် သူ့ကိုသူ့ငယ်ချင်းတွေ စိတ်ဝင်တစားရှိကြသည်ကို ကြည့်၍ ဏီ ယဲ့ယဲ့ပြုံးမိ၏။

"အင်း"

ဏီ တစ်ခုခုပြောဟန်ပြုစဉ် -



"မဏီ"

ရုံးခန်းတံခါးပွင့်လာ၍ ခေါ်သည့် သင်းသင်းကြောင့် ဏီ စကားရပ်လိုက်ပြီး -

"ပြောလေ သင်းသင်း"

"ဟို မဏီနဲ့ တွေ့ချင်လို့တဲ့"

ဏီ မျက်ခုံးကြုတ်လိုက်ပြီး -

"ဘယ်သူလဲ"

"စစ်ဦးတိုင်လို့ ပြောတယ်"

"ဩော်"

ဏီ မျက်ဝန်းမှိန်ဖျော့သွားသည်။ ထိုနာမည်ကြောင့် အိတို့ မျက်ဝန်းတွေ လင်းလက်သွားပြီး -

"ဘယ်သူလဲ" လို့ မျက်ရိပ်ပြမေးကြသည်။ ဏီ သက်ပြင်း မှုင်မှုင်ချပြီး -

"ဝင်ခဲ့လို့ပြော သင်းသင်း"

သင်းသင်း ခေါင်းဆတ်၍လှည့်ထွက်သွားမှ ဏီ စိတ်မသက် သာသလို အသိပေးလိုက်တော့၏။

"မာမီရွေးချယ်ထားတဲ့သူပေါ့"

အိတို့ မျက်ခုံးအစုံ ပင့်သက်သွားသည်။

"အိတို့ မျက်မြင်စစ်ဆေးကြည့်ပေတော့"

အိတို့ ခေါင်းညိတ်ငြိမ်သက်သွားသည်။ အိတို့ မျက်ဝန်း တောက်တောက်တွေက စစ်ဦးတိုင်ဆိုသူကို စူးစမ်းရန် အသင့်ဖွင့်ထား ၏ တည်တည်သန့်သန့် အပြုံးတစ်ပွင့်နှင့် ရောက်လာသည့် သူ့ကို ဏီ အလိုက်သင့် ပြုံးပြလိုက်သည်။ ဏီ ရှေ့ခုံကိုညွှန်၍ ဧည့်ဝတ်ပြု လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါ ကိုစစ်ဦးတိုင်၊ ဘယ်က လှည့်လာတာလဲ"

"ရွှေကောင်းကင်ရတနာအရောင်းခန်းမ (၃) ကို စာရင်းစစ်လာရင်း ကြုံလို့လှည့်ဝင်လာတာ၊ ဟီ အချိန်ရရင် ရွှေကောင်းကင်ကို လာလည်ပါလား၊ ကျွန်တော် ဖိတ်ပါတယ်"

သူ ရည်ရည်မွန်မွန်ဆို၍ ဟီညွှန်ပြခဲ့ရာ ထိုင်ဟန်ပြင်သည်။ ဟီနှင့် ဘေးတိုက်ကျကျ ဆိုဖာပုပုလေးတွေပေါ် ထိုင်နေသည့် အိတို့၏ မျက်လုံးသုံးစုံကို ရုတ်တရက်မြင်ရ၍ သူ မထိုင်တော့။ အားနာရိပ်လွှမ်းသည့်မျက်နှာလေးနှင့် –

"ဟိုမှာ ညှော်သည်ရှိနေတာကိုး၊ ဆောရီးဟီ"

သူ လှည့်ထွက်ဟန် ပြင်တာကြောင့် –

"ရပါတယ် ကိုစစ်ဦးတိုင်၊ ညှော်သည်မဟုတ်ဘူး၊ ဟီ့သူငယ်ချင်းတွေလေ၊ ကိုစစ်ဦးတိုင်ကို သူတို့တွေ့ချင်နေကြတာ၊ ထိုင်ပါ ဟီ့သူငယ်ချင်းတွေနဲ့လည်း ရင်းနှီးသွားတာပေါ့"

ဟီ ဖော်ဖော်ရွေရွေပြောတော့ သူ့မျက်နှာပေး အားနာရိပ်ပျောက်၍ ရှက်သလို ရယ်၍ထိုင်လိုက်သည်။

သူရယ်လိုက်လျှင် ငေးချင်စရာ ကောင်းလွန်းသည်။ ဘယ်ဘက် သွားစွယ်ဖွေးဖွေးလေး လှစ်ခနဲပေါ်လာတတ်တယ်လေ၊ စပို့ရှပ်စိမ်းနုနုနှင့် စတိုင်ဘောင်းဘီရှည် စိမ်းရင့်ရင့်ကို တွဲဖက်ဝတ်ဆင်ထားသည့် သူ့အသွင်သည် စိမ်းစိုလတ်ဆတ်ကာ လန်းဆန်းတောက်ပနေသည်။

"ရီက ခင်ရီ၊ သူက ဝင်းမေ၊ သူက အိသူလေ၊ ခုလေးတင်ပဲ ရီတို့ ကိုစစ်ဦးတိုင်အကြောင်းတွေ မေးနေသေးတာ၊ အခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့ အဆင်ပြေသွားတာပေါ့၊ ရီတို့ကို လမ်းတွေ့ရင်လည်း ခေါ်ပေါ့နော့"



ရီက မိတ်ဆက်၍ ခပ်သွက်သွက်ပဲ စပြောသည်။ သူ သွားတက်လေးပေါ်အောင် ပြုံးပြီး –

"ကျွန်တော့်ကို အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အသိအမှတ်ပြုရမှာပေါ့ ကိုစစ်ဦးတိုင်ရယ်၊ ဟီက မေတို့ရဲ့ အချစ်ဆုံးသူငယ်ချင်းလေ"

"ဒါနဲ့ ကိုစစ်ဦးတိုင်မှာကော သူငယ်ချင်းတွေ မရှိဘူးလား"

အိက စစ်ဆေးလိုဟန်တူသည်။ သူတင်မက သူ့သူငယ်ချင်းတွေကိုပါ စာရင်းစစ်နေပြီ။ ဟီက ပရိသတ်လို ငြိမ်သက်နေမိသည်။ သူ ရယ်၍ –

"ရှိတာပေါ့၊ အချစ်ဆုံးသူငယ်ချင်း ခြောက်ယောက်ရှိတယ်"

"အဲဒါဆို အိုကေတာပေါ့၊ အိတို့ နှစ်အချိုးတစ်နှုန်းနဲ့ တွဲလို့ရမယ်လေ"

အိစကားလုံးကို သူ သဘောမပေါက်ဟန် မျက်ခုံးလေးပင့်၍ ဟီ့ကို စစ်ကူတောင်းသလို ကြည့်လာသည်။ ဟီ ပြုံး၍ –

"ကိုစစ်ဦးသူငယ်ချင်းနှစ်ယောက်စီကို အိတို့သုံးယောက် ခွဲယူမယ်လို့ပြောတာ"

ထိုအခါ သူ သဘောကျသလိုရယ်ပြီး –

"အဲဒါဆိုတော့ စိတ်မကောင်းစရာပဲ"

"ဘာဖြစ်လို့"

"ခြောက်ယောက်စလုံး အိမ်ထောင်နဲ့လေ၊ အိတို့တွဲချင်ရင် သူတို့ဇနီးတွေနဲ့ပါ တွဲနေရလိမ့်မယ်"

သူ ပေါ့ပေါ့ပါးပါးနောက်စဉ် အိတို့မျက်နှာ ရှုံ့မွသွားပြီး–

"အိတို့ကလည်း ခပ်ညံ့ညံ့တွေ မဟုတ်ပေါင်၊ အိတို့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတင်မက ကလေးတစ်ယောက်စီ ရှိတယ်လေ၊ ကိုစစ်ဦး သူငယ်ချင်းတွေထက် သာပါတယ်''

''အဲဒါဆို ပျော်စရာပေါ့၊ ဏီနဲ့ကျွန်တော့်ရဲ့ နှစ်ဖက်သူငယ်ချင်းတွေစုရင် ရပ်ကွက်တစ်ခု ဖြစ်နိုင်တယ်၊ မအိသူတို့ စိတ်ဝင်စားရင် ကျွန်တော်တို့ နှစ်ဖက်သူငယ်ချင်း တွေ့ဆုံတဲ့ပွဲစဉ်လေးတစ်ခု လုပ်ချင်ပါတယ်၊ ဏီ ဘယ်လိုသဘောရလဲ''

သူက ဏီ့ဆီမှာ အကြံတောင်းပြန်သည်။ အိတို့က ပိုင်လှချည်လားသဘောနဲ့ မျက်ခွံပင့်ပြသည်။ ဏီက အိမ်ရှင်ဆိုတော့ လိုက်လျောသင့်တင့်အောင် ဆိုရမှာပေါ့။

''ဏီတို့အားလုံး အားမယ့်တစ်ရက် ရွေးပြီး စီစဉ်တာပေါ့''

''အင်း ဏီတို့အားမယ့်ရက်ကို ရွေးပါ၊ ကျွန်တော့်သူငယ်ချင်းတွေက ဘယ်ရက်ဖြစ်ဖြစ် လက်ခံမှာပါ''

''အိုကေ''

ဏီ ခေါင်းအသာညိတ်လိုက်သည်။ ထို့နောက် ဏီတို့ကြား ပြောစရာစကား မရှိတော့သလို တိတ်ဆိတ်သွားသည်။ အတန်ကြာမှ ဏီပဲ –

''ဒြော် ကိုစစ်ဦး တစ်ခုခုစားစို့လား။ အပူလား၊ အအေးလား၊ ကိတ်လား ချော့ကလက်လား''

''ရပါတယ် မစားတော့ဘူး၊ ခုပဲပြန်တော့မှာပါ၊ ဏီ ရွှေကောင်းကင်ကို လိုက်လည်ဖို့ အားမလား၊ အဲဒါလေးသိချင်လို့ ဝင်ခဲ့တာ''

''အင်း . . . ခုလောလောဆယ်တော့ မအားသေးဘူး၊ နောက်ကြုံရင် ဒါမှမဟုတ် ဏီအားတဲ့အခါ ကိုစစ်ဦးကို ဖုန်းဆက်လိုက်မယ်လေ''



''အိုကေ၊ အဲဒါဆို ကျွန်တော် ပြန်တော့မယ်၊ ခွင့်ပြုပါဦး''

သူ ရည်မွန်ဖော်ရွေစွာ ပြုံး၍ ထိုင်ရာမှထလိုက်သည်။

''နေပါဦး ကိုစစ်ဦးတိုင်၊ တစ်ခုခုတော့ ညှော်ဝတ်ပြုပါရစေ''

ဏီ၏ဟန့်တားမှုကြောင့် သူ အံ့ဩစူးစိုက်ကြည့်ပြီး –

''ဘာဖြစ်လို့လဲ ဏီ''

''ထိုင်ပါလေ၊ ဏီ ညှော်ဝတ်ပြုချင်လို့ပါ၊ ထိုင်ပါ''

ဏီ ချက်ချင်းထသည်။ ရုံးခန်းထောင့်က စားသောက်စရာ ဆည့်ထားသည့် မှန်ဗီရိုပုဆီသွားသည်။ သူ အံ့ဩစွာ ဏီ့ကိုငေးကြည့်သည်။ အိတို့ကလည်း ဏီ့အပြုအမူကို နားမလည်သလို ကြည့်နေဆဲ။ ဏီ ကော်ဖီတစ်ခွက်ဖျော်သည်။ ချော့ကလက်အတုံးကလေးများကို ပန်းကန်ပြားလှလှလေးမှာ စီထည့်သည်။

''ထိုင်လေ ကိုစစ်ဦးတိုင်''

ဏီ ကော်ဖီခွက်နဲ့ မုန့်ပန်းကန်ကို ကိုစစ်ဦးရှေ့ စားပွဲပေါ်တင်ပေးလိုက်သည်။ သူက ဏီ၏လှုပ်ရှားမှုကို ငေးနေဆဲ။ ဏီ ကြည်လင်စွာ ပြုံးလိုက်ပြီး –

''ဟိုနေ့ညက ကိုစစ်ဦးတိုင်မာမီပြောတာတွေ ဏီ မှတ်မိနေပါတယ်၊ ကိုစစ်ဦးက ကော်ဖီခါးခါးနဲ့ ချော့ကလက်ပျော့ပျော့ အတုံးကလေးတွေ ကြိုက်တာ၊ အစိမ်းရောင်ကို အနှစ်သက်ဆုံးဖြစ်တာ၊ တက္ကသိုလ်မင်းမော်ရဲ့ ကဗျာတွေကို ခံစားတတ်တာလေ၊ ကိုစစ်ဦးသာလည်ရင် အသင့်ဖြစ်အောင် ဏီ စီစဉ်ထားတာပေါ့''

ဏီ ပြောပြီးစဉ် သူ ကြည်နူးနှစ်သိမ့်စွာ ပြုံးပြီး –

''ဏီ အဲလောက်မှတ်မိတယ်''

''အဲဒီထက် ပိုပါတယ်၊ ကိုစစ်ဦးတိုင်မာမီပြောတာ အားလုံးနီးပါး မှတ်မိပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ လှိုက်လှိုက်လှဲလှဲ ပြုံးသွားသည်။ သူပြုံးသလို ဏီလည်း ကြိုးစားပြုံးမိသည်။

"ဏီ ညှော်ဝတ်ပြုတာကို လက်ခံတယ်ဆိုရင် ဏီ့လက်ရာလေး မြည်းကြည့်ပါ၊ လိုအပ်ရင် ပြန်ပြောပါ၊ ဏီ မှတ်ထားပါမယ်"

"ဏီရယ်"

သူ တိုးတိုးလေး ရေရွတ်မိသည်။ သူ့ဘဝမှာ သူ့ကို အစွမ်းကုန် လိုက်လျောပေးနိုင်သည့် ဏီလိုမိန်းကလေးမျိုးနဲ့ ကြုံတွေ့ခွင့်ပေးသည့် ကံကြမ္မာကို ကျေးဇူးအထူးတင်မိသည်။ သူ့ရှေ့မှာ အပြုံးညက်ညက်နှင့် ရှိနေသည့် ဏီ့ကို သူ မြတ်နိုးစွာ ကြည့်လိုက်သည်။ ဏီ၏ညှော် ကံပြုမှုကို သူ လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုချင်သည်။ သူ့ဆန္ဒအမှန်အတိုင်းပြောရရင် ဏီကိုယ်တိုင် ဖျော်ပေးသည့် ကော်ဖီတစ်ခွက်နှင့် ဏီမျက်နှာလှလှလေးကို ငေးကြည့်ပြီး စားသောက်ခွင့်ရချင်ခဲ့သည်။ ခုလိုသောက်ခွင့်ရတော့ သူ့လောက်ပျော်မည့်သူ မရှိတော့။

ကော်ဖီခွက်ကို ပင့်မ၍ တစ်ကျိုက်စုပ်သောက်မိသည်။ အို သူသောက်နေကျ အချိုးအဆအတိုင်း ဖျော်ထားသည့် ကော်ဖီ အရသာက သူ့ရင်ခုန်သံကို မြန်စေသည်။ ထို့နောက် ချောကလက်တုံးနုနုပျော့ပျော့လေးကို ခက်ရင်းနှင့်ထိုး၍ ခံတွင်းထဲထည့်သည်။

သူ့အာရုံထဲမှာ အိပ်မက်ရှိနေသည်ကို မေ့လျော့သွားသည်အထိ ပျော်ဝင်သွားသည်။ ဏီနှင့်သူ နှစ်ယောက်တည်းလို ခံစားမိသည်။ သူ စားသောက်ဖူးသမျှ ကော်ဖီနှင့်ချောကလက်တွေထဲမှာ ဏီကိုယ်တိုင် ညှော်ဝတ်ပြုတဲ့ ကော်ဖီနဲ့ ချောကလက်က ခံတွင်းအလိုက်ဆုံးနဲ့ အရသာအရှိဆုံးပါပဲ။

"ဘယ်လိုလဲ ကိုစစ်ဦးတိုင်ရဲ့မာမီလက်ရာကို မီရဲ့လား"



ကော်ဖီတစ်ခွက်နဲ့ ချောကလက်အပျော့စားလေးတုံးကို စိတ်တိုင်းကျစားသောက်ပြီးသည့်အခါ ဏီမေးလိုက်သည်။ ဏီကမ်းပေးသည့် တစ်ရှူးနုနုလေးကို သူ အလိုက်သင့် ကမ်းယူသည်၊ သူ့နှုတ်ခမ်းပါးကို တို့ထိသုတ်သည်။ သုတ်ထားသည့်တစ်ရှူးလေးကို ပန်းကန်ပြားပေါ်တင်ပြီး ကြည်နူးဝမ်းမြောက်စွာပဲ ပြောသည်။

"ကွက်တိပဲ ဏီ၊ မာမီ့လက်ရာက ကျွန်တော့်ရင်ကို ချမ်းမြေ့စေတယ်၊ ဏီ့လက်ရာက ကျွန်တော့်ရင်ကို ခုန်စေတယ်၊ အဲဒါ မှန်တဲ့စကားပါ ဏီ"

ဏီ အပြုံးမပျက်အောင် တင်းခံပြုံးလိုက်သည်။ ထို့နောက် ဏီ လက်ကိုင်အိတ်ထဲက ကတ္တီပါဘူးလေးတစ်ခုနဲ့ စာအုပ်ပါးလေးတစ်အုပ်ထုတ်၍ သူ့ကိုကမ်းပေးသည်။ အိတ်တို့က နားလည်မှု ရှုပ်ထွေးစွာ စိုက်ကြည့်ကြသည်။

"ဘာလဲ ဏီ"

ဏီအပြုံးတွေ မှိန်မသွားအောင် အားဖြည့်၍ ပီပြင်စွာ ပြုံးလိုက်သည်။

"ဟောဒီစာအုပ်ထဲမှာ ကိုစစ်ဦးတိုင်ကြိုက်တဲ့ တက္ကသိုလ်ဝင်းမော်ရဲ့ကဗျာတွေလေ၊ မဂ္ဂဇင်းတွေက ရှာပြီး ဏီ့လက်ရေးနဲ့ ကူးထားပေးတယ်၊ ဟောဒါကတော့ ရင်ထိုးလေ၊ ကိုစစ်ဦးတိုင်ရဲ့ ကျောင်းခြင်းနိမိတ်က ကိုစစ်ဦးနာမည် အလယ်စာလုံးအက္ခရာ 'ဉ' လေ၊ ကိုစစ်ဦးကြိုက်တတ်တဲ့ အစိမ်းရောင်ပါအောင် အဲဒီအက္ခရာ 'ဉ' မှာ ကျောက်စိမ်းတွေ စီခြယ်ထားတာ၊ ကိုစစ်ဦးတိုင် ကြိုက်မှာပါ၊ ကြည့်လေ၊ ဏီဖွင့်ပြပါမယ်"

ကတ္တီပါဘူးအစိမ်းရောင်လေးကို ဏီ့ကိုယ်တိုင် ဖွင့်၍ ရင်ထိုးလေးကို ထုတ်ပြလိုက်သည်။ ထိုအခါ သူ့မျက်ဝန်းအရောင် တဖျပ်ဖျပ်

www.burmeseclassic.com

www.burmeseclassic.com



ခါလာသည်။ နှုတ်ခမ်းပါးလေး စုလက်လာသည်။ ဏီ့ကို အတိုင်းထက် အလွန် စုံမက်မြတ်နိုးရိပ်လေးနှင့် စူးစူးနစ်နစ်ကြည့်ပြီး–

"ဏီရယ် ဏီဟာ ကျွန်တော့်အတ္တုပ္ပတ္တိကို ကျွမ်းကျွမ်းကျင် ကျင်ဖတ်တတ်တဲ့ မိန်းကလေးပါပဲ၊ တစ်ကြိမ်တစ်ခါတွေ့ဖူးရုံနဲ့ ဏီ ကျွန်တော့်ကို အဲလောက် နားလည်တတ် လိမ့်မယ်လို့ တကယ် မထင်ခဲ့ပါဘူး ဏီ၊ ဏီနဲ့ကြုံဆုံခွင့်ပေးခဲ့တဲ့ ကံကြမ္မာကို ကျွန်တော် အရမ်းကျေးဇူးတင်တာပဲ"

"ဏီလည်း ကိုစစ်ဦးတိုင်လိုပါပဲ"

ဏီ ပြုံး၍ဆိုနေပေမယ့် ဏီ့အသံ အနည်းငယ် တုန်ခါသွား တာ ဏီ သ[illegible]ဘားမိသည်။ သူ သတိမထားမိတာ တော်သေးရဲ့။ ရင်ထိုးလေးကို ကတ္တီပါဘူးထဲထည့်၍ သူ့ကို ကမ်းပေးလိုက်သည်။ စာအုပ်နဲ့ ကတ္တီပါဘူးကို သူ မြတ်မြတ်နိုးနိုး ယူပြီး –

"ကျေးဇူးတင်ပါတယ် ဏီ"

"ရ ရပါတယ်၊ ဏီနဲ့ ကိုစစ်ဦးကြားမှာ ကျေးဇူးတင်တာတွေ အားနာတာတွေ မလိုအပ်ဘူးလို့ မာမီတို့လူကြီးတွေ ပြောထားတာပဲ"

"ဟာ ဆောရီးဗျာ၊ ဏီက မှတ်ဉာဏ်သိပ်ကောင်းတာပဲ"

ခင်ရီက တဟမ်းဟမ်းလုပ်၍ အစားအသောက်ထည့်ထား သည့် မုန့်ဗီရိုပုပုလေးဆီ ရွေ့သွားသည်။ ထိုအခါမှ အိတို့အုပ်စုကို သူ သတိထားမိဟန်တူသည်။ ရှက်ရိပ်လွှမ်းသည့် အပြုံးနှင့် အားလုံး ကို ဖြန့်ကြက်ကြည့်ပြီး –

"သွားမယ်နော်၊ ဏီ ခွင့်ပြုဦး၊ နောက်မှ ဆုံကြတာပေါ့"

သူနှုတ်ဆက်စဉ် ဏီ ပြုံး၍ ခေါင်းညိတ်သည်။

သူ ထွက်သွားသည်ကို ဏီ တံခါးဝအထိ လိုက်ပို့သည်။ သူ လက်ပြနှုတ်ဆက်၍ ထွက်သွားတော့ ဏီ အလိုက်သင့် လက်ပြ



မိသည်။

သူ့အရိပ် ပျောက်ကွယ်သွားမှ ဏီ တံခါးပိတ်လိုက်သည်။ ဘို့မှာ ဟန်ဆောင်အပြုံးတွေနဲ့ လိုက်လျောညီညွတ်စွာ ဆက်ဆံခဲ့ရပေ မယ့် သူမရှိတော့ဘူးဆိုသည့်အသိက ဏီ့ဟန်ဆောင်မှုတွေကို ကွာကျ သွားစေသည်။ ဏီ ထိုင်နေကျဆိုဖာမှာ အားပြတ်ချည့်နဲ့သလို ထိုင်ချ လိုက်မိသည်။

ဏီ့ဖြစ်စဉ်ကို ကြည့်နေသည့် အိတို့တွေ အံ့ဩခြင်း၊ တွေ ဝေခြင်း၊ ရှုပ်ထွေးခြင်းတို့ဖြင့် နားမလည်တတ်အောင် ဖြစ်ကာ ဏီ့ကို ငေးကြည့်လာကြသည်။ မေက ပခုံးလေးတွန့်၍ –

"ဏီတို့အဖြစ်ကို ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး"

"ဒါနဲ့ဏီ ဏီဘာဖြစ်လို့ အဲသလောက် လိုက်လျောရတာလဲ၊ ရီတို့ နားမလည်နိုင်တော့ဘူး"

"ဟုတ်တယ် ဏီ၊ ကိုစစ်ဦးတိုင်အသွင်က ငြင်းပယ်စရာမရှိ ဘဲ အနေအထားပဲ၊ ရွှေကောင်းကင်ရတနာခန်းမတွေက အများကြီးပဲ သူ့မိဘတစ်ဦးတည်းပိုင်လား"

ဏီ ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ဏီ အခု အိတို့အမြင်အရ ပြောရရင် ဏီ သိပ်ပြီးလိုက်လျောလွန်းတယ်၊ ဒါ မဖြစ်သင့်ဘူး၊ ဏီ အဲဒီလောက် လိုက်လျောတာ တစ်ဖက်ယောကျ်ားသားရဲ့ စိတ်ထဲမှာ ဏီ့ကို အထင် အမြင်သေးနိုင်စေတယ် ဏီရယ်"

ခင်ရီ၏ဝေဖန်ချက်ကို ဏီ ခေါင်းအသာယမ်းမိသည်။ ဏီ ခေါင်းယမ်းတော့ ရီတို့နားလည်မှုလွဲပြီး –

"ဘာလဲ ဏီ ရီတို့ဝေဖန်တာကို ကန့်ကွက်ချင်တာလား၊ ဏီ အားမပါစွာ ခေါင်းယမ်းပြီး"

www.burmeseclassic.com



"မဟုတ်ဘူးကွယ် မ[illegible]ဘူး၊ ဏီ အဲသလောက် လိုက်လျှောတာကို သူလိုက်လျှောမှုနဲ့ တွက်ဆကြည့်မယ်ဆိုရင် one by ten လောက်ပဲ ရှိတယ် အိတ္တိရယ်"

"ဟင် ဒါဆို သူက"

"ဟုတ်တယ်၊ ပြောပြရင် ယုံနိုင်စရာတောင် ကောင်းမှာမဟုတ်ဘူး ရီရယ်၊ တကယ်ပါ"

"မေတို့မေးတုန်းက ထူးထူးခြားခြား မဟုတ်ပါဘူးဆို"

ဏီ့ရင်မှာ အေးခဲသလို ဖြစ်သွားသည်။ သူငယ်ချင်းတွေက ဏီ့ကို အားမရသလို ကြည့်ပြီး –

"ကဲ ပြော ဏီ့ကို သူ ဘယ်လိုလိုက်လျှောခဲ့လဲ၊ ဒါမှ မေတို့ အကဲခတ်နိုင်မှာလေ"

"ဟုတ်တယ် ဏီ၊ မြိုမထားနဲ့ဟာ၊ မြိုထားရင် ဏီ့ရင်မှာ ပိုပြီး တင်းကျပ်လွန်းပါတယ်ဟာ၊ ပြောစမ်းပါ"

"ပြောနော်၊ ဏီမပြောရင် ကိုစစ်ဦးတိုင်ကို မေးရမယ်၊ ကဲ ပြော ကိုစစ်ဦးတိုင်ကို မေးရမလား"

ဏီ မျက်ဝန်းမှိန်ဖျော့လာသည်။ သူငယ်ချင်းတွေ အတင်းကျပ် ပိုင်းဝန်းမေးလာသည့်အခါ ဏီ ရှောင်လွှဲ၍ မရပါ။ ဏီ သက်ပြင်းချ၍ ထိုညက ဖြစ်စဉ်ကို ဖွင့်ဟပြောရတော့သည်။

✿ ✿ ✿

## အခန်း (၅)

"ဏီဏီ"

ဏီ ဆံပင်ကို ဆံထုံးယောင်ယောင်လေး ထုံးဖွဲ့နေစဉ် မာမီ ရောက်လာသည်။ မာမီက ပိုးသားပွင့်ဝမ်းဆက်နှင့် ကြော့မော့လှပနေသည်။

"မာမီတောင် ပြင်ဆင်ပြီးပြီပဲ၊ ခဏလေးနော်၊ ဏီ ဆံထုံး မပြီးသေးလို့ မာမီ"

မာမီ ဏီ့ကို ပြုံးကြည့်ပြီး –

"ရတယ်သမီး၊ ဖြည်းဖြည်းပဲ ပြင်ပါ၊ မာမီတို့ အရင်သွားနှင့်မယ်၊ ဏီဏီလိုက်ခဲ့၊ အချိန်တော့ နောက်မကျစေနဲ့နော်သမီး၊ ရော့ ဒီမှာ လိပ်စာကတ်၊ ဩော် ကားကို သူတို့ခြံဝင်းထဲထိအောင် မောင်းမဝင်နဲ့၊ ခြံဝမှာရပ်ပြီး ဏီ လမ်းလျှောက်ဝင်ခဲ့နော် သမီး"

"ဟုတ်ကဲ့ မာမီ"

မာမီကမ်းပေးသည့် လိပ်စာကတ်ကို မှန်တင်ခုံပေါ်တင်၍ ဆံထုံးကို ဆက်၍ထုံးရလိုက်သည်။ မာမီက လင်းလက်သည့်အပြုံးလေးနှင့် ခပ်မော့မော့ လှမ်းထွက်သွားတော့ ဏီ သက်ပြင်းချမိသည်။

ဏီ့စိတ်ကို ဏီ အစွမ်းကုန်အားဖြည့်ထားရသည်။ ဆံထုံး

www.burmeseclassic.com



ထုံးပြီးတော့ နှုတ်ခမ်းဆိုးဆေး ပန်းရောင်ဖျော့ဖျော့လေး ဆိုးလိုက်သည်။ ဏီက အလှအပပြင်ဖို့ သိပ်ဝါသနာမပါဘူး။ ကုမ္ပဏီသွားဖာန် အတိုင်း မျက်နှာပေါ် မိတ်ကပ်ပါးပါးလေးလိမ်းသည်။ ဆံထုံးယောင်ယောင်လေးနှင့်သာ။

မာမီဝယ်ထားသည့် အဖြူရောင်ဝတ်စုံလေးက ဏီနှင့်လိုက်ဖက်လွန်းသည်။ ဏီ အဖြူရောင်တစ်ခါမှ မဝတ်ဖူးပါ။ အခု အဖြူရောင်ဝတ်စုံနှင့်ဆိုတော့ ဏီ့ရဲ့ခန္ဓာကိုယ် အလှကောက်ကြောင်းတွေက အကြည့်မလွှဲချင်စရာကောင်းအောင် ကြည်ကြည်စင်စင်လေး လှနေသည်။ ပြင်ဆင်ပြီးမှ လိပ်စာကတ်လေးကို ကောက်ကြည့်သည်။

အဖြူရောင်လက်ကိုင်အိတ်ကို ဆွဲယူ၍ လိပ်စာကတ် ထည့်လိုက်သည်။ နာရီကိုလှမ်းကြည့်တော့ ခုနစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်။ ဏီ အခန်းထဲက ထွက်ခဲ့သည်။ ဏီ့ကိုယ်တိုင် ကားမောင်း၍ သီရိဂေဟာသို့ လာခဲ့သည်။ သီရိဂေဟာခြံဝကိုရောက်တော့ ခုနစ်နာရီထိုးဖို့ ငါးမိနစ်လိုသေးသည်။

ခြံဝင်းတစ်ခုလုံး ရောင်စုံမီးတွေ လင်းလက်ဖြာဝေနေသည့် ခြံဝင်းတံခါး အသင့်ဖွင့်ထားပေမယ့် ကြိုဆိုတဲ့သူတစ်ဦးကိုမှ မတွေ့ရ။ ဏီ စိတ်မှာ တစ်မျိုးဖြစ်လာသည်။

မာမီကလည်း ဏီ့ကို ဘာဖြစ်လို့ တစ်ပါတည်း မခေါ်ရတာလဲ မသိ။ ခြံဝမှာ ကားရပ်၍ ဏီ ငွေဝေနေမိသည်။ တိတ်ဆိတ်ငြိမ်သက်လှသည့် တိုက်တံခါးတွေလည်း ပွင့်လျက်။

တိုက်ရှေ့ မြက်ခင်းပြင်ကျယ်ကျယ်မှာ ပြောင်လက်နေသည့် စားပွဲဝိုင်းတစ်လုံး။ ထိုစားပွဲခုံတွေပေါ် ဘာမှတင်မထား။ ထိုင်ခုံတွေလည်း မရှိ။

ဏီအာရုံမှာ ငွေဝေလာသည်။ စိန်ကြိုးပတ်ထားတဲ့ နာရီ



ကြည့်တော့ ခုနစ်နာရီထိုးရန် နှစ်မိနစ်သာလိုသည်။ လိပ်စာမှားနေရော့သလား။ ခြံဝမှာ ချိတ်ဆွဲထားတဲ့လိပ်စာက ဏီလက်ထဲက ကတ်အတိုင်း။ ဒါဆို မှားယွင်းတာလည်း မဖြစ်နိုင်ဘူး။

အို ဘာပဲဖြစ်ဖြစ်လေ မာမီ့အစီစဉ်အတိုင်း ဏီ မျက်စိမှိတ်သရုပ်ဆောင်ရန် လိုအပ်သည်။ ဏီ ကားပေါ်ကဆင်းကာ လက်ကိုင်အိတ်ကို အားမြဲကိုင်လိုက်သည်။ ခုနစ်နာရီအတိမှာ ဏီ ခြေတစ်လှမ်းခြံဝင်းထဲ လှမ်းဝင်သည်။ ဏီအာရုံတစ်ခုလုံး အညို့ခံရသလို တောင့်တင်းသွားစေသည်။

အကြောင်းက ဏီ ခြေလှမ်းလှမ်းစဉ် တယောသံတွဲ့တွဲ့လေး ပေါ်လာသည်။ ထိုတယောသံကြောင့် ဏီ့ခြေလှမ်း တုံ့ဆိုင်းသွားသည်။ တယောသံက ဘယ်က ထွက်လာပါလိမ့်။ ဏီ နောက်တစ်လှမ်းလှမ်းစဉ် တယောသံတွဲ့တွဲ့က ပို၍ တွဲ့နှောင်းနှောင်းလေး အဆက်မပြတ်ထွက်ကာ တယောသံကို နားသောတဆင်၍ ဏီ ဘေးဘီသို့ ဝေ့ဝိုက်ကြည့်မိသည်။

ခုချိန်ထိ လူရိပ်လူယောင် မတွေ့ရသေး။ ဒီတယောသံက ဏီ့ကို ကြိုဆိုခြင်းလား။ တယောသံက တဖြည်းဖြည်း သော့တွဲလာကာ ဏီ့နားမည်ကို ခံစားမိလာအောင် ပုလဲဏီဆိုသည့် တယောအသံလေး ပေါ်လာသည်။ ထိုအခါ ဏီမျက်ဝန်း တဖျပ်ဖျပ်ခါသွားသည်။

ဒီ ဒီတယောသံက ဏီ့ကို ကြိုဆိုတာပေါ့။ အို ဏီ့ရင်မှာ အံ့ဩလှိုက်ဖြာသွားသည်။ ထူးခြားဆန်းသစ်တဲ့ ကြိုဆိုမှုပါလား။ နောက် ဘယ်လောက်တောင် ထူးခြားဦးမှာလဲ။ ခုချိန်ထိ အိမ်ရှင်အရိပ်မပေါ်သေး။

ထိုစဉ် တယောသံလေး ရပ်တန့်သွားသည်။ တယောသံရပ်သည်နှင့် တစ်ပြိုင်နက် ခြံဝင်းတစ်ခုလုံး ပုံမှန်ထက်လင်းကျွင်းကာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံတွေ ဝေါခနဲ ပေါ်လာသည်နှင့်အတူ လူတစ်အုပ်တစ်မ အပြုံးတွေကိုမြင်ရသည်။ ထိုအခါ ဏီ့ရင်မှာ တလှိုက်လှိုက်တုန်သွား သည်။

ဘုရား ဘုရား လူအုပ်ကြီးက အယောက်တစ်ရာနီးပါးခန့် ရှိသည်။ အသက်အရွယ်ကြီးရင့်တဲ့ အဘိုးအဘွားအရွယ်၊ မာမီတို့လို လူကြီးအရွယ်၊ ဏီတို့လိုအရွယ်၊ ဏီ့အောက်ငယ်တဲ့အရွယ်၊ ကလေး သူငယ်တွေ၊ ငါးနှစ်အရွယ် ကလေးမလေးနှစ်ဦးနှင့် ကောင်လေး နှစ်ဦးက အဖြူရောင်တူညီဝတ်စုံလေးနှင့် တယောလေးကိုင်လို့။

ဒါဆို တယောထိုးတာ ဒီကလေးလေးတွေပေါ့။ အို တော် လိုက်တဲ့ ကလေးတွေ။ သူတို့တွေက ဏီအလာကို စောင့်ကြည့်နေကြ တာလား။ ခြံထောင့်ဘက် မီးမှောင်မှောင်အောက်မှာ တန်းစီရပ်ပြီး စောင့်နေကြတာ ဏီမှ မရိပ်မိဘဲ။

တယောသံဆုံးသည်နှင့် လူအုပ်ကြီးရပ်နေသည့် အမှောင်ရိပ် က မီးရောင် ထိန်ထိန်လင်းကာ လက်ခုပ်သံများ ပေါ်ထွက်လာခြင်းတို့ ဖြင့် ဏီ့ရင်မှာ အံ့သြငေးမောသွားမိသည်။

အို အားလုံး ဏီ့ကိုကြည့်ပြီး ပြုံးနေကြပါလား။ အဲဒီ လူအုပ် ကြားထဲမှာ မမနဲ့ မာမီ့လည်း ပါဝင်နေသေးတယ်။ လက်ခုပ်သံတွေ ရပ်သွားတော့ မမက တောနှင့်လိမ်သော ခြေလှမ်းများဖြင့် ဏီ့ဆီ အားရဝမ်းသာ ပြေးလာသည်။ မမလည်း ပန်းရောင်ဝမ်းဆက်လေးနှင့် လှနေတာပဲ။ နောက်ပြီး မမ၏ပျော်ရွှင်မှုကိုကြည့်၍ ဏီ ဝမ်းနည်းဝမ်း သာ ဖြစ်ရသည်။

''ဏီ ဏီ ဏီ ညီ ညီမလေး ကံ ကံကောင်းဘာပဲ တာပဲ ကွယ်၊ ညီ ညီမလေး လေးအတွက် မ မ မကလည်း ဂုဏ် ယူပါ ပါတယ် တယ်ကွယ်'



ဏီ့ကို ဖက်၍ပြောလာသည့် မမအသံကြောင့် ဏီ့ရင်မှာ ဆို့ကျပ်လာသည်။ မမလို ဒုက္ခိတတစ်ဦးကို အရေးတယူရှိကြသည့် သူ့အသိုင်းအဝိုင်းကိုလည်း ဏီ ကျေးဇူးတင်မိသည်။ ဏီ ထိုစိတ်နဲ့ ဏီ့မျက်ဝန်းမှာ မျက်ရည်ကြည်တချို့ ခိုတွဲလာသည်။ ဏီ မမကို တင်းကျပ်စွာဖက်ထား၍ အားလုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြီး –

ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ဏီ အရမ်းပဲ ကျေးဇူးတင်ပါတယ်''

ဏီ လှိုက်လှိုက်လှဲလှဲပြောမိသည်။ ထိုအခါ မာမီ့ဘေးမှာရပ် နေသည့် အမျိုးသမီးကြီးက ဏီ့အပါးလာသည်။ ဏီ့ပါးပြင်ကို ဖွဖွ နမ်းပြီး –

''ကျေးဇူးတင်တဲ့စကားလုံးတွေ မသုံးပါနဲ့ကွယ်၊ နော် သမီး၊ အန်တီတို့အဝန်းအဝိုင်းထဲမှာ ဏီဏီ ဘာမှအားနာစရာ မလိုပါဘူး ကွယ်၊ ကျေးဇူးတင်စရာ မလိုပါဘူးနော်''

ဟု တောင်းဆိုသလို ပြောလာသည်။ ဏီကို အစွမ်းကုန် လိုလားသည့် ထိုအမျိုးသမီးကြီးကို ဏီ ပြုံးကြည့်၍ ခေါင်းညိတ်မိ သည်။ ထိုအမျိုးသမီးကြီးက ဘယ်သူလဲ။

ထို့နောက် အသက်ကြီးရင့်သည့် ဘွားဘွားတစ်ဦး ဏီ့ရှေ့ ရောက်လာသည်။ ကျန်သူတွေက ကြည်နူးငြိမ်သက်စွာကြည့်နေကြ သည်။ ဆံထုံးကြီးနဲ့ ခန့်ခန့်ကြီးရှိသော ထိုဘွားဘွားက အဝါနုရောင် ကြိုးကြိုးချိတ်ဝမ်းဆက်နဲ့ ကျက်သရေရှိရှိ လှပသည်။ ထိုဘွားဘွား ဏီလက်ဖဝါးနုနုလေးကို ဆုပ်ကိုင်၍ ပြောသည်။

''ကဲပါ ဏီဏီလေးကို မြေးငယ်နဲ့ မိတ်ဆက်ပေးလိုက်လေ''

တဲ့။ မြေးငယ်ဆိုတာ မာမီရွေးချယ်ထားတဲ့သူလား။ ဒါဆို ဒီလူအုပ်ကြီးထဲမှာ သူလည်း ပါနေမှာပေါ့။ ထိုအသိကြောင့် ဏီ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့လိုက်မိသည်။

"ဒီက သမီးကြီးပုလဲကြွေက ညီမလေးဏီဏီ့ကို မြေးငယ်လေးနဲ့ မိတ်ဆက်ပေးလိုက်လေ၊ သမီးဏီဏီက မျက်လုံးလေး အသာမှိတ်ထားနော်၊ ဘွားဘွားက ဖွင့်ကြည့်ဆိုရင် ကြည့်နော်"

ဏီ ယောင်ယောင်မှားမှား ခေါင်းညိတ်မိသည်။ မာမီ့ကို တစ်ချက်လှမ်းကြည့်တော့ မာမီ အတိုင်းမသိ ကြည်နူးနေသည်။ သူတို့အသိုင်းအဝန်း၏ ထူးခြားတဲ့ကြိုဆိုမှုကို သမီးရှင်ပီပီ ဂုဏ်ယူဝင်းလက်သည့်မျက်ဝန်းနှင့် ဆုံရသည်။ ဏီ သက်ပြင်းမှျင်မှျင် ချလိုက်သည်။

"ဏီဏီ မျက်လုံးလေး အသာမှိတ်ထားပါကွယ်"

ဘွားဘွား ဒုတိယအကြိမ် တောင်းဆိုစဉ် မျက်လုံးမှိတ်ထားမိသည်။ အံ့ဩထူးသဖြင့် မမကိုလည်း အရေးတယူ အခွင့်အရေးပေးလိုက်သည်။ ထိုဖြစ်စဉ်က ဏီ့ရင်မှာ ဝမ်းသာမှုတွေ ဆို့ကျပ်သွားစေသည်။

ဏီ့အပါးက ဖဲ့ထွက်သွားသည့် မမ့ခြေထောက် တရွတ်တိုက်ဆွဲသံကို ကြားရသည်။ မမက လူအုပ်ကြားထဲက တစ်စုံတစ်ဦး၏လက်ကို ဆွဲလာသည်။ မမ၏တရွတ်တိုက်ဆွဲသည့် ခြေသံပြင်းပြင်းနှင့်အတူ တည်ကြည်မှုအပြည့်ရှိသည့် ခြေသံညင်ညင်လေး ကပ်ပါလာသည်။

"ဏီဏီ မျက်လုံးဖွင့်ကြည့်လေ"

ဘွားဘွားက အသံကြည်ကြည်ရွှင်ရွှင်လေး ပေါ်လာသည်။ ဏီ မျက်လုံးဖွင့်ကြည့်ရမတဲ့။ ဏီ ဖွင့်ကြည့်ဖို့ သတ္တိမရှိပါ။ သူ့ထံမှ ပျံ့လွင့်လာသည့် ဖျော့တော့တော့ ရေမွှေးနံ့လေးသည် ဏီ့အာရုံကို လွှမ်းခြုံထားသည်။



"ညီ ညီ မ မ လေး ရယ် မျက် မျက်လုံး ဖလွင့် ဖွင့် ကြည့် ကြည့်လိုက်ပါ"

မမအသံရှည်ကြီး ပေါ်ထွက်လာသည်။ ဏီမှာ သတ္တိမရှိပေမယ့် ဏီ ဖွင့်ကြည့်ရမှာပေါ့လေ။ ဏီ့ရင်မှာ တင်းကျပ်မှုတွေ ဖိမျိုချသည်။ ဏီ အားတင်းကာ ဏီမျက်နှာပေါ် ဖိစီးမှုတစ်ခု ထင်ကျန်မနေအောင် ပြုပြင်လိုက်သည်။ ဏီ နှုတ်ခမ်းပါးအစုံကို တည်ငြိမ်အောင် စေ့ပိတ်လိုက်ပြီး မျက်ခွံကို အသာပင့်မ,ဖွင့်ကြည့်သည်။

"ဏီဏီ"

ခေါ်သံတိုးတိုးလေးနှင့်အတူ ဏီ့ကို ပြုံးကြည့်ကာ ရပ်နေသည့်သူ့ကို တွေ့ရစဉ် ဏီ မျက်ဝန်းအစုံ စိုလက်သွားသည်။

"မြေးငယ်နာမည်လည်း မှတ်ထားဦးလေ၊ စစ်ဦးတိုင်တဲ့"

ဘွားဘွားပြောစဉ် ဏီ ခေါင်းညိတ် အသိအမှတ်ပြုလိုက်သည်။ စိမ်းရင့်ရောင်ဖျော့ဖျော့ အနောက်တိုင်းဝတ်စုံနှင့် တောက်ပနေသည့်သူ့ကို မျက်တောင်ခတ်ဖို့ မေ့လောက်အောင် ငေးကြည့်မိသည်။

ထိုအခါ သူ ပီပီပြင်ပြင်ပြုံးတော့ သူ့သွားစွယ်လေး လှစ်ခနဲပေါ်လာသည်။ သူ့ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်၍ အစိမ်းရင့်ရောင်ကတ္တီပါဘူးလေး ထုတ်သည်၊ ဘူးအတွင်းမှ တဖိတ်ဖိတ် လက်ဖြာနေတဲ့ ဆံထိုးတစ်ခု။

"ဏီဏီ့အတွက် လက်ဆောင်" တဲ့။

ဏီ မျက်ခွံပင့်တက်သွားသည်အထိ အံ့ဩသွားသည်။

"ဏီဏီက ဆံထိုးလျှော့လျှော့လေးတွေ ထိုးတတ်တယ်တဲ့၊ မာမီပြောလို့သိရတာလေ၊ ဒါကြောင့် ဆံထိုးတစ်ခု လက်ဆောင်ပေးဖို့ စိတ်ကူးရသွားတယ်၊ ဏီက ရတနာထဲမှာ စိန်ကြိုက်တယ်တဲ့၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိန်ပွင့်စီထားတဲ့ဒီဖိုင်းကို ရွေးလိုက်တာ၊ ဏီ ကြိုက်ရဲ့လား''

တစ်တန်းသွား စိန်ပွင့်ဆံထိုးက မီးရောင်အောက်မှာ ဖျပ်ဖျပ်လူး၍ အရောင်ပွင့်ထွက်နေသည်။ ရိုးရိုးရှင်းရှင်း တန်းလန်းကျသလို လှုပ်လက်နေသည့် ဆံထိုးက ဒီဖိုင်းဆန်းနေသည်ဟု ထင်ရသည်။ သူ့အမေးကို ဏီ ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား ဝေခွဲမရ။

''မြေးငယ်က သူ့အဘိုးကိုအားကျလို့ ဏီဏီ့ကို ဆံထိုးလက်ဆောင်ပေးတာ''

သူ့ဘွားဘွားအသံ ပေါ်လာသည်။

''သူ့အဘိုးတုန်းကလည်း ဘွားဘွားကို ဆံထိုးလက်ဆောင်ပေးတာလေ''

သူ့မျက်နှာပေါ် ရှက်ရိပ်ဝေ့တက်သွားသည်။

''ဟုတ်တယ်ကွ၊ အဲဒီတုန်းက အဘွားလုပ်သူက ဘိုးဘိုးလက်ထဲက အတင်းလုယူတာကွာ ... ဟား ဟား ဟား''

ပိန်ပါးပါးရှိသော သူ့ဘိုးဘိုး တစ်ခွန်းဝင်ပြောလျှင် သူ့အဘွားမျက်စောင်းချိတ်ကြည့်လိုက်သည်။ ကြည့်နေသူအားလုံးရဲ့ မျက်နှာပေါ်မှာလည်း ရယ်ရိပ်တွေ လွှမ်းသွားသည်။

''ဏီဏီက ဒီအဘွားကြီးလို လောဘမကြီးဘူး၊ ဒါပေမဲ့ အိုင်တင်ခံနေတာ''

သူ့ဘိုးဘိုး ဏီ့ကို စနောက်သလိုပြောလျှင် ဏီ ရှက်ရယ်ရယ်မိသည်။ ပျော်ပျော်ရွှင်ရွှင်ရှိသည့် သူတို့အသိုင်းအဝိုင်း၏ ထူးခြားမှုကို ဏီ အံ့ဩရ၏။ ထို့နောက် သူ့ဘိုးဘိုးက တည်တည်ငြိမ်ငြိမ်နှင့် –

''မြေးပေးတဲ့ ဆံထိုးကို ကြိုက်ရဲ့လား၊ မကြိုက်ရင် မကြိုက်ဘူးပြော၊ အားမနာရဘူးနော်၊ ဒီဖိုင်းမကြိုက်ရင် တခြားဒီဖိုင်း လဲပေးမယ်'' တဲ့။



''အို ကြိုက် ကြိုက်ပါတယ်''

ဏီ အားတုံ့အားနာ ခေါင်းညိတ်လိုက်မယ်။ ထိုအခါ သူ့အပြုံးက စိန်ပွင့်လို ဖျပ်ဖျပ်ခါလင်းလက်သွားပြီး –

''အဲဒါဆို ဏီဆံထုံးမှာ ထိုးပေးမယ်လေ''

သူ ဖျော့ဖျော့လေးတောင်းဆိုစဉ် ဏီ့ကိုယ်တွန့်သွားသည်။ အဘိုးကို ပြုံးကြောင်ကြောင်ကြည့်မိတော့ မာမီ့မျက်နှာပေါ် အပြုံးပန်းတွေဝေနေဆဲ။ ဏီ့လက်ကို ဆုပ်ကိုင်ထားတဲ့ မမ့လက်ဖဝါးက နွေးနေဆဲ၊ ဏီ ခေါင်းငုံ့လိုက်တော့ ဆံထိုးကိုင်ထားသည့် သူ့လက်ချောင်းကလေးများ ဝမ်းမြောက်ဝမ်းသာ တုန်ခါလာသည်။

ဏီ၏ နောက်တွဲဆံထုံးလျော့လျော့လေးပေါ် သူ့ဆံထိုးလေး ထိုးလိုက်ပေးစဉ် တယောကိုင်ကလေးလေးယောက်က တယောထိုးပြန်သည်။ တယောသံနှောနှောတွဲ့တွဲ့လေး ဆုံးတော့ လက်ခုပ်သံမြိုင်မြိုင်ကြီး ပေါ်လာသည်။ ဏီ ခေါင်းမမော့ရဲတော့။

''မြေးငယ် ဏီဏီလေးကို နေရာပေးလိုက်လေ''

အမျိုးသားကြီးတစ်ဦး၏အသံ။ ထိုအသံရှင်က သူ့ဒယ်ဒီ ဖြစ်နိုင်သည်။ သူ့လိုပဲ အရပ်မြင့်ကာ မျက်နှာနှင့်ကိုယ်လုံးပုံက ဆင်သည်။ ဒါဆို ဏီ့ကိုဖွဖွနမ်း၍ ဂျေးဖူးတံင်စကားမဆိုဖို့ ပြောတဲ့ အမျိုးသမီးကြီးက သူ့မာမီပေါ့။

''လာပါ ဏီ'' ဟု သူခေါ်သည်။ ဏီ ခေါင်းအသာပင့်မော့လိုက်သည်။ သူ့အပြုံးနွေးနွေးနှင့် ဖိတ်ခေါ်မှုကို ဏီ ရှောင်လွှဲမရစွာ လက်ခံရသည်။ အခုမှ ထိုလူအုပ်ကြီး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ထိုင်ခုံတွေ ယူထုတ်လာကြသည်။ စားပွဲရှည်တန်းနောက်မှာ ထိုင်ခုံတွေ ခင်းပတ်၍ ချသည်။ သူက စားပွဲဖိုင်းရှေ့မှာ ဏီ့ကို ရပ်စေသည်။ ထို့နောက် –

www.burmeseclassic.com

www.burmeseclassic.com



"ခဏနော်" ဟု ဆို၍ ခုံတွေထားသည့် ဆင်ဝင်ဘေးအခန်းထဲက ထိုင်ခုံနှစ်လုံး မ,လာသည်။

"ထိုင်ပါ ဏီ"

ဏီထိုင်ရန် ခုံတစ်လုံး ချပေးသည်။ စားပွဲဝိုင်းတစ်ဖက် ဏီနဲ့ မျက်နှာချင်းဆိုင်မှာ ကျန်ခုံတစ်လုံးချ၍ သူထိုင်သည်။

ဏီထိုင်တော့ မာမီနဲ့မမက တစ်ဖက်က ခုံတန်းရှည်ဝိုင်းမှာ ထိုင်သည်။ သက်ကြီးပိုင်းတွေအားလုံးနှင့် ကလေးတွေက ခုံတန်းရှည်ဝိုင်းမှာ ထိုင်ကြသည်။ ဏီတို့လို အရွယ်ငယ်တွေက စားသောက်ဖွယ်ရာတွေကို စားပွဲရှည်ပေါ် ခင်းကျင်းသည်။ မာမီနဲ့မမက သူ့ဘိုးဘိုးဘွားဘွားတို့နဲ့ ရယ်ရယ်မောမော စကားပြောလျက်။

သူ့အသိုင်းအဝိုင်းအားလုံး မျက်နှာပေါ် အပြုံးတွေ ဖုံ့ထွက်နေသည်။ ဏီ့ကို လိုလိုလားလား လှမ်းကြည့်၍ ပြုံးကြသည်၊ အရွယ်စုံတဲ့ ကလေးတွေက ဏီ့ကို ပြုံးပြသူ၊ စကားလုံးနုနုလေးတွေနဲ့ ချီးကျူးသူ၊ အနမ်းလေးများနှင့် အသိအမှတ်ပြုသူတို့နှင့် စည်ကားနေသည်။

စားပွဲရှည်တွေပေါ် အစားအသောက်အပြည့် ခင်းကျင်းပြီးသွားသည်အထိ ဏီတို့စားပွဲက ပြောင်ရှင်းနေသည်။ သူတို့၏ထမင်းစားဖိတ်မှုအစဉ်အလာက တစ်မျိုးတော့ထူးသည်။ သူက ဏီအား အံ့သြရိပ်မျက်ဝန်းအစုံကို အချိန်ပြည့် စောင့်ကြည့်ပြီး "ပျင်းနေလား" လို့ စကားစရှာပြောသည်။ ဏီ အလိုက်သင့်ပင် –

"မပျင်းပါဘူး၊ ဏီ့အမြင်မှာ ထူးဆန်းသလိုဖြစ်နေလို့ အံ့သြနေတာပါ"

"အင်း ကျွန်တော်တို့ မိဘအသိုင်းအဝိုင်းက အဲလိုပဲ၊ ဆွေမျိုးမောင်နှမအိမ်မှာ အစီစဉ်တစ်ခုခုရှိရင် အားလုံးရောက်လာကြတယ်လေ၊ အဲဒါက အစဉ်အလာလိုဖြစ်နေပြီ"



ထိုစဉ် ဏီတို့နှစ်ယောက်တည်းရှိသည့် စားပွဲဝိုင်းသို့ နောက်ဆုံးဘွားဘွားတစ်ဦး ရောက်လာသည်။ ထိုဘွားဘွားက အသက်ရှစ်ဆယ်ကျော်ဟန်တူသည်။

ရှေးဆန်တဲ့ အဘွားပီပီ ကျောရိုးရင်ရိုးပါသည့် ရင်ဖုံးအင်္ကျီပွမှာ စိန်ကြယ်သီးတွေ ဆင်မြန်းသည်။ ဆံပင်ကို ငယ်ထိပ်အလယ်မှာ ထုံး၍ စိန်ဘီးစိုက်ထားသည်။ မျက်နှာပြင်နှင့် တစ်ကိုယ်လုံးမှာ နံ့သာဖြူဖွေးဖွေး လိမ်းကျံထားသည်။ နံ့သာဖြူနံ့သင်းသလို အဘွားအပြုံးက လင်းနေသည်။

ကျိုးတိုးကျဲတဲ သွားတန်းများပေါ်အောင် ပြုံးကြည့်သည်။ အဘွားဘေး ကပ်ပါလာတဲ့ ဏီတို့အရွယ် မိန်းကလေးက ရှေးဟောင်းကြွေပန်းကန်လုလုနှစ်ချပ် ကိုင်ထားသည်။ အဘွားကိုယ်တိုင် ဏီရှေ့ ကြွေပန်းကန်တစ်ချပ် ချပေးသည်။ သူ့ရှေ့တစ်ချပ် ချပေးသည်။ အဘွားအို၏အပြုအမူကြောင့် ဏီ အရမ်းအားနာသလို ဖြစ်နေသည်။ သူက အားမနာရန် မျက်ဝန်းကြည်ကြည်ဖြင့် ကြည့်ပြီး –

"ဒါ ကျွန်တော့်ဘွားဘွား၊ ဒယ်ဒီရဲ့ မယ်မယ်လေ၊ ဘိုးဘိုးဆုံးတာ ဆယ်နှစ်ကျော်ပြီ၊ ဘွားဘွားက အရမ်းကျန်းမာတယ်"

လို့ မိတ်ဆက်ပေးသည်။ ဏီ ခေါင်းညိတ်၍ သူ့ဘွားဘွားသက်ချောင်းပိန်ပိန်ကို ဆုပ်ကိုင်အသိအမှတ်ပြုလိုက်သည်။

"ဏီဏီလေးက သိပ်လှတာပဲ"

တုန်တုန်ယင်ယင် ဆို၍ ဏီ့ပါးပြင်ကို ဖွဖွနမ်းသည်။

"ဏီဏီလေးက အားနာတတ်တယ်ထင်တယ်၊ ဘာမှ အားမနာနဲ့နော်၊ ဘွားဘွားတို့က ဏီဏီ့ကို ကြိုဆိုခွင့်ရလို့ ပျော်နေရတယ်ကွယ့်၊ နောက် မကြာမကြာ လာလည်ပေါ့နော် ဏီဏီ"

"ဟုတ်ကဲ့ ဘွားဘွား"

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ဒီမှာထိုင်လေ"

ဏီ နေရာဖယ်ပေးတော့ -

"ထိုင် ထိုင်၊ ဒါ ဏီ့ကို ထိုင်ခွင့်ပေးတဲ့နေရာလေ၊ ဘွားဘွား တို့က ဟိုဘက်မှာ ထိုင်နေမှာ၊ ထိုင်ပါ"

ဘွားဘွား ဏီ့ကို အတင်းထိုင်စေပြီး ပြုံးပြုံးလေးစိုက်ကြည့်၍ ဖြည်းဖြည်းညင်းညင်း ထွက်သွားသည်။ တစ်ဖက်က စားပွဲရှည်ဝိုင်းမှာ ဝင်ထိုင်သည်။ ဏီတို့အရွယ် ကောင်မလေးက ဏီ့ကို ပြုံးကြည့်စဉ် သူက -

"ကျွန်တော်တို့ရဲ့ ဝမ်းကွဲမောင်နှမထဲမှာ သီသီက အငယ်ဆုံးလေ၊ ဘွားဘွားရဲ့ အတွင်းရေးမှူးပေါ့၊ ဏီ 'သီသီ' ကို ကပ်ထား၊ သီသီက ဘွားဘွားပြီးရင် ပါဝါအရှိဆုံးပဲ"

"ကိုစစ်က ဒါပဲပြောနေ၊ အလကား မဏီ၊ ကိုစစ်က သို့ကို ဆို အဲလိုပဲ ပြောနေကျ"

သီသီ ရယ်ရယ်မောမောဆို၍ ဘွားဘွားဘေးသို့ ရောက်သွားသည်။ သူက သူ့ဆွေမျိုးတွေကို အစဉ်အလာအတိုင်း မိတ်ဆက်ပေးသည်။

"ခုန ဘိုးဘိုးနဲ့ဘွားဘွားက မာမီ့ဘက်ကလေ"

"အင်း"

ဘိုးဘိုးနဲ့ဘွားဘွားက ဟိုဘက်စားပွဲဝိုင်းရှည်မှ ပြုံးပြပြန်သည်။ ထို့နောက် ဏီ့ကို အားမနာရန် ပြောသည်။ အမျိုးသမီးကြီးနှင့် သူနှင့်တူသည့် အမျိုးသားကြီး ရောက်လာသည်။ အမျိုးသမီးက ထမင်းအုပ်ကိုင်လာပြီး ဏီတို့ စားပွဲအလယ်မှာ ထမင်းအုပ်ကို ချသည်။ အမျိုးသားကြီးက ထမင်းအုပ်အဖုံးဖွင့်စဉ် သူဆိုသည်က -

"ကျွန်တော့် ဒယ်ဒီနဲ့မာမီလေ" တဲ့။



ဏီ ပြုံးပြရပြန်သည်။ ထို့နောက် လူကြီးစုံတွဲတစ်တွဲ ရောက်လာပြန်သည်။ သူက မိတ်ဆက်ပြန်သည်။

"ဒယ်ဒီ့ညီ အန်ကယ် ဦးလေးခင်နဲ့ အန်တီ ဒေါ်ခင်သီလေ"

ထိုစုံတွဲက သူတို့နှစ်ဦးရှေ့က ပန်းကန်ထဲသို့ ထမင်းအုပ်ထဲမှ ထမင်းကို ဇွန်းနဲ့ခပ်၍ ထည့်ပေးလေသည်။ နောက်စုံတွဲသုံးတွဲက ဟင်းပွဲသုံးပွဲ လာချသည်။ ဏီပန်းကန်ထဲ ဟင်းတုံးတစ်တုံးစီ ခပ်ထည့်သည်။

"မာမီ့မောင်နှမ ခြောက်ယောက်လေ၊ အဲဒါ မာမီထက် အကြီးတွေ၊ ကျန်တဲ့နှစ်ယောက်က နိုင်ငံခြားမှာ"

နောက် သူ့အစ်ကိုသုံးယောက် သုံးစုံတွဲ ဟင်းပွဲကို ကိုယ်စီလာချသလို ဏီ့ပန်းကန်မှာ ဟင်းတစ်ဖတ်စီ ထည့်ပြန်သည်။

"အဲဒါက ကျွန်တော့်ကိုကို သုံးယောက်နဲ့ မရီးတွေလေ၊ အစ်မကြီးမိသားစုက အမေရိကားမှာ"

နောက်ဟင်းပွဲတွေ ထုံးစံအတိုင်း လာချသူတွေက သူ၏ ဝမ်းကွဲမောင်နှမတွေဖြစ်ကြောင်း မိတ်ဆက်ပေးတော့သည်။ မိတ်ဆက်လို့လည်းပြီးရော ဏီ့ပန်းကန်မှာ ဟင်းတွေက မောက်နေပြီ။

"စားလေ ဏီ၊ ဏီ့ကို ကျွန်တော့်အသိုင်းအဝိုင်းက ကြိုဆိုတဲ့ အထိမ်းအမှတ်ပါ"

ဏီ ဘာပြန်ပြောရမှန်းမသိတော့။

"ကျွန်တော်တို့ မျိုးရိုးအစဉ်အလာက အဲသလိုပဲ ဏီ၊ မိသားစုဝင်တစ်ယောက် ဖြစ်လာမယ့်သူကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဘတ်ကြတယ်၊ ကြိုဆိုမခံရဘဲ ဝင်လာတဲ့သူက ကျွန်တော်တို့ အသိုင်းအဝိုင်းမှာ မျက်နှာငယ်ရတယ်လေ၊ ကြိုဆိုခံရသူတွေအထဲမှာ ဏီ့ကို ကြိုဆိုပ၁၁ လူအစုံဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဏီဟာ သူတို့အသိုင်းအဝိုင်းထဲက အလိုလားဆုံးသူ ဖြစ်ရတာပေါ့။ ဒါကြောင့် မာမီ ဂုဏ်ယူပီတိတွေ ဖြစ်တာထင်တယ်။

"နောက်ပြီး နိုင်ငံခြားရောက်နေတဲ့ မာမို့မောင်နှစ်ယောက် မိသားစု, မမကြီးမိသားစုနဲ့ ဝမ်းကွဲမောင်နှမတချို့လည်း ဏီ့ကို အခြေ အနေအရပ်ရပ်ကြောင့် ကိုယ်တိုင်မကြိုဆိုနိုင်ပေမယ့် သူတို့ အသိ အမှတ်ပြု ကြိုဆိုကြောင်း လက်ဆောင်ပစ္စည်းတွေ ပို့ထားတယ်လေ"

ထို့နောက် ပါကင်သေးသေး ဆယ်ထုပ်ခန့်ကို ပါကင်ပိတ် ထားသည့် အလှဆင်ဆွဲခြင်းကို သူ့တစ်ဝမ်းကွဲညီတစ်ဦးက မတက် ရောက်နိုင်သူတွေရဲ့ကိုယ်စား ဏီ့ကို လာပေးတော့ ဏီ ပြောမပြတတ် လောက်အောင် ဝမ်းနည်းဝမ်းသာ ဖြစ်ရလေသည်။

"ကိုစစ်ဦးရယ် ဏီ ဘာပြန်ပြောလို့ ပြောရမှန်းတောင် မသိ တော့ဘူး။ တကယ်ပါ"

"ရပါတယ် ဏီ၊ ဒါ ကျွန်တော်တို့ အသိုင်းအဝန်းရဲ့ အစဉ် အလာပါ၊ ဏီ လက်ခံတာကိုပဲ ကျွန်တော် ဝမ်းသာမဆုံး ဖြစ်ရတယ်၊ အမှန်အတိုင်းပြောရရင် အခုလို တစ်စုံတစ်ယောက်ကို ဖိတ်ခေါ်တယ် ဆိုရင် ကာယကံရှင် ဥပမာ ကျွန်တော်ပေါ့၊ ကျွန်တော့်အနေနဲ့ ကျွန် တော်ဖိတ်ခေါ်မယ့် မိန်းကလေးကို အသေအချာ စူးစမ်းစုံစမ်း လေ့လာ ရတယ်၊ အသိုင်းအဝိုင်းက လက်ခံနိုင်မယ့်အခြေအနေမျိုးကို ရွေးချယ် ပြီးမှ ဖိတ်ခေါ်ရတဲ့အလေ့အထ ရှိတယ်၊ ဒါပေမဲ့ ကျွန်တော် ဏီ့ကို မစုံစမ်းခဲ့ဘူး။ မာမီပြောတဲ့ စကားနဲ့တင် ဏီ့ကို လက်ခံလိုက်တာ"

"ဘယ်လို ကိုစစ်ဦးတို့၊ မာမီပြောတဲ့စကားကြောင့်၊ ကိုစစ်ဦး မာမီက ဏီ့အကြောင်း ဘာပြောလို့လဲ"

သူ သွားစွယ်လေးပေါ်အောင် တစ်ချက်ပြုံးလိုက်ပြီး –

"ဏီမှာ မဟာဆန်တဲ့ စိတ်နှလုံးသား ရှိတယ်တဲ့"



ဏီ မျက်မှောင်ကြုတ်သွားပြီး –

"မဟာဆန်တဲ့ စိတ်နှလုံးသားဆိုတာ ဘာလဲ"

သူပြုံး၍ –

"သိတတ်နားလည်ခြင်းပေါ့ဏီ၊ ဒီထက်ရှင်းအောင် ပြောရ ရင် အတွေးအမြင် မရိုးလွန်း မဆန်းလွန်းတဲ့ အလယ်အလတ် ဆန် ဆန်စိတ်ဓာတ်၊ သမမျှတစွာ ဆက်ဆံတတ်တဲ့စိတ်ဓာတ်လေ"

ဏီ မသိမသာ သက်ပြင်းချတော့ သူ ဟက်ခနဲ ရယ်ပြီး–

"ဏီရယ် ဏီ ကျွန်တော့်ကို အံ့သြချင်လည်း အံ့သြ, ရူး တယ်လို့ စွပ်စွဲချင်ရင်လည်း စွပ်စွဲပါတော့၊ မဟာဆန်တဲ့ စိတ်နှလုံး ပိုင်ရှင် မိန်းကလေးကို ကျွန်တော် တောင့်တမိတယ်၊ မာမို့ဆီက ဏီနဲ့ပတ်သက်တဲ့ မှတ်ချက်ကို သိရတာနဲ့ ဏီ့ကို ကျွန်တော် လက်ခံ လိုက်တယ်၊ မာမိက ဏီ့ကို အကဲခတ်ကြည့်ပါဦးလို့ ပြောတာတောင် စူးစမ်းဖို့မလိုတော့အောင် ကျွန်တော့်ရင်မှာ အလိုလို လက်ခံသွားတယ်၊ ဒါကြောင့် မာမီရယ် ဏီ့ကို ကြိုဆိုပါရစေလို့ ခွင့်တောင်းလိုက်တယ်"

ဏီ မျက်လွှာလေး မသိမသာချမိသွားသည်။ သူက ပြောနေ ဆဲ။

"ကျွန်တော့်အစ်ကိုတွေကတောင် ရယ်ကြတယ်၊ စေစ်တော့ ရူးပါ့ကွာတဲ့၊ ကျွန်တော် လက်ခံလိုက်တဲ့ ဏီ့ကိုလည်း သူတို့တွေ စိတ်ဝင်တစား ဖြစ်သွားတယ်၊ ဏီ့အကြောင်း သူတို့စုံစမ်းပြီး ဏီ့ကို လိုက်လိုက်လှဲလှဲရှိကြသလို ကျွန်တော့်ကိုလည်း အမှတ်ပေးကြတယ် ဏီ၊ ဒါကြောင့် ဏီ့ကို မာမီတို့, ဘိုးဘိုးတို့က ဏီ့မာမီဆီမှာ တောင်း ဆိုခဲ့ကြတာ၊ ဏီ လက်ခံတယ်ဆိုတော့ ညစာစားပွဲလုပ်ပြီး အစဉ် အလာအတိုင်း ကြိုဆိုလိုက်တာ၊ နောက်ပြီး တူမလေးနဲ့ တူလေးတွေ က သူတို့စိတ်ကူးအတိုင်း တယောသံလေးနဲ့ ကြိုဆိုပါရစေတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်တို့အသိုင်းအဝိုင်းထဲ ဝင်လာသူတွေထဲမှာ ဏီ့ကို ကြိုဆိုတာ အထူးခြားဆုံး၊ ပျော်စရာအကောင်းဆုံးနဲ့ လူအစုံဆုံး ကြိုဆိုပွဲလေး ဖြစ်သွားတာ ဏီ၊ ဘာပဲဖြစ်ဖြစ် ဏီ့ကို မျက်စိမှိတ် ရွေးချယ်ခွင့် ရလိုက်တဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူမိ တယ်၊ ဏီ့ကိုလည်း မြတ်နိုးမိတယ်။ ယုံရဲ့လား ဏီ''

ဏီ သက်ပြင်းခိုးချ၍ အပြုံးမပျက် ခေါင်းညိတ်လိုက်ရတာ ဏီ့ရင်ကို တောင်တစ်လုံး ပိကျလာသလို လေးလံစေသည်။ ဒါကို တော့ သူ ရိပ်မိမည်မထင်။

''ဏီ ဆာနေရောပေါ့၊ စားလေ ဏီမစားသေးရင် ဘယ်သူ မှ ဦးဆုံးစားသောက်ကြမှာ မဟုတ်ဘူး''

သူ ဏီ့ပန်းကန်ထဲ ဖွန်းခက်ရင်းတစ်စုံ ထည့်ပေး၍ ပြော လာသည်။ ဏီ အံ့သြသွားပြီး –

''ဘာဖြစ်လို့လဲ''

''ဒီပွဲက ဏီ့ကို အလေးထားတဲ့ပွဲလေ၊ ဒီစားပွဲကို ဏီ စတင်မစားမချင်း ကျွန်တော်တို့အသိုင်းအဝိုင်းက ဘယ်သူမှ ဦးဦးဖျား ဖျား စားမှာမဟုတ်ဘူး၊ မယုံရင် ကြည့်လိုက်လေ''

''အို''

''ဟုတ်ပါရဲ့။ ခုံတန်းရှည်နှစ်ခုမှာ လူကြီးသူတွေနဲ့ ကလေး တွေ စားပွဲဝိုင်းအသစ်ခင်းထားတဲ့ စားဝိုင်းငါးဝိုင်းလုံးက သူ့အသိုင်း အဝိုင်းဝင်အားလုံးက ဏီ့ကို ကြည့်နေဆဲ၊ ဏီနဲ့သူ စကားပြောတာကို ပြုံးစိုက်ကြည့်နေတယ်လေ။

မာမီနဲ့မမကလည်း ထိုနည်းတူ ဝိုင်းကြည့်ခံနေရသည့် မျက် နှာပေါ် နှင်းဆီအနီသွေးရောင် ပွင့်သွားသည်။

လူကြီးသူမတွေကိုလည်း အားနာသွားသည်။ အားနာရင်



လည်း အားနာတယ်လို့ ပြောလို့ရမှာမဟုတ်ဘူး။ ဒါကြောင့် ဏီ ဖွန်းခက်ရင်း ကိုင်ရသည်။ ဏီ အသားတစ်ဖတ်ကို ခက်ရင်းနှင့်ထိုး၍ ခံတွင်းထဲ ထည့်ဝါးလိုက်စဉ် သူတို့တော်တွေရဲ့ တယောသံတွဲတွဲလေး လိုမ့်ထွက်လာပြန်သည်။

ဏီမှာ ဝမ်းသာသလိုလို ကြည်နူးသလိုလို ဘာလိုလိုနဲ့ မြုံး လိုက်မိသည်။ ဏီ စတင်စားလိုက်မှ စားဝိုင်းအားလုံးမှာ အဆင်သင့် ထိုင်နေကြသည့် သူ့ဆွေမျိုးတွေ ညစာသုံးဆောင်တော့၏။

ဏီမှာ ဏီ့ပန်းကန်ပေါ်က ဟင်းတွေကို မနိုင်မနင်း စားရ တော့၏။ သူတို့က လိုလိုလားလား လာထည့်ပေးကြတဲ့အတွက် ဏီ ချန်ထားလို့ သင့်တော်မှာမဟုတ်ဘူး။ ဒါကြောင့် ကြိတ်မှိတ်စားရသည်။

ညစာစားပြီးတော့ အချိုပွဲ၊ မုန့်တွေအစုံက စားပွဲဝိုင်းအပြည့်။ ကလေးတွေက ဏီ့ကို တစ်ယောက်တစ်မျိုး လာခွံ့ကြတာ။ ဏီ့မှာ အပြုံးမပျက် စားခဲ့ရသည်။ အချိုပွဲပြီးတော့ ဏီတို့မိသားစုကို သူတို့ရဲ့ ခေတ်မီသော ဧည့်ခန်းကျယ်ကျယ်မှာ ထိုင်စေသည်။ သူ့ဆွေမျိုးတွေ ဏီ့အပါးလာပြီး စကားဝိုင်းဖွဲ့ဆိုသူ၊ နောက်ပြောင်သူ၊ လူကြီးတွေက ခပ်တည်တည်နောက်ကြသလို လူငယ်တွေက ခပ်ဘွင်းဘွင်းစနောက် ကြသည်။ ကလေးတွေက ရယ်စရာတွေပြောရင်း ရယ်ကြသည်။ နောက် သူ့မာမီက သူ့အကြောင်းတွေ စုံနေအောင်ပြောပြသည်။

ဏီ ခေါင်းညိတ်နားထောင်ခဲ့ရသည်။ ပြုံး၍ နေခဲ့ရသည်။ အလိုက်အထိုက် ပြန်ပြောခဲ့ရသည်။ သင့်တင့်မျှတအောင် ဆိုခဲ့ကြ သည်။ အားလုံး အားလုံးနဲ့ ညီမျှခြင်းဖြစ်အောင် ဏီ အကောင်းဆုံး သရုပ်ဆောင်နိုင်ခဲ့သည်။

ည ဆယ်နာရီထိုးမှာ ဏီတို့မိသားစုကို ပြန်ခွင့်ပေးသည်။ ပြန်ခါနီး သူ့အသိုင်းအဝိုင်းအားလုံး ကားပေါ်အရောက်ပို့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တူမတော်နဲ့ တူတော်က တယောသံလေးတွဲ့တွဲ့နှင့် နှုတ်ဆက်ကြသည်။

ထိုတယောသံတွဲ့ပေါ့ပေါ့လေးသည် ဏီတို့ကားနှင့် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့သည်။ ထိုအခါ ဏီ လွတ်လပ်ပေါ့ပါးစွာ သက်ပြင်းချမိတော့သည်။

ထိုဖြစ်စဉ်ကို ငြိမ်သက်စွာ နားထောင်နေကြသည့် အိတို့ မျက်ဝန်းလေးတွေ အံ့သြရိပ်နှင့်တောက်ပလျက်။

"အံ့သြစရာ, မယုံနိုင်စရာကောင်းလောက်အောင် အံ့သြဖို့ကောင်းတာပဲနော်"

"ဏီရယ် ဒီလောက်ထူးခြားတဲ့ ကြုံဆုံမှုမျိုးကို ဏီမို့လို့ ဖုံးကွယ်ထားဖို့ ကြိုးစားရဲတယ်"

"မေတို့မသိလို့ ပြောမိတာပါဟယ်"

ရီတို့ တအံ့တသြ ပြောကြသည်။ ဏီ လှုပ်ရှားမှုကို သဘောပေါက် နားလည်သွားသည့် သူ့မျက်ဝန်းလေးတွေက ဏီ့ရင်ကို တဖျပ်ဖျပ် ဖြစ်သွားစေသည်။

"ဒါကြောင့် သူအလည်လာရင် ဏီ့ဘက်က တတ်နိုင်သလောက် လိုက်လျောပေးဖို့ အဆင်သင့်လုပ်ထားတာပါ"

"ဏီရယ်"

အိတို့ မချင့်မရဲ ရေရွတ်ကြသည်။ ဏီ့ကို ရူးစမ်းတဲ့မျက်ဝန်းနဲ့ စိုက်ကြည့်ကြပြီး –

"မေ မသိလို့ တစ်ခုမေးချင်တယ်"

"ဘာကိုလဲ"

"ဏီ ကိုစစ်ဦးတိုင်ကို ဘယ်လိုခံစားမိလဲ"

ဏီ့မျက်ဝန်းမှာ နှင်းစက်ကလေးများ ဆီးကာသလို မှိုင်ဝေ



သွားသည်။

"ဟုတ်တယ် ဏီ၊ ဏီ့ခံစားချက်လည်း အရေးကြီးတာပဲဟာ၊ ကိုစစ်ဦးတိုင်ကို ဏီ ရင်မခုန်ဘူးလား"

ဏီ ဘယ်လိုပြန်ဖြေရမလဲ။ ဏီ ရင်မခုန်ဘူးလားတဲ့။ ဏီ ရင်ခုန်တယ်ဆိုရင် တစ်ကြိမ်တစ်ခါသာ ရင်ခုန်မှာဖြစ်ပြီး ထိုရင်ခုန်ခြင်းကလည်း သူ့မဟုတ်တဲ့ တစ်စုံတစ်ယောက်အတွက် ဖြစ်လိမ့်မယ်ဆိုတာ ရီတို့ မရိပ်မိတာလား၊ မရိပ်မဟန်ဆောင်တာလား။

ဘာပဲဖြစ်ဖြစ် ရီတို့ကို ဏီ့သောကတွေ မကူးစက်စေချင်။ ဒါကြောင့် ခပ်ဖျော့ဖျော့အပြုံးတစ်ပွင့်ကို နှုတ်ခမ်းပါးပေါ် ဖြည့်တင်လိုက်ပြီး –

"ရီတို့ရယ် ဏီက ရင်ခုန်သံတွေကို ခွဲခြမ်းစိတ်ဖြာ ခံစားခွင့်ကို ရှေးရှုနေလို့ မရဘူး။ အမိက မာမီနဲ့မမ ပျော်နေတာက ဏီ ရင်ခုန်တာလို့ပဲ မှတ်ရမှာပေါ့"

"အို အဲလိုလည်း မဟုတ်ဘူး ဏီ၊ နောက်ပြီး သူ"

အိ ချက်ချင်းစကားရပ်လိုက်သည်။ ထိုအချိန်တွင် ငါးနာရီ အချက်ပေးသံက ဏီ့ရင်ကို လူးလွန့်သွားစေသည်။ မေက ထိုနေရာမ ဖျပ်ခနဲ ထ၍ မှန်ပြတင်းပေါက်တစ်ချပ်ကို ဖွင့်ဟလိုက်သည်။

"မေ အဲဒီ မှန်တံခါးပိတ်လိုက်ပါတော့ကွယ်"

ဏီ မျက်နှာအသာမော့၍ မျက်လွှာစေ့ပိတ်၍ ဖျစ်ညှစ်ဟန့်တားမိသည်။ ဏီ မျက်တောင်ကော့ညွတ်တို့ကြားမှ မျက်ရည်စတချို့ ရုန်းထွက်လာသည်။

ဏီ တားဆီးပွတ်သုတ်မနိုင်ခင် ထိုမျက်ရည်စက ဏီ့ရင်အုံပေါ် လွင့်ကျသွားသည်။ ဏီ့ကို အိတို့ စိတ်မချမ်းသာစွာ လှမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ၏ မှန်တံခါးပြန်ပိတ်သံတိုးတိုးလေးသည် ဏီ့ရင်မှာ ဗုံးတစ်လုံးပေါက်ကွဲသလို ဝုန်းခနဲ မြည်ဟည်းသွားသည်။

သူရယ် ဝေးလေကောင်းလေပဲကွယ်။

✿ ✿ ✿

## အခန်း (၆)

ထိုနေ့မှစ၍ ဏီ မှန်တံခါးပေါက်ကို မဖွင့်မိ။ ညနေငါးနာရီ အချိန်ရောက်တိုင်း ဏီ့ရင်မှာ မီးတောင်တစ်လုံးလို ပွက်ပွက်ဆူလာသည်။ ဆူပါစေကွယ်။ အချိန်ကာလတစ်ခုရောက်ရင် ဆူလောင်မှုတွေ ချုပ်ငြိမ်းသွားမှာပေါ့။

ချုပ်ငြိမ်းသွားအောင်လည်း ဏီ ကြိတ်မှိတ်ခံရမှာပေါ့။ ခု လောက်ဆို သူလည်း ဏီ့ကို မေ့လောက်ပြီထင်တယ်။ ဟုတ်တယ် လေ မေ့လောက်ပြီပေါ့။

တကယ်မေ့နေပြီဆိုလို့ ဏီရဲ့ ပုံမှန်ရှုံးဆင်းချိန်တွေကို လာ မငေးတော့တာပေါ့။ ဟုတ်မှာပါလေ။ ဏီ စိတ်ကို လျှော့ချလိုက်သည်။ မပြတ်သားနိုင်သေးတဲ့ စိတ်က မှန်တံခါးနား ရောက်သွားမိသည်။ မှန်တံခါးကို အချိန်ကြာ စိုက်ကြည့်မိသည်။ ဘာပဲဖြစ်ဖြစ်လေ ဏီ တစ်မိနစ်လောက် ငေးကြည့်လိုက်ချင်တယ်။ ဏီ့တောင့်တစိတ်ထက် ဏီ့လက်က မြန်ဆန်လွန်းသည်။ မှန်တံခါး အသာဖွင့်၍ လှမ်းကြည့် လိုက်သည်။ ထိုအခါ ဏီ့ရင်မှာ ရေနွေးပူလောင်သည့် ပန်းတစ် ပွင့်လို ညှိုးရော်သွားသည်။ သူ့အရိပ်လေး မမြင်ရလို့ဘဲ ဖြစ်တယ်။

သေချာတယ်။ ဏီ့ကို သူမေ့သွားပါပြီ။ ကောင်းပါတယ်လေ။

www.burmeseclassic.com



သူမေ့သွားသလို ဤလည်း မေ့နိုင်အောင်ကြိုးစားရမှာပေါ့။ စိတ်ကို တင်းလိုက်သည်။ မှန်တံခါး ပြန်ပိတ်သည်။ ထို့နောက် ရုံးခန်းထဲက ခပ်မှန်မှန်ခြေလှမ်းနှင့် ထွက်ခဲ့သည်။ ငါးနာရီမထိုးခင် ဆယ်မိနစ်ဆို ဝန်ထမ်းအားလုံး အုပ်စုဖွဲ့ ပြန်သွားတတ်သည်။ ဤက ဝန်ထမ်းအားလုံးပြန်ပြီးမှ ပြန်တတ်သည်။ ခုလည်း တိတ်ဆိတ်နေတဲ့ ကုမ္ပဏီကြီးကို အဓိပ္ပာယ်မဲ့ ငေးကြည့်လိုက်သည်။ ထို့နောက် ရုံးခန်းတံခါးသော့ခတ်လိုက်ပြီး ထုံးစံအတိုင်း လှေကားထစ်တွေကို ဖွဖွနင်း၍ ဆင်းလာခဲ့သည်။ ပထမထပ်ဆင်းသည့် လှေကားထောင့်ချိုးတွင် ဤ မှတ်မိနေသည့် ဝတ်စုံအနက်နှင့် သူ့ကို ဘွားခနဲတွေ့လိုက်စဉ် ဤ့ရင်မှာ လှိုင်းလုံးကြီးတစ်လုံး ဝုန်းခနဲ တိုးကြွလာသည်။

"အလို"

ဤ ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။ သူ့မျက်နှာဝိုင်းဝိုင်းလေးက လေးနက်တည်တံ့ကာ သည်းခံမျိုသိပ်၍ စောင့်စည်းခဲ့ရပေါင်းများသည့် လူတစ်ဦးလို ပျော့ဖပ်နေသည်။ လွမ်းဆွတ်ရိပ်တို့ လွှမ်းနေသည့် သူ့မျက်ဝန်းက ဤ့ထံမှ တစ်စုံတစ်ခုကို အယူခံဝင်ခွင့်တောင်းခံသလို ဖျော့ဖျော့လေး လက်နေသည်။

ဤ့ဦးနှောက်ထဲမှာ စစ်ဦးတိုင်ရယ်၊ မာမီရယ်၊ မမရယ် ဘွားခနဲ ပေါ်လာသည်။ ဤ မျက်လုံးစုံမှိတ်၍ ခေါင်းအသာယမ်းပြီး သူ့ကို ကျော်နိုင်းလိုက်၍ ရုံးခန်းရှိရာ တတိယထပ်သို့ ပြန်တက်ရန် ဆုံးဖြတ်၍ ဤ ခြေစလှမ်းစဉ် –

"ကျွန်တော့်နာမည် နေဝန်းထိ " ပါ။

သူကိုယ်သူမိတ်ဆက်သည့် အသံအိုင်အိုင် ပေါ်ထွက်လာလျှင် ဤ ခြေဆက်လှမ်းဖို့ အားအင်ချည့်နဲ့သလို တုံ့ဆိုင်းသွားသည်။

"ကျွန်တော် ဒီလမ်းထဲကို ကိစ္စတစ်ခုနဲ့လာရင်း အမှတ်မထင်



တွေ့ခဲ့မိတာ၊ ဒီနေ့ဆို ဆယ့်တစ်လနဲ့ ခြောက်ရက်ရှိပြီ"

"ဘုရား ဘုရား"

ဆယ့်တစ်လနှင့် ခြောက်ရက်တဲ့။ ဤ သတိထားမိတာ သုံးလေးလကျော်ကျော်သာ ရှိ၏။ ယောင်ယမ်း၍ သူ့ကိုလှည့်ကြည့်မိလျှင်

"ကျွန်တော်နဲ့ အခြေအနေချင်းမတူတဲ့ မိန်းကလေးဖြစ်နေလို့ ကျွန်တော် မစုံစမ်းခဲ့ဘူး၊ ကျွန်တော့်လို ခပ်မွဲမွဲကောင် စုံစမ်းနေတာ သိရင် ပတ်ဝန်းကျင်က ရယ်စရာဖြစ်လိမ့်မယ်၊ ကာယကံရှင် မိန်းကလေးအတွက်လည်း သိက္ခာကျစရာ ဖြစ်နိုင်တယ်လေ၊ ဒါကြောင့် အိမ်ပြန်ချိန်တိုင်းကို ငေးကြည့်မိတယ်၊ ငေးကြည့်ခွင့်တော့ ရှိတယ် ထင်ပါတယ်၊ ဒါကြောင့် ငေးကြည့်ဖြစ်တယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ငေးကြည့်ခွင့်မရခဲ့တာ ကံကြမ္မာကြောင့်နဲ့ ကိုယ်နေကိုယ်တာကိစ္စကြောင့်လည်း ပါပါတယ်၊ အဲဒီအတွက် ကျွန်တော့်ရင်မှာ တင်းကျပ်နေတယ်လေ၊ ကျွန်တော့်နှလုံးသားမှာ ကျပ်နေတာကို ကျွန်တော် တင်းမခံနိုင်ခဲ့ဘူး၊ ဒါကြောင့် ဒီနေရာက စောင့်ကြည့်မိတာ၊ အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူးဗျာ၊ သွားပါ၊ ကျွန်တော် ကျောခိုင်းရပ်နေပေးပါ့မယ်"

ရှည်လျားတဲ့ သူ့စကားလုံးတွေနောက်မှာ ဤ အသက်အောင့်လိုက်မိသည်။ ထိုအခါ ဤ ရုတ်တရက် အသက်မဲ့သွားသလို တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ နံရံမှာ လက်တစ်ဖက်ထောက်၍ ခေါင်းငုံ့ရပ်နေသည့် သူ့ကို ဤ မကြည့်ရက်တာလား၊ ကြည့်ဖို့ သတ္တိမရှိတာလား။ ဘာကြောင့်မှန်းကို မသိတော့ပါ။

ဤသိနေတာက ဤ့မျက်ဝန်းအိမ်မှာ ပြိုကျဖို့ အားယူနေတဲ့ မျက်ရည်ပူတွေ။ ထိုမျက်ရည်ပူတွေ လွင့်ကျမလာအောင် ကာကွယ်ဖို့ဆို သူနဲ့ဝေးနေဖို့ အရေးကြီးတယ်။ ဒါကြောင့် လှေကားထစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြွမ်းကြွမ်း ဖိနှင်းမိတယ်။ သူ့အနားက ဖြတ်စဉ် ချွေးနံ့လိုလို ဆေးနံ့လိုလို အနံ့တစ်မျိုး ရသည်။ ဏီ အောက်ဆုံးထပ်ရောက်အောင် ခပ်သွက်သွက် ဆင်းလိုက်သည်။

"နောက် ညနေတိုင်း ငေးကြည့်ခွင့် ရချင်တယ်၊ ငေးကြည့်ပါရစေ"

သူ့တောင့်တသံလေး နောက်မှာ ဏီ့မျက်ရည်အိမ်က မျက်ရည်ပူတွေ ခုန်ဆင်းလာ၏။ ဘာကြောင့်များ ဏီတို့ကို ဆုံစည်းခွင့်ပေးရတာလဲကွယ်။ အောက်ဆုံးထပ် ကားပါကင်နေရာသို့ ဏီ ကမူးရှူးထိုး ပြေးဆင်းခဲ့သည်။ ကားပေါ်ရောက်သည်နှင့် ဏီ မျက်ရည်တွေကို စိတ်တိုင်းကျ ခုန်ဆင်းခွင့်ပေးမိသည်။ ရင်ထဲမှာလည်း –

"ဟင့်အင်း ငေးမကြည့်ပါနဲ့ကွယ်" လို့ အသံတိတ် ဟန့်တားမိ၏။

✿

"ဟုတ်ရဲ့လား ဏီရယ်၊ ဏီ့ကို လပေါင်းများစွာ စောင့်နေသတဲ့လား"

မေ မယုံသလို မေး၏။ ဏီ လေးပင်စွာ ခေါင်းညိတ်လိုက်သည်။

"ဏီ့အဖြစ်က သိပ်မြင့်လွန်းတယ်ဟာ၊ ရီတို့ လိုက်မမီနိုင်ဘူး"

"တွေးစရာတော့ အများကြီးပဲ၊ အိတို့ ခန့်မှန်းခဲ့သလို သမုဒ္ဒရာ ထက်ကျယ်တဲ့ ဖြစ်စဉ်ပဲ"

"ဟုတ်တယ်၊ ဘာကြောင့်များ သူ လက်မဦးရတာလဲ၊ နေဝန်းထီးဆိုတာက လိပ်တစ်ကောင်လား၊ ယုန်တစ်ကောင်လား။ ဝေခွဲရ



ခက်လှတယ်၊ မေတော့ နေဝန်းထီးကို အံ့ဩတာပဲ၊ မြေစာမြက်တွေ အောင်းကင်ပေါ်က ကြွေကျလာရင်တောင် အဲလောက် အံ့ဩစရာ ကောင်းမှာ မဟုတ်ဘူး၊ ခုတော့"

ဏီတို့သူငယ်ချင်းတွေ အံ့ဩမှုတွေနဲ့ ပြောကြသည်။

"ဏီ ဘယ်လိုရင်ဆိုင်ရမလဲ၊ သဲတစ်ပွင့်စာလောက်ဖြစ်ဖြစ် အကြံကောင်းပေးပါကွယ်"

ဏီ လှိုက်လှိုက်တုန်တုန် တောင်းဆိုလျှင် အိတို့ ပခုံးလေးတွေကာ ဘာကိုမှ အကြံကောင်းမပေးတတ်လောက်အောင် ကျပ်ဆို့နေသည်။ ထိုစဉ် ဏီ ဟမ်းဖုန်းမြည်လာသည်။ ဟမ်းဖုန်းမြည်လာသံက ဏီ့အာရုံတင်းကျပ်မှုကို လမ်းကြောင်းပြောင်းသွားစေရန် ဖန်တီးပေးသည်နှင့် တူသည်ဟု ဏီ ထင်မိသည်၊ ဏီ ဖုန်းကိုင်လိုက်သည်နှင့် သူ့အသံညက်ညက်ကလေး ကြားရသည်။

"ဏီ မောင်ပါ"

ပထမဦးဆုံးအကြိမ် စစ်ဦးတိုင်က သူ့ကိုယ်သူ မောင်ဟု ပြောင်းလဲသုံးစွဲလာသည်။ ဏီ နှုတ်ခမ်းပါးလေး တစ်ချက်တွန့်သွားသည်။

"ပြောပါ ကိုစစ်၊ ဆောရီး မောင်"

ထိုနာမ်စားကို ဏီ ကြိတ်မှိတ်လက်ခံသုံးစွဲလိုက်သည်။ အိတို့ မျက်လုံးဝိုင်းနှင့် စိုက်ကြည့်သည်ကို ဏီ မမြင်ချင်ဟန်ဆောင်လိုက်သည်။ သူ့ကို မောင်ဟု အသိအမှတ်ပြုလာသည့်အခါ သူ့ရင်မှာ မြူးကြွလာပြီး

"ဏီ မောင်နဲ့အတူ ဘုရားသွားကြစို့လား"

ဏီ မျက်ဝန်းအရောင် မှိုင်းသွားသည်။ ဏီ ဘာပြန်ပြောရမလဲ။ ငြင်းဖို့ မသင့်သလို လက်မခံလို့လည်း မဖြစ်ဘူး။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဏီ စိတ်ကို လျှော့ချလိုက်ပြီး–

"မောင့်သဘောပါ"

ဏီ အသံပြောင်းမသွားအောင် အတတ်နိုင်ဆုံး ထိန်း၍ ပြောရသည်။ သူ့ရင်မှာ လှိုက်ဖိုသွားပြီး –

"အဲဒါဆို ညနေရုံးဆင်းချိန် မောင်လာကြိုမယ်လေ၊ ဏီ ရုံးဆင်းတာ ငါးနာရီ မဟုတ်လား"

"ဟုတ်တယ် အို"

ဏီ အထိတ်တလန့် အာမေဋိတ်သံ ထွက်သွား၏။ သူ မျက်မှောင်ကြုတ်သွားပြီး –

"ဘာဖြစ်လို့လဲ ဏီ"

သူ ထပ်ဆင့်မေးလျှင် ဏီ အသိဝင်လာပြီး –

"ဟိုလေ မောင် လာမကြိုပါနဲ့၊ ဏီ မောင့်ရုံးခန်းကို လာခဲ့ပါ့မယ်၊ ဟို ဟိုတစ်ခါ ရွှေကောင်းကင်ရတနာ အရောင်းခန်းမကို အလည်လာဖို့ မောင်ဖိတ်တုန်းက ဏီ့ရုံးခန်းအထိ မောင်လာခဲ့တယ်၊ ဏီ လိုက်မလည်ဖြစ်ဘူးလေ၊ အဲဒါ ဏီရဲ့ပေါ့ဆမှုလို ဖြစ်သွားတယ်၊ ဒါကြောင့် ဒီကစ်ခါ မောင်ရုံးခန်းကို ဏီ လာခဲ့ရမှာပေါ့၊ ဏီ ပြောတာ မောင် လက်ခံရဲ့လား၊ လက်ခံရဲ့လားဟင်"

ဏီ လုံးလုံးထွေးထွေး ဖြေရှင်းချက်ပေးမိသည်။ သူ ဘယ်လို နားလည်သည်မသိ။

"ဏီရယ် အဲဒီအဖြစ်က ဏီရဲ့ပေါ့ဆမှုလို့ မောင် မမြင်ပါဘူး၊ ဏီနဲ့မောင်တို့နှစ်ယောက်ကြားမှာ အဲသလို အပြန်အလှန် သဘောမျိုးတွေနဲ့ ရှုပ်ထွေးမနေစေချင်ဘူး၊ မောင်လာကြိုတယ်ဆိုတာက ဏီ့ကို အလေးအနက်ထားမိတဲ့ ခံစားချက်ကြောင့်ပါ၊ မထျှပ်တိုင်တက်တယ် လို့ ဏီထင်လို့လား"



"မဟုတ်ပါဘူး မောင်ရယ်၊ ဏီက မောင့်ကိုအားနာ၊ ဆောရီး ဆောရီးနော်"

ထိုအခါ မောင့်ထံမှ ရယ်သံသဲ့သဲ့ လွင့်လာသည်။

"ဏီ အရမ်းစိတ်ရှုပ်နေတယ် ထင်တယ်၊ မောင် နားလည် ပေးပါတယ်၊ အားမနာကြေးလေ၊ ဒါပဲနော် မောင်လာကြိုမယ်"

"ဟုတ်၊ ဏီ စောင့်နေပါ့မယ်"

ဏီ မသက်မသာဖြစ်ကာ ခေါင်းညိတ်လက်ခံရပြီး –

"ဘိုင်"

"ဘိုင်"

မောင် နှုတ်ဆက်၍ ဖုန်းချသွားလျှင် ဏီ အားမပါစွာ နှုတ်ဆက်၍ ဖုန်းပိတ်၍ ဏီ မျက်လုံးကိုစုံမှိတ်၍ ငြိမ်သက်နေမိသည်။

"ကိုစစ်ဦးတိုင်ကနေ မောင်ဆိုတာ ဖြစ်သွားပါပကောလား"

အိက သံဝေဂလေသံနှင့်ဆိုစဉ် ဏီ ရင်မှ တင်းကျပ်မှုတွေ ကို တံတွေးအဖြစ် မျိုချလိုက်ပြီး –

"သူက မောင်ဆိုတော့ ဏီလည်း မောင်ပေါ့၊ ဘာတတ်နိုင် မှာလဲ အိတို့ရယ်၊ ဒါပေမဲ့ ညနေငါးနာရီအချိန်ကို ဏီ ဘယ်လိုကျော် ဖြတ်ရမလဲ၊ အဲဒီအချိန်မှာ သူ လှေကားထောင့်က စောင့်ကြည့်နေတာ ဖြစ်ဖြစ်, လမ်းဟိုဘက် လက်ဖက်ရည်ဆိုင်ဘေးက စောင့်ကြည့်နေတာ ဖြစ်ဖြစ် ဏီနဲ့ မောင့် အဲလေ မောင်ပေါ့၊ ဏီနဲ့မောင်ကို တွေ့သွားရင်

ဏီ ဆက်မပြောဖြစ်တော့။ ရင်ထဲမှ လှိမ့်တက်လာသည့် အစိုင်အခဲသည် ဏီ့အာရုံကို ရှုပ်ထွေးစေသည်။

"အင်း၊ ဘယ်လိုလျှောက်တင်ရမလဲ အစ်မတော်တို့ရယ်၊ ဗိုင်းဝန်းဆွေးနွေးကြပါဦး"

အိက တင်းကျပ်သည့်စိတ်နှင့် ရီတို့ကို အကြံကောင်းရဟန်

www.burmeseclassic.com



နှင့် မေးသည်။ ရီတိုလည်း အကြံဉာဏ်မပေးတတ်ဟန် ပခုံးတွန့်၍ လက်ခါ သက်ပြင်းချသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ မေက

"ဏီ ဆန္ဒအမှန်က ဘယ်လိုဖြစ်ချင်လဲ"

"ဏို့ရင်မှာ စိုးရိမ်နေမိတယ်"

"ဘာကို စိုးရိမ်တာလဲ"

"ဏို့မှာ သက်ဆိုင်တဲ့သူ ရှိနေတယ်ဆိုတာ သူသိသွားရင် နောက်ဆုတ်သွားမလား. ဒါမှမဟုတ် ရှေ့တိုးလာမလား. အဲဒီ တစ်ခုခု ကိုတွေးပြီး စိုးရိမ်မိတယ်၊ နောက်ပြီး သူ စောင့်ကြည့်ချင်တယ်လို့ ကြွေးကြော်ထားတာ သိလျက် မောင်နဲ့ကြားကန်ပြီး ငြင်းတယ်လို့ မြင်သွားမ. . .။ ဒါမဟုတ် သူက ခပ်မွဲမွဲကောင်မို့ ဏီက ခပ်ပြတ်ပြတ် ခါတာလို့ ယူဆသွားမလား။ ဒါမှမဟုတ်လည်း ဟိုရုပ်ရှင်တွေထဲကလို မိုက်တီမိုက်ကန်း ရန်ပွဲဆင်လား ဘာလားညာလားပေါ့ဟာ"

"အင်း ဏီစိုးရိမ်သလို ဖြစ်လာရင်လည်း ခက်မယ်၊ အင်း ဒါဆိုရင် စစ်ဦးကို နောက်တစ်ရက်နောက်ဆုတ်ပြီး ချိန်းကြည့်ပါလား"

ရီက ဖြစ်နိုင်ခြေကို အကြံပေးသည်။ ရီ့အကြံကလည်း သိပ်မစွံလှ။

"ဏီ လက်ခံထားပြီးမှ ရှောင်ဖယ်လိုက်ရင် မောင် သံသယ ဝင်နိုင်တယ်လေ"

"အဲဒါလည်း ဟုတ်တာပဲ"

အိ ခပ်လေးလေးထောက်ခံသည်။ မေးစေ့ကို လက်ထောက် စဉ်းစားပြီး

"ဒီလိုလုပ်ပါလား"

"ဆိုပါဦး ဘယ်လိုလုပ်ရမလဲ"

"ဏီ ငါးနာရီမထိုးခင် နာရီဝက်အလို ရုံးဆင်း၊ စစ်ဦးဆီ



တန်းဝင်လိုက်၊ အလုပ်ကိစ္စနဲ့ အပြင်ထွက်လာရင်း မောင့်ဆီ ဝင်မှာပ၊ တည်း ဝင်ခဲ့တာလို့ လုလုပပ ပြောလိုက်လေ၊ အဲဒီတော့ စစ်ဦးလည်း ပြီးသွားမယ်၊ သူနဲ့ စစ်ဦး ထိပ်တိုက်မဆုံဖြစ်အောင် ဟန့်တားရာလည်း ရောက်မယ်လေ"

"အင်း"

မေ့အကြံဉာဏ်ကို ဏီ စိတ်ဝင်စားဟန် စဉ်းစားလိုက်သည်။ ထိုအကြံက ဆိုးတော့မဆိုးဘူး။ ဒါပေမဲ့ သူ့ဘက်ကို သိပ်မယုံရဲတာ ကြောင့် –

"ဏို့ကို မတွေ့ရလို့ လက်ဖက်ရည်ဆိုင်ရှေ့ကနေ လှေကား ထောင့်ကို ရောက်လာတယ်၊ ဒီတစ်ခါ မတွေ့ရလို့ ရုံးခန်းအဝကို တစ်ဆင့်တက်မရောက်နိုင်ဘူးလို့ ဘယ်သူ အာမခံရဲမလဲ၊ နောက်ပြီး သူ့အကြောင်း ကုမ္ပဏီကဝန်ထမ်းတွေ မရိပ်မိဖို့လည်းလိုတယ်၊ ရိပ်မိ လို့က ပစ်ဆင့်ကတစ်ဆင့် သတင်းပျံ့ပြီး မာမီသိခဲ့ရင် ဏီ မတွေးရဲ ဘူးဟာ. ဘာအကြောင်းကြောင့်မှ သူ့ဖြစ်စဉ် ပေါက်ကြားလို့မဖြစ်ဘူး"

အခြေအနေက ဘယ်ဘက်ကမှ မလွတ်ကင်းနိုင်။ ကျဉ်း မြောင်းနက်ရှိုင်းတဲ့ တွင်းကြီးထဲ ကျရောက်နေသည့် လူတစ်ယောက်လို အဆင်အပြေဆုံးတက်ရောက်နိုင်မယ့်နည်းလမ်းကို ဏီမမြင်တော့။ တွင်းနက်ကြီးထဲမှာ ဏီ ငုတ်တုတ်ထိုင် အသေခံရတော့မှာလား။ တွင်းနက်ထဲက ပျံတက်နိုင်မယ့် တောင်ပံတစ်စုံလောက် ငှားစမ်းပါ ကွယ်။

"ဒါဆိုလည်း အရိုးသားဆုံး ရင်ဆိုင်လိုက်ပါ ဏီ"

"ဟုတ်တယ် ဏီ၊ ရီလည်း အဲဒါကို သဘောကျတယ်"

"ဘာဖြစ်လို့"

"ဏီနဲ့ စစ်ဦးကို မြင်ရင် သူ သဘောပေါက်လိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဓိက,က သူသဘောပေါက်သွားရင် သူ့အတွက်လည်း ဆင်ခြင်နိုင်မယ့်အချိန် ရသွားတာပေါ့''

''တကယ်လို့ သူ မဆင်ခြင်ဘဲ ရှေ့တိုးလာတယ်ဆိုရင်ကော''

''သိသိကြီးနဲ့ ရှေ့တိုးလာရင် အိတို့ ဏီကိုယ်စား ရင်ဆိုင်ပေးမယ်လေ''

''ဟုတ်တယ် ဏီ၊ မေတို့သုံးယောက် ဏီ့ကိုယ်စား ဝင်ရှင်းပေးမယ်၊ ဒါဟာ ဏီရဲ့ ကြိုတင်ကြံစည်မှု မဟုတ်ဘူး၊ ကံကြမ္မာက ဖန်လာတာလေ၊ နောက်ပြီး ဏီနဲ့စစ်ဦးဖြစ်စဉ်က တကယ့်အမှန်တရား ဘာပြုလုပ်ချက်မှမပါတဲ့ အရိုးသားဆုံးဖြစ်စဉ်ပဲ၊ ဒါကြောင့် အရိုးသားဆုံးနည်းနဲ့ [illegible]ျင်းတာ အကောင်းဆုံးပဲ''

''အင်း''

မေတို့ တညီတညွတ် ပေးလာသည့် ထိုအကြံဉာဏ်ကို ဏီ မငြင်းပယ်တော့ပါ။ ညနေငါးနာရီဆိုတဲ့အချိန်ကို ဏီတို့ ရင်ခုန်စွာ စောင့်ကြိုမိလျှင် ဏီ့ရင်မှာ တလှပ်လှပ်တုန်၍ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီ သူရယ်။

✿ ✿ ✿

## အခန်း (၇)

''ဒင် ဒင် ဒင် ဒင် ဒင်''

ညနေငါးနာရီအချိန်သည် ဏီ့တစ်ကိုယ်လုံးကို တဆတ်ဆတ်တုန်လာစေသည်။ အိက မှန်ပြတင်းကို အသာဖွင့်သလို ရီက ရုံးခန်းတံခါးကို အသင့်ဖွင့်ထားလိုက်သည်။ ဏီ အသက်အောင့်၍ မျက်လုံးမှိတ်လျက် ငြိမ်နေမိသည်။

အိတို့သုံးယောက်က လက်ဖက်ရည်ဆိုင်ဘေးက စောင့်ကြည့်နေမည်သူနှင့် ရုံးခန်းထဲ ဝင်လာမည့်မောင့်ကို စောင့်ကြည့်နေသည်။ ထို့စဉ် –

''မမဏီ''

ခေါ်သံနှင့်အတူ ဝင်လာသူသည် ဏီတို့ စောင့်မျှော်နေသူ မောင် မဟုတ်။ ဏီ မျက်လွှာ အသာဖွင့်ကြည့်လိုက်တော့ –

''ဪ မောင်သန့်စင်''

မောင်၏ တစ်ဝမ်းကွဲညီ မောင်သန့်စင်မျက်နှာပေါ်တွင် ညှိုးနွမ်းရိပ် ငွေ့ငွေ့ထင်နေသည်။

''လာလေ၊ လမ်းကြုံလို့ ဝင်လည်တာလား၊ ထိုင်လေ''

ဏီ နွေးထွေးစွာ ကြိုဆိုလိုက်သည်၊ မောင်သန့်စင် မထိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအသာယမ်း၍ ပြောသည်။

"မထိုင်တော့ဘူး မမဏီ၊ ကိုစစ် လွှတ်လိုက်လို့"

"မောင်က ဘာတဲ့လဲ"

"မမဏီနဲ့ ဘုရားသွားမယ့်အစီအစဉ်ကို ဖျက်ပေးပါတဲ့"

ဏီ တစ်ချက်တွေသွားပြီးမှ –

"ရပါတယ်၊ မောင့်သဘောပါ"

"ဟို ဖျက်တယ်ဆိုတာက အရေးပေါ်အကြောင်းကြောင့်ပါ မမဏီ၊ ဘိုးဘိုး ရုတ်တရက် အမောဖောက်လို့ အရေးပေါ် ဆေးရုံတင်ရတယ်၊ စိုးရိမ်ရတဲ့အနေအထားလည်း ရှိတယ်၊ ကိုစစ်က ဘိုးဘိုးကို စောင့်နေရလို့ပါ၊ ဘိုးဘိုးက ကိုစစ်ကို အချစ်ဆုံးမို့ အဲဒါကြောင့်ပါ"

မောင်သန့်စင် ရှင်းပြလာတော့ ဏီ့မျက်ဝန်း မှိန်ဖျော့လာပြီး

"အို၊ ရပါတယ် မောင်သန့်စင်ရယ်၊ ဘိုးဘိုးက အရေးကြီးတယ်လေ၊ မမဏီ နားလည်ပါတယ်၊ ဒီအကြောင်းပြောဖို့ မောင်သန့်စင် လာခဲ့တာလား"

"ဟုတ်တယ် မမဏီ"

"အို မောင်သန့်စင် ပင်ပန်းလိုက်တာကွယ်၊ ဖုန်းဆက်လိုက်ရင်လည်း ရသားနဲ့၊ ဘာလို့ ကိုယ်တိုင် လာပြောရတာလဲ"

ဏီ အားနာရိပ်နှင့်ဆိုတော့ မောင်သန့်စင် ကြည်ကြည်လင်လင်လေး ပြုံးပြီး

"မမဏီ့ကို အလေးအနက်ထားလို့ ကိုစစ်ကိုယ်စား လာပြောပေးတာပါ၊ ကျွန်တော်ပြန်ဦးမယ် မမဏီ"

"အင်းကွယ်၊ ဘိုးဘိုးကို မမဏီ လာကြည့်ပါဦးမယ်လို့ မောင့်ကိုပြောပေးပါ"

"ဟုတ် ပြောလိုက်ပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး မမဏီ"



ဏီ ခေါင်းညိတ်လိုက်သည်။ မောင်သန့်စင် ထွက်သွားတော့ ဏီ့ရင်မှာ ဝမ်းသာသလို၊ စိတ်ပသက်သာဖြစ်သလိုနှင့် အီလာသည်။ ရီတို့မျက်ဝန်းလေး တောက်လာပြီး ပြောသည်။

"အခြေအနေက မှန်တိုင်းထန်မယ့်အသွင်ကနေ လေပြည်ညင်းတိုက်မယ့်အသွင်ကို ပြောင်းလာပြီထင်တယ်"

"အင်း၊ ဏီ နေဝန်းထိ ခုထိ ရောက်မလာသေးဘူး"

အိက မျက်ခြည်မပြတ်စောင့်ကြည့်ရင်း ပြောပြန်သည်။ ဏီ့ရင်မှာ နင်သလိုဖြစ်သွားသည်။

"ကဲ အရှိုးသားဆုံးအနေအထားနဲ့ ရုံးဆင်းကြစို့လား၊ သူ လှေကားထောင့်မှာ စောင့်ကောင်းစောင့်နေလိမ့်မယ်"

"အင်း ဟုတ်တယ်၊ မေပြောသလို လှေကားထောင့်မှာ စောင့်ချင်စောင့်နေမှာ၊ သူ့ကိုတွေ့လို့ကတော့ မေတို့သုံးယောက် ဆန်းစစ်ကြည့်ရသေးတာပေါ့"

"ကဲ ဆင်းကြစို့"

ရီနှိုးဆော်သည်နှင့် အိက ပြတင်းပေါက်က မှန်တံခါးပိတ်သည်။ ထို့နောက် ရုံးခန်းထဲက ထွက်ခဲ့ကြသည်။ အိတို့သုံးယောက်က တက်ကြွသည့်ခြေလှမ်းတွေနဲ့ ဏီ့ရှေ့က ဆင်းခဲ့သည်။ ပထမထပ်အဆင်း လှေကားထောင့်ချိုးကိုရောက်စဉ် ဏီ့မျက်ဝန်း ပြာဝေသွားသည်။ သူ့ကို တွေ့ရလိမ့်မယ်လို့ သေချာပေါက် တွက်ဆထားခဲ့သည်။ ဒါပေမဲ့ သူ့ကို မတွေ့ရ။ အိတို့သုံးယောက် ခြေလှမ်းတန့်ကာ ဏီ့ကို လှမ်းကြည့်ကြသည်။ ဏီ့မျက်လုံးမှာ ပြာဝေနေဆဲ။ သူ ကျောခိုင်းရပ်ခဲ့သည့် နံရံကို ငေးကြည့်မိစဉ် နံရံမှာ အရိပ်ဖြူတစ်ကွက်ကွက်သလို မြင်မိတာကြောင့် စူးစိုက်ကြည့်လိုက်မိစဉ် ကော်ငြာစာရွက် အသေး လို ကပ်ထားသည့် စက္ကူတစ်ရွက်။ ထိုစက္ကူပေါ်မှ အပြာရောင်

www.burmeseclassic.com

www.burmeseclassic.com



လုံးရှည်ရှည်လေးတွေ အိတ်ကို တအံ့တသြ ဖတ်သည်။ ဖတ်ပြီး ဏီ ခြေသန်းကို ငုံ့ကြည့်ကြသည်။ ထို့နောက် ထိုစာရွက်ကို ခွာ၍ ဏီထံ ကမ်းပေးသည်။ ဟန်းနီးပလတ် (အနာကပ်ပလာစတာ) တစ်ခု၊ အိတ်ကြည်ကြည်နှင့် ထုပ်ထားသည့် အရက်ပျံနှံ့သင်းသည့် စိုအိအိ ဂွမ်းတစ်စကို ထိုစာရွက်ပေါ် အိတ်အကြည်ရောင်နှင့် သေချာတွဲဆက် ကပ်ထားသေးသည်။ ပလာစတာက ဘာအတွက်လဲ။ ထိုစာတန်း ကရော။ စာတန်းကို ဏီ ဖတ်ချင်ပေမယ့် မဖတ်ရဲ။ စာရွက်ကိုင်ထား သော ဏီ့လက်ချောင်းက တုန်ခါနေသည်။

"ဖတ်ကြည့်လေ ဏီ"

"ခု လောလောဆယ် ဏီ မဖတ်ပါရစေနဲ့ကွယ်၊ မဖတ်ပါရ စေနဲ့"

ဏီ စာရွက်ကို တင်းကျပ်စွာဆုပ်ကိုင်၍ အိတ်ကိုကျော်၍ ခြေလှမ်းကျဲကျဲနှင့် လှည့်ထွက်ခဲ့မိတော့သည်။

သူရယ် ရှင်ဟာ သိပ်ပြီးလှည့်စားနိုင်ပါလားကွယ်။

✿

ကျွန်တော် ဒီညနေ ငါးနာရီ လာဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် မနက်ဆယ်နာရီက လာစောင့်ကြည့်ဖြစ်တယ်။ ပထမထပ် လှေကား ထောင့်ချိုးကို ရောက်တော့ မတော်တဆ ခြေခေါက်သွားတဲ့ 'မ'ကို ကျွန်တော် ဖေးမကူညီချင်ခဲ့တယ်။ အဲဒီအချိန်က လှေကား အတက် အဆင်း လူများချိန်ဖြစ်နေတယ်။ ကျွန်တော်ကူညီတာကို 'မ' လက်ခံ တယ်ဆိုရင်တောင် မျက်လုံးပေါင်းများစွာရဲ့ အမြင်အောက်မှာ 'မ' သိက္ခာ၊ 'မ' အရှိန်အဝါတွေ ပွန်းပဲ့သွားမှာစိုးလို့ လက်ပိုက်ငေးကြည့်



ခဲ့ပေါ့။ ဖြစ်နိုင်ရင် 'မ' ပွန်းပဲ့ပြီး သွေးယိုစိမ့်ထွက်လာတဲ့ 'မ' ခြေသန်း လေးကို ကျွန်တော်ကိုယ်တိုင် အရက်ပျံနဲ့သန့်စင်ပေးပြီး ပလာစတာ ကပ်ပေးချင်ခဲ့တယ်။ ဒါပေမဲ့ ဒါပေမဲ့ 'မ'ရယ် ဘာပဲဖြစ်ဖြစ် 'မ'ဒဏ်ရာ အတွက် အရက်ပျံဆွတ်ထားတဲ့ ဂွမ်းတစ်စနဲ့ ပလာစတာတစ်ခုတော့ ပေးလိုက်ပါတယ်။ 'မ' လက်ခံချင်ရင် လက်ခံ၊ လက်မခံချင်ရင် သွင့် ပစ်လိုက်ပါ။ ဒါပေမဲ့ 'မ' ခြေသန်းက ဒဏ်ရာကိုတော့ ဒီအတိုင်း ပစ်မထားပါနဲ့။

နေဝန်းထိ

ထိုစာလေးဖတ်ပြီးလျှင် ဏီ့ရင်မှာ ဝေခွဲမရသည့် ခံစားမှု တစ်ရပ် လှိုက်တက်လာသည်။ ရုံးသွားချိန်က ထိုလှေထားထောင့်ချိုး ကို ရောက်စဉ် ဏီ ခြေဖျား အမှတ်မထင်ခေါက်၍ လဲကျမလိုဖြစ်ခဲ့ သည်။ လှေကားလက်တန်းကို ကမန်းကတန်း ဆွဲကိုင်ထိန်းပေမယ့် ခြေခေါက်သည့်အရှိန်ကြောင့် ခြေသန်းလိမ်ကာ အက်ကွဲသွားသည်။

ထိုဒဏ်ရာမှ ယိုစိမ့်လာသည့် သွေးတွေကို ဏီ အတန်ကြာ ငေးကြည့်ခဲ့သည်။ ခြေသန်း တဆတ်ဆတ်ထုံကာ တုန်နေသည်။ ဏီ ခြေလှမ်းနည်းနည်းနှင့် လှေကားထစ်တွေကို ဖြတ်ကျော်ခဲ့သည်။ ထိုစဉ်က စောင့်ကြည့်နေသတဲ့လား နေဝန်းထိ။ ဏီ ဘာကြောင့် ရိပ်မိရတာလဲ။ ရင်ထဲက ချွေးနံ့လိုလို ဆေးနံ့လိုလို အနံ့အသက် ရတာကြောင့်လား။

ရုံးခန်းထဲရောက်တော့ အလုပ်ကိစ္စတွေ များတာနဲ့ ခြေသန်း ဒဏ်ရာကို မေ့လျော့နေမိသည်။ ခုမှ သွေးစတွေ အိုင်ခြောက်ကာ အနာဖေးတက်နေသည့် ဒဏ်ရာကို ပြန်ကြည့်မိသည်။ ထို့နောက် အိတ်အကြည်လေးကို ဖောက်၍ အရက်ပျံဆွတ်ထားသည့် ဂွမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို သန့်စင်လိုက်သည်။ အရက်ပျံအရှိန်ကြောင့် ဒဏ်ရာက စပ်ဖျဉ်းဖျဉ်း ပူသွားသည်။ ပလာစတာကပ်နေစဉ် မာမီ ဝင်လာတာကြောင့် စာရွက်ကို ဏီ့ ခုတင်အောက်ထဲ ထိုးထည့်လိုက်ပြီး ပလာစတာကို အပြီးသတ် ကပ်လိုက်သည်။

"ဘာဖြစ်တာလဲ သမီး"

မာမီ့မျက်ဝန်းကို ဏီ အကဲခတ်ကြည့်မိသည်။ ဏီ့ကို သံသယဖြစ်တဲ့အရိပ် မမြင်ရတာကြောင့် သက်ပြင်းခိုးချ၍ –

"ခြေခေါက်ရာက ခြေသန်းလေး အက်သွားလို့ ပလာစတာ ကပ်တာ မာမီ"

မာမီ ဏီ့ဒဏ်ရာလေးကို ဂရုတစိုက်ကြည့်ပြီး –

"လမ်းလျှောက်တဲ့အခါ ဖြည်းဖြည်းလျှောက်ပါကွယ်၊ မတော်တဆဆိုတာ ခက်သားလား။ တော်သေးတာပေါ့ ဒီလောက်ပဲ ဖြစ်လို့၊ လဲကျတာတို့ ဘာတို့ဆို ဘယ်လိုလုပ်မလဲ၊ မာမီ စိုးရိမ်တယ်ကွယ်"

ဏီ ဆံနွယ်လေးကို ပွတ်သပ်၍ ပြောတဲ့မာမီကို ကရုဏာ သက်စွာ ကြည့်ပြီး –

"ဏီ ဆင်ခြင်ပါ့မယ် မာမီ၊ မစိုးရိမ်ပါနဲ့နော်"

"ဪ စိုးရိမ်တာပေါ့ ဏီဏီ၊ မာမီမှာ ဏီဏီ့ကိုလည်း စိုးရိမ်ရတာပဲ၊ နောက်ပြီး ရုံးသွားရုံးပြန်ချိန် ဏီ့ကို ကြိုပို့ပါရစေလို့ မောင်စစ် မာမီ့ဆီမှာ တောင်းဆိုထားတယ်လေ"

"ဟင် မာမီက"

မာမီရှေ့မှာ ဟန်မပျက်အောင် နှုတ်ခမ်းစေ့ထားမိသည်။ မာမီ လိုက်လျောမှာပေါ့ သေချာတာပေါ့"

"မာမီ ခွင့်ပြုလိုက်တယ်"



"ကောင်း ကောင်းတာပေါ့ မာမီ၊ ဏီလည်း အဖော်ရတယ်၊ မာမီလည်း စိုးရိမ်နေစရာ မလိုတော့ဘူးပေါ့၊ ကောင်းပါတယ်လေ"

မာမီ့မျက်နှာ ပြုံးရွှင်ရွှင်ကိုလွှဲ၍ ပြတင်းပေါက်ဘက် အကြည့်လွှဲပစ်လိုက်သည်။

ဏီ ထိုသို့ဆိုတော့ မာမီ ကြည်နူးသွားပြီး

"ဏီက လိမ္မာတယ်ကွယ်၊ အရမ်းလိမ္မာတဲ့ သမီးလေး"

မာမီ့မှတ်ချက်က ဏီ့ရင်ထဲ ဆူးတစ်ချောင်း ဥပမာလိုက် သလို ခံရခက်သွားစေသည်။ ဒါပေမဲ့ ဏီ ပြုံးနိုင်အောင်ကြိုးစားရတာ အကျင့်ပါနေပါပြီ။ ဒါကြောင့် ဏီ ပြုံးနေတာ မာမီမှ မရိပ်မိဘဲ။ မရိပ်မိလို့ပေါ့။ နောက်ပြီး ဆိုသေး။

"မောင်စစ်ဘိုးဘိုး ဆေးရုံတင်ထားရတယ်၊ သမီး လူနာ သွားကြည့်ဦးလေ"

"ဟုတ်ကဲ့ မာမီ၊ ဏီ ညစာစားပြီး သွားကြည့်ဖို့ပဲ၊ မောင့်ကို အကြောင်းကြားလိုက်သေးတယ်၊ မောင်က ဘိုးဘိုးသက်သာတယ်တဲ့၊ ဏီလည်း ရုံးတက်လို့ ပင်ပန်းနေတာဆိုတော့ ဒီညမလာပါနဲ့တဲ့၊ မနက်ဖြန်မှ လာကြည့်ပါတဲ့၊ ဒါကြောင့် ဏီ မနက်ဖြန်မနက် စောစော သွားကြည့်မှာပါ၊ ဏီ့ကို စောစောနှိုးပေးပါ မာမီ"

"နှိုးပေးမှာပေါ့ကွယ်၊ ကဲ လာ ညစာစားစို့"

"ဟုတ်ကဲ့ မာမီ"

ဏီ အလိုက်သင့် ခေါင်းညိတ်ရသည်။ မာမီရယ် ဏီ့ရင်မှာ မုန်တိုင်းကျနေတယ်ဆိုတာ မာမီ မရိပ်မိဘူးနော်။ မရိပ်မိတာ ဏီ အတွက် ကံကောင်းခြင်းပဲပေါ့။ ရိပ်မိနေရင် မာမီ စိတ်ဆင်းရဲရမယ်။ မမ စိတ်ဆင်းရဲရမယ်။ ဏီလည်း စိတ်ဆင်းရဲရမှာပါလေ။ ဒါကြောင့် ခုလို အခြေအနေပဲ ကောင်းပါတယ်။ ဏီ မျက်ဝန်းအိမ်က စီးမျော

www.burmeseclassic.com

www.burmeseclassic.com



လာသည့် မျက်ရည်တစ်စကို မနှမြောတမ်း ဖယ်ရှားပစ်လိုက်သည်။

နေဝန်းထိုးရယ် ဏီတို့ရင်ခွင်ဟာ ကျပ်တိုက်ခံရတာနဲ့ တူမနေဘူးလား။ တူတယ်ဆိုရင်လည်း တူနေတော့ပေါ့။ ဏကြမ္မာကိုမှ မပိုင်ကြဘဲနော်။

✿ ✿ ✿

## အခန်း (၈)

"ဟော ဏီဏီ အစောကြီး ရောက်လာပါလား။ ဏီဏီ လာ လာ"

လှူနာခန်းထဲ လှမ်းဝင်သည်နှင့် မောင့်မာမီက နွေးနွေးထွေးထွေး ကြိုဆိုသည်။ ထိုအခါ ဏီ ခေါင်းညိတ်၍ -

"ဘိုးဘိုးသက်သာလား မာမီ"

မောင်က ဏီ့မာမီကို မာမီဟုသာ ပြောင်းလဲခေါ်ဝေါ်သလို ဏီလည်း မာမီဟု ခေါ်လိုက်ခြင်း။ မာမီဟု ဏီခေါ်တော့ မောင့်မာမီ မျက်နှာက လပြည့်ဝန်းလို အပြုံးနုနုတို့ လင်းဖြာသွားသည်။

ဏီမျက်နှာလေးကိုလည်း တစိမ့်စိမ့် ကြည့်ပြီး-

"လိမ္မာလိုက်တဲ့ သမီးရယ်၊ သမီးဘိုးဘိုး သက်သာပါတယ်၊ တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတာလေ"

အိပ်မောကျနေသည့် ဘိုးဘိုးကို ဏီ အနီးကပ်ကြည့်လိုက်သည်။ အသားအရေ သိသိသာသာ တွန့်နေသည့် ဘိုးဘိုးလက်ခုံလေးကို ဏီ ညင်သာစွာ ဆုပ်ကိုင်ထားမိသည်။

"မာမီ အိပ်ရေးပျက်မှာပေါ့၊ မာမီ အိပ်လေ၊ ဏီ စောင့်ပေးမယ်"

www.burmeseclassic.com

ဘိုးဘိုးခုတင်ဘေးခုံမှာ ထိုင်၍ ဏီ သိသိတတ်တတ် ဆိုမိသည်။ မာမီက ဏီ့ကို မြတ်နိုးစွာ ပခုံးပွေ့ဖက်ပြီး –

“ရပါတယ် သမီးရယ်၊ ညဘက်က သားတို့ညီအစ်ကိုတွေ စောင့်ကြတယ်လေ၊ နာ့စ်တွေလည်း ရှိတယ်၊ မာမီ အိပ်ရေးမပျက်ပါဘူး။ ဒါနဲ့ သမီးတို့ မနေ့ညနေက ဘုရားသွားဖို့အစီအစဉ် ပျက်သွားတာ မာမီ စိတ်မကောင်းပါဘူးကွယ်”

“ရပါတယ် မာမီ၊ ဘယ်အချိန်ဖြစ်ဖြစ် ဘုရားသွားလို့ ရပါတယ်”

“ဒါဆို သားလာရင် ဘုရားသွားကြလေ၊ သား ခဏကြာရင် ပြန်ရောက်လာမှာ၊ ဘိုးဘိုးအတွက် ယတြာချေစရာရှိတယ်၊ သမီးလေး ချေပေးနော်”

“ဟုတ်ကဲ့ မာမီ”

“ဒီမှာလေ ယတြာချေမယ့်ပစ္စည်းတွေ ဆွဲတောင်းထဲ ထည့်ထားတယ်”

သစ်သီးခုနစ်မျိုး၊ ပန်းခုနစ်မျိုး၊ ကံကော်ညွန့် ခုနစ်ညွန့်၊ ဖယောင်းတိုင်ခုနစ်တိုင်၊ အမွှေးတိုင် ခုနစ်တိုင် ထည့်ထားသော ကြိမ်ဆွဲတောင်းကို ဏီ့လက်ထဲ ထည့်ပေးသည်။

“ဩော် ဏီ ရောက်နေပြီလား”

လူနာခန်းထဲ လှမ်းဝင်ရင်း မေးတဲ့အသံကြောင့် ဏီ ငဲ့ကြည့်လျှင် –

“ဟုတ်တယ် မောင်”

“သမီးလေး ရောက်နေတာကြာပြီ၊ သားက နောက်ကျနေတာ၊ ကဲ ကဲ သားတို့ ဘုရားသွားကြ၊ ဘိုးဘိုးအတွက် ယတြာချေခဲ့ဖို့ ဟုတ်ပြီလား သား”



“ဟုတ်ကဲ့ မာမီ၊ ဏီ သွားမယ်၊ မာမီ သားတို့သွားပြီနော်”

“ဏီတို့ သွားပါဦးမယ်”

လိမ္မာယဉ်ကျေးလှသည့် ဏီ့ကို သူမိခင် အတိုင်းမသိချင်ခင်မိသည်။ သားနှင့် ရေ့သွားနောက်လိုက်ညီရုံမက သားဆန္ဒနာသမျှကို လိုက်လျောတတ်သော နူးညံ့သိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်သည့် ချွေးမလောင်းကို အတန်ကြာ ငေးကြည့်မိသည်။

ဏီ့အပေါ် ကြည့်နူးချမ်းမြေ့စွာ စောင့်ကြည့်သည့် ယောက္ခမလောင်းထံမှ ဏီ အကြည့်လွှဲ၍ မောင့်နောက်မှ ခပ်ဖြည်းဖြည်းလျှောက်ထွက်ခဲ့၏။

ကားပါကင်ရောက်တော့ ဏီက ဏီ့ကားပေါ်တက်ဟန် ပြင်သည်။ ထိုအခါ မောင်က –

“ဏီ့ကား ထားခဲ့လေ၊ မောင့်ကားနဲ့ သွားတာပေါ့”

“ဟုတ်”

ဏီ အလိုက်သင့် ခေါင်းညိတ်ရသည်၊ သူက ယတြာချေမည့်ဆွဲတောင်းလေးကိုင်ထားရင်း ကားတံခါးဖွင့်ပေးသည်။ ဏီ စောဒကတက်၊ ဆင်ခြေလည်း မပေး။ ရှေ့ခန်းမှာ ဝင်ထိုင်သည်။

ဏီ့ကို ဆွဲတောင်းကမ်းပေး၍ မောင်က ကားတံခါးပြန်ပိတ်သည်။ ကားခေါင်းရှေ့က ကွေ့ပတ်၍ ဒရိုင်ဘာနေရာမှာ မောင် ဝင်ထိုင်သည်။ ကားစက်နှိုးပြီးတော့ ဏီ့ကို ရွှန်းရွှန်းဝင့်ဝင့် တစ်ချက်ကြည့်သည်။

ဏီ အလိုက်သင့်ကြည့်၍ ပြုံးပြလိုက်သည်။ ဏီ အပြုံးနှင့် အကြည့်က မောင့်လို ရွှန်းစိုလင်းလက်နေမှာ မဟုတ်ဘူးဆိုတာ ဏီ့အသော သိနိုင်သည်၊ မောင်က ကားကို ညင်သာညက်ညောစွာ မောင်းထွက်ခဲ့သည်။ ကားမောင်းနေစဉ် မောင်နဲ့ဏီ စကားမပြောဖြစ်။

www.burmeseclassic.com



အတွေးကိုယ်စီနှင့် ငြိမ်သက်နေသည်။ မောင်က ကားမောင်းတဲ့ဆီသာ အာရုံနှစ်ထားသည်။

မီးပွိုင့်မိစဉ် ရှုပ်ယှက်ခတ် လမ်းဖြတ်ကူးနေတဲ့သူတွေကို ဏီ ငေးကြည့်မိသည်။ ထိုစဉ် ဏီ့အာရုံထဲ ပုံရိပ်တစ်ခု ရောက်လာသည်။ ထိုပုံရိပ်က သူ။ သူဆိုတာ နေဝန်းထီ။

ဏီ မှတ်မိနေတဲ့ အနက်ရောင်ဝတ်စုံလေးနဲ့။ ဟင် သူ့ဘေးမှာ မိန်းမလှလေးတစ်ယောက်။ ထိုမိန်းကလေးက အလိုမကျတာတွေ စိတ်ကောက်တာတွေနဲ့ မျက်နှာလှလှလေး စူပုပ်ထားမှန်း သိသာနေသည်။ သူက ကောင်မလေးပခုံးပေါ် လက်တစ်ဖက်တင် ဖက်ထားသည်။ ကောင်မလေးက ဘေးလွယ်အိတ်ကို ပခုံးတစ်ဖက်မှာ လွယ်သည်။ ကောင်မလေးကို တတွတ်တွတ်ချော့မော့ပြောဆိုရင်း ဏီတို့ ကားရှေ့က ဖြတ်သွားသည်။

ဏီမှာ ဓာတ်လိုက်ခံရသလိုဖြစ်ကာ သူ့နောက်သို့ ဏီ အကြည့်ကပ်ပါသွားသည်။ လမ်းဟိုဘက် ဘတ်စ်ကားမှတ်တိုင်မှာ သူတို့ ရပ်သည်။ နေဝန်းထီက ကောင်မလေးမျက်နှာကို မြတ်မြတ်နိုးနိုး စိုက်ကြည့်၍ တတွတ်တွတ်ပြောနေဆဲ။ နေဝန်းထီ လက်ချောင်းကလေးများက ကောင်မလေးဆံပင်ကို တို့ထိကျီစယ်ဆဲ။ နေဝန်းထီက ချော့ကောင်းလို့လား မသိ။ ကောင်မလေးမျက်နှာပြင် ကြည်လင်၍ ပြုံးလာသည်။ နေဝန်းထီကလည်း ပြုံး၍ ကောင်မလေးနဖူးပြေပြေလေးကို ဖွဖွလေး ချစ်စနိုး ထုလိုက်လျှင် –

အို ဏီ့မျက်ဝန်း ပြာမှောင်သွားလေပြီ။

"ချစ်သူတွေ စိတ်ကောက်တာကို ငေးကြည့်ရတာလည်း ရသ,တစ်ပါးပဲနော် ဏီ"

ဘယ်အချိန်ကတည်းက ဏီနှင့် သူတို့ကို စောင့်ကြည့်နေ



သည့် မသိ။ မောင့်ဆိုသံကြောင့် ဏီ အသိဝင်လာသည်။ ထိုအခါ ဏီ မျက်လုံးကို ကြည်လင်အောင် ခပ်မြန်မြန် အရောင်တင်၊ နှုတ်ခမ်းပေါ် အပြုံးပွင့်ဖန်ပြီး –

"ဟုတ် ဟုတ်တာပေ့ါ မောင်"

ဏီ လေးထိုင်းထိုင်း သံယောင်လိုက်ဆိုမိသည်။ မောင်က ဏီ့ကို စူးစူးစိုက်စိုက်လေး ပြုံးကြည့်ပြီး –

"ဏီကော စိတ်ကောက်တတ်လား"

ထိုမေးခွန်းကြောင့် ဏီ နှုတ်ခမ်းပါးတစ်ချက် တွန့်သွားသည်။ ကောက်တတ်ဘူး။ ဒါမှမဟုတ် ကောက်တတ်တယ်လို့ ပြန်ပြောစေချင်တာလား။ မောင့် သဘောကို ဏီ ခွဲခြားမတတ်တာကြောင့်–

"မောင်က ကောက်စေချင်ကယ်ဆိုရင် ကောက်တတ်ရမှာပေါ့"

"ဏီ စကားသိပ်တတ်တာပဲ၊ ဒါကြောင့် မောင် မြတ်နိုးရတာ၊ တကယ်"

မောင် မြူးမြူးကြွကြွလေး ပြော၍ ဏီ အောက်သိုးသိုး ပြုံးလိုက်သည်။ ဏီ့ဆံထုံးမှာ ဆင်ထားသည့် မောင့်လက်ဆောင် ဆံထိုးလေးကို မောင် ငေးကြည့်၍ –

"ဏီ စိတ်ကောက်အောင် မောင် မလုပ်ရက်ဘူး၊ ဏီ စိတ်ကောက်ချင်ဟန်ဆောင်တာဖြစ်ဖြစ်, တကယ်စိတ်ကောက်တာဖြစ်ဖြစ် မောင် ကြင်ကြင်နာနာ ချော့ပါ့မယ်၊ ခုနက စုံတွဲလိုပေ့ါ၊ ဏီ ပြုံးရယ်လာတဲ့အထိ မောင် ချော့မယ်လေ"

မောင့်စကားလုံးတွေကြောင့် ဏီ့ရင်မှာ နိမ့်ခနဲ ဟာဆင်းသွားသည်။ ဒါပေမဲ့ မောင်မရိပ်မိအောင် အပြုံးပွင့်လေးနှင့် ဖာထေး၍

www.burmeseclassic.com

"မောင် ချော့ချင်တဲ့အချိန်ပြောလေ၊ ဏီ စိတ်ကောက်ချင် ဟန်ဆောင်ပေးပါ့မယ်"

ဏီ အသံအစ်အစ်နှင့် အလိုက်သင့်ဆိုမိ၏။ ထိုအခါ မောင့် မျက်ဝန်းဝိုင်းလေး ရွှင်းလက်သွားပြီး –

"ဏီ တကယ်ပြောတာလား"

"တကယ်ပါ၊ မီးစိမ်းနေပြီ မောင်"

ဏီ့ထံမှ မောင် အာရုံပြောင်းသွားစေရန် ဆိုမိသည်။ မောင် ခေါင်းညိတ်၍ ကားဆီ အာရုံပို့လိုက်သည်။ ကားလမ်းကြောရှင်းတဲ့ ဘက် မောင်းရင်း ဏီ့ဘက်ကို မောင် စောင်းငဲ့ကြည့်ပြီး –

"မ်းရောင်တွေက မောင့်အတွက် ကံကောင်းခြင်း နိမိတ် ပဲ၊ ဏီဟာ မောင့်အတွက် အစိမ်းရောင်နဲ့တူတယ်"

ဏီ နားမရှင်းသလို ကြည့်လျှင် –

"မီးပွိုင့်ကိုပဲ ကြည့်၊ နီနေရင် ရပ်တန့်နေရတယ်၊ စိမ်းတာနဲ့ လှုပ်ရှားသွားလာခွင့်ရတယ်လေ၊ အခု ဏီကလည်း မောင့်ရဲ့ကံကောင်းခြင်း နိမိတ်ပုံပဲ၊ ဏီကြောင့် မောင် ရင်ခုန်လှုပ်ရှားခွင့်ရတယ်၊ မောင့် နှလုံးသားမှာ အကြင်နာ၊ အယုယ၊ ချစ်ခင်စွဲလမ်းရတာတွေ တဖွားဖွား ကြွလာတယ်၊ ယုံလား ဏီ"

ဏီ ရင်ခေါင်းထဲက အသံမထွက်နိုင်တော့။ ခေါင်းညိတ်ရုံ သာ ညိတ်နိုင်တော့သည်။ မောင် ပြောသမျှကို အလိုက်သင့် ယုံပေး ပါ့မယ်။ ယုံပါမယ်ကွယ်။

✿ ✿ ✿

## အခန်း (၉)

"ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး၊ လိပ်မကြီးလည်း ဖမ်းရဲ့ မကာ လိပ်လိုယက်ပြီး လိပ်လိုရင်ခုန်ခဲ့တာကို စားမြုံပြန်ရင်း ပီတိဖြစ်နေ တယ်ပေါ့လေ၊ ဟုတ်လား ဏီ"

စားပွဲခုံမှာ မျက်နှာမှောက်၍ ငြိမ်သက်နေသည့် ဏီ့ကို အိတို့ သုံးယောက် ပြိုင်တိတိ နောက်သည်။

"ရှက်မနေပါနဲ့ ဏီရယ်၊ ခေါင်းမော့စမ်းပါ"

"ဏီ့ ရင်မှာ ပျော်ရတယ်ဆိုရင် အိတို့ မကန့်ကွက်ပါဘူးဟ၊ စစ်ဦးက ဏီ့ကို မြတ်နိုးတယ်ဆိုတာ အိတို့ယုံပါတယ်၊ မျက်နှာကြီး ဝှက်မနေစမ်းနဲ့၊ မော့ပါဦး"

အိတို့သုံးယောက် ရယ်ကျဲကျဲဆို၍ ဏီ့မျက်နှာကို အတင်း မော့စေသည်။ ဏီ မျက်နှာကို မမော့ရဲ၊ စားပွဲခုံမှာ ကပ်သထက်ကပ် အောင် တောက်တဲ့လို တွယ်ထားမိ၏။

အိတို့ ရယ်ပြီး ဦးခေါင်းကို အတင်းမော့လိုက်ကြသည်။ ထိုအခါ ဏီ့မျက်ဝန်းအိမ်မှ ပြိုဆင်းလာတဲ့ မျက်ရည်တွေမြင်လျှင် အိတို့မျက်နှာပေါ် အံ့ဩထိတ်လန့်ပြီး –

"ဟင် ဏီ"

www.burmeseclassic.com



"ဏီ ငိုနေတယ်"

မျက်ရည်စီးကြောင်းတွေနှင့်အတူ အသံတိတ်ရှိုက်နေသည့် ဏီ့မျက်နှာပြင်ကို တွေ့စဉ် အိတို့ စိတ်နွမ်းကာ ဂနာမငြိမ် ဖြစ်သွားသည်။

"ဏီ ဘာဖြစ်လို့ ငိုရတာလဲ"

"စစ်ဦး ဘာလုပ်လိုက်လဲ၊ တစ်ခုခု လုပ်လိုက်လားဟင်"

"ဏီ့ဆီက အခွင့်အရေးတွေ အတင်းယူလိုက်လို့လား။ ပြောစမ်းပါ၊ ရီတို့ စိုးရိမ်လိုက်တာ၊ စစ်ဦးကြောင့်လား"

အိတို့ စိုးရိမ်ထိတ်လန့်စွာ ဝိုင်းဝန်းမေးကြသည်။ ဏီ ခေါင်းတွင်တွင်ခါ[illegible]သည်။ ငိုချင်ရဲ့လက်တို့ဆိုသလို အိပခုံးပေါ် ခေါင်းတင်၍ ရှိုက်ငင်ငိုကြွေးသည်က အသောမတတ်။ ဏီ့ရင်မှာ တင်းထားသမျှ၊ ဏီ့လည်မျိုမှာ ဆို့ကျပ်နေသမျှ၊ ဏီအာရုံမှာ ပိတ်လှောင်သမျှ လွင့်ထွက်သွားအောင် ဏီ တသိမ့်သိမ့် ငိုမိသည်။

တအိအိ လိမ့်ကျသည့် ဏီမျက်ရည်တွေသည် ပလာစတာကပ်ထားသည့် ဏီခြေသန်းပေါ်သို့ ဖြောက်ဖြောက်ကျလျက် –

ရီတို့ ငြိမ်သက်ကာငေးကြည့်နေလိုက်သည်။ ပေါ့ပါးသွားအောင် ငိုပါစေတော့။ ငိုလွန်းလို့ ဏီ မျက်ဝန်းစိုရဲလာသည်။ ဏီ မျက်နှာလေး တင်းမာလာသည်။ ဏီ နှုတ်ခမ်းပါးအစုံ ခြောက်သွေ့လာသည်။ ဏီ့အသွင်က စွန့်ပစ်ရတော့မည့် ပန်းတစ်ပွင့်လို ပျော့နွမ်းရှိရော်နေတော့သည်။ မေက တစ်စုံတစ်ရာကို သတိရတာကြောင့် အအေးတစ်ခွက် ဖျော်သည်။ လက်ကိုင်အိတ်ထဲမှာ အသင့်ဆောင်ထားသည့် ဆေးပြားတစ်ပြားထုတ်၍ ဏီ့ကို အတင်းတိုက်လိုက်သည်။ ဏီ ဆေးအရှိန်နှင့် မျက်လုံးမှေးစင်းကာ မကြာခင် အိပ်ပျော်သွား၏။

ဏီ အိပ်ပျော်သွားတော့ ဏီ့ကို မရှု ဆိုဖာရှည်ပေါ် တင်လိုက်သည်။ အိတို့သုံးယောက်ကာ ဏီ့ရှုံးခန်းထဲမှာ စကားမဆိုနိုင်ကြတော့။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းချသည်။ ဏီ့ကိုသာ ငြိမ်ငြိမ်သက်သက် စောင့်ကြည့်နေမိသည်။



သိပ်မကြာခင် ကိတ်မုန့်တွေထည့်ထားသည့် လက်ဆွဲအိတ်တစ်အိတ်ဆွဲ၍ စစ်ဦး ရောက်ခဲ့သည်။ ဏီ ထိုင်နေတဲ့ထိုင်ခုံမှာ ဏီကို မတွေ့ရ။ အိတို့ကို မျက်နှာနွမ်းနွမ်းနှင့် တွေ့ရစဉ် သူ့ရင်မှာ စိုးရိမ်လှိုက်ဆူလာသည်။

"ဏီကော"

"ဪ၊ ကိုစစ်ဦး လာလေ"

ရီတို့ မျက်နှာပေးတွေ ပြင်လိုက်ကြသည်။ စစ်ဦးလက်ထဲက မုန့်ထုပ်ကို ကြည့်ပြီး –

"မုန့်တွေပါလာတာကိုး၊ ရီတို့ ရောက်နေမှန်းသိလို့ ဝယ်လာတာ ထင်တယ်"

ရီက ရယ်ကျဲကျဲပြောလျှင် စစ်ဦးက မရယ်ချင်ရယ်ချင် ရယ်ပြီး –

"ဏီနဲ့အတူ ကော်ဖီသောက်ဖို့လာရင်း ဏီကြိုက်တဲ့ ကိတ်ဝယ်ပေးတာ၊ ရီတို့အတွက်လည်း ပါတယ်၊ ဒါနဲ့ ဏီကော"

အိတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ပြီးမှ မေက –

"အိပ်ပျော်နေတယ်"

ခပ်တိုးတိုး ဆိုလိုက်သည်။ စစ်ဦး မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"အိပ်ပျော်နေတယ်၊ ဏီ နေ့ခင်းဘက် အိပ်တတ်လား"

"တစ်ခါတလေပါ"

www.burmeseclassic.com

www.burmeseclassic.com



ရီက သိပ်အရေးမကြီးဟန် ပြန်ပြောသည်။ စစ်ဦး အံ့သြသလို ဖြစ်သွားသည်။ မုန့်အိတ်ကို စားပွဲပေါ်တင်ပြီး –

"အိမ်ပြန်ပြီး အိပ်တာလား"

"ဟင့်အင်း၊ ဟိုမှာလေ"

အိ မလုံမလဲ ညွှန်ပြလိုက်သည်။ ဏီက နှစ်ယောက်ဆိုဖာ ပုပုပေါ်မှာ ခပ်ခွေခွေလေး အိပ်မောကျနေသည်။ အိပ်မောကျနေတဲ့ ဏို့ဟန်က တစ်ချက်တစ်ချက် ရှိုက်နေတယ်လို့ သူထင်မိသည်။ ဏီ အိပ်မောကျနေသည့် ဆိုဖာရှေ့မှာ သူ ဒူးထောက်ထိုင်မိသည်။

စိုးရိမ်စိတ်ကြောင့် ပထမဦးဆုံးအကြိမ် ဏို့နဖူးပေါ် သူ လက်တင်စမ်းမိသည်။ ဏို့နဖူးက နွေးနွေးလေး။ ဏို့မျက်နှာလေးက နွမ်းရော်နေသလိုပင်။ နွမ်းရော်မှုတွေ ပျောက်ကင်းစေတဲ့ ဆေးတစ်လက်က အိပ်စက်ခြင်းပဲလေ။ အိပ်ပါစေလေ။ အိပ်စက်ခြင်းကလည်း အနားယူခြင်း တစ်မျိုးပါပဲ။ ဏီရှေ့မှ သူ ထလိုက်သည်။

"ဏီ အိပ်ရေးဝဝ အိပ်ပါစေတော့၊ ကျွန်တော် ပြန်ပါဦးမယ်၊ ရီတို့ မုန့်စားနှင့်ကြ၊ ဏီနိုးလာရင် ကျွန်တော် လာသွားတဲ့အကြောင်း ပြောပေးပါ"

"ပြောပေးမှာပါရှင်၊ စိတ်ချလက်ချ သွားပါ"

"မုန့်တွေ ယူလာတဲ့အတွက် ကျေးဇူးပဲနော်"

အိက လက်မြန်သူပီပီ ကိတ်မုန့်တစ်ဖဲ့ ဖဲ့စား၍ ဆိုလိုက်သည်။ သူ ပြုံး၍ ခေါင်းဆတ်ကာ လှည့်ထွက်သွားသည်။ သူ ထွက်သွားမှ သုံးယောက်သား မျက်လုံးလေး မြိုင်တူပြူး၍ သက်ပြင်းချလိုက်သည်။ ဏီကတော့ အိပ်ပျော်၍ကောင်းဆဲ။

✿



အသိဝင်လာစဉ် ဏို့အာရုံမှာ ပေါ့ပါးသလို ဖြစ်ပေမယ့် ဏို့ ရင်အုံမှာ သစ်တုံးကြီးတစ်တုံးလို ခံနေသည်။

"ဏီ နိုးပြီလား"

ရီ့အသံရှင်ရှင် ကြားရသည်။ ဏီ ဆိုဖာပေါ်က ထလိုက်သည်။ ရီတို့က ဏီကြိုက်တတ်တဲ့ ကိတ်မုန့်အစုံနှင့် ကော်ဖီပိုင်းတစ်ခု ပြင်ထားသည်ကို ငေးကြည့်မိသည်။

"ဏီ အိပ်ပျော်နေစဉ် ဏို့မောင်တော် မုန့်တွေနဲ့ ရောက်လာတယ်"

"ဘာတဲ့လဲ"

"ဏီနဲ့ ကော်ဖီသောက်ဖို့တဲ့"

ဏီ မျက်ဝန်းညှိုးသွားသည်။

"လာ ထိုင်လေ ဏီ"

"အိပ်လိုက်တော့ ခံစားချက်တွေ ပေါ့မသွားဘူးလား"

ဏီ သက်ပြင်းရှိုက်လိုက်သည်။ ဏို့အပါးမှာ အလိုက်သိတတ်တဲ့ သူငယ်ချင်းရှိလို့ တော်သေးတယ်။ နောက်ဆို ဏီ ရူးသွားနိုင်တယ်။ ဏီ ကော်ဖီဝိုင်းမှာ ဝင်ထိုင်သည်။ ထိုစဉ် ဖုန်းမြည်လာသည်။ ဖုန်းနှင့်နီးသည့် အိက ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"————"

"သြော် ကိုစစ်ဦးလား၊ ဏီ မနိုးသေးဘူး"

ဏီ မျက်လုံးဝိုင်းသွားသည်။ အိက ဏို့ကို အသံမထွက်ရန် လက်ဟန်ပြသည်။ တစ်ဖက်က ဘာဆိုသည် မသိ၊ အိ ရယ်၏။

"ကိုစစ်ဦးနဲ့ဆုံရတာ အိသူငယ်ချင်း သိပ်ကံကောင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလွန်းလို့ အိတို့ မနာလိုဘူးလေ၊ ဒါကြောင့် အိရုံးဆင်းချိန်ကို အိတို့ အပိုင်သိမ်းလိုက်ပြီ၊ ကိုစင်ဦး လာကြိုရင် ကိုစင်ဦး လက်တစ်ဖက်စီကို အိတို့တွဲပြီး ဆင်းမှာ"

"---"

"အဲသလို သဘောထားကြီးစမ်းပါ"

"---"

"ဒါပဲနော် ဘိုင်"

အိ ပခုံးတွန့်၍ ဝမ်းမြောက်စွာ ဖုန်းချသည်။

"ဘာတဲ့လဲ"

မေ ခပ်လောလော မေးသည်။ အိ မျက်နှာပေး တည်တည်လေးဖြစ်၍ -

"ညနေတိုင်း ကိုစင်ဦး လာမကြိုဖြစ်အောင် အိအကွက်ဆင်လိုက်တယ်၊ အပျိုမဟုတ်တဲ့ အိတို့သုံးယောက်နဲ့ အတွဲခံရမှာ ကြောက်တာလား၊ အိတို့ ဏီနဲ့အတူ ရုံးဆင်းမှာကို ခွင့်ပြုတာလားတော့ မသိဘူး အိတို့သဘောတဲ့"

"ဒါဆို ညနေငါးနာရီ သူလာငေးတဲ့အခါ ဏီနဲ့စင်ဦးကို တွဲရက်မမြင်ရတော့ဘူးပေါ့၊ ပြီးတော့ ဏီအနားမှာ အိတို့သုံးယောက် ရှိနေရင် နေဝန်းထိ ဘယ်လိုမှ ချဉ်းကပ်လာမှာမဟုတ်ဘူး"

"အင်း မဆိုးဘူး"

ရီနဲ့မေက ထောက်ခံသည်။ ဏီ့ရင်မှာ အရင်လို စိုးရိမ်စိတ်တွေ မပျော်ဝင်တော့၊ နေဝန်းထိ၏ ငေးမောမှုကို မတိမ်းညွတ်ချင်တော့ပါ။ တိမ်းညွတ်လို့မှမဖြစ်တဲ့ အခြေအနေဆိုတာ ရီတို့မှ မရိပ်မိဘဲ။

"ကဲ စားလေ ဏီ၊ ဏီကြိုက်တတ်တဲ့ ကိတ်လေ၊ ကောင်းမှကောင်း၊ ဏီတို့နှစ်ယောက်က သိပ်လိုက်ဖက်တယ်၊ တစ်ယောက်



အကြိုက်ကို တစ်ယောက်သိတတ်တာလေးတွေပေါ့၊ ရီတို့မောင်တော်က စင်ဦးလို မဟုတ်ဘူး၊ ရီက မျက်ရိပ်လေးပြတာနဲ့ ဒေါသက နှာခေါင်းကထွက်ပြီး 'သေချင်းဆိုးမ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်ထိုင်နေ' လို့ ဟောက်တတ်တဲ့ မြွေဟောက်လေ"

"ဟုတ်ပါ့၊ ယောကျာ်းတွေက သယ်လည်းမကောင်းဘူး"

"မကောင်းပေမယ့်လည်း အချဉ်သုပ်လို ခံတွင်းရှင်းအောင် မြည်းနေရတယ်၊ ဟား ဟား"

အိတို့သုံးယောက် သဘောတကျ ရယ်ကြသည်။ ဏီ မရယ်ဖြစ်။ ဏီ့အတွက် ရယ်စရာမှ မကောင်းတာ။ အာခေါင်ခြောက်သလို ဖြစ်တာကြောင့် ကော်ဖီတစ်ငုံသောက်လိုက်သည်။ မေ ကမ်းပေးသည့် ချောကလက်ကိတ်မုန့်တစ်ချပ်ကို တို့ကာထိကာ စားလိုက်သည်။ ရီတို့သုံးယောက်က ရယ်ရမယ်ဆိုလည်း ပြိုင်တူ၊ စားရမယ်ဆိုလည်း ပြိုင်တူ။ အပြိုင်အဆိုင် အလုအယက် စားနေကြတာ။ အသက်ရှူဖို့ပင် မသတိရဟန်မတူ။ စိတ်ကြိုက်စားသောက်ပြီး အဆီယစ်ဟန် ကိုယ်လက်ဆန့်လိုက်သည်။ ပြီးမှ ဏီ့ကို သုံးယောက်သား စူးစိုက်ကြည့်ပြီး -

"ကဲ မပုလဲဏီ ဘာလို့ငိုရတာလဲ၊ ပြောတော်မူပါနော်"

အိ တည်တည်လေး မေးခွန်းထုတ်သည်။

"ဏီ ငိုရတဲ့အကြောင်းက စင်ဦးနဲ့ မသက်ဆိုင်တာ သေချာတယ်၊ ကဲ ပြော၊ ဘယ်သူ့ကြောင့် ငိုတာလဲ"

ဏီ ဖုံးကွယ်မထားချင်တော့ပါ။ နေဝန်းထိအကြောင်း ပြောပြလိုက်စဉ် အိတို့သုံးယောက် မယုံနိုင်စရာကောင်းလောက်အောင် မျက်ဝန်းအစုံ ပြူးထွက်လာပြီး -

"ဟုတ်ရဲ့လား" လို့

www.burmeseclassic.com

www.burmeseclassic.com



သံပြိုင်မေးလာသည်။ ဏီ ခေါင်းညိတ်တော့ သူတို့မျက်ဝန်းတွေ ကျောက်တုံးအဖိခံရသလို လေးလံသွားသည်။ ဏီတို့လေးယောက် ဘာကို အစဖော်ပြောရမှန်းမသိဖြစ်ကာ အတန်ကြာမှ အိက

''ဒါဆို ဘာကြောင့် လပေါင်းများစွာ လာငေးရတာလဲ၊ ဏို့စိတ်ကို ညှို့ပြီး ဏို့နှလုံးသားကိုဖောက်စားဖို့ ကြံစည်တာများလား''

ဏီ ဘာကိုမှ မတွေးချင်တော့။ ဆိုဖာနောက်ကျောမှီ၍ ကိုယ်ကိုဖျော့ကာ ထိုင်နေလိုက်သည်၊ ရီက တွေးတွေးဆဆ စဉ်းစားပြီး

''အဲဒီလိုလည်း မဖြစ်နိုင်ဘူးထင်တယ်''

''ဟုတ်တယ်၊ အကြံစည်ရှိတယ်ဆိုရင် ဏို့အပါးကပ်တာကြာလှပေါ့''

''အခင်း သူပြောတဲ့အတိုင်း သူနဲ့ဏီ အခြေအနေချင်းကွာဟလို့ ခပ်ရိုးရိုးပဲ ငေးတာလား၊ ဏီတွေ့လိုက်တဲ့ သူကောင်မလေးကတကယ့်ချစ်သူ မဟုတ်တဲ့ အရိုးသားဆုံးနဲ့အရင်းနှီးဆုံးသော သူငယ်ချင်းလား,ဘာလား၊ တွေးစရာပဲ၊ ဖြစ်နိုင်ရင် နေဝန်းထိမျက်နှာကိုစေ့စေ့ကြည့်ပြီး မေ စူးစမ်းလိုက်ချင်တယ်''

''ဟုတ်တယ်၊ ရီလည်း နေဝန်းထိကို မြင်ချင်တယ်''

အိတို့ မြင်ချင်စိတ်ကြွနေပေမယ့် ဏီမမြင်ချင်တော့။ သူ့ကိုဆွဲကြည့်ခဲ့ဖူးသည့် မှန်ပြောင်းကို အမိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။ ဒီလိုနဲ့ ဏီတို့ကြားအချိန်တွေ ကုန်ဆုံးလာခဲ့တာ။ ညနေငါးနာရီသို့ရောက်ခဲ့ပြီ။ အိက မှန်ပြတင်းတစ်ချပ်လုံးဖွင့်၍ ရဲရဲတင်းတင်း ငေးကြည့်၏။

''ဟင် ဏီ ဏီ လာကြည့်၊ ဏီပြောတဲ့ပုံစံ ကောင်လေးကနေဝန်းထိပဲ ဖြစ်မယ်၊ ဒီဘက်ကို ကြည့်နေတယ်၊ တီရှပ်နက် ဂျင်း



အနက်နဲ့''

ရီနဲ့မေက ပြတင်းပေါက်ဆီ ပြေးကြည့်သည်။

''ဟုတ်မှာပဲ၊ သူ ပါပဲ''

ဏီ ဆိုဖာပေါ်ကမထဘဲ ခပ်လေးလေး ပြောလိုက်သည်။

''ဟော နေဝန်းထိ ဒီဘက်လမ်းကူးလာပြီ၊ မဟုတ်မှလွဲရောလေကားထိပ်က လာစောင့်ဖို့ထင်တယ် ဏီ''

ရီ စိတ်လှုပ်ရှားစွာဆိုစဉ် ဏီ မလှုပ်မယှက် ထိုင်နေသေးသည်။ အိ ပြတင်းပေါက် ဆွဲပိတ်လိုက်သည်။

''ဏီ သွားစို့လေ၊ မေတို့ အဖော်ပါတယ်၊ ခပ်ရဲရဲပေါ့၊ သူရှေ့တိုးလာရင် မေတို့ ကစ်လိုက်ရုံပဲ''

''ဟုတ်တယ့် လာ''

ဏီ စိတ်မသက်မသာဖြစ်၍ ရီတို့နှင့်အတူ ရုံးခန်းထဲကထွက်ခဲ့ရသည်။ လှေကားထစ်တွေကို နင်းစဉ် ဏို့ရင်မှာ လေးလံသည်။ လှိုက်တုန်လာသည်။ ရီနဲ့မေက ဏီရှေ့က အိက ဏီဘေးက ပုံမှန်ခြေလှမ်းအတိုင်း ဆင်းခဲ့ကြသည်။ ထိုနေရာအရောက်တွင် ဏီတို့အားလုံး ခြေလှမ်းတွေတန့်သွားသည်။ အကြောင်းက သူသည် ဏီတို့ရှေ့တည့်တည့်မှာ ရပ်နေသည်။ ဏို့ကို တစ်ချက်ကြည့်၍ –

''ပုလဲဏီ'' ဟု အောင့်အီးမနေနိုင်တဲ့အသံနှင့် သူ ခေါ်စဉ်ဏီ ပြန်မထူးမိအောင် နှုတ်ခမ်းပါးကို တင်းစေ့လိုက်သည်။ ဏီဘာစုခု ပြန်ပြောလိုက်ချင်ပေမယ့် အိတို့က မပြောရန် မျက်ရိပ်ပြသဖြင့်သူ့အခြေအနေကို စောင့်ကြည့်ကြသည်။ ဏီတို့အရွယ်သာ ရှိသည့်သူသည် ဏီထက် ရင့်ကျက်သလိုပဲ။ သူ့အသံ ကြည်ကြည်ရှရှကချင်းရှင်းလင်းလင်းကြီး လိုမ့်ထွက်လာသည်။

''ကျွန်တော် ဝန်ခံပါတယ်၊ ဒီနေ့ ပုလဲဏီအကြောင်းစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



မိတယ်၊ 'မ' နာမည် ပုလဲဏီဆိုတာရယ်, ရွှေပုလဲကုမ္ပဏီပိုင်ရှင်ဆိုတဲ့ နှစ်ချက်တည်းသိရရုံနဲ့ ကျွန်တော် ပုလဲဏီအကြောင်း ဆက်ပြီးမစုံစမ်းတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ညီမျှခြင်းတစ်ဆိုတဲ့ equition မှန်ပေမယ့် ကျွန်တော်ပိုင်တဲ့ တစ်နဲ့ ပုလဲဏီပိုင်တဲ့ တစ်ဟာ တန်ဖိုးချင်း မညီဘူး ပုလဲဏီ၊ ဒါကြောင့် ပုလဲဏီအကြောင်း ကျွန်တော် စုံစမ်းဖြစ်တော့မှာမဟုတ်ဘူး"

ဏီ ရှုးစိုက်ကြည့်လျှင် အကြည့်တို့က ဒိုင်းခနဲဆုံသည်။ နေဝန်းထိ အကြည့်မလွှဲဘဲ ဆက်ပြောသည်။

"ကျွန်တော် လပေါင်းများစွာ ငေးကြည့်မိတာကြောင့် ပုလဲဏီရင်မှာ အစိုင်အခဲတစ်ခုဖြစ်ခဲ့ရင်, ဖြစ်နေရင် ချေဖျက်ပေးချင်ပါတယ်၊ ကျွန်တော် ဘယ်လိုပုံနဲ့ ချေဖျက်ပေးရမလဲ ပုလဲဏီ"

ဏီ မျက်နှာလေး ဆတ်ခနဲ တင်းလိုက်ပြီး –

"ကောင်းပြီလေ၊ အဲဒါဆိုရင် ရှင် နောက်နေ့ကစ ဏီ့ကို ငေးကြည့်ခြင်းနဲ့ အရောင်မခြယ်ပါနဲ့တော့"

အရှိန်အဟုန်နှင့် ပြေးထွက်လာသည့် ဏီ့စကားလုံးကြောင့် သူ မျက်လွှာစင်းကျသွားသည်။

"ရှင် ဖယ်ပါ"

ဏီ နောက်တစ်ခွန်းဆိုစဉ် သူ့မျက်ဝန်း အသက်မဲ့သွားသည်။ သူ့ဦးခေါင်း ပြန်ငုံ့သွားကာ နံရံဘက်သို့ ခြေတစ်လှမ်း ထောင့်ကပ်ရပ်နေလိုက်သည်။ သူ ဖယ်သည်နှင့် ဏီတို့ ခြေလှမ်းသည်။ သူက ယဉ်ယဉ်ကျေးကျေး နောက်ဆုတ်တာဆိုတော့ ဏီတို့လည်း ဝင် မစွက်ဖက်တော့။ ဏီတို့ခြေလှမ်းတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်ခဲ့စဉ်

"ပုလဲဏီ ကျွန်တော် ကြိုးစားပါ့မယ်၊ ငေးမကြည့်မိအောင် ကြိုးစားပါ့မယ်"



ဆိုတဲ့ သူ့အသံ ဝါအက်အက်ကြီး ခုန်ထွက်လာသည်။ ထိုအသံကြောင့် ဏီ့ခြေလှမ်းများက လှေကားနှစ်ဆင့်ကို တစ်ဆင့်အမှတ်နှင့် လှမ်းလျှင် ဏီ အမှတ်မထင် လဲခွေကျသွားသည်။ ,

ဝုန်းခနဲ လဲကျသံကြောင့် သူ နောက်လှည့်လျှင် အောက်ဆုံးလှေကားထစ်မှာ ခွေကျနေသည့် ပုလဲဏီ။

"ဘာဖြစ်သွားလဲ၊ ဘယ်နေရာ နာသွားလဲ"

ဏီ့ရှေ့ စိုးရိမ်စိတ်နှင့် ပျာပျာသလဲရောက်လာရင်း ပွေ့ဖက်သူမတ်ပေးမတတ်ပုံစံ မေးနေသည့်သူ့ကို အိ မလိုလားစွာကြည့်ပြီး

"ပုလဲဏီ ဘာပဲဖြစ်ဖြစ် ဖြစ်ပါစေ၊ ရှင် နောက်ဆုတ်နေပေးပါ"

ထိုအခါ သူ ကိုယ်ရှိန်သတ်သွားသည်။ ဏီ့ကို အိတို့ ဖေးမသူသည်။ သူငယ်ချင်းတွေရဲ့ တွဲထူမှုကြောင့် ဏီ ဖြည်းညင်းစွာ မတ်တတ်ရပ်သည်။ ခြေထောက်အစုံက ထုံကျင်နေဆဲ၊ ခြေသန်းဒဏ်ရာက ပိန်ွသလို ခံစားမိသည်။ သူငယ်ချင်းတွေနဲ့အတူ ဏီ တစ်လှမ်းချင်း ထွက်လာခဲ့သည်။ ကျောခိုင်းသွားတဲ့ ပုလဲဏီ့ကို မမြင်ရက်သလို သူ မျက်လုံးစုံမှိတ်၍ ငြိမ်သက်နေခဲ့သည်။ ဏီ မသိမသာ ငဲ့စောင်းကြည့်မိသေးသည်။ ထိုအချိန်တွင် အုံ့ဆိုင်းနေသည့် ကောင်းကင်ကြီးဟာ သူ့မျက်နှာနှင့် ထပ်တူဖြစ်နေလျက်။

"နေဝန်းထိရယ်"

ဏီတို့ ဒီထက် ငေးကွာစေမယ့်လမ်းကြောင်းပေါ် ရောက်နေပြီလေ။ ဟုတ်တယ်နော်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဏီ သတိထားကြည့်မိပေမယ့် ထိုက်ကိုမတွေ့ရပေ။ သူ ေ မကြည့်ဖြစ်အောင် တကယ်ပင် ကြိုးစားနိုင်ပြီထင်ရဲ့။ အမှန်အတိုင်း ဝန်ခံရရင် ထိုက်ကို သတိထားမကြည့်မိဖို့ ဏီကိုယ်ဏီ မတားဆီးနိုင်သေ ပါ။ ညနေငါးနာရီတိုင် ဏီမျက်ဝန်းက ထိုက်ကို ချောင်းကြည့်ဖြစ်သည်။ မတွေ့ရရင် သက်ပြင်းချ၍ ရှုံးဆင်းသည်။ လှေကားထောင့်ချိုးကို ရောက်ရင် ဏီ အတန်ကြာရပ်နေပြီးမှ ခြေလှမ်းရှေ့ပို့ခဲ့သည်။ ထိုအခါ ဏီခြေလှမ်းများသည် ကျောက်ခဲဆွဲထားသလို လေးလံနေသည်။

ဏီ့ခြေသန်းဒဏ်ရာက ကောင်းသွားသလို နောက်ဆုံး တွေ ဆုံက လဲကျသွားစဉ် မျက်သွားသည့် ဏီ့ခြေဆစ်သည်လည်း ကောင်းသွားခဲ့ပြီ။ ဒါပေမဲ့ ခြေသန်းက ခွာလိုက်သည့် ပလာစတာ လေးကို လျှော်ဖွပ်၍ အမှတ်တရသိမ်းထားမိသည်က စိတ္တဇဆန်သည် ဟု ဏီ ထင်မိသည်။

ဘာပဲဖြစ်ဖြစ် အချိန်ကာလတစ်ခုရောက်ရင် ထိုက်ကို မေ့သွာ မှာပါ။ ဏီတို့နှစ်ယောက် အပြန်အလှန် မေ့သွားတာ အကောင်းဆုံးပဲ ဏီ့ရင်ဘတ်ထဲက ထိုက်ကိုထုတ်ပစ်ရမယ်။ ဏီ့ရင်ဘတ်ထဲမှာ မောင့်ကို ထည့်ရလိမ့်မယ်။ ဒါ အကောင်းဆုံးပဲ။ ဟုတ်တယ် အကောင်းဆုံးပါပဲ



ဆိုစိတ်နဲ့ မောင်ရှိရာ ရွှေကောင်းကင်ရတနာအရောင်းခန်းဆီ ခြေဦး ည့်မိသည်။ ရတနာအရောင်းခန်းမကြီးက စည်ကားလိုက်တာ။ တနာအစုံကို ခင်းကျင်းထားပြီး ရတနာပစ္စည်းအမျိုးအမည်အလိုက် အရောင်းကောင်တာဖွင့်ထားသည်။ ရတနာဝယ်လိုသူက စိတ်တိုင်း ကျ ရွေးချယ်ဝယ်ယူနေကြတာ။ အားကျစရာကြီး။ ဒီလို အရောင်းခန်းမ ကြီးတွေ ရန်ကုန်တစ်မြို့တည်းမှာ ဆယ်ဆိုင်တိတိ ရှိသည်။ မြို့တိုင်းမှာ ည်း ရှိသည်။ မောင်တို့ရဲ့ကြွယ်ဝမှုက အံ့မခန်းလိလိ။ အင်းပေ့ါလေ မောင့်ဒယ်ဒီက ရတနာနဲ့ပတ်သက်တဲ့ အတွေးအခေါ်ကောင်းတွေ တာကို။။

ဒယ်ဒီလည်း ကုမ္ပဏီနဲ့ ပတ်သက်တဲ့ အတွေးအခေါ်ကောင်း တွေ ရှိခဲ့တယ်။ ဒယ်ဒီရှိစဉ်က ကုမ္ပဏီခွဲတွေ အများကြီး ရှိခဲ့တယ်။ ရောဂါရပြီးကတည်းက မမ ဘက်ကို အာရုံစိုက်မိသည့် ဒယ်ဒီက ကုမ္ပဏီခွဲတွေကို တစ်ခုပြီးတစ်ခု ပိတ်ခဲ့ရသည်။ နောက်ဆုံး ဒယ်ဒီ ဆုံးတက်စဉ် တာဝန်ခံတွေရဲ့ မရိုးသားမှုကြောင့် ပင်မကုမ္ပဏီနဲ့ ကုမ္ပဏီခွဲအားလုံးကို မာမီ ပိတ်ပစ်လိုက်သည်။ ဒယ်ဒီဆုံးပြီးနောက်ပိုင်း ရွှေပုလဲ ကုမ္ပဏီကို မာမီ ပြန်ထောင်သည်။ ဏီ ကျောင်းပြီးတော့ မီနေရာမှာ ဝင်ရသည်။ ဏီဦးစီးနေတာ ခုဆိုရင် ငါးနှစ်ရှိပြီ၊ အကယ် မသာ ကိုငြိမ်း၏ရက်စက်မှုကို မခံရရင် မောင်တို့လိုပဲ ကုမ္ပဏီခွဲ ွာ ပိုင်ဆိုင်မှာလေ။

ဏီတို့မိသားစုတွေလည်း မောင်တို့မိသားစုလို စုစုရုံးရုံးနဲ့ ပျော်ရွှင်ရွှင် ရှိခဲ့မယ်။ ခုလို ဟန်ဆောင်ခြင်းတွေ မွေးဖွားနေဖို့ ဘူး ထိုက်ကိုလည်း –

အို ထိုအကြောင်း မဝင်လာနဲ့။ ဏီ ခေါင်းခါ မောင်းထုတ် တ်သည်။ ရတနာအရောင်းကောင်တာကို ဖြတ်ကျော်၍ တံခါးပိတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မောင့်ရုံးခန်းရှေ့မှာ ရပ်လိုက်၏။ ထိုစဉ် –

"ဏီ"

မောင်ခေါ်သံကြောင့် ဏီ လှည့်ကြည့်မိသည်။ အပြင်က ပြန်လာဟန်တူသည့် မောင့်မျက်နှာမှာ ချွေးအနည်းငယ် စို့၍ ပင်ပန်းမို ပေါ်နေသည်။

"ဏီ ဟုတ်ရဲ့လားလို့ မောင်စိတ်မှာ ဇဝေဇဝါ ဖြစ်သွားတယ် မောင့်ဆီလာမယ်ဆို ဖုန်းဆက်လိုက်ပေါ့ ဏီရယ်၊ ကံကောင်းလို့ပေ မောင် အမှတ်ရှစ်အရောင်းဆိုင်သွားမလို့ ရင်မှာ တစ်မျိုးကြီးဖြစ်နေလ ပြန်လှည့်လာခဲ့တာလေ"

လှိုက်လှိုက်လှဲလှဲ ပြောသည့် မောင့်အသံကြောင့် ရတန ဝယ်သူတချို့နဲ့ဝန်ထမ်းတွေ ဏီ့ကို စိတ်ဝင်တစား လှမ်းကြည့်ကြ သည်။ ဏီ မောင်ကလွဲ၍ ဘယ်သူ့ကိုမှ မကြည့်တဲ့ ကြည်ကြည်စင်စ ပြုံး၍ –

"မောင် အလုပ် လုပ် မလုပ် လာစစ်တာလေ"

ဏီ့အနား မောင်ရောက်လာသည်။ မောင့်ကိုယ်သင်းရနံ့ ယှဉ်ပါးနေပြီမို့ မနုစ်သက်ပေမယ့်လည်း ရှူရှိုက်မိသည်။

"ဏီ နေမကောင်းဘူးထင်တယ်၊ ဏီ့မျက်နှာနွမ်းနေသလိုပဲ"

မောင်၏ ဂရုတစိုက်ပြောလျှင် ဏီမျက်နှာ အရောင်မပြောင် အောင် ထိန်းလိုက်ပြီး –

"မောင်သာ နေမကောင်းဖြစ်မှာ၊ အလုပ်တွေ တအားလု နေတာလေ၊ ခုတောင်ကြည့်ပါလား မောင့်မျက်နှာမှာ ချွေးတွေနဲ့ မြန်းနေရောပဲ"

မောင် ဘဝင်ကျစေမည့် စကားလုံးကို ရွေးချယ်သုံးနှုန်းလိုက် တဲ့အတွက် မောင် ပခုံးလေးတွန့်၍ ကြည်ကြည်နူးနူး ပြုံးလိုက်သည်



ပြီးနောက် မောင် ရုံးခန်းတံခါးဖွင့်၍ ဏီ့ကို နေရာပေးသည် မောင့်ရုံး ခန်း အသုံးအဆောင်နဲ့ လိုက်ဖက်ကာကအစ အစိမ်းရောင်ဖျော့ဖျော့လေး။ အစိမ်းရောင်က အမြင်အာရုံကို ငြိမ်းချမ်းစေတာ အမှန်ပါပဲ။ မောင့် ကိုရှပ် စိမ်းဖျော့ဖျော့မှာ ဏီပေးထားတဲ့ ကျောက်စိမ်းမံထားသည့် အင်္ကျီ ‘ဥ’ ပုံ ရင်ထိုးလေးက တဖျပ်ဖျပ်တောက်လို့။

ဏီ လက်ကိုင်အိတ်ထဲက တစ်ရှူးအပျော့စားတစ်လွှာ ထုတ် ၍ ကမ်းပေးစဉ် မောင် အူကြောင်ကြောင်နှင့် –

"ဘာလုပ်ဖို့လဲတဲ့"

"မောင့်မျက်နှာမှာက ချွေးစက်တွေ သန့်ဖို့လေ"

ထိုအခါ မောင် ဘဝင်စိမ့်စွာ သွားစွယ်လေး တဝင်းဝင်းပေါ် အောင် ရယ်ပြီး –

"ဏီကိုယ်တိုင် သန့်စင်ပေးရင် ပိုပြီးကြည်နူးစရာ ကောင်း လားဘဲ"

တဲ့။ မဟုတ်ဘူးလား ဏီ၊ မောင်က ဏီ့ဆီက အကြင်နာ ယုအယတွေကို လိုချင်တာလား။ လိုချင်တယ်ဆိုရင် ဏီပေးရမှာပေါ့။ ပေးရမယ်ဆိုတဲ့အသိက ရင်ခွင်မှာ ခြောက်သွေ့ကာ မျက်နှာလေး ပြာသလိုလို ဖြစ်သွား၏။ ဏီ ခေါင်းငုံ့ချရတော့ မောင့်သဘောတကျ ရယ်သည်။ ဏီ မျက်နှာပေးကို ပန်းရောင်လွှမ်းအောင်ပြုပြင်လိုက်ပြီး–

"မောင်တောင်းဆိုရင်"

ဏီ မျက်နှာလေး အသာမော့၍ ပြောလျှင် မောင်ပြုံးပြုံးကြီး ကြည့်ကြည့်သည်။

"ဏီရယ် မောင်တောင်းဆိုမှုဆိုတာက ဏီအတွက် စိတ် ညည်းကျပ်မှု ဖြစ်စေနိုင်တာပဲ၊ တောင်းဆိုမှ ရတယ်ဆိုတာ စစ်မှန်တဲ့ ခံစားချက် ဖြစ်မှာ မဟုတ်ဘူး၊ မောင်နဲ့ဏီကြားမှာ စစ်မှန်တဲ့ ခံစားမှုကို

www.burmeseclassic.com

www.burmeseclassic.com



ပဲ အပြန်အလှန် ခံစားစေချင်တယ်၊ မောင့်မျက်နှာမှာ ချွေးစို့နေတာကို ဏီ သတိထားမိတာ၊ တစ်ရှူးထုတ်ပေးတာက မောင့်ရင်မှာ ကြည်နူးပြီးသားပါ၊ မောင်တောင်းဆိုလို့ ဏီ သန့်ပေးတာက အဲလောက် ကြည်နူးဖို့ကောင်းမှာ မဟုတ်ဘူး မောင်က အရင်းခံအတိုင်း ပြုမူ ယုယတာမျိုးကို ခံစားချင်တယ်၊ ဏီဆန္ဒအစစ်အမှန်ကို ခံစားချင်ပါ တယ်ကွယ်နော်၊ အစစ်အမှန် ရသကို ခံစားကြပါစို့ ဏီရယ်''

မောင့်မျက်နှာပြင်ရှေ့ရောက်နေသည့် တစ်ရှူးကိုင် ဏီ့လက် က ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်လေပြီ။ မောင်က နားလည်တာလား၊ ဏီ့ကို ကြင်နာတာလားတော့ မသိ။ ဏီလက်ထဲ က တစ်ရှူး ကို အသာဆွဲယူကာ မောင်ကိုယ်တိုင်ပဲ ချွေးစတွေကို သုတ်ပြီး –

''ထိုင်လေ ဏီ''

ဟု ဆိုဖာတစ်လုံးကို ညွှန်၍ ညှို့ဝတ်ပြုသည်။ ဏီထိုင်စဉ် ကျောက်ရုပ်လို ငြိမ်နေမိသည်။ မောင်က ဏီဆီကယူလိုက်တဲ့ တစ်ရှူးနဲ့ မျက်နှာပေါ်က ချွေးစတွေကုန်စင်အောင် သန့်ပြီးလျှင် ဏီ့ကို မြတ်နိုးစွာ ပြုံးကြည့်သည်။ ဏီ ခြောက်သွေ့သွေ့ ပြုံးလိုက်သည်။

''ဏီ သူငယ်ချင်းတွေ ဏီ့ကို သိပ်ချစ်တာပဲနော်''

ဏီနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်၍ မောင် စကားစရှာပြော သည်။ စကားလမ်းကြောင်း ပြောင်းလာသည့်အတွက် ဏီ့ရင်မှာ ရေသန့်လို ကြည်လာသည်။

''မောင် အမြင်အတိုင်းပေါ့၊ ဏီ ဆိုးသမျှ ခံတတ်တယ်လေ''

''အင်း ဆိုးကယ်''

''ဆိုးတာပေါ့ ဏီက ဘာမဆို တစ်ဖွတ်ထိုး လုပ်တတ်တယ် ဏီလုပ်သမျှ ကျေနပ်ကြတယ်လေ၊ စိတ်ဆိုးစိတ်ကောက်တာမျိုး



မရှိဘူး''

ထိုအခါ မောင် မျက်ခုံးလေးပင့်တက်၍ –

''မောင်လည်း စိတ်ကောက်မှာ မဟုတ်ဘူး ဏီရဲ့''

''အဲဒါဆို ညနေရုံးဆင်းချိန်တိုင်း ဏီ့ကို လာကြို''

''ဟင်''

ဏီ မပွင့်တပွင့် ဆိုလိုက်စဉ် ဏီဆံထုံးက စိန်ပွင့်လို မောင့် မျက်ဝန်းအစုံ တဖျပ်ဖျပ် လက်ခါသွားပြီး –

''ဏီ တကယ်ပြောတာလား''

ဏီ ခေါင်းညိတ်လိုက်သည်။ ထိုအခါ မောင့်ရင်မှာ ဝမ်းသာ ကြည်နူးမှုနှင့် တလှိုက်လှိုက် ပြုံးလာသည်။

''မောင် အစကတည်းက ကြိုချင်လို့ ဏီ့မာမီဆီမှာ ခွင့် တောင်းခဲ့တာ၊ အိတ္တိုက''

''အိတ္တို မောင့်ကို တမင်နောက်တာ မောင် တကယ်ထင်နေ တာကို၊ အိတ္တိုတောင် မောင့်ကို ရယ်ကြသေးတယ်၊ မောင်က သူငယ် ချင်းတွေ နောက်တာကို နောက်မှန်းမသိတာ အံ့သြစရာတဲ့လေ''

''မောင် တကယ်ထင်သွားလို့ပါ၊ နောက်ပြီး မောင့်ကြောင့် အိတ္တို သူငယ်ချင်းတွေ ဏီ့ကိုငြိုငြင်မှာ မလိုလားဘူး၊ အဲဒါကြောင့်ပါ''

အရိုးခံအတိုင်း ရှင်းပြနေသည့် မောင့်ကို ကရုဏာသက်စွာ ကြည့်မိသည်။ မောင့်လို မြင့်မြတ်တဲ့စရိုက်ပိုင်ရှင် ယောက်ျား တစ် ယောက်ကို ရွေးချယ်ပေးတဲ့ မာမီကို ကျေးဇူးတင်ဖို့ကောင်းသည်။

အကယ်၍ ဏီ့ရင်မှာ ထိသော မရှိဘူးဆိုရင် မောင့်ကို ဏီ ဆန္ဒအရင်းခံအတိုင်း ဆက်ဆံမိလိမ့်မယ် ထင်ပါတယ်။ ခုတော့ ဏီ့ ရင်မှာ မောဟိုက်လို့၊ ဏီ့ကို ရှင်ရှင်လန်းလန်းကြည့်နေသည့် မောင့် မျက်ဝန်းက ဏီ့ရင်ကို တင်းကျပ်သလို ဖြစ်စေသည်။ ဒါပေမဲ့ မောင်

www.burmeseclassic.com

www.burmeseclassic.com



မရိပ်မိအောင် ပြုံးလိုက်ပြီး –

"ဏီလာလည်တာ တစ်ခုခု ညှော်ကျွေးဖို့ စိတ်ကူးမရှိဘူးလား မောင်"

"ဟာ"

မောင် ရှက်ရိပ်လွှမ်းကာ ဟာခနဲ ဖြစ်သွား၏။

"ဆောရီး ဏီရယ် ဆောရီး၊ ဏီကြိုက်တတ်တဲ့ ကိတ်ကို မောင် အသင့်ဆောင်ထားပါတယ်ကွာ၊ ခဏလေးနော်"

မောင် အသင့်ဆောင်ထားတဲ့ ချောကလက်ကိတ်မုန့်အိတ်ကို ယူပေး၍ ဏီရှေ့စားပွဲခုံပေါ် တင်သည်။

"ဏီကြိုက်တဲ့ ကော်ဖီပေါ့ကျကျ ဖျော်ပေးမယ်"

ကော်ဖီ၊ သကြား၊ နို့ဆီ၊ ဓာတ်ဘူးထည့်ထားသည့် ခြင်းတောင်းကို စားပွဲပေါ် တင်သည်။ ဏီနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ ထို့နောက် ဏီအတွက် ကော်ဖီတစ်ခွက်ဖျော်၍ ဏီရှေ့ ချပေးသည်။

"မောင့်အတွက် ဏီဖျော်ပေးမယ်"

ဏီ အလိုက်သိချင်ဟန်ဆောင်၍ ဆိုမိသည်။ ထိုအခါ မောင့်မျက်ဝန်းမှာ အရောင်တစ်မျိုးလက်သွားပြီး –

"ဒီနေ့ကစပြီး ဏီကြိုက်တဲ့ ကိတ်၊ ဏီသောက်တဲ့ကော်ဖီပဲ မောင်သောက်တော့မယ်" တဲ့။

ဏီ တအံ့တသြ မော့ကြည့်မိသည်။ မောင်က မောင့်အတွက် ဏီသောက်ဟန်အတိုင်း ကော်ဖီမှုန့်များများ သကြား၊ နို့ဆီအနည်းငယ် ထည့်၍ ကော်ဖီပေါ့ကျကျ တစ်ခွက်ဖျော်သည်။ ဏီ၏ အံ့သြတဲ့ မျက်ဝန်းကို ပြုံးပြုံးလေးစိုက်ကြည့်ပြီး –

"အံ့သြသွားလား ဏီ"



ဏီ ခေါင်းညိတ်လိုက်တော့သည်။ ထိုအခါ မောင် ကြည်နူးစွာ ပြုံး၍ –

"ဏီခံစားမှုနဲ့ တစ်ထပ်တည်းကျအောင် ကြိုးစားချင်တယ်၊ ဒါကြောင့်ပါ ဏီ၊ ဏီ ဘာတွေကြိုက်တတ်လဲလို့ မေးမိတယ်၊ မာမီက ဏီအကြိုက်တွေ ရွတ်ပြတယ်၊ နောက်ပြီး ဏီ မုန့်ဟင်းခါး အရမ်းကြိုက်တယ်တဲ့၊ အဲဒါ မောင်နဲ့ဆန့်ကျင်ဘက်ပဲ၊ မောင် မုန့်ဟင်းခါး တစ်ခါမှ မစားဖူးဘူး၊ မကြိုက်လို့ပါ။ ဒါပေမဲ့ မနက်တိုင်း မုန့်ဟင်းခါးစား ကျင့်ခဲ့တယ်၊ ခု တော်တော်လေး ခံတွင်းလိုက်နေပါပြီ ဏီ"

ဏီ့ ရင်မှာ တင်းကျပ်ခဲ့သွားတာကြောင့် –

"မောင်ရယ် ဘာလို့ အဲလိုလိုက်လုပ်ရတာလဲ၊ အစားအသောက်ဆိုတာ ကြိုက်နှစ်သက်ရာစားမှ စိတ်ကျေနပ်မှာပေါ့၊ စိတ်ကျေနပ်မှုရှိမှ အရာရာကို အကောင်းဆုံးဖြစ်အောင် ရှေ့ရှုလုပ်ဆောင်နိုင်မယ်လေ"

"မောင်က မောင်တို့နှစ်ယောက်ဘဝဟာ ဘဝတစ်ခုတည်း တစ်သားတည်း ကျနေဖို့အတွက် အသေးအမွှားကအစ ညီမျှခြင်းဖြစ်ဖို့ လိုအပ်တယ်လို့ ယူဆတယ်၊ အထူးသဖြင့် နှစ်ဦးနှစ်ဖက် ညှိယူပြီး ညီမျှခြင်းချတာထက် တစ်ဦးတည်းက ညှိယူလိုက်တာ ပိုပြီးသဟဇာတဖြစ်တယ်လေ၊ ခုဆိုရင် မောင် အတော်လေး ထိရောက်နေပါပြီ"

မောင်ပြောရင်း ကော်ဖီတစ်ကျိုက် စုပ်သောက်လိုက်သည်။ သံပုရာရည်ဆမ်းသော ကော်ဖီခါးခါးစိမ့်စိမ့်ကို ခံတွင်းတွေ့ခဲ့တဲ့ မောင်က ကော်ဖီပေါ့ကျကျကို ကျေနပ်စွာသောက်တတ်ကြောင်း သက်သေထူလိုက်တာလား။ ကော်ဖီတစ်ကြိုက်သောက်ပြီး မောင် ကြည်နူးစွာ ပြောပြန်သည်။

"ဏီ ပိုပြီးအံ့သြသွားမလားဘဲ၊ ဏီ ထမင်းဟင်းမချက်

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဆိုလို့ ဏီ အကြိုက် ချက်ပြုတ်တတ်အောင် မောင် လေ့ကျင့်ထားပြီးပြီ ဏီ၊ အခွင့်သာတဲ့တစ်နေ့ ဏီ့ကို မောင့်လက်ရာ ထမင်းပွဲနဲ့ ညှော်ခံမယ်၊ ဏီက အကဲဖြတ်ဒိုင်လုပ်၊ မောင့်လက်ရာ မြည်းပြီးမှ အမှတ်ပေး၊ အောင်မှတ်တော့ပေးနော်''

မောင့်စကားဆုံးတော့ မောင့်ဘာသာ ကြည်ကြည်ရွှင်ရွှင်လေး ရယ်လိုက်သည်။ ဒီလောက်တောင်မှ ဏီ့ကို လိုက်လျော့ရသလားကွယ်။ ဘာကြောင့် ဏီ့အတွက် အဲလောက်ကြီး ကြိုးစားရတာလဲ၊ ဏီ သက်မပြေးချင်တော့။ ဏီ မျက်ဝန်းတောက်တောက်နှင့် ငေးကြည့်မိတော့ မောင်က –

''ဘယ်လိုလဲ ဏီ၊ အောင်မှတ်ပေးဖို့ စဉ်းစားနေတာလား''

''အင်း အောင်မှတ်မပေးနိုင်ရင်တော့ ဖွဲဆုတော့ ပေးရမှာပေါ့''

ထိုအခါ မောင် နှုတ်ခမ်းပါးပါးလေး ပြုံးချိုသွားသည်။

''ဘာဆုဖြစ်ဖြစ် ဏီ အသိအမှတ်ပြုတာက မောင့်ရင်ကို ချမ်းမြေ့ပြီးသားပါ ဏီရယ်''

အကြည့်ချင်းဆုံနေပေမယ့် ဏီ့ရင်က ခုန်မလာ။

''စားလေ ဏီ၊ ဏီကြိုက်တာတွေ မောင် စားလိုက်တယ်ဆိုပြီး ဏီ့ဝေစု လျော့သွားမယ်မထင်နဲ့နော်၊ ဏီ့အတွက် လျှံနေအောင် အသင့်ဆောင်ထားတယ်။ ဒီမှာလေ ကိတ်ဖာတွေ အများကြီးပဲ''

ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါး နောက်သည့် မောင့်ကို ဏီ မလုံမလဲ မျက်စောင်းခဲကြည့်မိသည်။ အဲဒါကိုပဲ မောင်သဘောကျလို့ မဆုံးတော့။ မောင်ရယ် ဏီ ကံကောင်းတာလား၊ ကံဆိုးတာလား။ ဏီ မခွဲခြားနိုင်တော့ပါဘူးကွယ်။

✿ ✿ ✿

အခန်း (၁၁)

''ဒါဆို ဒီညနေ စစ်ဦးလာကြိုမှာပေါ့''

အိ သေချာအောင် မေး၏။ ဏီ ခပ်လေးလေး ခေါင်းညိတ်လိုက်သည်။

''နေဝန်းထိ လာမငေးတာ သေချာသွားလို့လား''

မေ အကဲခတ်သလို မေးသည်။ ဏီ ကွန်ပျူတာရှေ့ ထိုင်နေရာမှ အညောင်းပြေ ထရပ်သည်။ နံရံမှာ ကိုယ်ကိုကပ်မှီ၍ လက်နှစ်ဖက် လျော့လျော့လေးပိုက်ကာ –

''အဲဒါလည်း အကြောင်းရင်းတစ်ရပ်ပဲ၊ အဲဒီနေ့ကတည်းက နေဝန်းထိ မလာတော့ဘူး''

''နောက်အကြောင်းရင်းတစ်ရပ်က''

ရီ ဆက်တိုက်မေးသည်။ ဏီ အတန်ကြာ တိတ်ဆိတ်သွားပြီးမှ –

''ဏီ့အာရုံကို မောင့်ဆီမှာ နှစ်လိုက်ချင်တယ်၊ ထိ ကို မေ့ပျောက်နိုင်တဲ့ အကောင်းဆုံးထွက်ပေါက်က မောင်ပဲလေ၊ မာမီရွေးချယ်ပေးတဲ့ မောင့်ကို လျစ်လျူရှုပစ်လို့မှ မရတာ''

''ဒါပေမဲ့ ဏီ့အတွက်ပင်ပန်းလွန်းတယ်ဆိုတာ သတိထားဦး''

www.burmeseclassic.com



"ရိုးနေပါပြီ ရီ၊ ကျွန်မအတွက် ဟန်ဆောင်တာ၊ မျိုသိပ်ရတာ၊ တစ်ပါးသူကျေနပ်အောင် လှုပ်ရှားနေရတာတွေ အရိုးဆုံးဖြစ်နေပြီဟာ"

အိ တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့် ပြတင်းပေါက်နား ရွှေ့သွားရင်း ပြောသည်။

"အကယ်၍ ကျွန်မဖြစ်စဉ်ကို စစ်ဦးရိပ်မိသွားရင် ကျွန်မ ဘယ်လိုနည်းနဲ့ရင်ဆိုင်မလဲ"

"ဟုတ်တယ် ကျွန်မ၊ စစ်ဦးကို ကျွန်မ လျှော့မတွက်နဲ့၊ လျှော့မတွက်နဲ့ဆိုတာက စစ်ဦးကို တစ်မျိုးမြင်စေဖို့ တွန်းအားပေးတာ မဟုတ်ဘူး။ စစ်ဦးဟာ သာမန်ယောက်ျားထက် စိတ်သဘော လေးမြတ်လွန်းတယ်၊ ကျွန်မအပေါ် လိုက်လျောလွန်းတယ်၊ ကျွန်မအပေါ် အရိုးသားဆုံး ဆက်ဆံလွန်းတယ်၊ ကျွန်မဆန္ဒနဲ့ balance ဖြစ်ဖို့ အသေးအမွှားက အစ ဂရုစိုက်လွန်းတယ်၊ ဒါတွေကို ကျွန်မ အလိုက်သင့် ပြုမူခဲ့တယ်၊ ကျွန်မအပြုအမူဟာ သူလိုချင်တဲ့ အရင်းခံစိတ်မဟုတ်ဘဲ ကျွန်မရဲ့ ဟန်ဆောင်မှုဆိုတာ ရိပ်မိသွားရင်"

မေတို့ပြောတဲ့ ရိပ်မိသွားရင်ဆိုသည့် နောက်ဆက်တွဲက ဘာတွေဖြစ်စေနိုင်မလဲ။ ကျွန်မ မတွေးတောချင်။ ကျွန်မ မျက်လွှာချကာ ခေါင်းတစ်ချက်ယမ်းလိုက်သည်။

"စစ်ဦးစရိုက်ကို ကျွန်မက ရီတို့ထက် ပိုခန့်မှန်းတတ်မှာပါ၊ ကျွန်မ ထိကိုမေ့ချင်လို့ စစ်ဦးဘက် အာရုံပို့တာဟာ လမ်းကြောင်းလွဲနေတယ်လို့ ဝေဖန်ပါရစေ"

"အကောင်းဆုံးဖြစ်စေမယ့် လမ်းလွှဲမှုလို့ပဲ ကျွန်မ ယူဆလိုက်တယ်၊ အဲဒီအတွက် ကျွန်မကိုယ်ကျွန်မ လေ့ကျင့်ထားပြီးပြီ၊ မောင်က ရှေ့တစ်လှမ်းတိုးလာရင် ကျွန်မမျက်စိမှိတ်ပြီး ရှေ့တစ်လှမ်းတိုးလိုက်မယ်၊ မောင်နဲ့ကျွန်မ ရှေ့တစ်လှမ်းတိုးတာချင်းတူပေမယ့် ကျွန်မ မျက်စိမှိတ်ထား



တဲ့အတွက် ရေစီးထဲကို သစ်ရွက်မျောသလိုပေါ့၊ အလိုက်သင့် ပါသွားရုံပဲ၊ မြင်သာအောင်ပြောရရင် မောင်က ရေစီး၊ ကျွန်မက သစ်ရွက်လေ၊ ရေစီးကြောင်းမှာ မျောပါသွားတဲ့ သစ်ရွက်ကလေးကို ရေစီးကြောင်းက ကျေနပ်မှာဖြစ်သလို ရေစီးကြောင်းကို အနားသတ်ထားတဲ့ ကမ်းနှစ်ဖက်ဟာလည်း အနားသတ် လှနေမှာပေါ့၊ မဟုတ်ဘူးလား"

ကျွန်မဖြေရှင်းမှုကြောင့် အိတို့သုံးယောက် ကျွန်မကို မမြင်ဖူးသလို မျက်မှောင်ကြုတ်၍ ငေးကြည့်ကြသည်။ ရီက ဆိုဖာပေါ် ကျကျနန ထိုင်၍ အအေးသောက်နေရာမှ ကျွန်မကိုမော့ကြည့်ပြီး ပြောသည်။

"ကျွန်မအတွေးက ကဗျာတစ်ပုဒ်ဆိုရင် အင်မတန်လှတဲ့ ကဗျာပဲ၊ ဒါပေမဲ့ ကျွန်မ၊ ကျွန်မစဉ်းစားကြည့်ပါ၊ ဝီလျံဘလိတ်က 'ဖျားတဲ့နှင်းဆီ' ကဗျာကို ဖန်တီးခဲ့တယ်၊ အဲဒါ အစစ်အမှန်၊ အဲဒီကဗျာကို သဘောကျတဲ့သူတွေက အဲဒီကဗျာလိုမျိုး ဖန်တီးကြတယ်၊ ထပ်ဆင့် ဖန်တီးကြတဲ့ ဖျားတဲ့နှင်းဆီနဲ့ အသွင်တူတဲ့ကဗျာတွေဟာ ဝီလျံဘလိတ်ရဲ့ အတွေးအခေါ်အစစ် မဟုတ်ဘူး။ ဝီလျံဘရိတ်အတွေးအခေါ်ကို တုယောင်တဲ့အတွေးအခေါ်နဲ့ အနားကွပ်ထားတဲ့ကဗျာပဲ၊ အဲလို အနားကွပ်ခံရတဲ့ကဗျာဟာ ဝီလျံဘရိတ်ဖန်တီးတဲ့ ကဗျာထက် ကောင်းချင်ရင်ကောင်းသွားမယ်၊ ဒါပေမဲ့ ဝီလျံဘလိတ်ရဲ့ရသကိုတော့ မမီနိုင်ဘူးလေ၊ မမီအောင် အနားကွပ်ထားတဲ့ ကဗျာဖန်တီးသူကို ဖျားတဲ့နှင်းဆီမွေးဖွားတဲ့ ဝီလျံဘလိတ် ဘယ်လိုကြည့်မယ်ထင်သလဲ"

ရီမေးခွန်းကို ကျွန်မ မဖြေတတ်စွာ ခေါင်းအသာယမ်းလိုက်သည်။ ထိုအခါ ရီ နှုတ်ခမ်းပါးတွန့်ချိုး၍ –

"ဝီလျံဘလိတ် အနည်းဆုံးတော့ မချိပြုံး ပြုံးကြည့်မှာပေါ့ ကျွန်မ၊ မချိပြုံးဟာ ကြည့်တဲ့သူနဲ့ အကြည့်ခံရသူရဲ့ရင်ကို မတူညီတဲ့ ခံစားချက်တွေ ပွားများစေတယ်လေ၊ အဲသလိုပဲ မတူညီတဲ့ သက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှုတွေ အပြန်အလှန် ဖိကျပ်လာတော့မှာ ဏီ၊ အသေချာဆုံးက ဏီဟာ သစ်ရွက်တစ်ရွက် မဟုတ်ဘူး၊ စစ်ဦးကလည်း ရေစီးကြောင်း မဟုတ်ဘူး၊ စိတ်ကူးယဉ်မဆန်ချင်ပါနဲ့ ဏီရယ်''

''ဟုတ်တယ် ဏီ၊ ဘယ်ကိစ္စမှာဖြစ်ဖြစ် စစ်ခြင်းနဲ့မစစ်ခြင်းဟာ အနှစ်ရသ မတူဘူး၊ အထူးသဖြင့် ရင်ဘတ်က ဖြစ်တည်လာတဲ့ ခံစားချက်က အဆိုးဆုံးပဲ၊ အဲဒီအမြင်အရဆိုရင် ဏီနဲ့စစ်ဦး အပြန်အလှန် ရင်ဖွင့်ဖို့လိုလိမ့်မယ်၊ အထူးသဖြင့် ဏီ ရင်ဖွင့်ရလိမ့်မယ်''

''ဟုတ်တယ်၊ မေတို့ထောက်ခံတယ်''

အိတို့ တွေးတွေးဆဆဆိုလာမှုကို ဏီ ခေါင်းတွင်တွင်ယမ်းမိသည်။

''မဖြစ်ပါဘူးဟာ''

''ဘာကို မဖြစ်ရမှာလဲ၊ မေတို့ ကြားဝင်လော်ခတ်ပေးမှာပေါ့''

''ဟုတ်တယ် ဏီ၊ စစ်ဦးက အဲသလောက် အတွေးခေါင်မယ့်သူ မဟုတ်ဘူး''

ဏီ့ရင်မှ လှိမ့်ထွက်လာတဲ့ တင်းကျပ်မှုတွေနဲ့အတူ ဆက်တိုက်ခေါင်းယမ်းပြီး –

''မဖြစ်ပါဘူးဟာ၊ ထိုကြောင့်ဆိုတဲ့ခေါင်းစဉ်အောက်မှာ မာမီရှုံးသွပ်သွားနိုင်တယ်၊ စိတ်ကို ပိုပြီး ဖိစီးသွားနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမ,စိတ်ဖောက်လာရင် ဘယ်သူမှ ထိန်းမရပေမယ့် မောင်ထိန်းနိုင်တယ်၊ မမ ကိုငြိမ်းနဲ့ မတွေ့ဆုံရခင် မိသားစုပျော်ရွှင်နေတဲ့အချိန်ကို ပြန်တမ်းတမိအောင် မောင်က ကိုကိုလေးရဲ့ အဝတ်အစားတွေဝတ်ပြီး ကိုကိုလေးဟန်ဆောင်ခဲ့တယ်၊ မောင့်ဒယ်ဒီက ဒယ်ဒီအသွင် ဟန်ဆောင်ပေးတယ်၊ အဲဒီတော့ မမအာရုံမှာ ကိုငြိမ်း နှိပ်



စက်တဲ့ဒဏ်ရာကို မေ့သွားသလိုလို ခံစား[illegible] မိသားစုနဲ့ အရင်က ပျော်ပျော်ရွှင်ရွှင်နေခဲ့တဲ့ မမပုံရိပ်ကို မမ ပြန်မြင်ယောင်လာတယ်၊ အဲဒီအခါမှာ ဖောက်လာတဲ့စိတ်ဟာ တဖြည်းဖြည်း အနည်ထိုင်လာတယ်၊ အဲလို အနည်ထိုင်လာရင် မောင်တိုက်တဲ့ဆေးကို မမ ရှောရှောရှူရှူ သောက်လိုက်တယ်လေ''

ရီတို့ရင်မှာ တွန်းအားပေးချင်တဲ့ဆန္ဒက အလိုလို လျော့ကျလာသည်။ ခုဆိုရင် မမ ဆေးသောက်ချိန်တိုင်းကို မောင်နဲ့မောင့်ဒယ်ဒီ အကြိမ်ကြိမ် သရုပ်ဆောင်နေရတယ်။ ဒီလို အခြေအနေမှာ ထိုကြောင့်သာ သိသွားရင် မောင် ဘယ်လောက်ပဲ သိတတ်နားလည်ပါစေ၊ မောင့်ရင်မှာ မျက်မသွားနိုင်ဘူးလား။

အိတို့ရင်မှာ မွန်းကျပ်လာတာ အမှန်။ ဏီ့စကားလုံးတွေက အဆက်မပြတ် ထွက်လာဆဲ။

''အဲလိုဆို မောင့်ရင်မှာ ဏီ့ကို ပေါ့သွားမယ်၊ မောင့်ရင်မှာ ပေါ့သွားရင် မမအတွက် မောင့်ရဲ့စေတနာသက်ရောက်မှုတွေလည်း ပေါ့သွားနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဝေဒနာရှင်တွေဟာ ဘာခံစားချက်ကိုမဆို သာမန်လူကောင်းထက် ဆယ်ဆမက ခံစားရမှုပုံမှန်လို့ထင်တာ၊ ဒါကြောင့် စကားတစ်ခုကို အပ်ကြောင်းထပ်အောင် အမြုပ်တစီစီထွက်အောင် ပြောတတ်တာ၊ အစားအသောက်ဆိုရင်လည်း မပြီးစီးတမ်း စားတတ်တာ၊ သွားမယ်ဆိုရင်လည်း ရေကုန်ရေခန်း သွားနေတတ်တာပေါ့၊ ဒါကြောင့် မမအတွက် မောင့်ရဲ့သရုပ်ဆောင်မှုတွေ ပေါ့မသွားဖို့ ဏီ လေ့ကျင့်ထားရတာ၊ အစကတော့ ဏီလည်း ရင်ဖွင့်လိုက်ဖို့ စိတ်ကူးရသေးတယ်၊ ဒါပေမဲ့ မမအတွက်စဉ်းစားမိတိုင်း ဏီ့ကိုယ်ဏီ မျိုသိပ်ဖို့ အာရုံပြောင်းလိုက်တာပါ၊ နောက်တစ်ချက်က ထိုဟာ ဆင်းဆင်းရဲရဲလှူငယ်လေး[illegible]၊ ထို

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတာကို ဏီ အထင်သေးတာ မဟုတ်ဘူး၊ မာမီ ပေါက်ကွဲလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ကိုငြိမ်းဟာလည်း ထိုလိုပဲ ဆင်းရဲတဲ့ ကောင်လေးတစ်ယောက်ပဲ၊ မမ့အချစ်ကို ရဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားခဲ့တယ်၊ နောက်ဆုံး မမ,မချစ်ရင် သူ့ကိုယ်သူ အဆိပ်သောက်သေပြမယ်ဆိုပြီး ကြွေးကြော်ခဲ့တယ်၊ မမက သောက်လိုက်စမ်းပါလို့ စိန်ခေါ်လိုက်တယ်၊ အဲဒီတော့ ကိုငြိမ်းက တကယ်ပဲ မမရှေ့မှာအဆိပ် သောက်လိုက်တာတဲ့''

''အို''

အိတို့ထံမှ အထိတ်တလန့် အာမေဋိတ်ထွက်လာသည်။

''တကယ် အဆိပ်သောက်လိုက်တော့ မမလန့်ဖျပ်ပြီး ချက်ချင်း ဆေးရုံတင်လိုက်လို့ ကိုငြိမ်း အသက်မသေဘဲကျန်ခဲ့တာ၊ အဲဒီမှာ ကိုငြိမ်းကို မမ အရမ်းချစ်သွားတယ်၊ အဲဒီအကြောင်းသိရတော့ ဒယ်ဒီနဲ့မာမီက မရမက တားတယ်၊ တားရင်းကြားက ကိုငြိမ်းနောက်ကို လိုက်သွားခဲ့တယ်၊ မာမီတို့ ဖွတ်ခွဲခဲ့တယ်၊ ကိုငြိမ်းက ဒယ်ဒီနဲ့မာမီကို ခြေထောက်ဖက်ပြီး မမနဲ့မခွဲဖို့ တောင်းဆိုခဲ့တယ်၊ ဒယ်ဒီ ဒေါသတကြီး ထိုးကြိတ်သမျှကို ကိုငြိမ်းခံခဲ့တယ်၊ မာမီဆဲသမျှကို ခေါင်းငုံ့ခံတယ်၊ ကိုကိုလေး ရင့်ရင့်သီးသီးဆိုသမျှကို မျက်လွှာချပြီး ခံယူခဲ့တယ်၊ နောက်ဆုံးတော့ မမရဲ့ကျန်းမာရေးကို ထောက်ထားပြီး ကိုငြိမ်းကို လက်ခံပြီး ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးလိုက်တယ်''

ဏီ့ရင်ထဲမှာ အတိတ်ကအရိပ်တွေ ကိုယ်ထင်ပြသလို ရှင်းရှင်းလင်းလင်းကြီး မြင်ယောင်လာသည်။

''ကိုငြိမ်းက တစ်ကောင်ကြွက်ဘဝီ ဏီတို့မိသားစုဝင် ဖြစ်လာတယ်၊ မမကိုလည်း ချစ်လိုက်တာ၊ ဒယ်ဒီခိုင်းသမျှကိုလည်းလုပ်လိုက်တာ၊ ကိုကိုလေးရဲ့ ရင့်သီးမှုတွေခံယူပြီး တည့်အောင် ပေါင်းလိုက်တာ၊



မျက်နှာကြောတင်းတင်းကြီးပြေသွားအောင် ရှိရှိကျိုးကျိုး ဆက်ဆံတာ၊ ဏီ့ကိုလည်း ဂရုတစိုက် ချိုပိုးပြီး ထိန်းကျောင်းခဲ့တာ၊ အဲဒီအချိန်တုန်းက ဏီတို့မိသားစု အရမ်းပျော်ဖို့ကောင်းခဲ့တယ်၊ ကိုငြိမ်းကြောင့် မိသားစု စည်စည်ကားကားဖြစ်လာတဲ့အတွက် မာမီဟာ ကိုကိုလေးထက်တောင် ကိုငြိမ်းကိုချစ်လာတယ်လို့ ဏီထင်မိတယ်''

ရိတို့ သက်မလေးချကာ ငြိမ်သက်ကာ နားစွင့်နေကြသည်။

''ကိုငြိမ်းဟာ အဲသလိုနည်းနဲ့ ဏီတို့မိသားစုရဲ့ အသည်းနှလုံးကို နိုက်ယူထားပြီး ဒယ်ဒီ့စီးပွားရေးတွေကို ကဲ့ယူနေတာ ဘယ်သူမှ မသိမိဘူး၊ ဒယ်ဒီ့ကုမ္ပဏီခွဲတွေမှာ ပြဿနာတစ်မျိုးပြီးတစ်မျိုးပေါ်တယ်၊ ပေါ်တိုင်း ကိုငြိမ်းရှင်းလိုက်ရင် ငြိမ်းသွားတော့ ဒယ်ဒီ ပိုပြီး ယုံကြည်သွားတယ်၊ ဒီတော့ ကိုငြိမ်းကို ဒီက ကုမ္ပဏီတွေ လွှဲပေးတယ်၊ ဒယ်ဒီနဲ့မာမီက နိုင်ငံခြားထွက်ပြီး စီးပွားရေးနယ်ချဲ့တယ်၊ အကြီးစားကုမ္ပဏီတွေ ထောင်တယ်၊ ဒယ်ဒီတို့ နိုင်ငံခြားသွားတာ အများတစ်ခုကို ကျူးလွန်သလို ဖြစ်သွားတယ်''

ဏီရဲ့ မျက်နှာလေး မှုန်ဖျော့ကာ အသံလေးကအစ ဝမ်းနည်းကြေကွဲစွာ အစ်မှိုလာသည်။

''ကိုငြိမ်းရဲ့ ဆွယ်မှုကြောင့် ကိုကိုလေး ဆေးသမားဖြစ်သွားတယ်၊ မမကိုလည်း တစ်ခါတစ်ရံ မူးယစ်ဆေးသုံးစေခဲ့တယ်၊ မမ မသိမောတဲ့ ကိုငြိမ်းအချစ်တွေဟာ အဆိပ်တွေမံထားတဲ့အချစ်တွေဆိုတာ မမ မရိပ်မိခဲ့ဘူး၊ ကိုငြိမ်းကို အရင်ကထက် မမ ပိုပြီးစွဲလမ်းလာတယ်၊ ကိုငြိမ်းရဲ့ လုပတဲ့နှိပ်စက်ကွက်တွေကို ကျေကျေနပ်နပ် ခံယူခဲ့တယ်၊ ကုမ္ပဏီတွေရဲ့ ငွေကြေးအားလုံးကို သဲ့ယူပြီးအချိန်မှာ ဖွံ့ဖြိုးလသားအရွယ် သမီးလေးကို မ,ပြီး ကိုငြိမ်း ခြေရာဖျောက်သွားခဲ့တော့တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



အိတို့ အသက်ပင်မရှူရဲအောင် ရင်မှာမွန်းကျပ်အစ်ဆို့သွား

"မမမှာ ကိုငြိမ်းနိုင်စက်လို့ ခန္ဓာကိုယ် ချို့ယွင်းတဲ့ဒဏ် မူးယစ်ဆေးတွေ သုံးခဲ့တဲ့ဒဏ်, နှိပ်ကိုက်နေတဲ့ သမီးလေးကို ဆုံးရှုံး တဲ့ဒဏ်, ကိုငြိမ်းကို ချစ်တဲ့စိတ်, ငွေကြေးစည်းစိမ်တွေ ရှုံးသွားတဲ့ အခြေအနေတွေပေါ် မယုံနိုင်လောက်အောင်ဖြစ်ပြီး အဲသလို ဘ ရောက်သွားခဲ့ရတာလေ၊ အဲဒီတော့ မာမီ့စိတ်မှာ ကိုငြိမ်းဟာ အစ အမြဲ စိုးမိုးနေတယ်၊ နာနာကြည်းကြည်း အမြစ်တွယ်နေတယ်၊ ဘယ် လိုလူငယ်ကိုမဆို ကိုငြိမ်းလိုပဲလို့ အယူသီးနေတယ်၊ ဘယ်လူရွယ်ကို မှ မယုံတဲ့စိတ် ကြီးစိုးနေတယ်၊ ဒါကြောင့် ထိုက်ကို မာမီ အမျိုးမျိုးစွပ် လိမ့်မယ်၊ ကိုငြိမ်းကို ချမှတ်တဲ့ကောက်ချက်မျိုးတွေ ထိုအပေါ်ကို မာမီ ပုံချလိမ့်မယ်၊ ဒီကြောင့် ထိုက်ကို မထိခိုက်စေချင်ဘူး၊ အဲဒီ ဇာ့ရင်ထဲက အစစ်ဆုံး အမှန်ဆုံးဆန္ဒပါ"

အိတို့ မချင့်မရဲ သက်ပြင်းချတော့သည်။ ဇာတို့ မိသားစုရဲ့ အတိတ်အကြောင်း ထိုသို့ဖြစ်နေမှန်း ခုမှ ရီတို့ ကောင်းစွာသိခွင့်ရ သည်။

"ဒါကြောင့် ဇာ့အတွက် မာမီဟာ မာမီစံချိန်နဲ့ ကိုက်ညီတဲ့ အကောင်းဆုံးယောကျ်ားတစ်ယောက်ကို စစ်ထုတ်ရှာဖွေခဲ့တယ် ယောကျ်ားတွေမှာ ကောင်းကွက်တစ်ခုစီ ရှိတယ်ဆိုရင် အဲဒီ ကောင်း ကွက်အားလုံးကို စုပေါင်းပိုင်ဆိုင်ထားတဲ့ မောင့်ကို မာမီ လိုလိုလား လား ရွေးချယ်လိုက်တာပဲ၊ မာမီ လူရွေးမမှားဘူးဆိုတာ ရီတို့ အကဲ ခတ်မိမှာပါ"

ရီတို့သုံးယောက် ဆိုဖာနောက်မှီတွေပေါ် ကျောမှီလိုက်တော့ သည်။ ဇာ့ဖြစ်စဉ်ကို ဝေဖန်လို့ မတတ်နိုင်တော့သလို အကြံပေးဖို့ လည်း အားမရှိတော့။



"ဒါကြောင့် ထိုအကြောင်း မောင့်ကို ရင်ဖွင့်ခြင်းထက် မျိုသိပ် ခြင်းဟာ ပိုကောင်းတဲ့ လမ်းလွဲမှုလို့ ဇာ ယူဆလိုက်တာ၊ နောက်ပြီး ဇာ ထိုက်ကို သတိတရ ဖြစ်တဲ့စိတ်ကို ထိုမှာ ထို ကောင်မလေးရှိတယ် ဆိုတဲ့ အသိနဲ့ ချေဖျက်ပစ်ဖို့ ကြိုးစားရင်း မောင့်ဆန္ဒတွေကို အကောင်း ဆုံး ဖြည့်ကျင့်ကြံသွားဖို့ အားမွေးလိုက်မယ်၊ မောင့်ကို ဇာ့ရင်ထဲရောက် ဖို့ အမြန်ဆုံး မဟုတ်ရင်တောင် တဖြည်းဖြည်း ဝင်ရောက်သွားအောင် သွပ်သွင်းလိုက်မယ်၊ အချိန်ကာလတစ်ခုရောက်ရင်တော့ အိတို့ပြောတဲ့ အစစ်အမှန် ခံစားမှုကို ရလာမှာပါ၊ အရှင်းဆုံးပြောရရင် ဇီလျံဘာလိတ် ပြီး မပြုံးရစေမယ့် အနေအထား ရောက်သွားမှာပါ၊ ဇာတော့ အဲလိုပဲ မှတ်လိုက်တော့မယ်"

ဇာ့ရင်မှာ အနည်းငယ် ပေါ့သွားသလို ခံစားမိသည်။ ဇာ အယူအဆကို အိတို့လည်း ဆွေးနွေးဖို့ စိတ်မကူးရဲတော့။ ဒီလို အကျဉ်းအကျပ် အခြေအနေတစ်ခုကို သိဂုက်နိုင်သည့် ဇာ၏ ဟန် ဆောင်မျိုသိပ်နိုင်မှုကိုသာ အိတို့ အံ့ဩသွားမိသည်။ ဇာ့နေရာမှာ အိတို့သာဆိုရင် ဇာလို မျိုသိပ်နိုင်လိမ့်မယ် မထင်ဘူး။

"ကဲ ဒါဆိုရင် ရီတို့ပြန်တော့မယ်၊ ဇာ့မောင်ကို ဇာစောင့် သတော့"

အိတို့ လေးလေးပင်ပင် နှုတ်ဆက်၍ ထွက်သွားစဉ် ဇာ ယိမသာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။ အိတို့ခြေသံတွေ ပျောက် ကွယ်သွားတော့ ဇာ့မျက်နှာပြင်ဟာ အခိုးအငွေ့တွေ ဝေနေသည့် သမုဒ္ဒရာလို မှိုင်းမှောင်မှောင်ဖြစ်နေတော့သည်။

မောင်ရယ် တစ်ချိန်မှာ ဇာ့ရင်ထဲက အစစ်အမှန်ခံစားချက်ကို သိလာမှာပါကွယ်။ ခုတော့ မောင့်အတွက် ဇာ ဟန်ဆောင်ပါရစေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သမုဒ္ဒရာသည် လှို့ဝှက်သော မာယာတွေကို ပိုင်ဆိုင်ထားသလို ကံကြမ္မာသည်လည်း လှို့ဝှက်သော မာယာကို ပိုင်ဆိုင်ထားတယ်လို့ ဏီထင်သည်။ ဏီ ကုမ္ပဏီသွားရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထိုအချိန်တွင် မာမီ ရုတ်တရက်မူးကာ ဧည့်ခန်းဆိုဖာပေါ် လဲကျသွားသည်။ ဏီ အထိတ်တလန့် ဖြစ်၍ မာမီကို ဆွဲပွေ့လိုက်ပြီး

"မာမီ မာမီ မာမီ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ဟင်"

အနည်းငယ် တင်းသယောင်ဖြစ်နေသည့် မာမီ့မျက်နှာကို စိုးရိမ်တကြီး ကြည့်၍ မေးမိသည်။ မာမီကိုယ်က ဆိုဖာပေါ် နွမ်းဖျော့နေသည်။

"မာမီသတိထားပါ မာမီ၊ မမကို ပြုစုရတဲ့ဒဏ်နဲ့ မာမီ ဖျားပြီထင်တယ်၊ အခန်းထဲ ခဏလှဲနေပါ မာမီ"

မာမီ့ကိုတွဲ၍ ဏီ အခန်းထဲ ခေါ်သွင်းခဲ့သည်။ မာမီ့ကို ခုတင်ပေါ် သက်သောင့်သက်သာ လှဲအိပ်စေသည်။ မာမီ့ရင်အစုံက အသက်ရှူလိုက်တိုင်း မျက်နှာလေး သိသိသာသာ ရှုံ့တွနေသည်။

"မာမီ နေသာရဲ့လား"

မာမီ အသက်ဝဝ ရှူ၍ ခေါင်းအသာဆတ်ပြသည်။

"ခေါင်းရင်းက ဆေးပုလင်း ယူပေးပါသမီး၊ ဆေးသောက်



လိုက်ရင် သက်သာသွားမှာပါ" လို့ မာမီ ခပ်လေးလေး ပြောသည်။ ဏီ ချက်ချင်း ဆေးဘူးယူသည်။ သောက်ဆေးတစ်ပြားထုတ်၍ မာမီ့ကို တိုက်လိုက်သည်။ မာမီ ခုတလော မူးမူးနေတာ ခဏခဏ။ ဏီ့ စိုးရိမ်စိတ်တွေက မပြယ်။ မာမီသာ တစ်စုံတစ်ခု ဖြစ်သွားရင် ဆိုသည့် အသိက ဏီ့ရင်ကို ဖိစီးလာသည်။ ဒါကြောင့် –

"မာမီ ပါရဂူဦးထွန်းလူနဲ့ နှလုံးစမ်းသပ်မယ်ဆိုတာ မစမ်းသပ်ကြည့်ဘူးထင်တယ်"

မာမီ အသက်လေးလေး ရှူပြီး –

"စမ်းသပ်ပြီးပြီ၊ ခုနသောက်တဲ့ဆေးက ဦးထွန်းလူပေးတဲ့ ဆေးပဲလေ၊ ရင်တုန်ပြီး မူးလာရင် အဲဒီဆေးသောက်ပါတဲ့၊ မသက်သာရင် ဖုန်းဆက်ခေါ်ပါတဲ့"

"အို ဒါဆို အန်ကယ့်ကို ခေါ်မှပေါ့"

"နည်းနည်းသက်သာသလိုပဲ"

"ဘာပဲဖြစ်ဖြစ် ခေါ်လိုက်တာ ကောင်းတယ်မာမီ၊ ရောဂါဖြစ်ချိန်မှာ စမ်းသပ်စစ်ဆေးသော့ ပိုကောင်းတာပေါ့"

ဏီ ပြောပြောဆိုဆို ဦးထွန်းလူဆီ ဖုန်းနံပါတ် ချက်ချင်း နှိပ်လိုက်သည်။

"ဟဲလို"

"ဩော်၊ အန်ကယ် ဏီပါ"

"ဏီဏီလား ပြောသမီး"

"မာမီ ခုနလေးတင် မူးလို့ အန်ကယ်ပေးတဲ့ဆေး တိုက်ထားပါပြီ၊ အန်ကယ်လာကြည့်ပေးပါလား အန်ကယ်"

"အင်း လာကြည့်ပေးမယ် စိတ်ချ၊ အန်ကယ်လည်း အခု ဆေးရုံသွားမလို့၊ ဏီ မာမီကို ဆေးရုံမဝင်ခင် ဝင်ကြည့်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ အန်ကယ်"

အန်ကယ် နှုတ်ဆက်၍ ဖုန်းချသွားသည်။ ဏီ စိုးရိမ်စိတ် မပြယ်ကာ သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် မာမီကို ကရုဏာ သက်စွာ ကြည့်မိသည်။ မာမီ ယဲ့ယဲ့လေးပြုံးရင်း –

"သမီးကလည်းကွယ် မာမီ သက်သာလာပြီ"

"သက်သာရုံနဲ့ မပြီးဘူးမာမီ၊ ကောင်းသွားဖို့ အရေးကြီး တယ်၊ မာမီ လှဲနေနော်၊ ဏီ အန်ကယ်ကို ထွက်စောင့်လိုက်မယ်"

မာမီ မရွှင်မပျပြုံး၍ ခေါင်းအသာညိတ်သည်။ မာမီ စိတ် ကြည်နူးသွားအောင် မာမီ့နဖူးကို ဖွဖွနမ်း၍ ဏီ ပြုံးပြလိုက်သည်။ ထို့နောက် ‿ည့်ခန်းသို့ ထွက်လာ၍ အန်ကယ့်အလာကို စောင့်နေမိ သည်။ ဆယ်မိနစ်ခန့်ကြာတော့ ခြံဝင်းထဲသို့ အန်ကယ်ကား မာစီးဒီး အနက်လေး လိမ့်ဝင်လာသည်။ မှန်အနက်ချထားသည့် ထိုကားလေး က ဆင်ဝင်အောက်မှာ ငြိမ့်ခနဲ ထိုးရပ်သည်။

အန်ကယ်က ကားနောက်ခန်းမှာ ထိုင်လေ့ရှိသည်။ အန် ကယ် ကားပေါ်ကဆင်းနိုင်ရန် ဏီ အလိုက်သိသိ ကားတံခါးဆွဲဖွင့်၍ ပြုံးကာကြိုဆိုသည်။ ကားနောက်ခန်းမှ ဆင်းလာသူသည် ဏီထင်သ လို ပါရဂူ ဦးထွန်းလူမဟုတ်မှန်း တွေ့မြင်ရစဉ် ဏီ အသက်မဲ့သလို တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ကားပေါ်မှ ဆင်းလာသူသည် အဖြူရောင်မျက်မှန်ဝိုင်းလေး တပ်ထားသည်။ အပြာမှာ အဖြူစင်းလေးပါသည့် ရှပ်လက်တို ခပ်ညို့ ညို့နှင့် စတိုင်ဘောင်းဘီအပြာ ခပ်ညှို့ညှို့ကို သပ်သပ်ရပ်ရပ် ဝတ်ထား သည့် တည်တည်တံ့တံ့ မျက်နှာပေးပိုင်ရှင် လူရွယ်တစ်ဦး ဖြစ်သည်။

ထိုလူရွယ်သည် ဏီထင်မှတ်မထားသည့် နေဝန်းထိ ဖြစ်နေ တော့သည်။ မှတ်မှတ်ရရ ပြောရရင် သူ့ကို မမြင်ရတာ တစ်လတိတိ



ရှိရောပေါ့။ ထိုလည်း ဏီ့ကို လာမငေးတာ ထိုမျှရှိခဲ့ပြီး။ ရုတ်တရက် မြင်ရစဉ် ထိန်နှုတ်ခမ်းလွှာ တအံ့တဩ တွန့်ကွေးသွားသည်။

သူ့လက်မှာ ဆွဲကိုင်ထားသည့် ဆေးအိတ်လွတ်မကျအောင် သတိကြီးစွာ ဆုပ်ကိုင်မိသည်။ ဏီ့ရင်မှာ အစွမ်းကုန် အံ့ဩသွားပြီး

"ရှင် ရှင်က"

ဏီ့အသံ ကတုန်ကယင် ခုန်ပေါက်ထွက်လာစဉ် သူသတိဝင် လာသည်။ ထိုအခါ သူ တည်ငြိမ်မှုတွေကို ဆုပ်ကိုင်ပြီး –

"ကျွန်တော် ပါရဂူဦးထွန်းလူရဲ့တပည့် ဒေါက်တာနေဝန်းထိ —၊ အရေးပေါ်ခွဲစိတ်ရမယ့်လူနာတစ်ဦး ရောက်လာလို့ ဆရာ ဆေးရုံ —န်သွားပြီး ကျွန်တော့်ကို ဒီလွှတ်လိုက်တာပါ၊ ဒါနဲ့ လူနာကြည့်ပါရ —"

သူ့အသံသည် လေ့ကားထောင့်မှာ ပြောတဲ့ စကားသံတွေလို —ခုန်လှုပ်ရှားမှုတွေနဲ့ တုန်ခါမနေ။ ဆူလောင်ပွက်ထမနေခဲ့။ သူ့ —သွင်သဏ္ဍာန်နှင့် စကားလုံးက တစ်ယောက်စီဟု ထင်ရလောက် —အောင် ခြားနားလွန်းလှသည်။

ထိ အစစ်မှ ဟုတ်ရဲ့လား။ ရုပ်ရှင်တွေထဲကလို နှစ်ကိုယ်ခွဲ —ား။ အမြွှာညီအစ်ကိုလား။ ဝါရင့်ဆရာဝန်တစ်ယောက်လို တည် —ည်ငြိမ်ငြိမ်ဆိုလာသည့် ထိကို ဏီ မယုံကြည်လောက်အောင် ခံစား —ကာ ခြေတစ်လှမ်းနောက်ဆုတ်မိသည်။ သူ ခြေလှမ်းစ၍ ဧည့်ခန်းထဲ —လိုက်သည်။ ဏီ ထိကျောပြင်ကို ဆူဆူဝေဝေ ငေးကြည့်မိသည်။ —စဉ် မာမီ အခန်းထဲက ထွက်လာသည်။

"ဒေါ်ပုလဲဆိုတာ အန်တီထင်တယ်"

မာမီကို သူ တည်ငြိမ်စွာ ကြည့်၍ မေးသည်။ မာမီမျက်ဝန်း —နောင်ဘဖျပ်ဖျပ် ခါသွားသည်။ စကားသံတွေကြားလို့ ဒေါ်ပုလဲ

www.burmeseclassic.com

www.burmeseclassic.com



ရတနာ အိမ်ခန်းထဲက ထွက်ခဲ့စေခြင်း။

"ကျွန်တော့်ကို ဆရာ ကိုယ်စားလွှတ်လိုက်တာပါ အန်တီ"

သူ ကြည်ကြည်လင်လင်ပြောလျှင် မာမီ သဘောပေါက်ဟန်တူသည်။ ဒါပေမဲ့ မာမို့မျက်နှာပြင် ရင့်သွားသည်ကို ဏီ အကဲခတ်မိတာကြောင့် ဏီ့မျက်နှာပေးကို ဏီ အမြန်ဆုံးပြုပြင်ပြီး မျက်နှာပေး ချိုချိုနဲ့ ဆိုလိုက်သည်။

"မာမီ အန်ကယ့်တပည့်တဲ့လေ"

"ဆရာ သေချာမှာလိုက်ပါတယ်၊ အန်တီ့ကို သေချာစမ်းသပ်စစ်ဆေးခဲ့ပါတဲ့၊ ကျွန်တော် သေချာ စမ်းသပ်ပေးမှာပါ၊ စိတ်ချပါ အန်တီ"

လူနာရောဂါတစ်ဝက်သက်သာသွားစေမယ့် မျက်နှာအမူအရာ၊ အသံကြည်ကြည်နှင့် သူပြော၏။ မာမီ မျက်နှာပေး ပိုတင်းလာသည်။ မာမို့ဆီမှာ မျက်နှာစိမ်းကို ယုံကြည်တတ်တဲ့ အလေ့အထ မရှိခဲ့။ ထိုအလေ့အထကြောင့် လိုလားဟန်မတူတဲ့ မျက်ဝန်းကာ စိမ်းမှောင်လျက် နှုတ်ခမ်းပါးတွန့်မဲ့၏။

ဘုရား ဘုရား ဘာတွေဖြစ်လာမှာလဲ၊ ဏီ တစ်ခုခု ကြားဝင်ပြောဟန်ပြင်လျှင် မာမီဦးစွာ တင်းတင်းမာမာ ပြော၏။

"မင်း ပြန်တော့" တဲ့။

"ဗျာ"

ရောဂါကုသပေးဖို့လာတဲ့ ဆရာဝန်တစ်ယောက်ကို ကာယကံရှင် လူနာက အခုလို ရင့်ရင့်သီးသီး နှင်လိမ့်မယ်လို့ မထင်မှတ်တဲ့သူ။ အံ့သြတုန်လှုပ်သွားတာ အမှန်ပင်။

"ခပ်ငယ်ငယ် ဆရာဝန်တစ်ယောက်ရဲ့ အရည်အသွေးကို အန်တီမယုံဘူး၊ ဦးထွန်းလူမလာနိုင်လည်း ကိစ္စမရှိဘူး၊ တခြား



ပါရဂူပင့်လိုက်မယ်၊ မင်းဆရာကို ပြောလိုက်ပါ နောက်တစ်ခါ ဒေါ်ပုလဲဆီကို လူစားမလွှတ်ပါနဲ့လို့၊ ဏီဏီ ပါရဂူအောင်မော်ဦးကို ပင့်လိုက်ပါ"

မာမီ တစ်ဆက်တည်းဆို၍ အခန်းထဲ ဝင်သွားသည်။ ဏီ ယောင်ယောင်မှားမှားနှင့် –

"ဟုတ် ဟုတ်ကဲ့ မာမီ ဟုတ်ကဲ့"

ထိုအချိန်တွင် သူသည် စော်ကားခံရသူတစ်ယောက်လို နီမြန်းသော မျက်နှာပေးနှင့် လှည့်ထွက်သွားသည်။ ဏီမျက်လုံးဟာ ပွင့်နေပေမယ့် ဘာမှမမြင်ရတော့။ မောင်းကျောက်မှန်တဲ့ ကြက်တစ်ကောင်လို ချာလပတ်လည်နေမိ၏။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၁၃)

မွှေးဖျော့သည့် ရေမွှေးနံ့သင်းသင်းလေးကြောင့် ဏီ အသိဝင်လာသည်။ ထိုရေမွှေးလေးက မောင့်ဆီကဖြစ်ကြောင်း မျက်လုံးဖွင့်မကြည့်ဘဲ ဏီ သိလိုက်သည်။

"ဏီ"

စိုးရိမ်တကြီးရှိသော မောင့်အသံကြောင့် ဏီ မျက်လုံးဖွင့်ဖို့ ကြိုးစားသည်။ မျက်နှာပျက်လောက်အောင် စိုးရိမ်နေသည့် မောင့်အသွင်ကို မြင်ရတော့ ဏီအားနာသွားသလို စိတ်မကောင်းလည်း ဖြစ်မိသည်။

"အဲဒါသာကြည့်တော့ သားရယ် မာမီ့ကိုစစ်ဆေးဖို့ ပါရဂူ ပင့်ပါတယ်၊ မာမီထက် သမီးက ရောဂါပြင်းသွားတယ် ဟင့် ဟင့်"

မာမီ ကြည်ကြည်နူးနူးပြော၏။

"သမီးလေးက အလုပ်တွေများတာကိုး မပူလဲရယ်"

မောင့်မာမီကလည်း ဂရုတစိုက် ပြောပြန်သည်။ မာမီနဲ့အတူ မောင်တို့ရဲ့ အဖြစ်ကဲနေမှုအောက်မှာ ဏီ တကယ့်လူနာလိုဖြစ်ရပြန်သည်။ ဏီ အလိုက်သင့် နှုတ်ခမ်းပါးပေါ် အပြုံးနုနုလေး တင်လိုက်သည်။ ဏီပြုံးမှ မောင် မျက်နှာလေး အရောင်လင်းလာသည်။



"မောင် စိုးရိမ်သွားတာပဲ ဏီရယ်၊ အလုပ်တွေချည်းပဲ မလုပ်နဲ့လေ၊ အလုပ်များတဲ့အခါ မောင့်ကိုခေါ်၊ မောင်လာကူပေးမယ်နော်"

ဏီ ခေါင်းညိတ်လိုက်သည်။ မာမီက ဆန်ပြုတ်တစ်ပန်းကန် ယူလာ၍ မောင့်လက်ထဲအပ်ပြီး -

"ဏီ့ကို ဆန်ပြုတ်တိုက်လိုက်ပါကွယ်၊ သမီးက ကြက်သား ဆန်ပြုတ်သောက်ရမယ်ဆိုရင် သိပ်ကျိုက်ကျောင်များတာကွယ့်"

"သား ဏီဏီ့ကို ချော့ပြီး တိုက်ပါကွယ်၊ ဏီဏီလေးက အားနည်းနေတာ၊ ဆန်ပြုတ်သောက်လိုက်ရင် အားရှိလာမှာ"

သူ့မာမီက ဂရုတစိုက်နဲ့ တယုတယပြောသည်။ သူ ခေါင်းညိတ်၍ ဆန်ပြုတ်အေးအောင် ဖွန်းနှင့် မွှေနေသည်။

"သမီးလေး ဆန်ပြုတ်သောက်လိုက်နော်၊ ဒါမှ အားရှိမှာ"

မောင့်မာမီ ထပ်ဆင့်ဆိုစဉ် ဏီအပြုံးမပျက် ခေါင်းညိတ်လိုက်သည်။ ထို့နောက် မာမီနှင့် မောင့်မာမီ ဏီ့အပါးမှာ မောင့်ကို စိတ်ချလက်ချထား၍ ထွက်သွားကြသည်။ ဏီ သက်ပြင်းညည်ညည်ချ၍ သုံ့လျောင်းနေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

"ဖြည်းဖြည်း ဏီ၊ ထမယ်ဆို ပြောလေ၊ မောင်ထူပေးမယ်၊ ဆိုရယ်"

ဏီ့ကို ကလေးတစ်ယောက်လို ဂရုစိုက်နေသည့် မောင် အပြုအမူကို ဏီ အပြုံးနှင့် အသိမှတ်ပြုပြီး -

"ရပါတယ်မောင်ရယ် ဏီက နေမကောင်းတာမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဏီ၊ နေမကောင်းတဲ့အချိန်မှာ လူနာကို ဂေး‌မ,ပြုစုတော့ လူနာပိုပြီး စိတ်ဆောင်တာပေါ့ ဏီ"

"ဟုတ်မယ်၊ ဒါကြောင့် ဏီ့ဘာသာဏီ ထလိုက်နိုင်တာ"

ထိုအခါ မောင်ပြုံးသွားပြီး -

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရင်ကိုမှန်အောင် ဏီ သိပ်ပြောတတ်တာပဲ"

ဏီ့ရင်မှာ မလုံမလဲ ဖြစ်သွားမိသည်။ မောင်က ကြည်နူးသည့်အပြုံးနှင့် ဆန်ပြုတ်ကို ဂရုတစိုက်မွှေနေလို့ တော်သေးသည်။ ဏီ စကားလမ်းကြောင်းပြောင်းဖို့ စိတ်ကူးရတာကြောင့် –

"မောင် ဘယ်လိုရောက်ခဲ့တာလဲ"

"မမကြွေ ဖုန်းဆက်ခေါ်လို့"

"ဟင် မမက"

"ဟုတ်တယ်ဏီ၊ မမကြွေ ဖုန်းဆက်လို့ မောင်ချက်ချင်းပြေးလာတာ"

"မောင်လာတာ ဟုတ်ပါပြီ၊ မောင့်မာမီကို ဘာလို့ ခေါ်လာရတာလဲ၊ မာမီ အလုပ်ပျက်တာပေါ့"

"ဏီရယ် မာမီအလုပ်ပျက်မှာကို မစိုးရိမ်ပါနဲ့၊ ဏီ့ကို စိုးရိမ်လို့ မာမီတင်မကဘူး ဘွားဘွားတို့နဲ့ မရီးတွေပါ လိုက်လာကြတာလေ"

"ဟင်"

ဏီ မျက်နှာအရောင်တောက်သွားသည်။ ဏီမျက်ဝန်းပြုံးသွားသည်။ မောင်က ကရုဏာသက်စွာကြည့်ပြီး –

"အန်ကယ်အောင်မော်ဦးက ဏီ ဘာမှဖြစ်တာမဟုတ်ဘူး၊ ပင်ပန်းလွန်းတာပါလို့ ပြောမှ စိတ်ချပြီး ပြန်သွားတာ၊ ဏီက ဆေးအရှိန်နဲ့ အိပ်ပျော်နေတာလေ၊ မရီးနှစ်ယောက်က ခုလေးတင် ပြန်သွားတာ၊ မာမီက ဏီနိုးလာတဲ့အထိ စောင့်ကျန်ခဲ့တာ"

မောင့်မိသားစုဝင်တွေရဲ့ သည်းသည်းလှုပ် မြတ်နိုးခံရမှုသည် ဏီ့ရင်ကို ကြိုးအထပ်ထပ် ချည်နှောင်ထားသလို တင်းကျပ်လွန်းလှသည်။ ဏီ့မျက်နှာ သိသိသာသာ ညှိုးသွားပေမယ့် မောင်မမြင်လိုက်။ ဆန်ပြုတ်ကို အာရုံစိုက်မွှေနေတာကြောင့် သတိမထားမိခြင်း။



မောင့်မျက်နှာ ကြည်စင်စင်လေးကို ဏီ ကရုဏာသက်စွာ ကြည့်မိသည်။ ဏီဟန်ဆောင်တာကို မရိပ်မမ်းတတ်လောက်အောင် ရိုးစင်းတဲ့မောင့်ကို ဏီဟန်ဆောင်ရအောင် လှည့်ဖြားနိုင်တဲ့ ကံကြမ္မာကို ပြစ်တင်ချင်မိသည်။ ထိုစိတ်နှင့်အတူ ဏီ့ရင်မှာ ဝမ်းနည်းခြင်းတွေ ဖို့တက်လာသည်။ ဏီမျက်ဝန်းမှာ မျက်ရည်ဥတွေ ခိုတွယ်လာသည်။ ဏီ နှုတ်ခမ်းပါး တုန်လာသည်။

"ကဲ ဏီ ဆန်ပြုတ်သောက်ရအောင်၊ ဟင် ဏီ ဏီ ဘာဖြစ်လို့ ငိုတာလဲ"

သူ ဆန်ပြုတ်ပန်းကန်ကို စားပွဲပေါ် ကမန်းကတန်း တင်လိုက်သည်။ ဏီမျက်ရည်စတွေကို မောင့်လက်ချောင်းလေးများနှင့် ဘို့ထိ သုတ်ပေးပြီး ဏီ့အပါးမှာ ကြင်နာစွာ ထိုင်ချသည်။

"ဏီ မငိုနဲ့လေ၊ ဘာဖြစ်လို့ ငိုရတာလဲကွယ်၊ ဆန်ပြုတ်မသောက်ချင်ဘူးလား၊ မသောက်ချင်ရင် မသောက်နဲ့လေ၊ အပြင်သွားပြီး တစ်ခုခု ကျွေးမှာပေါ့၊ မငိုပါနဲ့၊ ဏီမသောက်ချင်ရင် ဆန်ပြုတ် မတိုက်ပါဘူး ဏီရယ်"

မောင့်စိတ်က အဲဒီလောက်ထိ ရိုးစင်းလွန်းသတဲ့လား မောင်ရယ်။ မောင့်ကို ဏီ မျက်ဝန်းအကြည့်နှင့် အကြိမ်ကြိမ် တောင်းပန်မိသည်။ တောင်းပန်စိတ်နဲ့ ဏီ့ကိုယ်ဏီ ပြန်ထိန်းချုပ်လိုက်ပြီး –

"ဆန်ပြုတ်မသောက်ချင်လို့ မဟုတ်ပါဘူး မောင်ရယ်"

"ဘာဖြစ်လို့"

"ဏီ့ကို မောင့်မိသားစုဝင်တွေ အဲသလောက် အရေးထားသတဲ့လား ဟင်"

ထိုအခါ မောင် သဘောကျဟန် မျက်နှာပြင် မြူးထူးသွားပြီး

"အဲဒါကြောင့် ငိုတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဏီ ခေါင်းညိတ်လိုက်သည်။ ထိုအခါ မောင် သွားစွယ်လေး ပေါ်အောင် ရယ်လိုက်လျှင် မောင့်နှုတ်ခမ်းလွှာက တစ်ဖြောင့်တည်းလို ဖြစ်သွားသည်။

"ဏီဏီ အရှုံးမလေး၊ ဒါ ငိုစရာလား"

လို့ နှုတ်ဆီကို ဖွဖွထု၍ နောက်၏။ မောင်၏ ဝမ်းမြောက် မြူးတူးမှုကို ဏီ ရယ်ခြင်းဖြင့် တုံ့ပြန်မိသည်။

"ဏီ ငိုမနေပါနဲ့၊ ဒါ ငိုစရာမဟုတ်ဘူး။ ကျေနပ်စရာ၊ အားတက်စရာလေ၊ ဒါကြောင့် ပြုံးစမ်းပါ၊ လှလှလေး ပြုံးပြီး ပီတိ ဖြစ်လိုက်စမ်းပါနော် ဏီ"

ဏီခေါင်းညိတ်၍ မျက်ရည်စတွေ ကုန်အောင် ပွတ်သပ်လိုက်သည်။ မောင်ကျေနပ်အောင် ပီတိရိပ် လွှမ်းခြုံ၍ ပြုံးရသည်။ ထိုအခါ မောင်ကျေနပ်ပုံ ရသွားဟန်တူသည်။

"ဒီလိုမှပေါ့ ဏီရယ်၊ ကဲ ဏီ ဆန်ပြုတ်နွေးနွေးလေး သောက်ရအောင်"

ဏီ ခေါင်းညိတ်ရပြန်သည်။ မောင်တိုက်တဲ့ဆန်ပြုတ်ကို ဏီ မငြင်းရက်တော့။ ဏီ ဖျားတဲ့အခါ အကြောက်ဆုံးက ဆန်ပြုတ် သောက်ရခြင်းပါပဲ။ ဒါပေမဲ့ သောက်ရတော့မှာပေါ့။

✿ ✿ ✿

## အခန်း (၁၄)

"ဟင်"

"ဒါဆို နေဝန်းထီက ဆရာဝန်ပေါ့၊ ဟုတ်လား"

ရီနှင့်အိ မျက်လုံးအပြူးသား မေးကြသည်။ ဏီ လေးလံ ထိုင်းမှိုင်းစွာ ခေါင်းညိတ်လိုက်သည်။

"ဒီပုံဆို နေဝန်းထီဟာ ဖဲတစ်ချပ်ဝှက်ပြီး ကစားသူလို မရိုးသားဘူးဆိုရမလို ဖြစ်နေပြီ"

"ဏီ မခန့်မှန်းချင်တော့ဘူး၊ ဖြစ်နိုင်ရင် ထီအကြောင်း အားလုံးကို စုပုံပြီး မီးရှို့ပစ်လိုက်ချင်တယ်"

ဏီ ဗိုင်တွဲတစ်ခုကို ဆွဲယူ၍ အာရုံပြောင်းအောင် စိတ်နှစ် လိုက်မိသည်။

"တစ်ခုတော့ ရှိတယ် ဏီ"

ရီ လေးလေးနက်နက် ဆိုလာသည်။ ဏီ ဗိုင်တွဲကို စားပွဲ ပေါ်တင်၍ ရီထံ အားမပါစွာ ကြည့်မိသည်။

"နေဝန်းထီ ဆရာဝန်တစ်ယောက်မကလို့ ကမ္ဘာကျော် ဆရာဝန်ပဲဖြစ်ပါစေ ဏီ့အတွက် စိတ်ဝင်စားစရာ အချက်တစ်ချက် မဟုတ်ဘူးဆိုတာ ရီတို့ သဘောပေါက်ပါတယ်၊ ထီငေးကြည့်တာက

www.burmeseclassic.com

www.burmeseclassic.com



စပယ်ကြီးမြွေရဲ့ ညှို့မှုမျိုးဖြစ်တယ်လို့ဆိုနိုင်သလို ထိရဲ့လျှို့ဝှက်ချက်နဲ့ လှုပ်ရှားမှုက ဏီရင်ကို ဝုန်းခနဲပြိုကျသွားအောင် ပစ်နိုင်မယ့် အရောင်ပြောင်းထားတဲ့မြားတစ်စင်းလို့လည်း ယူဆနိုင်တယ်၊ အဲဒီတော့ ထို့ဖြစ်စဉ်ကို ပြန်စုစည်းပြီး အဖြေထုတ်လိုက်ရင် ထိဟာ ဏီ့ကို ပုံမှန်မဟုတ်တဲ့ရည်ရွယ်ချက်နဲ့ မျှားယူတာလို့ ကောက်ချက်ချနိုင်တယ်ဏီ''

ဏီ သက်ပြင်းရှိုက်လိုက်သည်။ ဏီ့ရင်မှာ ဒီရေတက်လာသလို ဆို့ကျပ်မှုတွေ လှိမ့်တက်လာသည်။

''အိတော့ ထိအကြောင်း စုံစမ်းလိုက်ချင်တယ် တကယ်၊ ဒါနဲ့ မေ မရောက်သေးဘူးလား''

အိ စကားလွှဲဆိုလာသည်။

''မရောက်သေးဘူး၊ မနေ့က ဏီနေမကောင်းလို့ ကုမ္ပဏီမသွားဖြစ်ဘူးလေ၊ မေရောက်လာလို့ အဲဒီအကြောင်း မေ့ကို ပြောပြလိုက်မိတယ်''

''ထိုအပေါ် မေ ဘယ်လိုထင်လဲ''

''ဘာထင်မြင်ချက်မှ မပေးဘူး၊ မာမီနဲ့မောင်က ဏီအနားမှာ အချိန်ပြည့်ရှိနေတာ၊ မောင်ဆိုလို့ ပြောရဦးမယ်၊ ဏီ မောင့်ကို အံ့ရမ်းသနားတာပဲ၊ နောက်ပြီး မောင့်မိသားစုဝင်တွေကိုလည်း အံ့ဩမိတယ်၊ ဘာကြောင့်များ ဏီ့အပေါ် အဲလောက်ခင်တွယ်ကြသလဲဆိုတာ စဉ်းစားမိတိုင်း ဏီ့ရင်ကို တုန်နေစေတယ်၊ ဏီ ရှေ့ဆက် ဘယ်လိုရင်ဆိုင်ရမှန်း မသိတော့ဘူးဟာ''

''ဟော့ ဏီ ဘယ်လိုရင်ဆိုင်ချင်လို့လဲ''

အသံကျယ်ကျယ်နှင့် လှမ်းဝင်လာသည့် မေ့ကို ငေးကြည့်မိသည်။ မေအသွင်က ထုံပေပေနှင့် မြူးကြွကြွလေးဖြစ်နေသည်။

''မေ ဘယ်သွားတာလဲ၊ မေ့မောင်တော်က မေ့ကို သိပ်စိတ်



ချတာ မဟုတ်ဘူး။ မေ တစ်ယောက်တည်းအပြင်မထွက်နဲ့၊ ပြဿနာတက်ရင် ရီ ခေါင်းပူရတယ်''

ဝင်လာသည့် မေ့ကို ရီက အနိုင်ယူချင်စိတ်နဲ့ ပြောသည်။ ဟုတ်တော့လည်း ဟုတ်တာပဲ။ မေ့ခင်ပွန်းက အင်မတန် သဝန်တိုတဲ့ယောကျ်ား။ သူငယ်ချင်းအဖော်မပါဘဲ အပြင်ထွက်ခွင့် မပေးဘူး။ ရီပြောတော့ မေ မနှစ်သက်ဟန် နှုတ်ခမ်းပါးတွန့်၍ –

''ခေါက်ထားစမ်းပါဟာ၊ မိန်းမကိုတော့ ဟိုမထွက်နဲ့ ဒီမသွားနဲ့၊ အဖော်ရှိမှ သွားဆိုပြီး ချုပ်ချယ်တာ၊ သူက သူ့ကိုယ်သူ ခုထိလူပျိုထင်နေတာ၊ မေ သိပ်ကြည့်ရတာ မဟုတ်ဘူး''

''ကြည့်မရလို့သာပေါ့၊ ကလေးတစ်ယောက် မွေးလိုက်တာ''

အိက နှုတ်ခမ်းပါးပါး ထော်၍ခွပ်လိုက်သည်။ မေက ရှက်ရိပ်ဖြတ်ပြေးသော မျက်နှာလေးနှင့် –

''မွေးရမှာပေါ့၊ ကလေးနဲ့ သူ့အစွယ်ကို ချိုးထားရတာလေ''

''ကဲ မေ သူ့အကြောင်းပြောနေရင် မိုးလင်းသွားမယ်၊ ခုဘယ်ကလာတာလဲ''

ရီက စိတ်မရှည်တတ်သူပီပီ သိချင်တာကို ဖွင့်မေးသည်။

''ထိလေ ထိအကြောင်း စုံထောက်ပြီး ပြန်လာတာ''

''ဟင် ထိအကြောင်း''

ရီတို့ တအံ့တဩဖြစ်ပေမယ့် ဏီ မအံ့ဩမိအောင် နှုတ်ခမ်းပါးကို အတင်းစေ့၍ အာရုံကိုကျုံ့ထားမိသည်။

''ကဲ ဆိုပါဦး ထိအကြောင်းက ဘာလဲ''

အိ ခပ်လောလောမေးသည်။ မေ ဆိုဖာပေါ် ကိုယ်ဆန့်ထိုင်ပြီး

''ထိက အနုကယ်ရဲ့ စိတ်အချရဆုံး တပည့်ရင်း၊ ပုဂ္ဂလိကဆေးရုံတစ်ခုမှာ အချိန်ပိုင်း တာဝန်ထမ်းတဲ့ ဆရာဝန်၊ ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်း သေးသေးတစ်ခု ဖွင့်ထားတယ်၊ ဒီလောက်ပဲ သိရတယ်၊ သူ့မိဘ ဘယ်သူဘယ်ဝါ၊ သူဘယ်မှာနေတယ်ဆိုတာ မသိကြဘူး။ ထိုက ဆေးရုံတာဝန်ကို နိုက်ဂျူတီချည်း ပြောင်းယူထားတာတဲ့၊ ထို့ဆေးခန်းက နှစ်မလေး ပြောပြတာလေ''

''အင်း အဲဒီအပြောထဲမှာ ထူးခြားတာတစ်ခုက ထိုဟာ သူ့ဆေးခန်းကနေ ညနေ ငါးနာရီမထိုးခင် ပျောက်ပျောက်သွားတတ်တယ်၊ နာရီဝက်လောက်ကြာလို့ ပြန်ရောက်လာရင် မြူးမြူးထူးထူးလေး ဖြစ်လာတတ်တယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါ မှိုင်ပြီး ပြန်လာတတ်တယ်၊ အခု တစ်လလောက်ရှိပြီ၊ အဲဒီအချိန်ဆို အခန်းထဲက မထွက်တော့ဘူးတဲ့၊ မနေ့ နေ့လယ်က ဘာဖြစ်လာမှန်းမသိဘူး၊ သူ့ဆေးခန်းကို ပိတ်ပစ်ပြီး ထွက်သွားတာ ဒီနေ့ထိ ပြန်ရောက်မလာသေးဘူးတဲ့၊ ထိုအတွက် နှစ်မလေးလည်း စိတ်ပူနေတယ်၊ အန်ကယ်ဦးထွန်းလူကလည်း ထိုကို လူလွှတ်ပြီး ရှာခိုင်းနေသတဲ့''

''အင်း''

အိ ကိုယ်ကို မတ်လိုက်ပြီး –

''အိ တစ်ခုစဉ်းစားမိတယ်''

''ဆိုပါဦး''

ရီ စကားထောက်လိုက်သည်။

''ဏီမြင်တဲ့ကောင်မလေးဟာ ထို့ချစ်သူ ဖြစ်နိုင်ပါ့မလား၊ နောက်ပြီး ချစ်သူရှိတဲ့ယောကျ်ားတစ်ယောက်ဟာ လပေါင်းများစွာ တခြားမိန်းကလေးတစ်ယောက်ကို အချိန်မှန်မှန် လိုက်ငေးနေတာ ထို့ချစ်သူ မရိပ်မိဘဲနေမလား၊ ရိပ်မိလို့ ပြဿနာတက်ရင် အဲဒီပြဿနာဟာ ဏီဆီကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ရောက်လာမှာပဲလေ''

ရီ့တွေးဆမှုကို အိတို့ စဉ်းစားစပြုလာသည်။ ဏီကိုလည်း



နေစမ်းသလို ကြည့်ကြသည်။ ဏီ မတွေးချင်တော့၊ လုံးဝ မတွေးချင်တော့၊ ဟင့်အင်း၊ ဏီ အကြိမ်ကြိမ် ခေါင်းယမ်းလိုက်သည်။ မဖြစ်သင့်တဲ့ ခံစားချက်ကို မျှော်သွေးစမ်းသလို စမ်းပြီး ခံစားနေဖို့ မလိုဘူး။ ဏီ စိတ်ကို ဏီ တင်းပစ်လိုက်ပြီး –

''ထိုကို မေ့နိုင်အောင် ဏီ ကြိုးစားတော့မယ် အိတို့ရယ်၊ ထိုလည်း ဏီအပေါ် တင်သွားမှာသေချာတယ်၊ အဲဒီနေ့က မာမီ့စကားလုံးဟာ ဏီအပေါ် အာရုံပျက်သွားမှာ သေချာတဲ့ စကားလုံးတွေလေ၊ မာမီ့စကားလုံးဟာ ထို့ရဲ့ဂုဏ်သိက္ခာ၊ ထို့ရဲ့ပညာကို စော်ကားစေတဲ့ အသုံးအနှုန်း၊ ရှက်ရွံ့နီမြန်းသွားတဲ့ ထိုမျက်နှာ၊ ဒေါသတွေနဲ့ တင်းမာသွားတဲ့ ထိုမျက်ဝန်း၊ လှိုင်းထန်သွားတဲ့ ထိုနှုတ်ခမ်းပါးအစုံ၊ အို ဒါတွေကို ခံစားနေလို့ ဘာမှထူးမှာမဟုတ်ဘူး၊ တင်းမာတဲ့ နေရာမှာတင် ရပ်နေတာ အကောင်းဆုံးပဲ၊ နောက်ပြီး ဏီ့မှာ မောင်ရှိတယ်၊ ဏီ့ရင်မှာ စက္ကန့်မလပ် မောင်ရှိနေရမယ်၊ ဟုတ်တယ်လေ မောင်ရှိနေရမယ်၊ မောင့်အရိပ် စွဲထင်နေအောင် သွပ်သွင်းထားရမယ်၊ ဒါ အဖြစ်သင့်ဆုံးပဲ''

ဏီ အတင်းဖျစ်ညှစ် ဆိုလိုက်သည်။ ထိုအခါ အိတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သက်မချသည်။ မေ တစ်ခုခု ပြောဟန် ပြင်လာသည်။

''ဟင့်အင်း ဘာမှမပြောနဲ့''

ဏီ နားမထောင်ချင်တော့။ လက်ကာဟန့်ကာ ဏီ ခေါင်းတွင်တွင်ယမ်းခါမိသည်။

''မေတို့ရယ် ဏီအာရုံကို အပြောင်းအလဲဖြစ်စေမယ့် ခံစားချက်ကို မွေးဖွားနေရင် ဒီထက် ပိုဆိုးလာနိုင်တယ်၊ ပိုမဆိုးနိုင်ဖို့ ဏီ့ရဲ့ရင်ခွင်ကို ကယ်တင်နိုင်မယ့် ဆေးတစ်လက်က မောင်ပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီနေ့ ဒီအချိန်ကစပြီး မောင့်ရင်ခွင်မှာ ခိုလှုံဖို့ ဆုံးဖြတ်လိုက် ပြီ၊ ဟီ ဘယ်လောက်ကံကောင်းသလဲဟင်၊ ဟီ့ကို မြတ်နိုးလွန်းတဲ့ မောင့်ရင်ခွင်, ဟီ့ကို ကြင်နာလွန်းတဲ့ မောင်နှလုံးသား, ဟီ့ကို ဂရုစိုက် လွန်းတဲ့ မောင့်အမူအရာ, ဟီ့ကို တန်ဖိုးထားတဲ့ မောင့်အသိုင်းအဝိုင်း အို မောင်နဲ့ပတ်သက်ပြီး ဟီရလိုက်တဲ့ ခံစားချက်တွေဟာ ဟီဘဝ အတွက် လေပြည်လေညင်းဖြစ်သလို နေခြည်နုနုလေးဆိုရင်လည်း မမှားဘူးလေ၊ ဒါကြောင့် မောင့်ခံစားမှုတွေကို မောင်နဲ့ တစ်ထပ်တည်း ကျအောင် ခံစားနိုင်ဖို့၊ equal to ဖြစ်ဖို့ ဟီ ဟီလေ မောင့်ရင်ခွင်မှာ ခေါင်းချလိုက်ရုံပဲ၊ ဟုတ်တယ်နော်၊ ဟုတ်တယ် ခေါင်းချလိုက်ရုံပဲ''

အတင်း ဖျစ်ညှစ်ထုတ်လိုက်သည့် ဟီ့စကားလုံးတွေရဲ့ တင်း ကျပ်မှုတွေကို မျက်ရည်အဖြစ် ဟီ အသွင်ပြောင်းမိသည်။ ကျပါစေ မျက်ရည်တွေ အရှိန်မပြတ်ကျပါစေ။ ဒီမျက်ရည်တွေနဲ့ အနားသတ် လိုက်ရင် အကောင်းဆုံး ဖြစ်လာမှာပါလေ။

''ဟီရယ် ဟီဆန္ဒအတိုင်း အိတ်ို့က လိုက်လျောပါတယ် ကွယ်၊ ဝမ်းနည်းမနေပါနဲ့နော်''

ဟီ မျက်ရည်စတွေကို အိ ကြင်နာစွာ သုတ်ပေးသည်။ ဝ တို့လည်း စိတ်မသက်မသာ သက်ပြင်းချပြီးနောက် –

''ကဲပါလေ အကောင်းဆုံးက ရွေးချယ်ခံရတယ်လို့ မှတ် လိုက်တာပေါ့၊ ဟီ တိတ်ပါတော့''

''ဟုတ်တယ် ဟီ၊ အကောင်းဆုံးက ရွေးချယ်ခံရတာ၊ ခံစား တတ်ရင် ခံစားပျော်မှာပါ၊ မျက်ရည်တွေသုတ်ပါ၊ တော်တော်ကြာ စစ်ဦးရောက်လာလို့ ဟီမျက်ရည်မြင်သွားရင် မကောင်းဘူး လာ''

ဟုတ်ပါရဲ့။ မောင် လာကြိုချိန်နီးပြီပဲ။ ဟီမျက်ရည်တွေကို ခပ်မြန်မြန် သန့်စင်မိသည်။ မေက ခရင်းပတ်ဘူး ထုတ်ပေးပြီး –



''အငိုမျက်နှာ ပုံပြောင်းသွားအောင် နည်းနည်းသလိုက်ပါ ဟာ၊ နောက်ဆို ဟီ့မောင် ရိပ်မိသွားလိမ့်မယ်''

မေ့အကြံအတိုင်း ဟီ မျက်နှာပြောင်ပြောင်ပေါ် ခရင်းပတ် နှံ့လိုက်သည်။

''ကဲ ပြုံးတော်မူပါ၊ မျက်နှာကို တွန့်မထားနဲ့''

ရီက နောက်ပြန်သည်။ ဟီ မျက်နှာပေးကို မြင်ရသည်။ မောင်ရိပ်မိစေမည့် အရိပ်အယောင်ကို ဖယ်ရှားပြီး မောင်ကျေနပ်မည့် အရောင်မျိုး ပြောင်းလိုက်သည်။ ဟီတို့အသင့်ဖြစ်စဉ် မောင်ရောက် လာသည်။ ဟီမျက်နှာလှလှလေးနဲ့ အပြုံးဖွေးဖွေးကိုမြင်တော့ မောင် ကြည်နူးလိုက်ဖို့သွားဟန် တူသည်။

''ဟီ့ကိုမြင်ရရင် မောင့်ရင်မှာ စမ်းရေသောက်ရသလို အေးချမ်းစေတယ် ဟီရယ်တဲ့''

မောင် ကြည်ကြည်စင်စင်ဆိုစဉ် ရီတို့ ကျိတ်ရယ်ကြသည်။ ဟီ အပြုံးမပျက်ခဲ့။

''ကဲ မောင်စစ်ဦးနဲ့ မပုလဲဟီ၊ ဒီမှာ လူကြီးသူမ သုံးယောက် ရှိတယ်ဆိုတာလည်း သတိထားဦး၊ တကတဲ မပြောလိုက်ချင်ဘူး'

လို့ မေက ပစိပစပ်များတဲ့မိန်းမကြီးအသွင် ဟစ်လိုက်စဉ် မောင် သဘောတကျ ရယ်၏။

''မပြောချင် မပြောဘဲနေလိုက်ပါ မေရယ်၊ ပြောနေတော့ ပါးစပ်ညောင်းတာပေါ့၊ မဟုတ်ဘူးလား -ဟီ''

မောင်ဆိုစဉ် ဟီ ခေါင်းညိတ်လိုက်၏။ မေတို့ ဟီ့ကို အသံ တိတ် ရွတ်လိုက်သည်။

''ကဲ အကြိုတော်ရောက်ပြီဆိုတော့ ဟီလိုက်သွားတော့၊ မောင်စစ်ဦးရေ အန်တီစိတ်ချမယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



ဟု ရီက မာမီ့လေသံမျိုးနှင့်ရီ၏။ မောင် ပြန်မပြောတတ်အောင်ဖြစ်၍ အောင့်သက်သက် ရယ်လိုက်သည်။ ထို့နောက် အိတ်တို့ကိုထားရစ်၍ မောင့်နောက်မှ ဖြည်းညင်းစွာ လိုက်ထွက်ခဲ့သည်။ အိတ်တို့ကိုဏီ တစ်ချက်လှည့်ကြည့်မိစဉ် အိ မျက်နှာမသာမယာကို မြင်ရတော့၏။ ထိုအခါ ဏီရင်မှာ နွမ်းဖျော့သွားသည်။

ထိရယ် ကျောခိုင်းလျက် မဟုတ်ရင်တောင် မျက်နှာချင်းဆိုင်နောက်ဆုတ်ကြပါစို့။

✿ ✿ ✿

## အခန်း (၁၅)

"ဏီ"

ဖုန်းလိုင်းထဲမှ မောင့်အသံက နူးညံ့သိမ်မွေ့လွန်းသည်။ ဏီ့ရင်မှာ တစ်ယောက်ယောက်ကို မခံစားမိဘူးဆိုရင် ဏီ့ ရင်မှာ ပျော်ဝင်မိမည် ထင်ပါသည်။ ခုတော့ မသိမသာ သက်ပြင်းရှိုက်၍ –

"ပြောပါ မောင်၊ ဏီ နားထောင်နေပါတယ်"

"ဏီ ဒီညနေ မောင်လာကြိုဖြစ်မှာမဟုတ်ဘူး၊ နယ်ဆိုင်ခွဲတွေက တာဝန်ခံတွေ ရောက်လာလို့လေ၊ သူတို့စာရင်းတွေကို မောင်ကိုယ်တိုင် လက်ခံရမှာမို့လို့ ဏီ"

"ရပါတယ် မောင်ရယ်"

"ဒါပေမဲ့ မောင့်ကိုယ်စား မောင်သန့်ဖြစ်ဖြစ်, မရီးအငယ်ဖြစ်ဖြစ် လာကြိုလိမ့်မယ် ဏီ"

"အို မကြိုခိုင်းပါနဲ့မောင်၊ ဏီဘာဏီ ပြန်ပါ့မယ်"

"မောင် စိုးရိမ်လို့ပါ၊ နောက်ပြီး ဏီမှာ ကားမပါဘူးလေ"

အဲဒါတော့ ဟုတ်သည်။ မောင်ကြိုပို့ကတည်းက ဏီ ကားကို မသုံးတော့။ မောင့်ကားနှင့်သာ သွားလာခဲ့သည်။ မနက်ကလည်း မောင့်ကားနှင့် လာပို့သည်။ ကားမပါလည်း အရေးမကြီးဘူး၊ တက္ကစီ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်လို့ရသားပဲ။ ဒါမှမဟုတ် သင်းသင်းကားနဲ့ သွားရုံပေါ့။ မောင့်မိသားစုဝင်တွေကို ဏီ့အတွက် အလုပ်မပိုစေချင်တဲ့ စေတနာကြောင့်

"ရပါတယ် တက္ကစီနဲ့ဖြစ်ဖြစ်. သင်းသင်းကားနဲ့ဖြစ်ဖြစ် ပြန်လို့ဖြစ်ပါတယ်၊ မောင်သန့်တို့ကို မလွှတ်ပါနဲ့၊ ရပါတယ် မောင်"

"အင်း အဲဒါဆိုလည်း တက္ကစီနဲ့ မပြန်ပါနဲ့၊ သင်းသင်းကို လိုက်ပို့ခိုင်းလိုက်လေ"

"စိတ်ချပါ၊ မောင့်သဘောအတိုင်း သင်းသင်းကားနဲ့ ပြန်လိုက်မယ်လေ နော် မောင်"

"အင်း"

"ဒါပဲနော် မောင်"

"အင်း ဒါပါပဲဗျာ၊ See You Tomorrow ဏီ"

"See You"

မောင် ဖုန်းချသည်နှင့် ဏီ ဖုန်းချ၍ လေပူပူလေး မှုတ်ထုတ်မိသည်။ မောင် လာမကြိုဖြစ်တာလဲ ဏီ့ရင်မှာ လွတ်လပ်မှုတစ်မျိုးလို ခံစားမိသည်။ ဒီလိုနှင့် ရုံးဆင်းချိန်ရောက်တော့ မောင်လာမကြိုဘူးဆိုသည့် အသိနှင့်အတူ ထိကို သတိတရဖြစ်မိသည်။

အလွမ်းပြေသဘောနှင့် မှန်ပြတင်းဖွင့်၍ ထိရှိတတ်ခဲ့သည့် လက်ဖက်ရည်ဆိုင်ဘေးသို့ ကြည့်လိုက်မိသည်။ ထိကို မမြင်။ တဖွဲဖွဲကျနေသည့် မိုးစက်တွေသာ မြင်ရသည်။ သေချာသည်။ ထိ ဏီ့ကို မေ့သွားပြီပေါ့။ ဏီရဲ့ဟန့်တားမှု မာမိရဲ့ စော်ကားခံရမှုအတွက် ဏီ့ကို ထိ ခံစားလို့ ရတော့မှာမဟုတ်ဘူး။ အဲဒါ အသေအချာပဲပေါ့"

"မမဏီ"

သင်းသင်းခေါ်သံကြောင့် ဏီ အသိဝင်လာသည်။ မှန်တံခါးမှ အကြည့်ခွာ၍ မှန်တံခါးပိတ်လိုက်သည်။ ဏီ မျက်နှာပေါ် လွင့်မျော



လွှမ်းမောရိပ်ကို ဖျောက်လိုက်ပြီး အပြုံးနုနု တင်သည်။

"ဪ သင်းသင်း ပြန်တော့မလို့လား"

"ဟုတ်ကဲ့ မမဏီ"

"အင်း သင်းသင်းပြန်ရင် သင်းသင်းကားနဲ့ မမဏီ လမ်းကြုံ လိုက်ခဲ့မယ်လေ"

"လိုက်ပါ မမဏီရယ်၊ ခွင့်တောင်းစရာမှ မဟုတ်တာ၊ ကိုစစ်ဦးတောင် သင်းကို ဖုန်းဆက်ပြောထားတယ်၊ မဏီ့ကို ကြိုပေးပါတဲ့"

"ဪ"

ဏီ မျက်လုံးဝိုင်းသွားသည်။ မောင်က အဲသလောက်တောင် စေ့စပ်သေချာသတဲ့လား။ ဂရုစိုက်သတဲ့လား။ ဏီ ဘာမှ ပြန်မပြောဘဲ လက်ကိုင်အိတ်ဆွဲယူလိုက်သည်။ သင်းသင်းက အားကျဟန်နှင့်

"မဏီက သိပ်ကံကောင်းတာပဲ"

လို့ လိုလိုလားလား မှတ်ချက်ပေးသည်။

"အင်းပေါ့၊ ဟုတ်တာပေါ့၊ ကံကောင်းတာပေါ့၊ ကံကောင်းတာမှ လွန်နေလို့ ခက်နေတာပေါ့"

သင်းသင်းပေးတဲ့ မှတ်ချက်အတိုင်း ဏီအလိုက်သင့် တုံ့ပြန်သည့်သဘော ပြုံးမိသည်။ ထို့နောက် သင်းသင်းနောက်မှ ဖြည်းညင်းစွာ လှမ်းလာခဲ့သည်။ လှေကားထောင့်ချိုးရောက်စဉ် ခြမ်းလှမ်း အလိုလို နှေးသွားသည်။ ထိရောက်နေမလားဆိုသည့်အသိနှင့် လျှို့ဖုက်ခုန်ခဲ့တဲ့ ရင်က သမုဒ္ဒရာအောက် ငုပ်လျှိုးသလို ငုပ်လျှိုးသွားသည်။

ထိ ရှိမနေခဲ့။ ဏီ မူမပျက်အောင် ပြန်တင်း၍ ခြေလှမ်းဆက်လှမ်းခဲ့သည်။ ကောင်းပါတယ်လေ။ ထိ လာမငေးတာ အကောင်းဆုံးပဲ။ ဏီ ရင်မခုန်ရတာလဲ အကောင်းဆုံးပဲ။ ဖြစ်သမျှ အလုံး

www.burmeseclassic.com

www.burmeseclassic.com



အကောင်းချည်းပဲလေ။ ကားဆိုက်ရောက်တော့ သင်းသင်းက''

''မဏီပဲ မောင်းပါ၊ သင်းသင်းကို ပါရမီစားသောက်ဆိုင်ရှေ့ချထားပေးခဲ့၊ သင်း သူငယ်ချင်းနဲ့ ချိန်းထားတယ်၊ မဏီ ကားယူသွားလိုက်၊ သင်းသူငယ်ချင်းနဲ့ ပြန်လိုက်မယ်''

တဲ့။ ဏီ မျက်ခွံပင့်တက်သွားသည်။

''ဖြစ်ပါ့မလား။ သင်းအိမ်က ကားပါမလာလို့ ဆူနေလိမ့်မယ်''

''မဆူပါဘူး မဏီယူသွားတယ်ဆိုရင် မာမီတို့ ဘယ်ဆူမလဲ''

''အင်း''

ဏီ ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။ သင်းသင်းရဲ့ ဘင်နီကားလေးကို ညင်သာစွာ မောင်းထွက်ခဲ့သည်။ ဟုတ်ပါတယ်လေ။ သင်းသင်းမိဘတွေက ဏီ ကားယူထားတာဆိုရင် ဘယ်ဆူရဲမလဲ။ သင်းသင်းတို့ စီးပွားရေးကျစဉ်က မာမီ ငွေကြေးအရင်းအနှီး ထောက်ပံ့ခဲ့တယ်။ သင်းသင်းကို ဏီ ကုမ္ပဏီမှာအလုပ်သွင်းပေးခဲ့တယ်။ သင်းသင်းအစ်ကို နိုင်ငံခြား သွားအလုပ်လုပ်ပြီး နောက်ပိုင်း သင်းသင်းတို့စီးပွားရေး ပြန်ကောင်းလာတယ်။ သင်းသင်းက ဏီ့ကုမ္ပဏီကမထွက်ဘဲ ခုချိန်အထိ ရိုရိုကျိုးကျိုး တာဝန်ထမ်းနေဆဲလေ။

''ရှေ့မှာရပ်လိုက်တော့ မဏီ''

သင်းသင်းသတိပေးမှ ဏီ အသိဝင်လာသည်။ ပါရမီ စားသောက်ဆိုင်ရှေ့ အလွန်မှာ ရပ်လိုက်သည်။ မိုးက တဖြည်းဖြည်း သည်းလာသည်။ သင်းသင်း ထီးဖွင့်ဆောင်း၍ ကားပေါ်က ဆင်းသည်''

''သင်းသင်း သိပ်မကြာစေနဲ့နော်၊ သင်းအိမ်က စိတ်ပူနေမယ်၊ မနက်ကျရင် သင်းကို မဏီ ဝင်ကြိုမယ်၊ စောင့်နေနော်''



''ဟုတ်ကဲ့ မဏီ''

သင်း ခေါင်းညိတ်ထွက်သွားမှ ဏီ ကားမောင်းထွက်ခဲ့သည်။ မိုးရေစက်တွေက ကတ္တရာလမ်းပေါ်သို့ စိန်ပွင့်တွေလို တလက်လက်ကျဆင်းနေသည်။ မိုးသည်းလာတာကြောင့် လမ်းသွားလမ်းလာ ရှင်းနေသည်။ ဏီ ကားနောက်က အရှိန်နှင့်မောင်းလာသည့် အနက်ရောင်မာစီးဒီးတစ်စီး ဏီကားကို ဖြတ်ကျော်၍ ရှေ့လမ်းသွယ်ထဲ ဝင်သွားသည်။ မိုးသည်းနေသည်ကြောင့် ဏီ သွားရိုးသွားစဉ် လမ်းတိုင်းမသွားလိုတော့ ရှေ့လမ်းသွယ်က ချိုးကွေ့၍ ဖြတ်လမ်းကသွားရန် စိတ်ကူးရသည်။

စိတ်ကူးအတိုင်း လမ်းသွယ်ထဲ ဏီကားလေး ချိုးကွေ့လိုက်သည်။ မိုးက သည်းနေဆဲ။ မိုးစက်တွေကြားမှာ ကားကို သတိထား၍ ဖြည်းဖြည်းမှန်မှန်မောင်းနေစဉ် ဏီ့ကားလမ်းကြောရှေ့မှာ မည်းမည်းသဏ္ဌာန်တစ်ခု ဘွားခနဲ ပေါ်လာသည်။

ဏီ ကားနှင့်တဖြည်းဖြည်း နီးလာတဲ့ ထိုသဏ္ဌာန်ကြောင့် ဏီ ယောင်ယောင်တောင်တောင်ဖြစ်ကာ ကားဘရိတ်ဆွဲ၍ အကြိမ်ကြိမ် ဟွန်းတီးလိုက်သည်။ ထိုအရိပ်မည်းက ဏီ့ကားရှေ့မှာ မားမားကြီးရပ်လို့။

အို မြတ်စွာဘုရား၊ ဏီ လန့်ဖျပ်သွား၏။ သည်းသည်းမည်းမည်း ရွာသွန်းသည့် မိုးသားတွေအောက် ခေါင်းငိုက်စိုက်ရပ်နေသည့် အရိပ်မည်းက –

''နေဝန်းထိ''

ဏီ့ရင်မှာ တိုးတိုးလေး ရွတ်မိသွားသည်။ ဏီ မှတ်မိနေတဲ့ ဘတ်စုံအနက်နှင့် မိုက်မဲမှုတစ်ခုကို ကျူးလွန်ဖို့ အဆင်သင့်ရှိသည့် သီမျက်ဝန်းက ဏီ့ကို တည့်တည့်ကြီးစိုက်ကြည့်လာသည်။ မိုးရေ

www.burmeseclassic.com

www.burmeseclassic.com



တွေ တတောက်တောက် ရွဲကျနေသည့် သူ့ကိုယ်ကို သူ ဂရုမစိုက်ဘဲ ဟီကားရှေ့မှာ ဒူးထောက်ချလျက် –

"အို နေဝန်းထိ ရှင် ဘာဖြစ်နေတာလဲ၊ စိတ်မှမှန်သေးရဲ့လား ဟင်"

"ဟီ ကျွန်တော်ကို သေရွာပို့ပေးစမ်းပါ၊ ဟို့ကားနဲ့ ကျွန်တော့်ကို တိုက်ပစ်လိုက်စမ်းပါ" တဲ့။

"ဘုရား ဘုရား"

ဟီ လန့်လန့်ဖျပ်ဖျပ်ဖြစ်လျက် ကားလက်ကိုင်ပေါ်က ဟီ လက်ချောင်းတွေကို ကမန်းကတန်း ရုပ်မိသွားသည်။

"ဟီရယ် အခြေမတူတဲ့ ရင်ခွင်နှစ်ခုကို ညီမျှခြင်းမချမိအောင် ကျွန်တော် အကြိမ်ကြိမ် မျိုသိပ်ခဲ့ပါတယ်၊ အကြိမ်ကြိမ်လည်း နောက်ဆုတ်ခဲ့ပါတယ်၊ ဟို့ကို မငေးမိအောင်လည်း အကြိမ်ကြိမ် ဆင်ခြင်ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီနေ့က ဟီနဲ့ အမှတ်မထင် ဆုံတွေ့ခွင့်ရတော့ ကျွန်တော် ကျွန်တော် ဘယ်လိုမှ မျိုသိပ်မနိုင်တော့ဘူး ဟီ"

"ဘာတွေလဲကွယ်"

"ဟီ သိချင်လားဟင်၊ ကြာရင် အဲဒီစိတ်နဲ့ ကျွန်တော် ဦးတည်ရာမဲ့ ဖြစ်သွားနိုင်တယ်၊ ဟောဒီလောကကြီးထဲက အမြန်ဆုံး ပြေးထွက်သွားဖို့ အကြိမ်ကြိမ် ဆုပ္ပက်ခဲ့တယ်၊ ဒါကြောင့် ဟီ ကျွန်တော့်ကို သတ်လိုက်စမ်းပါ၊ ဟို့ရှေ့မှာ ကျွန်တော် သေပါရစေ၊ ဟို့လက်နဲ့ ကျွန်တော့်ကို သေခွင့်ပေးပါ၊ သေခွင့်ပေးပါ ဟီရယ်"

တုန်ခါ အက်ကွဲနေသည့် ထိပေါက်ကွဲမှုသည် မီးလောင်ရာ လေပင့်ခံရသလို ဟို့ရင်ခွင်ကို ကူးဆက်လောင်ကျွမ်းလာလေသည်။ မျက်လုံးကို စုံမှိတ်၍ လက်နှစ်ဖက်ကို ဟီ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ထို့စကားလုံးတွေဟာ ဟို့နှလုံးသားကို ဖွပ်ခနဲ ဖွပ်ခနဲ



ထိုးနေသည့် မောင်းချအားနှင့် တူနေပြီး –

"ဒါပေမဲ့ ကျွန်တော် မသေခင် ကျွန်တော့်ရင်ဘတ်မှာ ဆူပွက်နေတဲ့ မီးတောင်ကြီးကို ပေါက်ခွဲပစ်ပါရစေ ဟီ၊ ဟို့ကို ကျွန်တော် ချစ်တယ်၊ ချစ်တယ် ဟီရယ်၊ ကျွန်တော် ချစ်တယ်၊ ဟောဒီ မိုးစက်တွေကို ကိုင်တွယ်ပြီး သစ္စာဆိုပါရစေ၊ ဟို့ကို ချစ်တယ်"

မျက်လွှာလေးစုံမှိတ်၍ မိုးရေစက်တွေ အဆက်မပြတ် ဖြာကျနေသည့် ကောင်းကင်ဆီ မျက်နှာလေးမော့လျက် ရင်ဖွင့်နေရှာတဲ့ ထိ။ ထိ ဟို့ကို ချစ်သတဲ့လား။ မချစ်ရဘူး မချစ်ရဘူး။ ဟို့ရင်မှာ အထပ်ထပ်ဟစ်ကြွေးရင်း ဟီ မျက်နှာကို လက်ဖဝါးနှင့်အုပ်၍ ခေါင်းတွင်တွင်ယမ်းနေမိသည်။

"ဟီ"

"ဟင့်အင်း မခေါ်နဲ့၊ ချစ်တဲ့အကြောင်း မပြောနဲ့ ထိရယ် မပြောနဲ့၊ ဟီတောင်းပန်ပါတယ်"

ဟီအသံလည်း မိုးသံတွေထဲ ရောထွေးနေတာလား၊ အပြင်ကို ထွက်လာနေလား ဟီမခွဲခြားနိုင်တော့။ ဟီ မျက်ရည်ကတော့ ရွာသွန်းနေသည့်မိုးလို သည်းထန်စွာ။ ခုချိန်မှာ ဟို့ကိုယ်ဟီ ဘာဖြစ်နေတာလဲ။ ဟို့ရင်မှာ ဟန်ဆောင်မှုတွေ၊ စောင့်ထိန်းမှုတွေ လွင့်စဉ်ထွက်သလို ခံစားရသည်နှင့် တစ်ပြိုင်နက် ဟို့နှလုံးသားသည် ကားပေါ်မှ ခုန်ပေါက်ပြေးဆင်းကာ သွား၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဏီ သတိရလာတော့ မိုးရန့် နုနုအေးလေးကို ရှူရှိုက်ရသည်။ ဏီ တစ်ကိုယ်လုံး အေးစက်ကာ သွေးကြောမျှင်လေးတွေ တောင့်တင်းနေသလို စုစုဖူးဖူး နှုတ်ခမ်းပါးအစုံ တုန်နေ့ရှာသည်။

"ကဲကောင်းလို့ပေါ့ ဏီ၊ အိတို့ အရောက်မြန်လို့ပေါ့တဲ့"

အိအသံကို ဗလုံးဗထွေးကြားရသည်။

"အိတို့ ထီအကြောင်း ဆက်စုံစမ်းလို့ အန်ကယ်ဦးထွန်းလူနဲ့ တွေ့ဖို့ သွားခဲ့တာ၊ အန်ကယ်က ခုလေးတင် နေဝန်းထီ ကားယူပြီး ထွက်သွားတယ်လို့ ပြောလို့ အိ ထက်ကြပ်မကွာ လိုက်ခဲ့တာ၊ အိ ရောက်တဲ့အချိန် ဏီ ကားပေါ်ကဆင်းပြီး ထီရှေ့ရောက်ဖို့ ခြေလှမ်း တစ်ဝက်သာလိုတော့တာလေ၊ အဲဒါ အိ အတင်းဆွဲပြီး ဏီ့ကို ခေါ်လာတာတဲ့"

မိုးရေတွေ ရွှဲနေသည့် ဏီ့ကိုယ်ဏီ ပြန်ငုံ့ကြည့်မိသည်။ ဟုတ်ရဲ့လား။ ထီရင်ဖွင့်မှုကို ဏီ့နှလုံးသား အာရုံသက်ဝင်သွားတာလား၊ နစ်မျောသွားတာလား။ ဏီ အဲသလောက်ထိ ဟန်ဆောင်ခြင်းတွေ ကွာကျသွားသတဲ့လား။

"ဟုတ်တယ် ဏီ၊ ဒီအဖြစ်က ထီရဲ့ ဖြားယောင်းမှုလည်း



ဖြစ်နိုင်တယ်၊ ဏီ သေချာစဉ်းစား၊ ဏီမှာမိ စကားလုံးကို တန်ပြန် တိုက်ခိုက်တာကော မဖြစ်နိုင်ဘူးလား"

မေ့အသံရှင်းရှင်းက ဏီ့ရင်ကို ထုံဝေမှိုင်းမှောင်သွားစေသည်။

"ပြီးတော့ ဒီအကြောင်းတွေကို စစ်ဦး မရိပ်မိဖို့ လိုအပ်တယ်"

"ရီတို့ ဏီ့ကို ပြန်ခေါ်လာတဲ့အချိန်မှာ ဏီ့ဆီကို စစ်ဦး ဖုန်းဆက်လာတယ်၊ ရီ ဖုန်းကိုင်တယ်၊ ဏီ ခုချိန်ထိ အိမ်မရောက် သေးဘူး၊ သင်းသင်းပြောတော့ ဏီတစ်ယောက်တည်း ကားယူပြီး ပြန်တယ်တဲ့၊ ဏီ အိမ်ပြန်မရောက်သေးတော့ အရမ်းစိတ်ပူနေတာ တဲ့၊ အဲဒါနဲ့ ရီတို့က ဏီ ရီတို့အနားမှာ ရှိနေတယ်၊ စိတ်မပူနဲ့လို့ လိမ်လိုက်ရတယ် ဏီ၊ ဏီ့ပုံစံကိုသာ စစ်ဦးမြင်ရင်"

ရီ လေပူ မှုတ်ထုတ်လိုက်သည်။

"ကဲ အဝတ်လဲလိုက်ဏီ"

အိက အဝတ်တစ်စုံ ယူလာပေးသည်။ ဏီခေါင်းခါတော့-

"ဏီ တစ်ကိုယ်လုံး ရွှဲနေတာမြင်ရင် ဏီ့မာမိ မေးစရာတွေ ဖြစ်နေမယ်၊ နောက်ပြီး စစ်ဦးလည်း ဏီအလာကို ဏီအိမ်က စောင့်နေ ရင် ခက်မယ်လေ ဏီ၊ ကံကြမ္မာဆိုတာ ဏီအတွက် လှည့်စားမှုချည်း ပဲ လဲလိုက်လေ"

"ဟုတ်တယ် ဏီ၊ ဝတ်စုံလဲထားတာ ဘာလို့လဲမေးရင် ရီတို့လေးယောက် မိုးရေချိုးကြတယ်လို့ ညာပစ်လိုက်ရုံပဲ၊ ရီတို့ ဏီ့ကို လိုက်ပို့မယ်"

"အဝတ်လဲလိုက်တော့ မိုးချုပ်နေပြီ"

ဏီအသွင်သည့် အမှောင်ထုထဲ လမ်းလျှောက်နေသူနှင့် ယောင်တောင်တောင် ဖြစ်နေသည်။ ဏီ့ ရင်မှာစကားလုံးတွေ ခန်း

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နေပြီထင်သည်။ ဇာတိက သံပတ်ပေးခဲ့ရသည့် စက်ရုပ်လို လှုပ်ရှားနေမိသည်။ အိပေးတဲ့ ဝတ်စုံအဝါနုရောင်လေးကို လဲဝတ်လိုက်သည်။

"ကဲ သွားစို့"

မေတို့ ဦးဆောင်သည့် ခြေလှမ်းနောက် ဇာတိခြေလှမ်း ထုံထိုင်းထိုင်းလိုက်ပါခဲ့သည်။

"ဇာတိ ဇာတိမျက်နှာပေး ပြင်ပါကွယ်၊ ပုံမှန်ဖြစ်အောင် ပြင်နော်"

ဇာတိ ဘေးကပ်ထိုင်နေသည့် ရီ သတိပေးစကားဆိုသည်။ ထိုအခါ ဇာတိ မျက်နှာပေး မှောင်မှောင်ကို ဟန်ဆောင်မှုနှင့် လင်းသွားအောင် ပြောင်းလဲရသည်။ မျက်နှာပေးတင်းရင်းမှုတွေကို ပျော့ပျောင်းအောင် လျှော့ချသည်။ မျက်ဝန်းကြည်စင်အောင် အားပြည့်ရသည်။ နှုတ်ခမ်းပါး ပြုံးဟန်ဆောင်သည်။ ထို့နောက် ဇာတိရဲ့ ပုံမှန်မျက်နှာပေး ကြည်ကြည်ရွှင်ရွှင်ဖြစ်အောင် ပုံသွင်းလိုက်ရသည်။ ဇာတိ ပြန်အလာကို စိုးရိမ်ဋ္ဌေ‌ဋ္ဌေ စောင့်ကြိုနေသည့် မာမီက –

"အို သမီး ဇာတိ ခေါင်းတွေလည်း စိုလို့ပါလား၊ ဘယ်လိုဖြစ်တာလဲ"

လို့။ ရေစိုနေလို့ ဖြန့်ထားသည့် ဇာတိဆံပင်တွေကို ပွတ်သပ်ဆိုလာသည်။ ဇာတိ ပြုံး၍ဖြေဟန်ပြင်စဉ် မေ ခပ်သွက်သွက် ဝင်ပြောသည်။

"မေတို့ မိုးရေချိုးကြတာ အန်တီ"

"ဇာတိတို့ ကလေးတွေနဲ့တူနေပါလား"

လို့ မာမီနောက်က လိုက်ထွက်လာတဲ့မောင် မျက်နှာပေါ် စိုးရိမ်စိတ်နှင့် ဝင်ပြောသည်။ ရီတို့ အထင်အတိုင်း မောင်ရောက်နှင့်နေသည်။



"မေတို့က ဒီလိုပဲ မိုးရေထဲ စိန်ပြေးတမ်းကစားလေ့ရှိတာ ဇာတိက အပျော်ဆုံးပဲလေ"

မေကလည်း ပြောတော့ မောင့်အပြုံး ပိုလက်လက်ဖြာဝေသွားပြီး –

"ဟုတ်လား ဇာတိ"

ဇာတိအပါးလာရပ်၍ ဇာတိမျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ မေးလျှင် ဇာတိ အလိုက်သင့် ခေါင်းညိတ်လိုက်သည်။

"ဇာတိပျော်ရင် မောင်လည်း ပျော်တာပါပဲ၊ ဇာတိ မရောက်သေးလို့ စိတ်ပူပြီး လာစောင့်နေတာ၊ ဇာတိပြန်ရောက်ပြီဆိုတော့ မောင်စိတ်ချပြီလေ မောင်ပြန်မယ်"

"ဟုတ်ကဲ့"

ဇာတိ အလိုက်သင့် ခေါင်းညိတ်လိုက်သည်။ မောင်ပြုံး၍ ခေါင်းလေးဆတ်ကာ မာမီကို နှုတ်ဆက်ထွက်သွားသည်။

"ရီတို့လည်း ပြန်မယ်၊ ကိုစစ်ဦး ရီတို့ပြန်ပို့ပေး"

လို့ဆိုပြီး မောင့်ကားပေါ် သုံးယောက်သား ပြေးတက်သွားကြသည်။ မောင်တို့ကား ပျောက်သွားမှ –

"ဇာတိရယ် မောင်စစ်ဦးဟာ မာမီတို့အတွက် သားအရင်းလို တန်ဖိုးရှိတယ်ကွယ်၊ မောင်စစ်ဦး စိတ်ပူအောင် ဘာမှမလုပ်ပါနဲ့နော်၊ ဒီတော့မှ မာမီတို့မိသားစု ပျော်ရွှင်ရမှာပါ၊ နော် သမီး"

မာမီရဲ့ စိုးရိမ်စိတ်ကို ဇာတိ နားလည်ပါသည်။ ဇာတိ အလိုက်သင့်ပြုံး၍ ခေါင်းညိတ်လျှင် –

"ကဲ သမီး ညစာစားစို့"

"ဟုတ်ကဲ့ မာမီ"

မာမီနှင့်အတူ ထမင်းစားခန်းထဲ ဇာတိ တစ်ပါတည်း ဝင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုညစာကို ဏီ ခံတွင်းမတွေ့ခဲ့ပါ။ ထိုညက ဏီ့နှလုံးသား စိတ်ကူးအစုံ ရှက်လွှင့်နေခဲ့သည်။ ဘယ်အချိန်အထိ ရှက်လွှင့်ခွင့် ရမှာလဲကွယ်။

✿ ✿ ✿

## အခန်း (၁၇)

အိပ်မပျော်သော ထိုညသည် ဏီ့နှလုံးသားကို ခြောက်လှန့် သည်။ ဏီ့စိတ်က ထိတ်ထိတ် တဝဲလည်လည် ရောက်လိုရောက်နှင့် မငြိမ် ဖြစ်နေသည်။ ကုမ္ပဏီသွားရန် မောင်လာကြိုစဉ် ဏီ င်သင့်မဖြစ်သေး။ မောင်နှင့် မျက်နှာချင်းဆိုင်ရမှာ မဝံ့မရဲ နေသည်။ ဏီ့ကိုယ်ဏီ အကြိမ်ကြိမ် မှန်ကြည့်၍ ဏီမျက်နှာပေါ် န်ဆောင်မှုတွေ ထပ်တင်နေရသည်။

"သမီးဏီဏီ မြန်မြန်ဆင်းခဲ့လေ သားရောက်နေပြီ"

အောက်ထပ်မှ မာမီ့အသံမှာ လွင့်တက်လာလျှင် ဏီ့ကိုယ်ဏီ န်အတိုင်းဖြစ်ရန် ကြိုးစားထိန်းချုပ်ပြင်ဆင်၍ အောက်ထပ်သို့ င်းခဲ့သည်။ မောင် စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသည်က ဏီ့ ကို နှမ်းသလို ဖြစ်စေသည်။ မောင်နှင့်အကြည့်ချင်းဆုံလျှင် –

"ဏီ နေကောင်းလား"

ဆိုဖာပေါ် ထိုင်နေရာမှ မောင် ထရပ်၍ ဂရုတစိုက် မေး သည်။ ဏီ ပြုံး၍ –

"ဟုတ်တယ်မောင် နည်းနည်းခေါင်းအုံသလို ဖြစ်နေလို့"

"ဆေးမသောက်ဘူးလား ဏီ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း သောက် သောက်ထားတယ်"

ဏီ လုလုပပ ညာတော့ မောင် ယုံဟန်တူသည်။

"ကုမ္ပဏီရောက်တာနဲ့ အလုပ်မလုပ်နဲ့နော်၊ ခဏနားလိုက်၊ သက်သာမှ ဆက်လုပ် ဏီ၊ ဒါမှမဟုတ် ဒီနေ့ ဏီ့အလုပ်တွေ မောင် လုပ်ပေးမယ်လေ"

"ရ ရပါတယ် မောင်ရယ်၊ လိုအပ်ရင် ဏီ ဖုန်းဆက်လိုက်မယ်လေ"

"အင်း အဲဒါလည်း ကောင်းတယ်"

"ဒါဆို သွားစို့မောင်"

"အင်း"

ယှဉ်၍ ညေ့ခန်းထဲက ထွက်ခဲ့သည်။ စိုးရိမ်လွန်ကဲနေသော မောင်က ဏီ့ကို ကုမ္ပဏီအရောက် မောင့်ကားနှင့် ပို့ပေးခဲ့သည်။ မြင်ကွင်းထဲက မောင့်ကားရိပ်လေး ကွယ်ပျောက်သွားလျှင် ဏီ သက်ပြင်းဖွဖွချသည်။ ပြီးမှ ကုမ္ပဏီအဆောက်အအုံထဲ လှမ်းဝင်လျှင်–

"မမဏီ"

ဏီ့ရှေ့ ရှိရှိကျိုးကျိုး လာရပ်ပြီးခေါ်တဲ့ မောင်သာကို ဏီ မျက်ခုံးပင့် ကြည့်၍ မေးသည်။

"ပြော် ပြော မောင်သာ"

"ညက ကိစ္စကို ဘာဆက်လုပ်မလဲတဲ့"

"ညကကိစ္စ"

ဏီ မျက်ခုံးတန်းလေး အဆမတန် မြင့်တက်သွားသလို ရုံးခန်းထဲ လှမ်းဝင်မယ့်ခြေလှမ်း တန့်သွားသည်။

"ညက ဘာကိစ္စပေါ်လို့လဲ"

"ဟင် မမဏီ မသိဘူးလား"

BURMESE CLASSIC .com



"ဟင့်အင်း၊ ဏီ ဘာမှ မသိဘူး၊ ဘာဖြစ်လို့လဲ"

ဏီ့ရင်မှာစိုးရိမ်စိတ်တို့ တိုးကြွလာသည်။ မောင်သာ ခေါင်း တစ်ချက် ကုတ်၍ –

"ဟို ညက ပထမထပ် လှေကားထောင့်ချိုးမှာ မိုးရေတွေ ရွှဲနစ်နေတဲ့ လူရွယ်တစ်ယောက် လဲကျနေတာ"

"ဟင် မိုးရေတွေ ရွှဲနစ်နေတဲ့လူငယ်၊ ပထမထပ်ထောင့်ချိုး မှာ ဟုတ်လား"

ဏီ့ ရင်မှာ လှိုင်းလုံးကြီးတွေ ကြွတက်လာသည်။ ညက မိုးရေတွေရွှဲခဲ့သလို ထိုထောင့်ချိုးမှာ ဏီနဲ့ တွေ့ခဲ့ဖူးတယ်။ အို မဖြစ် နိုင်ပါဘူး။ ဏီ ခေါင်းယမ်းလိုက်၏။

"ဟုတ်တယ် မမဏီ၊ ကျွန်တော်တွေ့တဲ့အချိန်မှာ အဲဒီလူ မေ့မြောနေတယ်၊ ကျွန်တော်လည်း ရုတ်တရက် ဘာလုပ်ရမှန်း မသိ ဖြစ်သွားတယ်၊ နောက်မှ မမဏီဆီဖုန်းဆက်တော့ အန်တီ ဖုန်းလာ ကိုင်တယ်၊ အန်တီက ဆေးရုံပို့လိုက်ပါဆိုလို့ ကျွန်တော် ဆေးရုံပို့ခဲ့ တယ် မမ"

"ဟင် ဏီ ဘာမှမသိရပါလား၊ မာမီလည်း ဘာမှမပြောဘူး"

"အခု အဲဒီလူ ဆေးရုံမှာ၊ ဆေးရုံရောက်နေတဲ့သူကို ကျွန် တော် သွားကြည့်ရမလား၊ မကြည့်ရဘူးလား၊ အဲဒါ မေးတာပါ၊ နောက်ပြီး အဲဒီလှေကားက မမဏီပိုင်လှေကားဆိုတော့ အမှုပတ်နေ မလား၊ အဲဒီလူ တစ်ခုခုဖြစ်သွားရင် ဘာဖြစ်လာနိုင်သလဲလို့ စိုးရိမ် လို့ပါ၊ နောက်ပြီး အဲဒီလူငယ်က အရမ်းဆင်းရဲပုံရတယ်၊ တီရှပ်အညို စားနဲ့ ဂျင်းဘောင်းဘီ နွမ်းနွမ်းအနက်ရောင် ဝတ်ထားတယ်"

"ဟင်"

ဏီ့နှလုံးသားကို တစ်ခုခုနှင့် ရိုက်လိုက်သလို ဏီ့အာရုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ချာလပတ်လည်သွားသည်။

"ဘုရား ဘုရား၊ ဒါဆို ထီ ထိပေါ့၊ ဟုတ်ရဲ့လား"

ထီ လွှတ်ခနဲ ရွတ်လိုက်လျှင် ဏီ့အာရုံမှာ ဟန်ဆောင်ခြင်း အစိုင်အခဲတွေ ကွာကျလာသည်။ ဏီ့နှလုံးသားလှိုင်း တဝုန်းဝုန်း ကြွလာသည်။ ထီ ဘာလုပ်သင့်သလဲ၊ ထီ စဉ်းစားဆုံးဖြတ်မနေတော့။

"မောင်သာ မမတို့ သွားကြည့်ကြရအောင်၊ ထီကို သွားကြည့်ရအောင်"

ထို့နောက် မောင်သာနှင့်အတူ ဏီ့နှလုံးသားက ဆေးရုံဆီ လွင့်မျောသွားသည်။ ညက ဘယ်အချိန်ထိ မိုးရေထဲမှာ နေတာလဲ ထီရယ်။ ဘယ်အချိန် လှေကားထောင့်ချိုးကို ရောက်တာလဲ။ ဘယ်အချိန်မှာ သတိလစ်တာလဲ။ သတိလစ်ပြီး ဘယ်လောက်ကြာမှ မောင်သာက တွေ့တာလဲ။ အခု ဘယ်လို နေသေးလဲ။

အို ဏီ့အာရုံမှာ လဲပေါင်းများစွာ တောင်ပံခတ်လျက်။

✿

"လူနာ ဆေးရုံက ဆင်းသွားပြီ"

"ဟင်"

တာဝန်ကျဆရာဝန်၏အပြောက ဏီ့ရင်မှာ တန့်နန့်နဲ့ ဗိုလ်ကျကာ –

"သူ့လိပ်စာ သိလားဆရာ"

ဏီ ကတုန်ကယင်မေးလျှင် ဆရာဝန်လူရွယ် ပြုံးပြီး –

"အစ်မက"

"ဟို အသိ အသိပါ"



အမှုအရာပျက်နေသည့် ဏီ့စကားလုံးကို မယုံကြည်သလို နှင့် ကြည့်ပြီး –

"အင်း လိပ်စာ ကျွန်တော်တို့လည်း မသိဘူးဗျ၊ ဆေးရုံ ရောက်လာတုန်းကလည်း လူနာရဲ့ဘိုင်အိုဂရပ်ဖီကို မသိရဘူး"

ဏီ့ရင်မှာ ဆူပွက်လာသည်။ ထီကို ဏီ ဘယ်မှာရှာဖွေရမလဲ။

"ရှင် ဘယ်မှာလဲ ထီရယ်"

"ကျေး ကျေးဇူးပဲ ဆရာ၊ အဲဒီလူနာပြန်ရောက်လာရင် ဏီ့ကို အကြောင်းကြားပေးပါ"

ဆူဆူပွက်ပွက်နှင့် ဏီ ရင်မှ အစဉ်မကျတဲ့ စကားလုံးတွေ ရွတ်၍ လှည့်ထွက်ခဲ့သည်။ ဘာကြောင့် အဲလောက် မိုက်ရတာလဲ။ ဒါမှမဟုတ် ဏီ့ကို အတွင်းဒဏ်ရာရအောင် ညှို့နေတာလား။ ချစ်တယ်လို့ ရင်ဖွင့်တာက မာမီစကားလုံးတွေကြောင့်လား။ ဘာကြောင့် ဖြစ်ဖြစ် ထီရယ် ရှင့်ကို ဏီ တွေ့ချင်ပါတယ်။ အခုချက်ချင်း တွေ့ချင်ပါတယ်။ ထီကိုတွေ့လိုတဲ့စိတ်နှင့် ထိုညနေက ဏီ့ကို ရင်ဖွင့်ခဲ့သည့် နေရာသို့ ရောက်ခဲ့ဖြစ်သည်။

ဒါပေမဲ့ ထိုနေရာမှာ ထီအရိပ်ပင် မရှိ၊ မနေ့ညနေက အဖြစ်က အိပ်မက်မက်သလိုလို ဘာလိုလိုနှင့်။ ထီရယ် ရှင် ဘယ်မှာလဲကွယ်။

✿

"အန်ကယ်ကို မေးကြည့်တော့ ထီ မနေ့ညနေကတည်းက ကားယူပြီး ထွက်သွားတာ ပြန်မရောက်ဘူးတဲ့၊ ကားကိုတော့ ထီ ဆေးခန်းက သူနာပြုဆရာမလေး လာပို့သွားတယ်၊ သူနာပြုဆရာ မလေးကို မေးကြည့်တော့ ကားပို့ပေးလို့ တစ်ခွန်းပဲ ပြောပြီး လှည့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာ၊ ခုထိ မရောက်သေးဘူးတဲ့လေ''

ရိတ္တိ ထိုအကြောင်း စုံစမ်းပေးမယ့် ထိုကို တွေ့နိုင်မယ့်နေရာကို သိခွင့်မရခဲ့ပါ။ ထိုအခါ ဏီ့ရင်မှာ စို့ကြပ်လာသည်။ တမ်းတစိတ်တွေ ပို့တက်လာလျှင် ဏီ ရပ်တည်နိုင်စွမ်း မရှိဖြစ်ကာ၊ ဏီ ကိုယ်လုံးလေးက ဆိုဖာထိုင်ခုံပေါ် ပြိုကျမတတ် ထိုင်ချမိလျှင် ဏီမျက်ဝန်းကြေကွဲမျက်ရည်တွေ အိခနဲ ပြိုကျလာသည်။

ရိတ္တိ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သော မျက်ဝန်းမှာ ဏီအတွက် စိတ်မချမ်းမြေ့သော ခံစားမှုတွေ ပြည့်လျှံနေသည်။

အိ သက်မ လေးလေး ချ၍ –

''ဟဲ့ ဏီ စိတ်ကို အဲလောက် လွှတ်မထားနဲ့ဟာ၊ အိတို့က ဏီ့ကို အဖက်ဖက်က စိုးရိမ်နေရတယ်''

''ဟုတ်တယ် ဏီ၊ နေဝန်းထိက ခန့်မှန်းဖို့ခက်တဲ့ လူတစ်ယောက်လိုပဲ အဖြေထုတ်ဖို့ မလွယ်တဲ့ လျှို့ဝှက်သိပ်သည်းတဲ့ နှလုံးသားပိုင်ရှင်လေ၊ အကြောင်းတစ်ခုခုကြောင့် ဏီ့ကို မြှေလိုညှို့ယူဖို့ ကြိုးစားနေတဲ့သဘောပဲ၊ ဒါကြောင့် ဏီ အဲလောက်ခံစားနေဖို့ မလိုဘူး၊ နောက်ပြီး ဏီ လက်ခံထားပြီးတဲ့ အခြေအနေကောင်းတွေကို ဏီ ပြန်လွှတ်ချဖို့ မလွယ်ဘူးဆိုတာ ဏီ သတိထားဦးလေ''

''ဟုတ်တယ် ဏီ၊ မနေ့က မေ မောင်သန့်စင်နဲ့ ဆုံတယ်၊ မောင်သန့်စင် ရယ်ရယ်မောမော ပြောသေးတယ်၊ ကိုစစ်က မမဏီနဲ့ အတူနေချင်ပြီတဲ့၊ မင်္ဂလာဆောင်ပေးဖို့ ဘိုးဘိုးတို့ဆီမှာ ခွင့်တောင်းသတဲ့၊ ဘိုးဘိုးတို့ကလည်း စီစဉ်ပေးဖို့ ခေါင်းဆိုင်ဆွေးနွေးနေကြပြီတဲ့''

ဏီ့နှလုံးသားသည် လှိုင်းလုံးကြီးတွေ တဝုန်းဝုန်း ရိုက်ခတ်နေသည့် ကမ်းစပ်က သဲပွင့်တွေပမာ ဂနာမငြိမ် ဖြစ်လာသည်။ ဏီ့နှလုံးသားကို ဟန်ဆောင်ခြင်းနှင့် ပြန်ချည်နှောင်ဖို့ ကြိုးစားလိုက်စဉ်



လည်မျိုကို ဓားသွားထက်ထက်နဲ့ အဖြတ်ခံရသည့် ကြက်တစ်ကောင်လို ဏီ တစ်ကိုယ်လုံး တဖျပ်ဖျပ် လူးခါသွားသည်။

''မင်္ဂလာဆောင်ဖို့ မောင်က တောင်းဆိုနေပြီတဲ့''

ထိုအသိက ဝမ်းနည်းနာကြင်စိတ်နဲ့ ဏီ မျက်ဝန်း မျက်ရည်ကြည်တွေ ဒလဟော ကျဆင်းလာသည်။ ထိုအခါ ဏီသည် စားပွဲပေါ်သို့ မျက်နှာမှောက်ချ၍ စိတ်တိုင်းကျ ငိုကြွေးဖြစ်သည်။ ဘာတတ်နိုင်တော့မလဲ သူငယ်ချင်းတို့ရယ်။ ဘာတတ်နိုင်တော့မှာလဲ။ ဏီ မျက်ရည်တွေနဲ့ ဏီ့နှလုံးသားကို မျှောချရမတဲ့လား။ ရိတ္တိလည်း ဏီ ခံစားချက်တွေအတွက် စိတ်မချမ်းမြေ့တာအမှန်။ ဏီ ဟမ်းဖုန်း မြည်လာသည်။ အိကိုင်လိုက်သည်၊ စစ်ဦးထံမှ ဖြစ်ကြောင်း သိလျှင် အိရင်မှာ သိမ့်ခနဲ ရှိုက်လိုက်မိသည်။

''ကိုစစ်ဦး ပြောလေ''

''ဏီနဲ့ ပြောချင်လို့ပါ''

''သြော် ဟို ဏီ''

''ဘာဖြစ်လို့လဲ အိ၊ ဏီ ဘာဖြစ်လို့လဲ''

စစ်ဦးအသံက စိုးရိမ်ဖွန်း ဒီဂရီအမြင့်ဆုံးမှာ အိ သက်ပြင်းရှိုက်၍ –

''ဏီ ဘာမှ မဖြစ်ပါဘူး၊ ဟို ပြောရမှာအားနာလို့''

''အားမနာပါနဲ့၊ ပြောပါ၊ ဏီ ဘာဖြစ်လို့လဲ''

''ဟိုလေ ခုလောလောဆယ် ဏီ စကားပြောလို့ မဖြစ်သေးဘူး''

''ဘာဖြစ်လို့လဲ၊ ဏီ အလုပ်များနေလို့လား''

''မဟုတ်ပါဘူး၊ ဟို သန့်စင်ခန်းသွားနေလို့ပါ''

အိ ပီပီပြင်ပြင် ညာလိုက်စဉ် စစ်ဦး အားနာသွားပြီး –

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး အိ နောက်မှ ကျွန်တော် ပြန်ဆက်မယ်"

"မဆက်ပါနဲ့ ကိုစစ်ဦး"

"ဘာ ဘာဖြစ်လို့"

'ဏီ'

"ဩော် သန့်စင်ခန်းက ထွက်လာရင် ကိုစစ်ဦးဆီ ဖုန်းဆက်ခိုင်းပါ့မယ်လေ"

စစ်ဦး ဖုန်းချသွားစဉ် အိ စိတ်မကြည်စွာ ဖုန်းပိတ်လိုက်သည်။

"ဏီ ဏီ့နှလုံးသားမှာ ရှင်းလင်းပေါ့ပါးသွားအောင် ဏီ မျက်ရည်နဲ့ ဆေးကြောလိုက်ပါတော့ကွယ်၊ ပြီးမှ စစ်ဦးကို ဖုန်းဆက်လိုက်ပါ၊ ဏီ ဖုန်းကို စစ်ဦး မျှော်နေမယ်"

အိ ခပ်လေးလေးဆို၍ ပင့်သက်ရှိုက်လိုက်သည်။

"ဟုတ်တယ်၊ ဏီ ထိုကို ဏီ့နှလုံးသားဖိုင်တွဲထဲက ဒလိလုပ်ပစ်လိုက်တော့၊ အခြေအနေက ဒီထက် အရှိန်မြင့်လာရင် ဒီထက်ပိုခံစားရမယ်၊ ဏီပိုပင်ပန်းမယ်၊ အဲဒီတော့ ဏီ့နှလုံးသားအနာ ပိုကြီးနေလိမ့်မယ်၊ ဒါကြောင့် ဏီ ရင်ထဲက ခံစားရသမျှကို မျက်ရည်နဲ့သာ သန့်စင်လိုက်တော့ကွယ်၊ နော် ဏီ"

မေကလည်း ဖျောင်းဖျောင်းဖျဖျ ဆိုလာသည်။

"ဏီအတွက် ဆင်ခြင်ချိန်ပိုရအောင် ဏီ သန့်စင်ခန်း သွားတယ်လို့ အိညာလိုက်တာလေ၊ စစ်ဦးက ဏီနဲ့ပတ်သက်ရင် ဘာပဲပြောပြော အလေးအနက်ကို ယုံလိုက်တာပဲ၊ အဲဒီအတွက် စစ်ဦးကိုလည်း သနားဖို့ကောင်းလွန်းတယ် ဏီရယ်"

အိအသံ တိမ်တိမ်လေး နစ်ဝင်သွားသည်။ ဏီ့ရင်ခွင်မှ ရှိုက်သံသဲ့သဲ့ ပေါ်လာသည်။ ဏီအသားစိုင်တွေ တဖျပ်ဖျပ် တုန်နေ



သေးသည်။ ဏီနှုတ်ခမ်းပါး ဆတ်ဆတ်ခါနေသည်။ ဏီအာရုံတစ်ခုလုံး ဆန်ကောထဲ အလှိမ့်ခံရသည့် ဇီးဖြူသီးလို ယိမ်းယိုင်လှုပ်ခါနေတော့၏။

"ထိရယ်"

ထို့ကို ဒီထက် အားကောင်းတဲ့ ဟန်ဆောင်မှုတွေ ပေးလှည့်ပါကွယ်။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မျက်ရည်အဖြစ် စီးမျောသွားသည့် ချစ်ခြင်းသည် ဏီ လိုက်မမီနိုင်သည့် ကြယ်ပွင့်တို့၏ ကမ်းစပ်ဆီ ရောက်နေပြီးထင်ရသည်။ ခုချိန်မှာ ဏီသည် မှန်ဗီရိုထဲ ထည့်ထားသည့် အလှပြအရုပ်ကလေးနှင့် ဆင်တူသည်။ နှလုံးသား မရှိသည့် ထိုအရုပ်သည် မြင်ရသူအားလုံး၏ ရင်ကို ချစ်ခင်နှစ်သက်ဖွယ်ကောင်းအောင် စွမ်းဆောင်နိုင်သလို ဏီသည်လည်း ထိုအရုပ်လိုပေါ့မောင်။ ထို့ကြောင့် မောင်ချစ်ခင်နှစ်သက်သွားအောင် ဏီ နှလုံးသားမဲ့စွာ ရှင်သန်ရတော့မှာပါကွယ်။ ထို့နောက် ဏီ လက်ညှိုးလေးနှင့် မောင့်ဖုန်းနံပါတ်ကို အတည်ငြိမ်ဆုံး နှိပ်လိုက်မိသည်။

"ဏီ"

လို့ လှိုက်လှိုက်လှဲလှဲ မောင်ခေါ်သည်။

"မောင်ပြောလေ အဲ ပြောကတည်းက မောင် ဘာပြောမလဲဆိုတာ သိချင်နေတယ်၊ ဒါကြောင့် ဏီ ချက်ချင်းခေါ်လိုက်တာ"

"ဏီ ဖုန်းဆက်အလာကို စောင့်နေတာ၊ ဏီ့ကြောင့် ရင်ခုန်သွားတာပဲ ဏီ"

"ဏီလည်း ရင်ခုန်ရပါတယ်၊ မောင်နဲ့ ပတ်သက်တိုင်း ရင်ခုန်



ရပါတယ်"

"တကယ် ဏီ တကယ်ရင်ခုန်ရတယ် ဟုတ်လား ဏီ"

မောင့်အသံ ပို၍ မြူးလက်လာသည်ဟု ဏီခန့်မှန်းမိသည်။

"တကယ်ပေါ့"

"ဒါဆို ဏီ ဒီထက်ပိုပြီး ရင်ခုန်စေမယ့်အစီအစဉ်တစ်ခု မောင် ဖန်တီးထားတယ်"

"ဟင်"

ဏီ မျက်လွှာက တအံ့တသြပင့်ကြွသွားသည်။ မောင်သန့်စင်အပြောအတိုင်း ဘိုးဘိုးတို့ရဲ့ အစီအစဉ်ကို အတိအလင်းပြောတော့မှာမို့လား။ ဖြစ်နိုင်ရင် ဏီနားကို ပိတ်ထားလိုက်ချင်သည်။

"သိပ် အံ့သြသွားလား ဏီ"

မောင့်ရယ်သံ ကြည်ကြည်လင်လင်ကြောင့် ဏီ အသိဝင်လာသည်။

"ဟုတ် ဏီ အံ့သြသွားလို့ပါ"

"အံ့သြရမယ့်ဗျူ ဏီ အံ့သြသွားအောင် မောင်စီစဉ်ထားတာရှိတယ်"

"မောင် မောင် ဘာတွေ စီစဉ်ထားလို့လဲ"

"ပထမ အစီစဉ်က မောင့်လက်ရာ ထမင်းပွဲနဲ့ ဏီ့ကို နေ့လယ်စာ ညှော်ခံကျွေးမယ်"

ဏီ လည်မျိုမှာအနည်းငယ် တစ်ဆို့သလို ဖြစ်သွားသည်။

မောင်က ဏီအပေါ် အဲသလောက်ထိ မျှော်လင့်နေပြီလား"

"ဒါဆို ဒုတိယအစီအစဉ်က"

"ပထမအစီအစဉ်ပြီးမှ ကြော်ငြာမယ်လေ"

မောင့်အစီအစဉ်တို့ကြောင့် ဏီ့ရင်မှာ အသသက်ရှုကျပ်သွား

www.burmeseclassic.com

www.burmeseclassic.com

စေသည်။ ပဟေဠိဆန်သည့် ဒုတိယအစီအစဉ်က ဘာဖြစ်နိုင်မလဲ။

တကယ်လို့ မောင်သန့်စင်ပြောတဲ့ အစီအစဉ် နောက်ဆက်တွဲဆိုရင်တော့ အိုး ဏီခေါင်းတွင်တွင် ရမ်းလိုက်သည်။

"ဏီ တိတ်ဆိတ်လှချည်လား။ တစ်ခုခု ပြောဦးလေ"

မောင့်နှိုးဆော်သံကြားရမှ ဏီ နှုတ်ခမ်းပါး ဖျပ်ခနဲတုန်သွားပြီး –

"အို မောင့်အစီအစဉ်က ဘယ်တော့စမှာလဲဟင်"

ဏီ ယောင်တောင်တောင် မေးမိသည်။

"ဒီနေ့လယ်"

"ဟင် မြန် မြန်လှချည်လား"

"မောင်က နေ့နေတယ်လို့တောင် ထင်တာ မောင် အခုဘာအလုပ်တွေ လုပ်နေတယ် ထင်လဲ"

"ပြော ပြောလေ မောင်၊ ဏီ သိချင်တယ်၊ မောင်ဘာလုပ်နေလဲဟင်"

"ဏီ ကြိုက်တတ်တဲ့ ဟင်းပွဲတွေ စီမံနေတာလေ၊ ဏီကြိုက်တတ်တဲ့ ဘဲသားချဉ်စပ်ဟင်း၊ ငါးရံ့ကြော်၊ ငုံးကင်၊ ဝက်သားချိုချဉ်၊ သနပ်စုံ၊ ရေတ်ကောင်းများများနဲ့ ကြာဆံဟင်းခါးစပ်စပ်၊ ကြက်ဥဟပ်ဘွိုင်"

ဏီ ကြိုက်နှစ်သက်သော ဟင်းအမျိုးအမည်တွေ ရွတ်နေသည့် မောင့်အသံက ဏီ နားထဲ မကြားတစ်ချက်ကြားတစ်ချက် တိုးဝင်လာသည်။

"ဒါပဲနော် ဏီ၊ နေ့လယ်စာစားချိန် မောင်လာကြိုမယ်"

"ဟုတ်၊ ဏီ အသင့်စောင့်နေပါ့မယ်"

ဏီ မျက်လုံးအစုံမှိတ်၍ ပြောလိုက်လျှင် ကြည်နူးသော



ရင်ခုန်လှိုင်းတို့ နှလုံးသားရေမျက်နှာပြင်မှာ ပြေးဆော့သွား၏။

"အိုကေ"

မောင့်ရယ်သံ မြူးကြွကြွလေးနှင့် နှုတ်ဆက်၍ ဖုန်းချသွားသည်။ မောင် ဖုန်းချသွားသော်လည်း ဏီ ယောင်တောင်တောင်နှင့် ဖုန်းကိုင်ထားဆဲ အတန်ကြာမှ ဖုန်းချ၍ အသက်မဲ့သလို ငြိမ်သက်နေမိသည်။

မောင့်လက်ရာထမင်းပွဲက မောင့်ဘဝထဲ ဏီ့ကို ဆွဲသွင်းတော့ဖို့ အသင့်စီရင်ထားသည့် လှောင်အိမ်တံခါးပေါက်လေလား မောင်ရယ်။

ဏီ့မှာ စိတ်ကြိုက်ဆုံးဖြတ်ခွင့် မရှိတော့ဘူးဆိုတော့လည်း

✿

ဒီနေ့ မောင့်အမူအရာ အထူးခြားဆုံးဖြစ်ပြီး ဏီ့ဘဝဆီသို့ အရှိန်ပြင်းထန်သောလှိုင်းလုံးကြီး ဖိစီးသောနေ့လည်း ဖြစ်ခဲ့သည်ကို ဏီ ကြိုတင်ပြင်ဆင်ချိန်မရစွာ ရင်ဆိုင်ရလေသည်။ ဏီ့ကို လာကြိုသည့် မောင့်အသွင်သည် ပုံမှန်ထက် မြူးကြွကြွရှိသည်။ မောင့်မျက်နှာပြင်သည် ချိုမြိန်အိထွေးလျက် ပိပိရိရိ စေ့ထားသော ပြုံးယောင်သမ်းသည့် နှုတ်ခမ်းအစုံ ရွှန်းလက်လျက်ရှိသည်။ တောက်ပရွှန်းလဲ့သော မောင့်မျက်ဝန်းအစုံကလည်း ဏီ့ကို အစွမ်းကုန် မက်မောစုံမက်ကြောင်း သက်သေထူနေသည်။ မောင့်ရဲ့ ထူးခြားမှုကြောင့် ရီတို့က စိုးရိမ်သလိုဖြစ်ပြီး –

"ရီတို့ အဖော်လိုက်ခဲ့ရမလား" ဟု တိုးတိုးကပ်၍ မေးကြသည်။ မောင်မရိပ်မိအောင် ဏီ ခေါင်းအသာယမ်း၍ နွေးနွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



ထွေးဖိတ်ခေါ်နေသည့် မောင့်မျက်ဝန်းနောက် ကျွန်မ ခေါင်းလေးအသာငုံ့လျက် လိုက်ပါခဲ့တော့သည်။ လမ်းတစ်လျှောက်တွင် မောင်က ကျွန်မ့ကို စကားတတွတ်တွတ် ပြောနေခဲ့သည်။ မောင့်စကားလုံးတွေကို သံယောင်လိုက်မိသည်။ မောင်ရယ်လျက် ကျွန်မရယ်သည်။ မောင်ပြုံးလျှင် ကျွန်မ ပြုံးနေခဲ့သည်။ မောင်နှင့်ထပ်တူထပ်မျှ ဖြစ်နေသည့် ကျွန်မ့ကို တစိမ့်စိမ့်မြင်ရတာ မောင့်ရင်ခုန်သံ ချိုမြလိုက်ဖို့ တုန်လာသည်ဟု ကျွန်မ ခန့်မှန်းမိသည်။

မောင့်ရဲ့ကားလေးက ခြံဝင်းကျယ်ရှိ ပုံစံဆန်းသည့် နေချင့်စဖွယ် တိုက်လှလှလေး ရှေ့မှာ ရပ်သွားသည်။ ခြံဝင်းတစ်ခုလုံး ကျွန်မ ကြိုက်သည့် သစ္စာပန်းပင်တွေကို အရောင်အသွေးအလိုက် အကွက်ချ စိုက်ပျိုးထားသည်။ ပန်းပင်အားလုံး အရောင်သွေးစုံစွာ မြူးကြွကြွလေး ပွင့်လန်းနေသည်မှာ ကျွန်မ့ရင်ကို အနည်းငယ်ပေါ့ပါးသွားစေသည်။

"ကျွန်မ သစ္စာပန်းကြိုက်တယ်ဆိုလို့ မောင် စိုက်ထားတာ"

ကားပေါ်က ဆင်းလျှင်ဆင်းချင်း မောင်ပြောသည်။ ကျွန်မ သစ္စာပန်းခင်းဆီမှ အကြည့်မလွှဲနိုင်သေး။

"ဘာဖြစ်လို့ အပင်ပန်းခံရတာလဲ မောင်ရယ်"

ကျွန်မ့ရင်မှာ လှိုက်မောစွာ ဆိုမိသည်။ မောင်က -

"မောင့်ကြောင့် ကျွန်မ့ရင်ထဲ ကြိုက်နှစ်သက်တာတွေ ဘက်စုံထောင့်စုံက ပြည့်ပြည့်စုံစုံ ဖြစ်နေစေချင်တယ် ကျွန်မ၊ အဲဒီအတွက် မောင် ဘယ်လောက်ပင်ပန်းပါစေ ကျွန်မ ကျေနပ်ပြုံးပျော်ရတာက မောင့်အတွက် အားဆေးပဲ၊ လာ ကျွန်မ ဟင်းပွဲတွေ အေးကုန်လိမ့်မယ်"

မောင် ဦးဆောင်၍ တိုက်လှလှထဲ ခေါ်ဆောင်သွားသည်။ စားသုံးရန် အသင့်ပြင်ဆင်ထားသည့် ထမင်းဝိုင်းသည် သွားရည်ကျစရာကောင်းလှသည်။ ထမင်းဝိုင်းအပြင်အဆင်က သပ်သပ်ရပ်ရပ်



ရှိလှသည်။ ထမင်းဝိုင်းမှာ ကျွန်မ ထိုင်ရန် မောင် ခုံတစ်လုံး ချပေးသည်။

ကျွန်မ အပြုံးမပျက် စားဝိုင်းရှေ့ထိုင်သည်။ မောင်က ကျွန်မနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး -

"မောင့်ရင်က သစ္စာနဲ့ စီရင်ထားတဲ့ ထမင်းဝိုင်းလေ၊ ကျွန်မ့ဘဝတစ်လျှောက်လုံး ခံတွင်းလိုက်စေမယ့် စားပွဲဖြစ်စေရမယ်လို့ မောင် ဝန်ခံရဲတယ် ကျွန်မ၊ ကျွန်မ မြည်းကြည့်ပါ"

မောင့်စကားလုံးတွေက ဆီစိမ်ထားသည့် ဂွမ်းဖတ်လေးလို အိထွေးနေသည်။ မောင့်မျက်ဝန်းက မာကျူရီ မီးအလင်းရောင် စူးရှလက်ဖြာနေရုံသာမက ကျွန်မ့ရင်ခွင်ကို ထုတ်ချင်းပေါက်သွားနိုင်သည်။ ထိုအခါ မောင့်အကြည့်ကို ကျွန်မ မလုံမလဲ လွှဲပစ်လိုက်ပြီး -

"ဘယ်ဟင်းပွဲ အရင်မြည်းရမလဲ မောင်" ဟု ထမင်းပွဲကို စိတ်ပါသယောင် ငေးကြည့်၍ အပြုံးပွင့်ဆမ်း၍ ဆိုမိသည်။ ထိုအခါ မောင် ကြည်ကြည်နူးနူး ပြုံးပြီး -

"ကျွန်မ မြည်းချင်တဲ့ဆီက စမြည်း၊ ကျွန်မက မောင့်လက်ရာကို အကဲဖြတ်မယ့်သူပဲ၊ ကျွန်မပေးမယ့် အမှတ်ကို မောင် ရင်ခုန်ရင်း စောင့်ကြည့်မယ်လေ"

ရာနှုန်းပြည့် မျှော်လင့်ကြီးစွာ ရင်ခုန်နေသည့် မောင့်မျက်ဝန်းကို ကျွန်မ အကြိမ်ကြိမ် အကြည့်လွှဲရသည်။ ဟန်ဆောင်မှုတွေ ကွာမကျအောင် အကြိမ်ကြိမ် ကျွန်မ ပြုံးနေရသည်။ မောင်ကမ်းပေးသည့် ဇွန်း ခက်ရင်းကို ကြာမြွှေမပျက် လှမ်းယူသည်။

ကျွန်မ ရှေ့တည့်တည့်က ဘဲသားချဉ်စပ်ကို ခက်ရင်းနဲ့ထိုးကော်၍ မြည်းလိုက်လျှင် ကျွန်မ လျှာဖျားလေး လည်သွားသည်။ အိုး ကောင်းလိုက်တာ မောင်ရယ်လို့ လွှတ်ခနဲ ရွတ်မိသွားသည်အထိ။ ကျန်တဲ့ ဟင်းပွဲတွေလည်း ကျွန်မ စားနေကြ မာမီ လက်ရာအတိုင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဏီခံတွင်းတည့်အောင် ချက်ပြုတ်တတ်ရတာလဲကွယ်။ ဏီဆို ဏီကြိုက်တဲ့ဟင်းကို ဏီ အကြိမ်ကြိမ် ကြိုးစားပြီး ချက်သော်လည်း လျှာဖျားပေါ် တင်လို့မရအောင် တစ်မျိုးမဟုတ် တစ်မျိုး လိုနေဆဲ၊ ပိုနေဆဲ။

အချိန်တိုအတွင်းမှာ ခုလို မောင်ချက်ပြုတ်နိုင်တာ အံ့ဩစရာ။ တချို့ယောကျ်ားတွေဟာ မီးဖိုဆောင်ကိစ္စ မဖန်တီးနိုင်တဲ့ မိန်းကလေးကို လက်တွဲဖော်အဖြစ် ရွေးချယ်ဖို့ စိတ်ဝင်တစား မရှိကြဘူးလေ။ မောင်က ထူးခြားတဲ့ ယောကျ်ားပါပဲ။ မီးဖိုဆောင်ကိစ္စ မဖန်တီးတတ်တဲ့ မိန်းကလေးကို မောင်ကိုယ်တိုင် ချက်ပြုတ်ဖြည့်ဆည်းပေးခြင်းနဲ့ ရွေးချယ်ခဲ့တာ ဘယ်လောက် အံ့ဩဖို့ကောင်းလိုက်သလဲကွယ်။

"မောင်က ကမ္ဘာကျော် စားဖိုမှူးအဆင့်ပဲ၊ အမှတ်ပြည့်ရုံတင်မက အမှတ်ပိုပေးလို့ရတယ်၊ မောင်ရဲ့ မောင် အရမ်းတော်တာပဲ"

မျက်တောင်မခတ်တမ်း ကြည့်နေသည့် မောင့်မျက်ဝန်းကို ဏီ မျက်နှာပေါ်က လွဲသွားစေရန် ဏီ အမှန်အတိုင်း ဆိုလိုက်မိသည်။

"တကယ်လား ဏီရဲ့"

"တကယ်ပေါ့"

ဏီ နှုတ်ခမ်းသားလေး မပွင့်တစ်ပွင့်နဲ့ ပြောလျှင် မောင့်နှုတ်ခမ်းအစုံသည် နှင်းဆီပန်းတစ်ပွင့်ကို နမ်းရှိုက်နေတဲ့ နှုတ်ခမ်းတစ်စုံလို ရင်ဖိုလာသည်။ ရေလှိုင်းကလေးမှာ ယိမ်းစီးနေသည့် ပေဒါပန်းပွင့်လေးလို မြူးရွှင်လာပြီး –

"မောင်က ကမ္ဘာကျော် စားဖိုမှူးမဖြစ်ချင်ဘူး ဏီ။ ဏီရဲ့ ရာသက်ပန် စားဖိုမှူးပဲ ဖြစ်ချင်တယ်" ဟု ဆယ်ကျော်သက်တို့၏ ရင်ခုန်မှုမျိုးနဲ့ မြူးမြူးကြွကြွလေး ဆိုသည်။

မောင် ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ၊ မောင်နဲ့ ဖျပ်ခနဲ



အကြည့်ဆုံသွားလျှင် –

"မောင်တို့ လက်ထပ်ကြရအောင်ကွာ"

"အိုး"

ဏီ နှုတ်ခမ်းနှစ်လွှာ ဖျပ်ခနဲ ပွင့်ဟသွားသည်။ ဏီမျက်နှာပေါ်က ဟန်ဆောင်အပြုံးတို့ လွင့်ပျယ်သွားကာ ကယောင်ကတမ်းထရပ်လိုက်သည်အထိ မူပျက်သွားသည်။ ဏီ ဆတ်ခနဲ ထရပ်လိုက်တာကြောင့် ဏီ ခါးစောင်းနဲ့ တိုက်မိသည့် ထမင်းစားပိုင်းလေး ဒုန်းခနဲ လဲကျသွားရှာသည်။

ပန်းကန်ကျသံတွေကြောင့် ဏီ့ရင်မှာ လျှောင်လှိုင်းတုန်ခါသွားလေသည်။ ဟင်းအမယ်စုံသော အရသာရှိသော စားသောက်စရာတွေ ကြမ်းခင်းမှာ ပြန့်ကြဲသွားပြီး –

ဟင် ဏီ ဘာဖြစ်သွားတာလဲ။ ဏီ့ကိုယ်ဏီ မယုံနိုင်လောက်အောင် ပြန်ဆန်းစစ်နေမိသည်။

"ဏီ ဏီ"

မောင့်ခေါ်သံရှူးရှူးကြောင့် ဏီ တစ်ကိုယ်လုံး မီးခဲအုံးခံရသလို ရှိသွားသည်။

"ဏီ ဘာဖြစ်သွားတာလဲ"

မောင် ထပ်ဆင့်ဆိုလာစဉ် ဏီ တစ်ကိုယ်လုံးရှိ သွေးကြောင်တွေ ခုန်ကြွလာသည်။ အမြင်မလှတော့သည့် စားသောက်ပွဲ၊ စင်လွင့်ကျနေသည့် ဟင်းတုံးဟင်းစက်တွေ။ ထို့ပြင် ကျီးတစ်ကောင်လို ညှိုးမည်းသွားသည့် မောင့်မျက်နှာပြင်ကြောင့် ဏီ တစ်ကိုယ်လုံး ချွေးစေးတွေ စို့လာသည်။ ဒီအဖြစ်က ဏီအမှားဆုံးတစ်ခုကို ကျူးလွန်လိုက်သည်နှင့် တူလာသည်။ ဘုရား ဘုရား။ မောင့်မျက်နှာကို ကြည်လင်လာဖို့ ဏီ ဘယ်လိုပေးဆပ်ရမလဲကွယ်။ ဏီ့ကို

www.burmeseclassic.com



အကြံတစ်ခုပေးစမ်းပါ။ ထိုစဉ် မောင့်ခြေလှမ်းက ဏီ့ကို ကျော်နိုင်ကာ ဏီ့ရှေ့က တကယ်ထွက်သွားသည်။ မောင့်ကိုဏီ အသက်မဲ့သလို ငေးကြည့်ရင်း –

"မောင်" လို့ ဖွဖွလေး ခေါ်မိသွားသည်။

ဏီခေါ်သံက မောင့်ခြေလှမ်းတန့်သွားအောင် မဆွဲဆောင်နိုင်တာလား။ တစ်လှမ်းချင်း ထွက်သွားသည့် မောင့်ခြေလှမ်းနောက် ဏီ ပြေးလိုက်ကာ –

"မောင် မောင်"

ဏီ အကြိမ်ကြိမ်ခေါ်၍ မောင့်လက်တစ်ဖက်ကို အတင်းဆုပ်ကိုင်မိ၏။ မောင် ရှန်းမထွက်သွားပါနဲ့၊ ရှန်းမထွက်သွားပါနဲ့။ မောင့်လက်ကို ဏီ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်၍ ခြေလှမ်းရှေ့ဆက်လို့ မရအောင် မောင့်ရှေ့မှ ပိတ်ရပ်ပြီး –

"မောင် ဏီခေါ်တာ ကြားရဲ့လား၊ ကြားရဲ့လား မောင် ဏီ ရုတ်တရက် အံ့ဩသွားလို့ပါ၊ မောင် ခုလို မြန်မြန်ဆန်ဆန် ခွင့်တောင်းလိမ့်မယ် မထင်လို့ပါ မောင်၊ ဏီပြောတာ ယုံရဲ့လားဟင်"

ချက်ချင်းထိနိုက်သွားတဲ့ နှလုံးသားက ရုတ်ခြည်း ကြင်လင်မလာ။ သူဖန်တီးထားတဲ့ ထမင်းဝိုင်းလေး သူ့နှလုံးသားနဲ့မခြားပါဘူး ခုတော့ –

"ယုံရဲ့လားဟင်၊ ဏီ ရင်နဲ့အမျှ တိုင်တည်ပြီး ပြောတာ မောင် ဏီပြောတာ ယုံကြည်ပေးပါနော် မောင်၊ ယုံကြည်ပေးပါ မောင်ယုံအောင် ဏီ ဘာလုပ်ပေးရမလဲဟင်၊ ပြောပါ၊ မောင် လက်ထပ်ခွင့်တောင်းတဲ့အကြောင်း မာမီ့ကို အသိပေးပြီး စီစဉ်နိုင်းလိုက်မယ်လေ၊ နော် မောင်နော်၊ မောင် ဘယ်နေ့လက်ထပ်ချင်လဲ ပြောပါ မနက်ဖြန်လား. သန်ဘက်ခါလား ဟင်၊ ဘိုးဘိုးတို့က ဘယ်နေ့ကို



ရွေးထားလဲ၊ မောင့်မာမီတို့ကရော ဘယ်လိုစီစဉ်ထားလဲ ပြောပါမောင်၊ ဏီ လိုက်လျောပါ့မယ်၊ မောင်ရွေးချယ်တဲ့နေ့ကို ဏီ လက်ခံပါ့မယ် နော် မောင်၊ ကျေနပ်ပါ၊ မောင် ကျေနပ်ပါ၊ ဏီ တောင်းပန်ပါတယ်၊ ကျေနပ်ပါနော်"

မောင့်လက်ကို အတင်းအကျပ် ဆုပ်ကိုင်၍ ဏီ အသနားခံတောင်းဆိုနေသည်က ဘယ်နှကြိမ်မြောက်မှန်း မသိတော့ပါ။ မောင့်လက်ချောင်းများကို ဏီ ပါးပြင်ထက် ဆွဲကပ်ထားမိသည်က ဓမောင်ယုံကြည်လာစေဖို့ ဖြစ်သည်။ တိမ်မင်ခဲလို ညိုမှောင်နေသော မောင့်မျက်နှာသည် မိနစ်ပေါင်းများစွာ ကြာမှ အရောင်ပျပျ လင်းလာသည်။ မောင့်မျက်ဝန်း မှိုင်းရာမှ စိုလာသည်။ မောင့်နှုတ်ခမ်းနှစ်လွှာ မညီမညာ တွန့်လာသည်။ မောင့်မျက်နှာပြင်က သွေးကြောလေးများ တင်းလာသည်။ မောင့်အကြည့်စိုစိုက ဏီ့ကို စူးစိုက်ကြည့်ပြီး အက်ကွဲတုန်ဟိုက်သော အသံနှင့်ဆိုသည်က –

"ဏီဏီ ဏီဏီရယ်၊ ဟန်ဆောင်ရတာ သိပ်ပင်ပန်းလွန်းတယ်ကွာ၊ သိပ်ပင်ပန်းလွန်းပါတယ်" တဲ့။

ထိုအခါ ဏီတစ်ကိုယ်လုံး အားအင်မဲ့ကာ ဝုန်းခနဲ ပြိုကျသွားသလို ခံစားရသည်။ မောင့်လက်တစ်ဖက်ကို အားကိုးတကြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည့် ဏီလက်အစုံ ဖြုတ်ခနဲ ကွာကျ၏။

ဏီ့လက်ဖဝါးကို သူဆွဲယူဆုပ်ကိုင်ပြီး ဏီမျက်ဝန်းကို စိုက်ကြည့်သည်။

"ဏီဏီ ဒီနေ့ဖြစ်စဉ်ကို ခဏမေ့ထားကြစို့နော်"

"ဟင့်အင်း"

ဏီ ခေါင်းတဆတ်ဆတ်ယမ်းလျှင် ဘယ်အချိန်ကတည်းက စို့သီနေမှန်းမသိတဲ့ မျက်ရည်တွေ အိခနဲ ပြိုကျလာသည်မှာ ဏီ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းလိုက်ပေမယ့် မမီတော့ပါ။

"ဟင့် ဟင့်"

သက်တမ်းကြာရှည်စွာ ဟန်ဆောင်လာနိုင်ရဲ့နဲ့ မထင်မှတ်တဲ့ ဟန်ဆောင်သရုပ်ပျက်လေး ကျွတ်ကျသွားသည်က ဏီနဲ့မောင့်အတွက် ဘယ်လောက် ဆိုးဝါးလိုက်သလဲကွယ်။

"ဏီ အရမ်းပင်ပန်းနေပြီ၊ ဏီ အနားယူဖို့ လိုတယ်။ ဏီ့ကို မောင် ပြန်ပို့ပေးပါမယ်။ ဏီ မောင်ပြောတာ ကြားရဲ့လား၊ ကြားရဲ့ လားဏီ"

ပါးပြင်ပေါ် ဒေါင်လိုက်စီးကျနေတဲ့ ဏီမျက်ရည်တွေကို မောင် ကြ[illegible]စွာ သုတ်ပေး၍ တည်ငြိမ်စွာ ဆိုနိုင်သော်လည်း ဏီ ဘာမှ ပြန်မပြောနိုင်ရှာ။

ဏီ့ရင်ထဲမှာတော့ -

"မောင့် ဆန္ဒအတိုင်း လက်ထပ်ကြပါစို့နော်။ လက်ထပ်ကြ ပါစို့" လို့ အထပ်ထပ် ရွတ်ကာ သံပတ်ပေးထားတဲ့ မင်းသမီးရုပ်လေး နှယ် မောင့်စကားလုံးတွေနဲ့ ပါသွား၏။

မောင်ရယ် နားလည်လိုက်လျောတတ်တဲ့ မောင့်နှလုံးသားကို ဏီ ပြန်လိုချင်ပါတယ်ကွယ်။

✿ ✿ ✿

## အခန်း (၁၉)

"ဟင်"

မေက တအံ့တသြ မျက်လုံးလေးပြူးကာ ဟင်ခနဲ ဖြစ်ပြီး ဏီက ထိုင်ရာမှ မတ်ခနဲဖြစ်သွားသည်။

"ဒါဆို" ဟု ဏီက စကားမဆက်နိုင်အောင် ဖြစ်သွားသည်။

"ဟုတ်တယ်"

ဏီ ဝမ်းပန်းတနည်း ခေါင်းညိတ်လျှင် -

"ဘယ်လိုလုပ်ကြမလဲ၊ ဏီ ဟန်ဆောင်တာ စစ်ဦး သိသွား ပြီဆိုတော့"

မေ စိုးရိမ်သွေးဆူကာ မေးတော့ ဏီ ခေါင်းယမ်းလိုက်မိ၏။

"ဒါမှမဟုတ် ဏီတို့ စစ်ဦးနဲ့ တွေ့ပြီး ဆွေးနွေးကြည့်ရင် မကောင်းဘူးလား"

"ဆွေးနွေးတယ်ဆိုတာ တစ်ဖက်က စွဲချက်တင်ထားမှလေ၊ တင်ထားတဲ့ စွဲချက်မရှိဘဲ ဘယ်အကြောင်းက စ ဆွေးနွေးမှာလဲ ဏီရယ်"

ဏီ့အကြံပေးချက်ကို အိ ချက်ချင်းချေပသည်။ ဟုတ်ပါတယ် လေ။ ဘာက ဘယ်လိုစပြီး ဆွေးနွေးမှာလဲ။ ဏီ့နှလုံးသားဟာ

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရတစ်ခုလို ခြောက်သွေ့လျက် –

"မေတော့ မတွေးရဲအောင် ဖြစ်နေရပြီ၊ မေ စိုးရိမ်တာက ဏီမာမိနဲ့ သူ့အသိုင်းအဝိုင်းကို ပြောလိုက်တယ်ဆိုရင်"

မေ၏တွေးဆချက်သည် ဏီ့ရင်ကို ကျောက်တုံးကြီးတစ်တုံး ဖိထားသလို လေးလံလှသည်။ ထိုလေးလံမှုကြောင့် ဏီ အသက်ရှူ ကျပ်ကာ နွမ်းလျော့ဖြစ်လာသည်။

"စစ်ဦး အဲသလောက် သဘောထားသေးသိမ်လိမ့်မယ် မထင်ဘူးဟ"

အိ ခပ်ဖျော့ဖျော့လေး ထင်မြင်ချက်ပေးပြန်သည်။

"ညနေ ဏီ့ကို စစ်ဦးတိုင် လာကြိုပါ့မလား"

ရီက သို့လော သို့လော တွေးတောဆိုလာသည်။

"ဘာတတ်နိုင်မှာလဲ၊ ဏီ စောင့်ကြည့်ရုံပေါ့"

ဏီ သက်ပြင်းချ၍ စိတ်အားပျက်စွာ တစ်ခွန်းပဲ ဆိုမိတော့သည်။

"အင်းလေ စောင့်ကြည့်တာပဲ ကောင်းပါတယ်" လို့ ခပ်ပေါ့ပေါ့ ပြောရင်း အတွေးပွားနေကြသည်။

မောင်ပြောသလို ဒီနေ့ဖြစ်စဉ်ကို မေ့ထားဖို့ ကြိုးစားကြည့်မယ်လေ။ ဒါကြောင့် ဏီ အလုပ်တွေ ဖိလုပ်နေမိတာပေါ့။ ဒါပေမဲ့ အလုပ်ကိစ္စထဲ အာရုံက ရောက်တစ်ချက် မရောက်တစ်ချက်။ ရီတို့က လည်း ဏီ အာရုံပြောင်းလဲသွားအောင် ရယ်စရာ မောစရာတွေ ရှာကြံပြောကြ၊ ကျောင်းတုန်းက အမှတ်တရအဖြစ်တွေကို စားမြုံ့ပြန်ကြနှင့်။ လေးဦးသား ရင်မှာ ခပ်တွေတွေ ရယ်ကြပြောကြဖြစ်နေသော်လည်း ခြောက်သွေ့နေမှန်း ကိုယ်စီသိရှိသည်။

"ဟုတ်တယ်လေ။ မေ့ဖို့ လွယ်သလား မောင်ရယ်"



ဏီ့ ရင်မှာတော့ သံမှိုနှက်ထားသလို စွဲမြဲနေတယ်လေ။ ဒီလိုနဲ့ ရုံးဆင်းချိန်ပင် ရောက်လာပြီ။ မောင် လာကြိုမှာ မဟုတ်ဘူး။ ဏီ ခန့်မှန်းပြီးသားပါလေ။ ဒါကြောင့် ငါးနာရီထိုးသည်နှင့် ဏီတို့ ရုံးဆင်းရန် ပြင်ဆင်ကြသည်။ ထိုစဉ် –

'ဏီ' ဟု ကြည်လင်စွာ ခေါ်၍ မောင်ရောက်လာသည်။

မျက်ခုံးထူထူနှစ်ဖက် ထင်းနေအောင် နက်မှောင်နေသော မောင့်မျက်နှာသည် အရင်လို လတ်ဆတ်သည့် ပန်းတစ်ပွင့်နှင့်မတူပေ။ ညိုးနွမ်းနေသည့် ပန်းကလေး ပြန်လတ်ဆတ်အောင် ရေစင်ဖျန်းထားသည်နှင့် တူနေမှန်း ဏီ သိနေသည်။

"ရီတို့က ကိုစစ်ဦး လာမကြိုတော့ဘူး ထင်နေတာ" ဟု ရီ တအံ့တသြ လွှတ်ခနဲ ပြောသည်။ ထိုအခါ မောင် ဘယ်ဘက်ပါး အလယ်မှ ပါးချိုင့်လေးပေါ်အောင် ပြုံးသည်။ ထိုအပြုံးကလည်း ကြည်လင်သည့်ရေကြည်ရေသန့်လို တောက်ပပြိုးပြင်သည့် အပြုံးမဟုတ်ပေ၊ ရေနောက်တွေ အနည်ထိုင်နေသည့် ရေကြည်လို သိပ်မကြည်လင်တဲ့ အပြုံးမျိုးသာ ဖြစ်သည်။ ထိုအပြုံးနှင့် ပီပီပြင်ပြင်ဆိုသည်။

"ကြိုရမှာပေါ့ ရီရယ်။ ဏီ့ကို ရာသက်ပန် ကြိုခွင့်ရချင်ပါတယ်တဲ့"

ဏီ ဟန်ဆောင်နေမှန်းသိသော်လည်း မောင်က မျှော်လင့်နေဆဲဖြစ်ကြောင်း မောင့်စကားလုံးက သိသာနေသည်။

"ကြိုရမှာပေါ့ မောင်ရယ်၊ မောင်မကြိုရင် ဏီ ရုံးမဆင်းဘူး၊ တကယ်လို့"

ဏီပြောလိုက်ပေမယ့် မောင့်မျက်ဝန်းက မြူးထူးမလာ။ သေချာတယ်။ မောင်ကလည်း ဏီလို ဟန်ဆောင်နေတာလား။ ဒီ ခေါင်းစဉ်က ဏီတို့နှစ်ယောက်အတွက် တစ်ခုခုပြောင်းလဲသွားနိုင် လို

www.burmeseclassic.com

www.burmeseclassic.com



အပ်သည်။ ဒါကြောင့် –

"သွားစို့ မောင်"

ဏီ နှုတ်ဆော်လျှင် မောင်ပြုံး၍ ခေါင်းညိတ်သည်။ ထုံးစံအတိုင်း မောင်ရှေ့က ထွက်သွားလျှင် ရိုတို့ကို ဏီ လက်ပြနှုတ်ဆက်၍ မောင့်နောက်မှ လိုက်ထွက်ခဲ့သည်။ ကားပေါ်ရောက်သည်အထိ မောင်နှင့် ဏီ စကားတစ်ခွန်းမှ မဆိုဖြစ်ကြ။ မောင်ကတော့ ကားကိုသာ အာရုံစိုက်မောင်းနေသည်။ မီးပွိုင့်မိလျှင် ဏီ့ကို မောင် ခပ်ငေးငေးလေး ငဲ့ကြည့်၍ –

"မောင်နဲ့ဏီ အေးအေးဆေးဆေးစကားပြောရအောင်လား"

"အင်း ပြောတာပေါ့၊ ပြောရမှာပေါ့"

ဏီ ကျေကျေနပ်နပ် လက်ခံလိုက်ရသည်။ သီးသန့် စားသောက်ခန်းမှာ ဏီတို့ ထိုင်ဖြစ်ခဲ့သည်။ မျက်နှာချင်းဆိုင်ထိုင်နေသည့် ဏီတို့နှစ်ဦးကြား တိတ်ဆိတ်လွန်းလှသည်။ ဏီအကြိုက် အစားအသောက်တွေချည်း မှာထားသည့်စားပွဲကို ဏီ မချင့်မရဲကြည့်သည်။

အတန်ကြာတော့ မောင့်အသွင်သည် တစ်စုံတစ်ရာအတွက် လေးတင်၊ ဖင့်တွဲနေသလိုလို ဖြစ်၏။ မောင့်အသက်ရှူသံက ပုံမှန်ထက် ပြင်းလာသည်။ စားပွဲပေါ် တင်ထားသည့် ဏီ လက်ချောင်းလေးများကို ငေးကြည့်ပြီး–

"ဏီဏီ"

ဟု တိုးလျလျ ခေါ်သည်။ မောင့်အတွက် ဘာမဆို ဏီ လိုက်လျောရန် ဆုံးဖြတ်ထားတာကြောင့် –

"ပြောပါ မောင် မောင့်ရင်ထဲ ရှိသမျှ ဖွင့်ပြောပါ၊ မောင်နဲ့ပတ်သက်ပြီး ဏီ ခံစားတတ်အောင် ခံစားနိုင်အောင် ကြိုးစားပါ့မယ်၊



ကတိပေးပါတယ် မောင်ရယ်၊ ကတိပေးပါတယ်"

ဏီ နှလုံးသားမှအချစ်တွေ ဘာတွေကို ပြန့်ဝဲမကြည့်ချင်တော့ဘူး။ ဦးနှောက်နဲ့ ဆုံးဖြတ်ပြီး မောင်ပြောသမျှ၊ ဆိုသမျှ၊ တောင်းဆိုသမျှကို ခေါင်းညိတ်ဖို့ ဏီ ပြင်ဆင်ထားသည်။

ဏီ့ကို စိတ်မသက်မသာဖြစ်သော မျက်ဝန်းနဲ့ မောင် ကြည့်လျှင် ဏီ မလုံမလဲ ဖြစ်ပြီး –

"မောင် ဏီ ပေးတဲ့ကတိကို မယုံလို့လားဟင်"

မောင် ခေါင်းအသာယမ်း၍ –

"ယုံတယ် ဏီရယ်၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်ရင် ကတိဆိုတာ ဟန်ဆောင်မှုနဲ့ အနားသတ်ထားတဲ့ မျဉ်းတစ်ကြောင်းပဲလို့ မောင် ယူဆတယ်"

"ဟုတ်တယ်၊ ဟန်ဆောင်မှုနဲ့ အနားသတ်ထားတဲ့ အဲဒီမျဉ်းကြောင်းဟာ သက်တမ်းဘယ်လောက်ကြာအောင် တည်နိုင်မလဲ၊ တစ်နှစ်လား၊ နှစ်နှစ်လား၊ ငါးနှစ်လား၊ ဆယ်နှစ်လား။ သေချာတာက ရာသက်ပန် မတည်နိုင်ဘူး"

"ဏီ မောင်ပြောတာ လက်ခံရဲ့လား"

ဏီခေါင်းညိတ်ဖို့ ခေါင်းခါဖို့ မေ့လျော့သွားသည်။ ဟုတ်တာပေါ့။ ဟန်ဆောင်မှုဆိုတာ မတည်မြဲဘူးလေ။ နတောင် ဘွားခနဲ ပေါ်သွားပြီပဲ။ လက်ခံရဲ့လား မေးတဲ့ မောင့်စကားလုံးက ဏီ့ရင်ခွင်ထဲ တိုးဝင်လာသည့် မြားတစ်စင်းနှင့် တူနေသည်။ ထိုမြားဒဏ်ကြောင့် ဏီ တစ်ကိုယ်လုံး အဆိပ်တက် [illegible] ပို ပြာနှမ်းသွားသည်။ မောင့်မျက်နှာနုနုလေးလည်း ဒီတစ်ခါ ပြာနှမ်းညိုမှောင်လာသည်။

ဘုရား ဘုရား မောင် ဏီ့ကို လှုပ်လှုပ ဖွပ်စွဲနေတာလား။ ဖွပ်စွဲခံနေရတဲ့ အကျဉ်းအကျပ်ထဲက ဏီ့ကို ကယ်ထုတ်ကြပါဦးလည်း။

www.burmeseclassic.com



ထိုစဉ် –

"တီ တီ တီ"

မောင့် ဟမ်းဖုန်းလေးမြည်လာသည်။ ဟမ်းဖုန်းသံက ဇီတို့ နှစ်ယောက် မျက်နှာဖြူဖြူတွေ ကြည်သန့်အောင် ကြိုးစားပြင်ဆင်ချိန် ပေးလာသလို ဖြစ်သည်။ မောင့်မျက်နှာပေး ပုံမှန်အတိုင်းဖြစ်အောင် ပြင်၍ မောင် ဖုန်းနားထောင်သည်။

"ဟဲလို ပြော မာမီ"

မောင့်အသံ ကြည်လာသည်။ ထို့နောက် မျက်မှောင်တွန့် ကြုတ်သွားပြီး –

"ဘာ မမကြွေ"

မမကြွေဆိုသည့် မောင့်အသံကြောင့် ဇီ မျက်ဝန်းက မောင့် ကို [illegible]ကြည့်ပြီး –

"မမ ဘာဖြစ်တာလဲ ဟင် ဘာတဲ့လဲ"

ဇီ စိုးရိမ်တကြီး မေးတော့။ မောင် လက်တား၍ ဖုန်း စကားဆက်သည်။

"ဟုတ်ကဲ့ မာမီ၊ ခုလာခဲ့ပါ့မယ်"

စိုးရိမ်စိတ်ဖြစ်သည့် အရောင်တွေ မောင့်မျက်နှာပေါ် သက် တန့်လို ဖြာကျနေတာ ဘာကြောင့်လဲဟင်။ မောင် ဖုန်းပိတ်၍ ဇီကို တိတ်ဆိတ်စွာ ကြည့်ပြီးမှ –

"ဇီ့မာမီ ဆက်တာ၊ မမကြွေ အရမ်းသောင်းကျန်းနေတယ် တဲ့ ဇီ"

"ဟင်"

"ဟုတ်တယ်၊ ခုတလော မမကြွေ အရင်လိုမဟုတ်ဘူး၊ မနေ့က မောင်ဆေးတိုက်တာ တော်ရုံနဲ့မသောက်ဘူး၊ ကိုငြိမ်းကို



တမ်းတမ်းတတ ဟစ်အော်ခေါ်နေတာလေ၊ ခုလည်း ဘာဖြစ်ပြန်လဲ မသိဘူး၊ သွားကြစို့"

ပြောပြီးသည်နှင့် ဇီထက်ဦးစွာ မောင်ထရပ်လျှင် ဇီလည်း ကမန်းကတန်း ထရပ်ပြီး မောင်နဲ့အတူ ထထွက်ခဲ့တာ မမအတွက် စိုးရိမ်လို့ပဲ ဖြစ်သည်။ မမကြွေအတွက် ဇီတို့နှင့်ထပ်တူ စာနာပေး သည့် မောင့်ကို ဇီကျေးဇူး တင်ရသည်။

မောင်သာမရှိရင် မမ အခြေအနေက ပိုဆိုးသွားနိုင်တယ် လေ။ အကယ်၍ နေ့လယ်က အဖြစ်သာ မရှိခဲ့ရင် ဘယ်လောက် ကောင်းမလဲကွယ်။ ခုတော့ ကသိကအောက်ဖြစ်လျက် –

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကရို ကရို ငြိမ်း ငြိမ်း ဘယ်မှာလဲ။ ကျလေ့ ကြွေဆီလာပါ။ ပြန် ပြန် လာခဲ့ပါ။ လာ လာခဲ့ပါ"

ကိုငြိမ်းကို အသည်းအသန် ခေါ်၍ ခြေထောက်ကို တရွတ်တိုက်ဆွဲကာ တိုက်ထဲမှ ပြေးထွက်ခဲ့သည့် မမကြွေ။ မောင် စိုးရိမ်တကြီးဖြစ်၍ ကားကို ခြံဝမှာ ရပ်လိုက်သည်။ ထိုကားပေါ်က ကမန်းကတန်း ဆင်းပြီး မမကို ဆီးဖမ်းလိုက်ရသည်။

"မမရယ် မမ"

တစ်ကိုယ်လုံး ချွေးတွေ နစ်နေသည်။ မမအသွင်သည် ကိုငြိမ်း ကျောနိုင်းထွက်ခါစကလို ဆံပင်တွေ ဖိုးရိုးဖားရား ထိုးဖွထားပုံနှင့် ဂယောက်ဂယက် ဖြစ်ကာ ဦးတည်ရာမဲ့နေသည်။

"ကရို ငြိမ်း ကြွေ ကြွေ သ သမီးကလေးကို ပြန်ခေါ်ပေးပါ၊ သမီးလေးကို ပြန်ပေးပါနော် နော် ပေးပါ"

ထို လက်ထဲမှ ရုန်းထွက်ရန် ကြိုးစားကာ သမီးလေးကို တမ်းတမ်းတတ တောင်းဆိုနေရှာတဲ့ မမ။ မမကို မောင် အတင်းပွေ့ချီလိုက်လျှင် –

"လွှတ် လွှတ် စစ်ဦး၊ လွှတ် ကျလေ့ ကြွေ ကြွေကို



လွှတ်ပါ လွှတ်"

"ကိုကိုလေးပါ မမရယ်၊ စစ်ဦးမဟုတ်ဘူး၊ ကိုကိုလေးပေါ့၊ မမမောင်လေး၊ သေချာကြည့်ဦး"

ထို တတွတ်တွတ် ပြောသော်လည်း မမမျက်ဝန်းက မူမှန်မလာ။ ရှိုက်ကြီးတငင် ငိုချပြီး –

"မ မဟုတ်ဘူး၊ မ ဟ လဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုကို လေး လေး မရှိတော့ဘူး၊ ဒယ်ဒီ မရှိတော့ဘူး၊ ဆုံး ဆုံးပြီ၊ ဟီး ဟီး ဟီး၊ လိမ်တယ် လိမ် လိမ်ကြတယ်၊ အား အားလုံး လိမ်ကြတယ်၊ စစ် စစ်ဦး၊ လူလိမ် ကိုကို ကိုကိုလေးလို လိမ်တဲ့လူလိမ်၊ ဟီး ဟီး ဟီး"

မမ ရုန်းကန်ရင်း ငိုရှိုက်ကာ မောင့်မျက်နှာကို ဒေါသတကြီး အတင်းကုတ်၏။

"မမ မမရယ်၊ အဲလို မဟုတ်ရဘူးလေ၊ စစ်ဦးဟာလည်း မမရဲ့ မောင်လေး ကိုကိုလေးပဲပေါ့ နော် မမ"

"ဟုတ်တယ် သမီးရယ်၊ သမီးကြီးရဲ့ မောင်ပါပဲနော်၊ ဒီလို မလုပ်ပါနဲ့ကွယ်"

အတင်းကုတ်ဖဲ့ခြင်းခံနေရသည့် မောင်ခမျာ မမကို တင်းခံပွေ့ကာ အခန်းထဲအရောက် မ,လာခဲ့သည်။ မာမီနဲ့ ထိုတို့ မမလက်ကို ဆွဲချုပ်၍ စိတ်မချမ်းမြေ့စွာ ရှုတ်နေသော်လည်း မမက အရှိန်တက်နေတဲ့စိတ်ဖောက်ပြန်သူလို ရုန်းကန်ဟစ်အော်နေဆဲ။

"ဟီ ဟီ ငါ့ကို လ လိမ်ကြတယ်၊ လိမ်ကြတယ်၊ လူလိမ် သူလိမ်၊ သွား သွား၊ လူလိမ်တွေ သွား"

မောင့်ကို မမ အတင်းနှင်ထုတ်ပြန်သည်။ ဆွဲကုတ်ခံရသည့် မောင့်ပါးနှစ်ဖက်မှာ မမလက်သည်းအစင်းကြောင်းကြီးမှ သွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ယိုစီးထွက်လာတာမြင်ရတော့ ဇာ အရမ်းအားနာသလို မောင့်အတွက် စိတ်မကောင်းလည်း ဖြစ်မိသည်။

ထို့ပြင် မောင့်ကို လက်ညှိုးထိုး၍ လူလိမ်ဟု မမ အကြိမ်ကြိမ် စွပ်စွဲ၍ ထုတ်သည့်အခါ မောင် မျက်နှာငယ်လေးနှင့် အခန်းထဲက ထွက်သွားရှာသည်။ မာမီက မမပါးစပ်ကို အတင်းပိတ်၍ –

“သမီးကြွေ ကြွေ၊ ဒီလိုမပြောရဘူး၊ သမီးကို ကိုကိုလေး လိုချစ်လို့ပါကွယ်၊ နော် သမီး ဘာဖြစ်ချင်လဲ ပြော၊ မာမီ အားလုံး လုပ်ပေးမယ်နော်၊ ဒီဆေးပြားလေး အရင်သောက်လိုက် သောက် လိုက်နော်”

မာမီက မမကို အတင်းပွေ့ဖက် ချော့မော့ပြီး ဆေးတိုက်ရန် ကြိုးစားသည်။

“ဆေးသောက်လိုက်နော်၊ မမ,ကျန်းမာမှ ကိုငြိမ်းပြန်လာမှာ တဲ့၊ မမသမီးလေးကိုလည်း ခေါ်လာမှာတဲ့လေ၊ ဆေးသောက်လိုက် ပါနော်၊ သောက်လိုက်ပါ မမရယ်”

“တကယ်”

ကိုငြိမ်းနဲ့ သမီးလေးဆိုသည့် အသံကြောင့် မမမျက်လုံး လုလုလေး ချက်ချင်းပဲ တောက်ပလာသည်။

“တကယ်၊ ရော့ ရော့ ဆေးမြန်မြန်သောက်လိုက် မမ”

ဇာ ဆေးသုံးပြားကို မမခံတွင်းထဲ ဇာ ခပ်မြန်မြန် ထိုးသွင်း လိုက်သည်။ မမ ယောင်တောင်တောင်နှင့် ဆေးကို မျိုချသည်။ ဇာ တိုက်သည့်ရေတစ်ခွက်ကို တစ်ရှိန်ထိုး မော့လိုက်၏။ ရေသောက် ပြီးသည်နှင့် –

“ကလို ငြိမ်းနဲ့ သ သမီးလေး တကယ်လာမှာနော်”

“လာမှာပေါ့”



“လာရင် ဟိုလူလိမ်ကို ထိုး ထိုးခိုင်းမယ်၊ ကို့ ကိုငြိမ်း ငြိမ်း လက်သီးနဲ့ ထိုး ခိုင်း ခိုင်း မယ်”

ကိုငြိမ်းကိုသာ တမ်းတနေသည့် မမစိတ်ကြောင့် မာမီ့မျက်နှာ ညစ်ထေးသွားသည်။ အထူးသဖြင့် မောင့်ကို လူလိမ်ဟု စွပ်စွဲသည့် အတွက် ယူကျုံးမရဖြစ်ကာ ကြေကွဲနေမိသည်။ မောင့်ကို အရမ်း အားနာသလို မောင့်အသိုင်းအဝိုင်းအတွက်လည်း တွေး၍ စိတ်ပူနေမိ သည်။ လူလိမ်လို့ စွပ်စွဲသည့်မမကို မောင့်မိသားစုဝင်တွေ ထပ်ဆင့် နားလည်ပေးနိုင်ကြမလား။

နောက်ပြီး ဇာနဲ့မောင့်ဖြစ်စဉ်က၊ မောပန်းသွားသည့် မမဟာ မာမီရင်ခွင်မှာ ခေါင်းတိုးဝင်လျက် ဆေးရှိန်နှင့် ငြိမ်သက်တော့မှ ဇာ သက်ပြင်းချနိုင်သည်။ မောင်က ခြံဝက ကားဆီ လျှောက်သွား နေဆဲ၊ မောင် စိတ်ဆိုးသွားသလား။ ဇာတို့မိသားစု၏ သောကတွေ အပေါ် စိတ်ကုန်နေပြီလား။

“မောင်”

မောင့်ခြေလှမ်းတွေနောက် ဇာ အမီလိုက်ရင်း အားကိုးတကြီး ခေါ်မိ၏။

“မောင် မမကို ခွင့်လွှတ်ပါနော်”

လှိုက်လှိုက်လှဲလှဲ တောင်းပန်စကားဆိုတော့ မောင့်ခြေလှမ်း တန့်သွားသည်။

“မောင်ရယ်၊ မမစိတ်ဖောက်နေတဲ့အတွက်ဆိုတာ နားလည် ပေးပါနော်။ မမစိတ်ကောင်းဝင်နေတဲ့အချိန်ဆိုရင် မောင့်ကို ကိုကိုလေး လိုပဲ ချစ်တယ်ဆိုတာ လက်ခံပေးပါနော် နော် မောင်”

ဝမ်းနည်းလှိုက်လှဲစွာ ပြောနေသည့် ဇာ့အသံတုန်တုန်လေးက သူ့ရင်မှာ မချမ်းမြေ့လှ။

www.burmeseclassic.com

www.burmeseclassic.com



ဏီ့ဘက် ပြန်လှည့်၍ နူးညံ့မွတ်ချောနေတဲ့ ဏီမျက်နှာ ဖူးဖူးလေးကို စာနာစွာပဲ စိုက်ကြည့်ပြီး –

"ရပါတယ် ဏီရယ်၊ မမကို မမကြီးအမှတ်နဲ့ မောင် ချစ်ခင်ခဲ့တယ်၊ နောက်ပြီး မမက ပုံမှန်မဟုတ်တဲ့ စိတ်ရောဂါသည်လေး မောင် ပိုပြီး နားလည်ရမှာပေါ့၊ အဲဒီအတွက် ဏီ့ရင်မှာ ဘာမှမထားနဲ့ ဏီ၊ မောင့်အတွက် အနှောင့်အယှက်မဖြစ်ဘူး ဏီရဲ့"

"မောင်ရယ်"

မမအတွက် အစွမ်းကုန် နားလည်မှုပေးသည့် မောင့်စိတ်ထားအတွက် ဏီ့ရင်မှာ ကြေကွဲကာ ကြေကွဲမျက်ရည်တွေ အိခနဲ လိမ့်ကျလာသည်။ မမလက်သည်းရာမှ စီးကျလာသည့် သွေးစိမ်းလတ်လတ်များကြောင့် ဏီ ပို၍ ဝမ်းနည်းစိုးနှင့်ရတာ အမှန်ပါပဲ။

"မောင်ရယ် နေ့ခင်းကနဲ့ ခုဖြစ်စဉ်ကို ဏီ ဘယ်လို ခံစားရမလဲဟင်၊ အဲဒီအတွက် ဏီ့ရင်မှာ နိုက်နေတယ်၊ ဏီ့ကိုယ်ဏီ ပြန်မဖတ်တတ်အောင် ရှုပ်ထွေးနေတယ် မောင်ရယ်၊ ဏီ မှားနေလားဟင်"

မငိုဘဲ ကျဆင်းလာသည့် ဏီ့မျက်ရည်တွေကို မောင် ငေးစိုက်စိုက်လေး ကြည့်ကာ သက်မနိုးချသည်။ နေ့လယ်က ဖြစ်စဉ် မရှိခဲ့ဘူးဆိုရင် ဏီ့မျက်ရည်တွေကို သူ့လက်ချောင်းလေးတွေနဲ့ သူ တယုတယ သုတ်ပေးမိမှာ သေချာသည်။

ခုတော့ သူ့နှလုံးသားကို သူ ပြန်ဖိကိုက်သလို နာကြင်လှသည့် ခံစားချက်နှင့် ကားပေါ်တက်ကာ နှုတ်မဆက်ဘဲ လှည့်ထွက်ခဲ့မိသည်က လေစီးကြောင်းထဲ လျှပ်တိုက်ပါသွားတဲ့ သစ်ရွက်ခြောက်လေးနှယ်။

"ဏီ့ကို ခွင့်လွှတ်ပါ"

လို့ ဏီ အကြိမ်ကြိမ် ရေရွတ်မိတာ ရင်ပွင့်မတတ်ပါပဲ။



ထိုနေ့ဟာ မောင်နှင့်ဏီ စိတ်မချမ်းသာဆုံးနေ့ဖြစ်သလို ထိုစိတ်မချမ်းမသာ ခံစားမှုများ မောင့်မိသားစုထံသို့ ကူးစက်သောနေ့ရင့်ရင့်ဆိုလည်း မမှားဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

လပြည့်ဝန်းကြီး ထိန်ထိန်သာနေသည့် ထိုညက လောကကြီးကို စိတ်ကူးယဉ်စေအောင် ဆွဲဆောင်သည်နှင့်တူလှသည်။ မောင်ပြန်သွားပြီးကတည်းက ဏီ တစ်ယောက်တည်း ခြံထဲဆင်းကာ လွှဲပုခက်ပေါ် စိတ်ပျက်စွာ ထိုင်ပြီးတွေးငေးနေမိသည်။

မောင့်အကြောင်း၊ မမအကြောင်း၊ ဏီ့အကြောင်း၊ မာမီနှင့်နှစ်ဖက်မိဘအသိုင်းအဝိုင်းတွေအကြောင်းတွေပေါ့။ နာရီ ဆယ့်တစ်ချက်ခေါက်သည်အထိ ထိုင်နေဆဲ။ ထိုစဉ် –

"ဏီဏီ"

ညှိုးနွမ်းနေသည့် မျက်နှာပြင်နှင့် စိုးရိမ်စိတ်ကြီးသော မာမီအသံတုန်တုန်နှင့်ခေါ်ရင်း ဏီထိုင်နေသည့် ခြံထဲ ဆင်းလာသည်။ မာမီကို ဏီ လှည့်ကြည့်၍ –

"မာမီ မမ ဘာဖြစ်လို့လဲ"

"ကြွေကြွေ ဘာမှမဖြစ်ဘူး အိပ်နေပြီ၊ ဖြစ်နေတာက သားစစ်ဦးလေ"

"ဟင် မောင်"

ဏီ့ မျက်နှာ ညှိုးယိုင်သွားသည်။



"မောင် ဘာဖြစ်လို့လဲ ဟင်"

"ခုထိ ပြန်မရောက်သေးဘူးတဲ့၊ ဏီ့အနားမှာလားလို့ ဘွားဘွား ဖုန်းဆက်မေးလာတယ်၊ ဏီ့အနားမှာ မရှိဘူးလို့ ပြောလိုက်တော့ သူတို့ အတော်စိုးရိမ်နေကြပြီ၊ ဒါနဲ့ ဏီဏီ သားနဲ့ တစ်ခုခုဖြစ်ကြသလားဟင်၊ တစ်ခုခုဖြစ်ကြသလား"

မာမီ့မေးခွန်းကို ဏီ ပြန်မဖြေတတ်၊ အံ့ဆိုင်းနေသည့် မာမီ့ကိုသာ ငေးကြည့်မိသည်။

"တစ်ခုခု ဖြစ်လို့ သားစိတ်ညစ်ပြီး"

"အိုး ဘာမှ မဖြစ်ပါဘူး"

"ဒါဆို ဘယ်လိုလုပ်ရမလဲ၊ သား တစ်ခုခု ဖြစ်နေသလား၊ မာမီ စိုးရိမ်လိုက်တာ၊ စိုးရိမ်လိုက်တာ သမီးရယ်၊ သားသာ တစ်ခုခုဖြစ်သွားရင် မာမီ ရင်ကျိုးရချည်းရဲ့ သမီးရယ်"

မာမီ ဝမ်းနည်းလှိုက်တုန်စွာ ပြောရင်း ငိုကြွေးနေတော့သည်။ ဏီတို့မိသားစုကို အစွမ်းကုန် သိတတ်တဲ့မောင့်ကို မာမီ သားရင်းလို တန်ဖိုးထားခဲ့သည်။

"သမီးကြီး စွပ်စွဲလို့ စိတ်ညစ်ပြီး ဘယ်တွေများ လျှောက်သွားနေလဲ မသိဘူးကွယ်၊ မာမီစိုးရိမ်လိုက်တာ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ဏီဏီ ဘယ်လိုလုပ်ကြမလဲ'

မာမီ၏ဆူလောင်မှုကို ဏီ မကြည့်ရက်။ ဏီ့ရင်မှာလည်း မောင့်ကို အမှန်တကယ် စိုးရိမ်လာသည်။ မောင်တို့မိသားစုဟာ စည်းကမ်းကြီးတဲ့မိသားစု၊ မိသားစုဝင်တစ်ယောက်ယောက်ဟာ ညဘက်အပြင်ထွက်ချင်ရင် မိဘရဲ့ခွင့်ပြုချက်ရမှ အဖော်တစ်ယောက်ခေါ်ပြီး ထွက်ရလေ့ရှိသည်။ ခုတော့ မောင်က ဏီတို့ဆီက ထွက်သွားကတည်းက အိမ်မပြန်ဘဲ ဘယ်မှာရှောင်နေသလဲ။ ရှောင်နေတာ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဤကြောင့်လား။ ဤကြောင့်ဆိုရင် ဤမှာ တာဝန်ရှိတာပေါ့။ မောင့်ကို ရှာရမှာပေါ့။

"စိတ်မပူပါနဲ့ မာမီရယ်၊ မောင့်ကို ရှာရမှာပေါ့။ ဤ လိုက်ရှာပေးမယ်လေ၊ ဘွားဘွားကိုလည်း ဖုန်းပြန်ဆက်လိုက်၊ ဤ လိုက်ရှာပေးမယ်လို့နော် . . . မာမီ"

"အင်း . . . သမီး မြန်မြန်ရှာပေးပါကွယ်၊ တွေ့တာနဲ့ မာမီတို့ကို ဖုန်းဆက်ပါကွယ်"

"ဟုတ်ကဲ့ မာမီ"

ဤ ချက်ချင်းပင် ဂိုဒေါင်ထဲက ကားထုတ်၍ မောင် ရှိတတ်မည့်နေရာကို လိုက်ရှာမိသည်။ ညနေက မောင်ခေါ်သွားသည့် စားသောက်ဆိုင်ဘက်သို့ ရောက်ခဲ့သေးတယ်။ ဆိုင်က ပိတ်နေပြီလေ။ မောင် ဘယ်ဆီရောက်နေလဲကွယ်။

ဒီနေ့တစ်နေ့လုံးရဲ့ဖြစ်စဉ်ဟာ မောင့်ခံစားချက်တွေကို ကျပ်တိုက်သလို ဖြစ်စေခဲ့သည်။ နေ့ခင်းက မောင်နှင့်အတူ ရောက်ရှိခဲ့သည့် ခြံဝင်းမှာ မောင်ရှိနိုင်ကောင်းရဲ့။

ထိုအတွေးနှင့် ခြံဝင်းဆီသို့ ဤ ဦးတည်ခဲ့သည်။ ဤကြောင့် ပျက်စီးခဲ့သည့် စားသောက်ပိုင်းသည် ကဗျာမဆန်စွာ ဖရိုဖရဲဖြစ်နေသလို သူ့နှလုံးသားသည်လည်း ထိုနည်းလည်းကောင်းဖြစ်နေသည်။

ကဗျာမဆန်သည့် စားသောက်ပိုင်းဆီမှ အကြည့်လွှဲ၍ သက်ပြင်းအကြိမ်ကြိမ်ချသည်။ ထို့နောက် ဤကြိုက်နှစ်သက်သည့် သစ္စာပန်းခင်းကို စိတ်မချမ်းမြေ့စွာ ငေးကြည့်နေမိသည်။ ဤရယ် မောင့်အဖြစ်ဟာ လေထဲ တိုက်အိမ်ဆောက်နေတဲ့အဖြစ်မျိုးလား၊ ရေပေါ်အရုပ်ရေးနေတဲ့အဖြစ်လား၊ လှိုင်းလုံးတွေကို ချောမြှူနေတဲ့အဖြစ်လား မောင် မစဉ်းစားချင်တော့။



ခုချိန်မှာ မောင့်နှလုံးသား ဆူပွက်နေပြီး မောင့်ရင်ခွင်မှာ လှိုင်းတွေပဲ တရုန်းရုန်းကြွနေတယ်လေ။ မောင် ဘယ်လိုရပ်တည်ရမလဲ မစဉ်းစားတတ်လောက်အောင်ပဲ ဤ။ ဖြစ်နိုင်ရင် မောင့်ရင်ထဲရှိသမျှကို ဖောက်ထုတ်ပစ်လိုက်ချင်တယ် ဤရယ်။

"မောင်"

တိုးလျတဲ့ခေါ်သံချိုချိုက သူ့အာရုံထဲ ဝေ့ခနဲဝဲလာသည်။ အရောင်ဖြာနေသည့် သစ္စာပန်းပွင့်လေးတွေပေါ်မှာ အလင်းရောင်ဖျော့ဖျော့က လျှပ်တိုက်ပြေးလွှားနေသည်။ ဒီလိုအချိန်မျိုးဟာ လွမ်းမောဖွယ်, တောင့်တဖွယ်ကောင်းလှသလို ရင်ထဲက အစိုင်အခဲကို ဖွင့်ဖောက်ပစ်ဖို့ တွန်းအားပေးလာသည်နှင့်တူသည်။ ဒီခေါ်သံက ဘယ်က လွင့်လာတာလဲ။

မောင်။

ဒုတိယခေါ်သံကို ကြားရပြန်သည်။ သူ လှည့်ကြည့်မိလျှင် လရောင်ကြည်ကြည်လင်လင်အောက်က ဤသည် ပုလဲရောင်ဖျော့ဖျော့တောက်ကာ နွမ်းလျကြေကွဲနေသည်။ ထို့ပြင် ဤအသွင်သည် တစ်စုံတစ်ရာအတွက် စိတ်မချမ်းမြေ့မှုတွေ ရိုက်ခတ်ခံနေရသည့် ကမ်းခြေလို မတည်ငြိမ်မှုပေ။ နေ့ခင်းက အကျည်းတန်အဖြစ် မရှိခဲ့ရင် သူ့ရင်မှာ မြူးလက်တောက်ပသည့်အပြုံးနှင့် ဤကို တွေးဖက်ထားချင်လောက်အောင် လရောင်က ဖမ်းစားနိုင်မည်ထင်ရဲ့။ ခုတော့ သက်ပြင်းတွေ စိန့်စီချနေလျက်။

"မောင်ရယ် ဤကြောင့် မောင် ခုလိုခံစားနေရတာ ဤ မကြည့်ရက်ဘူး။ အဲ့ဒီအတွက် ဤကို ခွင့်လွှတ်ပေးပါနော်၊ နော် မောင် ခွင့်လွှတ်ပေးပါ"

ဤတောင်းဆိုမှုက သူ့နားမှာ မကြားတစ်ချက် ကြားလာ

www.burmeseclassic.com



ချက် ဝင်လာသည်။ သူ့ရင်မှာ ကျပ်ခဲနေတာကြောင့် ဏီ့ကို တစ်ခုခု ချော့ဖို့ စွတ်စွဲဖို့ အားအင်မရှိပါ။ သူ့ရှေ့က အဖြူရောင် သစ္စာပန်းခင်းကိုသာ ငေးကြည့်မိသည်။

"မောင် မောင် အဲလိုမြှုပ်မနေပါနဲ့၊ မောင့်ရင်ထဲမှာရှိသမျှ ခံစားရသမျှအားလုံးကို ဖွင့်ထုတ်လိုက်စမ်းပါ၊ ဏီ့ကို စိတ်ကြိုက်ဝေဖန်ပါ၊ သရော်ပါ မောင်ရယ်၊ တစ်ခုခုတော့ တုံ့ပြန်ပါနော်၊ နော် မောင်၊ တစ်ခုခု တုံ့ပြန်ပါ၊ မောင့်တုံ့ပြန်တာကို ဏီ ကျေကျေနပ်နပ် ခံပါ့မယ်"

အသက်မဲ့တဲ့ ကျောက်ရုပ်လို မာကျစ်ကာ ခံစားမှုကင်းမဲ့နေသည့် မောင့်ကို မြင်ရတော့ ဏီ့ရင်မှာ ဝမ်းနည်းလာသည်။ ဏီ့ကို တွေ့ရင် ပြာ်မြတ်နိုးနိုးကြည့်တတ်သည့် မောင့်မျက်ဝန်းသည် ခုချိန်မှာ ခံစားမှုကင်းမဲ့ကာ ကျေနပ်နှစ်သိမ့်မှုတွေ ချွေချတတ်သည့် မောင့်နှုတ်ခမ်းပါးက ချွေစရာစကားလုံးမရှိတော့ဘူး ထင်ရသည်။

မောင် နှုတ်ဆိတ်ငြိမ်သက်နေသည်က ဏီ့ရင်ကို ခံရခက်လှသည်။ ဒီဒဏ်ကို ဏီ သည်းမခံနိုင်တော့ပါ။ ရင်ထဲမှာ ထုထည်ကြီးမားစွာ ဝမ်းနည်းနေတဲ့ ဏီက ငိုချပစ်ရုံပဲပေါ့။

ကြည်စင်လင်းလဲ့သော လရောင်အောက်မှာ အစွမ်းကုန်လှပနေသော ပန်းခင်းကြီးကို ဦးခိုက်ပြီး ငိုရှိုက်နေသည်က ကဗျာမဆန်ပါဘူး ဏီရယ်။

အကယ်၍ နေ့လယ်ကဖြစ်စဉ်မရှိခဲ့လျှင် ဏီ့ကို ရင်ခွင်ထဲ မြတ်မြတ်နိုးနိုးထည့်၍ ချော့မော့ချင်ပါတယ်။ ဒါပေမဲ့ ဟန်ဆောင်မှုတွေ ဝ,အီနေတဲ့ ဏီ့နှလုံးသားကို မောင် မခံစားရက်ဘူး။ တကယ်ပါကွယ်။

"မငိုပါနဲ့ ဏီရယ်၊ မောင့်ကြောင့် ဏီ့ရင်ခွင် မနွမ်းစေရပါဘူး၊ မငိုပါနဲ့ နော်"



နှစ်သိမ့်ဖေးမလိုတဲ့ သူ့ခြေလှမ်းတွေက စကားလုံးတွေနဲ့အတူ ဏီအပါး ရွေ့သွားသည်။ တုန်ခါနေသည့် မောင့်စကားလုံးက လှိုင်းလုံးကြီးသဖွယ် ဏီ့ရင်ကို လာဖိသလို လေးလံမွန်းကျပ်လွန်းလှသည်။ ဏီ ဝမ်းနည်းစိုနင့်စွာ ရှိုက်ရင်း

"မဟုတ်ဘူး၊ ဏီ ဟန်ဆောင်နေတာက မောင့်ရင်ကို ဏီ နိုက်စေခဲ့တာလေ၊ အဲ့ဒီအတွက် ဏီ့ကို မောင် တစ်ခုခုစွပ်စွဲလိုက်ပါ၊ ဏီ့ရင်မှာ မျက်ရှသွားအောင် မောင့်ရဲ့ခံပြင်းမှုတွေ ပစ်ထည့်လိုက်ပါ၊ မောင်ရယ် ဒါမှ ဏီ့ကိုယ်ဏီ ဖြေသိမ့်လို့နိုင်မှာပါ။ နောက်ဆို ဏီ ဒီထက်ပို ကြေကွဲရလိမ့်မယ် မောင်ရယ်"

သူ မချိပြုံးလေး ပြုံးမိသွားသည်။ ထိုအပြုံးလေးနဲ့ ဏီမျက်နှာလှလှလေးကိုစိုက်ကြည့်ပြီး

"ဏီရယ် ဏီ သိပ်ပင်ပန်းလွန်းပါတယ်၊ အဲ့ဒီအတွက် မောင် မစွပ်စွဲဝံ့ဘူး၊ အရှင်းဆုံးပြောရရင် ဏီ့ကို မောင် မမြင်ဖူးဘဲနဲ့ မြတ်မြတ်နိုးနိုးချစ်ခဲ့တယ်၊ ဏီ့ကို ကြိုဆိုခွင့်ရတုန်းက မောင် အရမ်းပျော်ခဲ့တယ်၊ မောင့်နှလုံးသား ဏီ့ကို ဘယ်လိုရင်ခုန်မိမှန်း ပြန်မပြောတတ်လောက်အောင်ပါပဲ ဏီရယ်၊ နောက်ပြီး ဏီရဲ့အလိုက်သိတတ်မှုတွေက မောင့်နှလုံးသားအတွက် ပျားရည်သောက်စို့ခွင့်ရသလို ချိုမြိန်စေခဲ့တယ်၊ ဒါကြောင့် ဏီအတွက် မောင့်ဘက်က အစစအရာရာ အဆင်သင့်ဖြစ်အောင် စီစဉ်ပြီးမှ ဏီ့ကို မြတ်မြတ်နိုးနိုးလက်ထပ်ခွင့်တောင်းခဲ့တာပါ ဏီ"

ဏီ တစ်ခုခုပြန်ပြောချင်ပေမယ့် မပြောဖြစ်ပါ။ ဏီပါးပြင်ထက်မှ မျက်ရည်စတွေကို တယုတယသုတ်ပေးရင်း

"ဒါပေမဲ့ ဏီရဲ့ဟန်ဆောင်မှုတွေ ရုတ်တရက်ကွာကျသွားတာ မြင်ရတော့ မောင် အရမ်းဝမ်းနည်းခဲ့တယ်၊ အဲဒီဝမ်းနည်းစိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် မောင် သိလိုက်ရတာက ဏီ ဘာကြောင့်ဟန်ဆောင် ရသလဲဆိုတာလေ''

ဏီရဲ့ဟန်ဆောင်မှုကို မောင် သိသွားပြီလေ။ ဒါဆို ထိုအကြောင်းလည်း သိသွားပြီပေါ့။ ဏီ ခေါင်းတွင်တွင်ယမ်းမိသွားသည်။

''ဒါကြောင့် ဏီ့ကို မေးခွန်းအမျိုးမျိုးနဲ့ လှောင်စိတ်မထားရက်ဘူး ဏီ၊ ဘာကြောင့်ပဲ ဟန်ဆောင်ပစေ ဏီ့ကို မောင် မြတ်နိုးဆဲ၊ စုံမက်ဆဲ၊ ရင်ခုန်ဆဲ၊ ချစ်နေဆဲလေ''

မောင့်အသံက အဖျားခပ်၍ နိမ့်ဆင်းသွားသည့်အခါ ဏီ့ရင်မှာ ဟာခနဲဖြစ်သွားသည်။

''တကယ်ပါ ဏီ၊ ဏီ့ကို ရာသက်ပန်အတွက် မောင့်နှလုံးသားက ချစ်ခဲ့တာ ဏီ ယုံရဲ့လား''

ဟန်ဆောင်ခြင်းကင်းသည့် မောင့်စကားလုံးက ဏီနှလုံးသားကို ပါးပါးမွှမ်းသလို နာကျင်လွန်းလှသည်။ နာကျင်ခြင်းကြောင့် ဒလဟောကျလာသည့် ဏီမျက်ရည်ကို မောင် အတန်ကြာငေးမောကြည့်ပြီး

''ဏီ ဏီဆီမှာ လက်ထပ်ပါရစေလို့ မောင် တောင်းဆိုခဲ့တာ၊ အပျော်သဘောမဟုတ်ဘူး၊ ဏီ့ကို မြတ်မြတ်နိုးနိုးချစ်နေလို့ပါ ဏီ''

နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ ပွက်ထလာသည့် မောင့်စကားစုက ဏီ့ရင်ခွင်ကို ပြာမှောင်သွားစေသည်။ ဒါပေမဲ့ ဏီပါးပြင်ထက်မှ မျက်ရည်စတွေကို မောင်ပဲ တယုတယ သုတ်ပေးပြန်သည်။ ထိုအခါ ဝမ်းနည်းနေတဲ့ ဏီ့နှလုံးသားကို ဏီ ထိန်းချုပ်ပြီး

''ဏီလည်း မောင့်ကို ချစ်နိုင်အောင် ကြိုးစားမှာပါ၊ မောင် ဝမ်းနည်းမနေပါနဲ့၊ မောင်ချစ်တဲ့အချစ်မျိုးနဲ့ ညီမျှအောင် ကြိုးစားပါ့မယ်၊ မောင့်ကိုပဲ လက်ထပ်ပါ့မယ်၊ ဏီ ကတိပေးပါတယ်၊ ကတိပေး



ပါတယ် မောင်ရယ်''

ဏီ လှိုက်လှိုက်လှဲလှဲ ကတိပေးလျှင် မောင့်နှုတ်ခမ်းလွှာစေ့ ပိတ်သလို အတန်ကြာအောင် တိတ်ဆိတ်သွားသည်။ ခုလို တိတ်ဆိတ်သွားတာ ဘာကြောင့်လဲ မောင်ရယ်။ မောင့်နှုတ်ဆိတ်နေလေ ဏီ့ရင်ကို မီးကျွမ်းသလိုခံစားရတာ အမှန်ပါပဲ။ ဒါကြောင့် မောင့်ကို အသနားခံသည့်မျက်နှာပေးနှင့် ဏီ မော့ကြည့်လိုက်ပြီး

''မောင် ဏီပေးတဲ့ကတိကို မောင် မယုံလို့လားဟင်''

ဏီစကားမဆုံးခင် ဖျတ်ခနဲ မောင် လှည့်ကြည့်သည်။ လဝါဝါ အလင်းရောင်အောက်မှာ မောင့်အမူအရာက စိတ်လှုပ်ရှားကာ ယူကျုံးမရဖြစ်ခြင်းတွေ လက်ဖြာနေသည်ဟု ဏီ ထင်မိသည်။

''ပြောလေ မောင်၊ ဏီပေးတဲ့ကတိကို မယုံလို့လား''

သူ ခေါင်းတစ်ချက်ယမ်း၍

''မယုံတာထက် ဏီအယူအဆမှားနေတယ်လို့ မောင်ထင်တယ်''

''ဘယ်လို ဏီအယူအဆ မှားနေတယ် ဟုတ်လား''

''ဟုတ်တယ်''

''ဘာဖြစ်လို့''

''ဏီရယ် အချစ်ဆိုတာ ဦးနှောက်အသိက ဖိအားပေးနိုင်တဲ့ ခံစားချက်မဟုတ်ဘူး၊ နှလုံးသားက သူ့ဘာသာပေါ်လာတဲ့ ခံစားချက်လေ၊ ဒါကြောင့် အချစ်နဲ့ ပတ်သက်မှုကြီး ဦးနှောက်ကပေးတဲ့ကတိဆိုတာ ဟန်ဆောင်မှုနဲ့ အနားသတ်ထားတဲ့ မျဉ်းတစ်ကြောင်းနဲ့ တူတယ် ဏီ၊ အဲဒီမျဉ်းက အချိန်ဘယ်လောက်တည်နိုင်မှာလဲ၊ တစ်နှစ်လား၊ နှစ်နှစ်လား၊ ငါးနှစ်လား၊ ဆယ်နှစ်လား။ သေချာတာက ရာသက်ပန်တော့ တည်တံ့နိုင်မှာမဟုတ်ဘူး ဏီ၊ မောင်ပြောတာ လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား''

မောင့်အယူအဆက ဏီ့ရင်ခွင်ထဲ မြားတစ်စင်းလို ဖောက်ထွင်းဝင်ရောက်သည့်အလား စူးရှလာသည်။ ထိုမြားဒဏ်ကို ဏီ မခံနိုင်ဘူး ထင်ရဲ့။ ဏီ့တစ်ကိုယ်လုံး အဆိပ်တက်လာသလို ခံစားရစေသည်။

''မောင်ပြောတာ လက်ခံချင်ရင် မောင်နဲ့ဏီ ဖြစ်စဉ်ကို ပြန်သုံးသပ်လို့ရတယ် ဏီ၊ မောင်နဲ့ဏီ မျက်နှာချင်းဆိုင် ဆုံတွေ့ခဲ့တာ ဒီနေ့ပါဆို ခြောက်လနဲ့ဆယ့်ရှစ်ရက်''

ဏီ သက်ပြင်းငွေ့ငွေ့ချမိသွားသည်။ ဘာကိုဆိုလိုမှန်း ဏီ အလိုလိုသဘောပေါက်သွားသည်။

ဟုတ်တယ်လေ။ နှစ်ဝက်သာသာ အချိန်တိုအတွင်းမှာ ဏီရဲ့ဟန်ဆောင်မှုတွေ ကွာကျသွားတာဆိုတော့ ရေရှည်မှာ ဘယ်လိုလုပ် ဟန်ဆောင်နေနိုင်မလဲ၊ မောင့်စကားအဆုံးမှာ ဏီ့နှလုံးသားမွန်းကျပ် လာတာ အမှန်။

''မောင့်ကို ငဲ့ညှာရင် ဒါမှမဟုတ် ဏီ့ကိုယ်ဏီ သနားရင် ဟန်မဆောင်ပါနဲ့ ဏီရယ် နော်၊ မောင် အလေးအနက် တောင်းဆိုပါရစေ၊ ဟန်ဆောင်ထားတဲ့ အနာသတ်မှုနဲ့ အချစ်ကို မရောထွေးပါနဲ့လား''

အချစ်နဲ့ဟန်ဆောင်ခြင်းကို တစ်စစီလွှာချနေတဲ့ မောင့်နှလုံးသားက ဘယ်ကမ်းပါးဆီမှာ အနာသတ်လို့လဲကွယ်။

''ဏီ့ရင်မှာ ဏီမာမီနဲ့ မောင့်အသိုင်းအဝိုင်း ရိုပ်မိသွားမှာ အရမ်းစိုးရိမ်နေတယ် မဟုတ်လား'' တဲ့။

ဏီ့ရင်မှာ ဆတ်ခနဲ ခေါင်းညိတ်မိသွား၏။ ထိုအခါ မောင့်နှုတ်ခမ်းပါးပေါ် ခပ်လျော့လျော့အပြုံးတစ်ပွင့် ပေါ်လာသည်၊ ထိုအပြုံး



က ဏီ့ကို နှစ်သိမ့်ပေးလိုခြင်းပဲ ဖြစ်မယ်ထင်ရသည်၊ ဏီ စူးစိုက်ကြည့်လျှင် မောင် အပြုံးမပြယ်စွာပဲ ပြော၏။

''အဲဒီအတွက် စိတ်ချ ဏီ၊ ဘယ်သူမှ မရိပ်မိအောင် မောင် လိုက်လျောမယ်၊ အထူးသဖြင့် ဏီမာမီနဲ့ဏီမမရင်မှာ အပြောင်းအလဲ မဖြစ်ရအောင် မောင် ပုံမှန်အတိုင်း ရပ်တည်ပေးမယ်၊ အဲ့ဒီအတွက် ဏီ့ရင်မှာ အစိုင်အခဲဖြစ်မနေနဲ့ဏီ၊ မောင်ပြောတာ လက်ခံရဲ့လား''

ဏီ မယုံနိုင်လောက်အောင် ဖြစ်၏။ ဏီ ဟန်ဆောင်တာကို သိလျက် ဒေါသတစ်ချက်မထွက်ရုံမက မာမီတို့ မရိပ်မိအောင် လိုက်လျောပေးနိုင်သည်အထိ မောင် သဘောထားကြီးသတဲ့လား။ မယုံနိုင်စရာကောင်းလိုက်တာကွယ်။

''လက်ခံရဲ့လား ဏီ''

မောင့်စကားအဆုံးမှာ ဏီခေါင်း အလိုလိုညိတ်မိသွား၏။

''လက်ခံရမှာပေါ့ မောင်ရယ်''

ဏီ ခေါင်းညိတ်လိုက်သည်။ မောင့်ရင်မှာ ကြည်နူးပန်းကလေး ပွင့်စေသည်။ ထိုအခါ ဏီတို့နှစ်ယောက်ရဲ့ရှေ့မှာရှိသော သစ္စာပန်းခင်းမှ အဖြူရောင်သစ္စာပန်းတစ်ခက်ချိုး၍ ဏီ့ကို ကမ်းပေးသည်။

လရောင်အောက်မှာ မောင်ပေးသည့် အဖြူရောင်သစ္စာပန်းလေးသည် ပွင့်ချပ်ကလေးစိုအိကာ တလက်လက်မြူးကြွလျက်ပြီးတော့ ရင်ခုန်လှိုက်ဖိုစွာ မောင်ဆိုသေးသည်။

''ဏီ့ကို မောင်ချစ်တယ်၊ အရမ်းချစ်တယ် ဏီ၊ ဏီဆီက စစ်မှန်တဲ့ချစ်ခြင်းကိုပဲ မောင်လိုချင်တယ်၊ မောင်လိုချင်တဲ့အချစ်စစ်ကို ဏီပေးနိုင်မလားဟင်''

မောင်ပေးတဲ့ပန်းခက်ကို လှမ်းယူပြီးတဲ့အခါ ဏီ ဘယ်လိုပြေရမလဲဆိုတာ မတွေးတတ်အောင် ဖြစ်သွားသည်။ လရောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အမြိုင် မျှော်လင့်ခြင်းတွေ ပြုံးပြုံးပြက်ပြက်လင်းနေသည့် မောင့်မျက်နှာကို ဏီ ရင်ဆိုင်မကြည့်ရက်ပါ။ ဏီလက်ထဲရောက်နေတဲ့ အဖြူရောင်သစ္စာပန်းလေးကိုသာ ငေးကြည့်နေမိသည်။

ထိုရင်ဖွင့်စဉ်က ဏီ့နှလုံးသားဟာ ရင်ခုန်လိုက်ဖို့မှုနှင့် မိုးရေထဲ ပြေးဆင်းသွားခဲ့ဖူးသည်။ စိတ်ကူးယဉ်စရာကောင်းလှသည့် လရောင်အောက်မှာ မောင်ရင်ဖွင့်တော့ ဏီ့နှလုံးသား ကျောက်ရုပ်လို ငြိမ်သက်နေသည်က အံ့သြဖွယ်ကောင်းလှသည်။

"အချိန်ယူစဉ်းစားပြီး ဖြေပေါ့ ဏီ"

မျှော်လင့်တောင့်တစွာ မောင့်ပြောလျှင် ဏီ ကျိတ်၍ သက်မချရသည်။

"မောင်"

ပန်းခင်းဆီပို့ထားတဲ့ မောင့်အကြည့်က ဏီထံ အားမပါစွာ ရွေ့လာသည်။ ဖြစ်နိုင်ရင် မောင်လိုချင်တဲ့အဖြေကို ချက်ချင်းပေးချင်ပါတယ်ကွယ်။ ဒါပေမဲ့ ရာသက်ပန်အတွက် စစ်မှန်တဲ့ချစ်အဖြေဖြစ်ဖို့အတွက် ဏီဦးနှောက်၊ ဏီ့နှလုံးသား၊ ဏီ့ချစ်ခြင်းတွေနဲ့ ရောမွှေပြီး အဖြစ်သင့်ဆုံးအဖြေကို ဏီပေးရမှာပေါ့။

ထိုအဖြေက မောင်မက်မောစေမယ့် အဖြေမျိုးဖြစ်ဖို့ ဏီ ဆုံးဖြတ်ရမှာပေါ့။ မောင့်အကြည့်ကို ဏီ မျက်ဝန်းစိုစိုနှင့် စူးစိုက်ကြည့်မိသည်။ အကြည့်ချင်း တစ်မိနစ်လောက် ဆုံသွား၏။ ခုချိန် မောင့်ရင်ခွင်သည် ဟောဒီသစ္စာပန်းတွေလို တလက်လက်မြူးကြွနေဖို့ လိုတယ်လေ။ ဒါမှလည်း နေ့လယ်ကအဖြစ် မမကြောင့် ဖြစ်တည်ခဲ့တဲ့ မောင့်နှလုံးသားမှာ တင်းကျပ်နေတာတွေ ပြေလျော့သွားမှာပေါ့။ မောင်သက်သေတည်ရင်ဖွင့်ထားသည့် သစ္စာပန်းခက်ကို မောင့်ရှေ့မှာ ဏီ ဖွဖွနမ်းမိသည်။ ထိုအခါ မောင့်နှုတ်ခမ်းပါးပေါ် လျှပ်ပြက်သလိုအလင်း



တန်းလေး လက်လာသည်။ မောင့်ခြေလှမ်း ဏီထံ ရွေ့လာသည်။ ထိုအခါ ဏီ ရင်မှတင်းကျပ်မှုကို မျိုချလိုက်ပြီး

"မောင့်ကို မနက်ဖြန် အဖြေပေးပါ့မယ်"

ဏီအသံ တိုးတိုးလေးအဆုံးတွင် မောင့်မျက်နှာသည် လပြည့်ဝန်းလို အေးမြလင်းလက်သွားသည်။

"ဏီ ဏီ တကယ်ပြောတာ"

"အင်း"

ဏီမျက်နှာလေးလှအောင် ပြုပြင်၍ ခေါင်းညိတ်လိုက်၏။ ထိုအခါ သူ့နှလုံးသား မြူးထူးလာသည်။ လှောင်အိမ်ထဲက လွတ်တဲ့ငှက်တစ်ကောင်လို လွတ်လပ်ပေါ့ပါးသွားပြီ။

"ရှီ"

ခနဲ လေချွန်ကာ ဏီ့နှလုံးသားက အချစ်ပန်းလေး ပန်ခွင့်ပေးပါ လမင်းကြီးရယ်ဟု လမင်းကြီးကိုငေး၍ အသံကျယ်ကြီး အော်ဟစ်လိုက်သည်။ မောင်၏မြူးထူးမှုသည် သစ္စာပန်းခင်းကြီးကို ရင်ခုန်သွားသည်ဟု ထင်ရသည်။

ညို့လေပြည်အေးဆော့မြူးသွားလျှင် လရောင်ဖြန့်ခြုံထားသည့် သစ္စာပန်းခင်းကြီးက တဖိတ်ဖိတ်တောက်ပသည့်အပြုံးနှင့် ဏီ့ကို မောင် လှမ်းကြည့်စဉ် ဏီ အပြုံးမပျက်ဘဲ

"မောင် ကျေနပ်ရဲ့လား"

"ဏီရဲ့တုံ့ပြန်မှုတိုင်းဟာ မောင် ကျေနပ်စေမယ့် ရောင်ပြန်ဟပ်မှုပဲပေါ့ ဏီရယ်" တဲ့။

"မောင်ကျေနပ်တယ်ဆိုရင် ဏီလည်း ကျေနပ်ပါတယ်"

သွားစွယ်လေး လင်းလက်လာသည့်အထိ မောင့်အပြုံးက ပိုပြင်းမြူးကြွလာသည်။ ညဥ့်ငှက်တချို့၏အော်သံချိုချိုကြောင့် ဏီ

www.burmeseclassic.com

www.burmeseclassic.com



အာရုံမှာ အသိဝင်လာသည်။ မောင့်ကို စိုးရိမ်တကြီးဖြစ်နေကြတဲ့ မောင့်မိသားစုဝင်တွေရဲ့သောက။

"မောင် ပြန်ကြစို့နော်၊ မောင့်မိသားစုဝင်တွေ မောင် အချိန်လွန်တဲ့အထိ ပြန်မရောက်လို့ စိတ်ပူနေကြတာ၊ ခုချိန်ထိ မောင့်ကို မမြင်ရရင် ပိုပြီးစိတ်ပူနေကြလိမ့်မယ်၊ သွားစို့နော်၊ ဏီ လိုက်ပို့ပေးမယ်"

သူ့ အခုမှ အသိဝင်လာသည်။ နလုံးသားလေး မွန်းကျပ်နေလို့ ခြံထဲရောက်မှန်းမသိ သူရောက်ခဲ့တဲ့အဖြစ်ရယ်ပါ။ မာမီတို့ စိုးရိမ်နေမှာလား အခုမှ အတွေးဝင်လာသည်။

"ရပါတယ်၊ ဏီ့ကို မောင်ပို့ပေးမယ်၊ ပြီးမှ မောင် ပြန်လိုက်မယ်"

"ဟင့်အင်း မောင့်ကို ဏီ ရှာပေးမယ်လို့ မာမီကတစ်ဆင့် တာဝန်ခံခဲ့တာလေ၊ မောင့်ကို ဏီ ပြန်ပို့ပေးမှ ဏီ တာဝန်ကျေမယ်လေ"

"တာဝန်ကျေဖို့အတွက် လုပ်ဆောင်ရတာ ဏီ ပင်ပန်းပါတယ်၊ ဒါကြောင့်ပါ"

"မဟုတ်ဘူး၊ မောင် တာဝန်ကျေခြင်းထက် ဏီ့ရင်ထဲက ဆန္ဒအမှန်နဲ့ ပြန်ပို့ပေးချင်တာ"

ထိုအခါ မောင့်မျက်ခုံးလေး မြင့်တက်၍ မျက်ဝန်းအရောင်တောက်လာသည်။ နှုတ်ခမ်းပါးလေး တွန့်ဆူကာ ပြုံးလာသည်။

"သွားစို့နော်"

ဏီ ထပ်ဆင့်ပြောလျှင် မောင် စောဒကမတက်ရာတော့ပါ။ ကျေနပ်မှုအပြည့်နှင့် ကြည်နူးကာ ခေါင်းညိတ်လိုက်သည်။ မောင့်အမူအရာက ချစ်စရာကောင်းနေတော့၏။ ထိုညသည် လပြည့်ဝန်းပြည့် ရွှန်းလင်းလက်သောည ဖြစ်ခဲ့သလို ထိုလပြည့်ဝန်းကို တိမ်ညိုများ



ဖုံးအုပ်လိုက်သည့်ညလည်း ဖြစ်တော့သည်။

မောင့်ကြောင့် စိုးရိမ်စိတ်တွေ တဖိတ်ဖိတ်လျှံသည့် မောင့်အသိုင်းအဝိုင်း၏မျက်နှာပေါင်းများစွာနှင့် ရင်ဆိုင်နေစဉ် မောင်သည် အပြစ်ရှိသည့်ကလေးတစ်ယောက်လို ခေါင်းငုံ့နေတော့သည်။

ဘာကြောင့်မှန်း ဏီ မခွဲခြားတတ်ပါ။ မောင့်ကိုမြင်သည်နှင့် မောင့်ဒယ်ဒီမျက်နှာပေါ်တွင် ဒေါသတွေ လှိမ့်တက်လာသည်။ ထို့ပြင် မောင့်ဒယ်ဒီ၏အားပြင်းသည့် လက်သီးချက်သည် မောင့်မျက်နှာဆီသို့ အရှိန်ပြင်းပြင်း စွတ်ဝင်တော့သည်။

"အို့"

မထင်မှတ်တဲ့အဖြစ်ကြောင့် ဏီမျက်ဝန်းမှာ ကြယ်တွေ လတွေ ပွင့်ထွက်သလို ခံစားရလိုက်သည်။ ဘာဖြစ်သွားတာလဲ။

"စစ်ဦး"

ဘုရား ဘုရား။ မောင့်ဒယ်ဒီ၏ ဒေါသသံ။ ဘာကြောင့် ဒေါသထွက်နေတာလဲ။ ဘိုးဘိုးဘွားဘွားတို့အားလုံး မျက်နှာပေါ်မှာလည်း မောင့်ကို အလိုမကျရိပ် စွန်းထင်နေသည်။ မောင်က အပြစ်သိသည့်ကလေးလို ဒယ်ဒီလက်သီးဒဏ်ကြောင့် နှုတ်ခမ်းပါးမှ ယိုကျလာသည့် သွေးစတွေကို လက်ဖမိုးနှင့်သုတ်၍ မျက်လွှာချနေသည်။ ဒယ်ဒီ့ဒေါသက တလှိမ့်လှိမ့်တက်လာသလို ဒယ်ဒီလက်သီးဆုပ်က မောင့်မျက်နှာဆီ ဒုတိယအကြိမ်ပြေးဝင်လာစဉ် ထိတ်လန့်သွားပြီး

"အို့ ဒယ်ဒီ မထိုးပါနဲ့၊ မောင့်ကို မထိုးပါနဲ့၊ မောင့်မှာ ဘာအပြစ်ရှိလို့လဲဟင်၊ ဏီ တောင်းပန်ပါတယ်"

မောင့်ရှေ့က ဏီ ဆီးကာ၍ ဒယ်ဒီ့ကို အနူးအညွတ်တောင်းပန်မိသည်။

"ဘိုးဘိုးတို့ရယ် မောင့်မှာ ဘာအပြစ်မှမရှိပါဘူး၊ မာမီပြော

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ ကိုကြီးတို့ ဒယ်ဒီကို ဝိုင်းပြောပေးပါ၊ မောင့်မှာ ဘာအပြစ်မှ မရှိပါဘူး မရှိပါဘူး''

ဏီ အကူအညီ ရလိုရငြား ဧည့်ခန်းတွင်းရှိနေကြသည့် မောင့်မိသားစုဝင်တွေကို တိုင်တည်အကူအညီတောင်းနေမိသည်။ မောင့်ရှေ့မှာ ဆီးကာနေတဲ့ ဏီကြောင့် ဒယ်ဒီလက်သီးဆုပ် ပြယ်ကျသွားသည်။ ဘိုးဘိုးတို့အားလုံး သက်မချသည်။ မောင့်ကို ဒယ်ဒီတို့ ထိုးတာကို တစ်ခွန်းမှ ဝင်မပြောသလို မဟန့်တားကြတဲ့ ဘိုးဘိုးတို့ကို ဏီ အံ့သြမိသည်။

မောင်သည်လည်း ဒယ်ဒီပြောသမျှ ဒယ်ဒီ့လက်သီးချက်မှန်သမျှကို ခေါင်းငုံခံယူဖို့ အသင့်ရှိနေသည်။ အဲဒါ ဘာကြောင့်လဲ။ ဏီ လိုက်မမှီတော့ပါ။ မောင့်ကြောင့် ဏီ အရမ်းဝမ်းနည်းရတာပဲ သိတော့သည်။ ထို့ကြောင့် ဏီ သိမ့်ခနဲ ငိုချမိပြီး

''ဘာကြောင့်လဲ ဒယ်ဒီရယ်၊ မောင့်ကို ဒေါသဖြစ်ရတာ၊ ဏီကြောင့်လား ပြောပါ ဘိုးဘိုးတို့ပြောပါ''

''မ မဟုတ်ပါဘူး ဏီဏီရယ်၊ မဟုတ်ပါဘူး၊ သမီးစိတ်မှာ တစ်မျိုးမထင်ပါနဲ့ကွယ် နော်''

မောင့်မာမီက ဏီမျက်ရည်တွေကို သုတ်ပေးရင်း ကရုဏာသက်စွာ ဆိုလာသည်။ ဒယ်ဒီက ဒေါသမပြယ်သေးသည့် မျက်နှာပေးနှင့် မောင့်ကို ခပ်စောင်းစောင်းကြည့်နေဆဲ။

''မာမီတို့မိသားစုအသိုင်းအဝိုင်းမှာ ဘယ်သားသမီးဖြစ်ဖြစ် မိဘအုပ်ထိန်းသူရဲ့ခွင့်ပြုချက်မရဘဲ အပြင်မှာ အချိန်တွေကုန်နေရင် အဲ့ဒီသားသမီးဟာ အပြစ်ကြီးတစ်ခု ကျူးလွန်တာနဲ့တူတယ် သမီးရယ်''

''ဒါဆို မောင် အပြစ်ကျူးလွန်လို့ဖြစ်တာပေါ့ ဟုတ်လား



မာမီ''

''ဟုတ်တယ် ညနေခြောက်နာရီဆိုရင် မာမီတို့မိသားစု လူစုံတက်စုံ ရောက်နေရမယ်၊ အဲ့ဒီနောက်ပိုင်း ဘယ်သားသမီးမဆို ဘာကိစ္စနဲ့ပဲ အပြင်ထွက်ထွက် တစ်ယောက်ယောက် အဖော်လိုက်ဘာပဲ၊ အဖော်လိုက်တာက သားသမီးတွေရဲ့လွတ်လပ်မှုကို ချုပ်ကိုင်ချင်လို့ မဟုတ်ဘူး သမီး၊ ညအချိန်မတော် အပြင်မှာ ပြဿနာမပေါ်အောင်, အန္တရာယ်မရှိအောင် ကာကွယ်တဲ့သဘောပါ၊ အခု သား အချိန်တန်တာနဲ့ ပြန်မရောက်ဘူး၊ ဟော ပြန်မရောက်တော့ စိတ်ပူရတယ်၊ ကုမ္ပဏီဖုန်းဆက်တော့လည်း သားက ပြန်ပြီတဲ့၊ ဏီဏီနားမှာလို့ ဖုန်းဆက်တော့လည်း မဟုတ်ပြန်၊ သားရဲ့အပေါင်းအသင်းတွေဆီ ဆက်တော့လည်း သားမရောက်ဘူးတဲ့၊ လမ်းမှာများ အက်ဆီဒင့်ဖြစ်ပြီလား၊ ထိုအတွေးနဲ့ ဆေးရုံတွေ ပြေးပြီးစုံစမ်းရင်နဲ့ မိသားစုတစ်စုလုံး ခေါင်းမီးတောက်ရတယ်၊ သားကြောင့် သားဘိုးဘိုးဘွားဘွားတွေ လူကြီးတွေ ဘယ်လောက် စိတ်ပူရလဲ၊ လူကြီးတွေက ကျန်းမာရေးကောင်းကြတာ မဟုတ်ဘူး၊ သားရဲ့ပျက်ကွက်မှုကြောင့် မိသားစုထဲမှာ ဘယ်လောက် သောကရောက်လာသလဲဟင်၊

လူကြီးတွေ စိတ်သောကရောက်အောင် လုပ်တာက သားရဲ့အပြစ်၊ အပြစ်ရှိလို့ သားကို ဆုံးမတာပါ၊ ဏီဏီနဲ့ ဘာမှမဆိုင်ပါဘူးကွယ်၊ နော် သမီး''

မာမီ ရှည်လျားစွာရှင်းပြလျှင် ဏီ့ရင်မှာ ပို၍ဝမ်းနည်းလာသည်။ မောင် အချိန်မှန် အိမ်မပြန်ခြင်းသည်က အပြစ်ကျူးလွန်ခြင်းမှန်လျှင် ထိုအပြစ်ကျူးလွန်မိအောင် စတင်ဖန်တီးသည့်တရားခံက ဏီပဲပေါ့။

''ခွင့်လွှတ်ပါ မောင်ရယ်၊ ဏီကြောင့် မောင့်အသိုင်းအဝိုင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



စည်းဘောင်ခုကို ဖောက်ဖျက်မိသလိုဖြစ်ရတဲ့အတွက် ဏီ့ကိုပဲ အပြစ်ပေးပါ ဒယ်ဒီရယ်၊ ဏီကြောင့် မောင် စိတ်နောက်ခဲ့ရတယ်၊ မောင် ပေါက်ကွဲခဲ့ရတယ်၊ အဲ့ဒါကြောင့်ပါ ဒယ်ဒီ၊ ဏီကြောင့်ပါ''

''မဟုတ်တာပဲ၊ ဏီဏီကြောင့်ဆိုပြီး ခုတုံးလုပ်ဟာ လူကြီးတွေ စိတ်သောကရောက်အောင် လုပ်လိုက်တာကို၊ မယ်မယ်တို့က မြေးငယ်အပေါ် ဒေါသထွက်ရတာလေ၊ ဏီဏီနဲ့ မဆိုင်ပါဘူးကွယ်၊ တိတ်ပါနော်''

မယ်မယ်က ဏီ့ကို ချော့မော့ပြောပြန်သည်။ ဏီ ခေါင်းတွင်တွင်ယမ်းပြီး

''မဟုတ်ပါဘူး မယ်မယ်၊ ဏီကြောင့်ပါ၊ မောင့်ကိုခွင့်လွှတ်ပေးပါ ဒယ်ဒီ နော် ခွင့်လွှတ်ပေးပါ''

ဏီ အထပ်ထပ်တောင်းဆိုမိသည်က မောင့်ကို စာနာသနားနေသောကြောင့်ပါ။ ဏီ တောင်းပန်လျှင် ဒယ်ဒီ့မျက်နှာပေါ်မှ ဒေါသအရိပ် ပြယ်လာပြီး

''သမီးထင်သလို မဟုတ်ဘူးကွယ်၊ ဒယ်ဒီတို့က ဘယ်သားသမီးရဲ့အရေးကိုမှ လျစ်လျူမရှုဘူး၊ အထူးသဖြင့် အရွယ်ရောက်လာတဲ့ သားသမီးတွေရဲ့အချစ်ရေးနဲ့အိမ်ထောင်ရေးကို ပိုပြီးလျစ်လျူမရှုဘူး၊ ဒါကြောင့် သားရဲ့အခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ခဲ့တယ်၊ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ဒယ်ဒီတို့ကို အချိန်မရွေး ဆွေးနွေးနိုင်တယ်၊ တိုင်ပင်နိုင်တယ်၊ ဒါဟာ ဒယ်ဒီတို့အသိုင်းအဝိုင်း၊ ဒယ်ဒီတို့မိသားစုရဲ့အစဉ်အလာပဲ''

မောင့်မျက်နှာကို မကြည့်ရဲအောင် ဏီ့ရင်မှာ သနားလာသည်။ တကယ်။

''ဒီအစဉ်အလာကို သိလျက်နဲ့ သား တစ်ဖွတ်ထိုးဆန်ဆန်



ပြုမူတာ လူကြီးတွေကို စိတ်သောကမွှားအောင် ဆန့်ကျင်လိုက်တာ သမီး၊ သမီးနဲ့သားကြားမှာ ဘာအရေးက အဆင်မပြေဖြစ်တာရှိလဲ၊ ဒယ်ဒီတို့ကို ဖွင့်ပြောလိုက်ရင် ပြီးသွားမယ့်ကိစ္စ၊ အခု မပြောမဆိုဘဲ ရုတ်လုပ်သွားလို့ ဆုံးမတာ၊ သားကြောင့် သမီးမှာလည်း စိုးရိမ်မကင်းဖြစ်ရတယ်၊ ညအချိန်မတော် လိုက်ရှာရတယ်၊ ဒါ ဘယ်လောက်ရုပ်ပျက်သလဲ၊ ဒါကြောင့် ဒယ်ဒီ ဒေါသထွက်ရတာ၊ သမီးမျက်နှာကြောင့် ဒယ်ဒီ့ဒေါသကို ဒယ်ဒီ ပြန်ထိန်းလိုက်မယ်၊ စစ်ဦး နောက်တစ်ခါဆိုရင် မင်းကို ငဲ့ညှာမှာမဟုတ်ဘူး''

မောင့်ကို ဒယ်ဒီ ခပ်တင်းတင်း ဆိုပြန်သည်။ မောင့်အဖြစ်က သနားစရာကောင်းလိုက်တာ။ အစွယ်မရှိတဲ့မြွေလို ပျပ်ဝပ်နေလိုက်တာ။ ဏီ့ရင်မှာ မချမ်းမြေ့၊ ဒယ်ဒီဆုံးမခြင်းကို ဘိုးဘိုးတို့က လက်ခံသလို ငြိမ်သက်နေသည်။ ပြီးမှ ဘိုးဘိုးက

''ကဲ မြေးငယ် သွားတော့''

ဟု မောင့်ကို ဒယ်ဒီရှေ့က ပ, ထုတ်သည်။ မောင် ခေါင်းငုံ့၍ ညှိုးခန်းထဲမှတစ်ဆင့် အပေါ်ထပ်သို့ တက်သွားသည်။ မောင့်ကြောင့် ဏီ့ရင်မှာ ဝမ်းနည်းဝမ်းသာဖြစ်ရသည်။ အသိုင်းအဝိုင်း၏သားသမီးချုပ်ထိန်းပုံ၊ သားသမီးအရေးကိစ္စကို ဂရုတစိုက်ရှိပုံသည် သာမန်မိသားစုတွေရဲ့အသွင်နဲ့ ကွဲပြားသလို စည်းစနစ်ကြီးလှသည်။ စည်းစနစ်ရှိရှိ အသိုင်းအဝိုင်းထဲမှ ပေါက်ဖွားလာသည့် သားတစ်ယောက်ကို ဏီ ပတ်သက်ခွင့်ရတာ သိပ်ကံကောင်းတာပဲပေါ့။

ဒါကြောင့်ထင်တယ်။ မောင်ဟာ ဏီအပေါ် ဒီကနေ့အထိ အခွင့်အရေးယူတဲ့သဘောနှင့် ဏီလက်ချောင်းကလေးကိုပင် မယောင်လည်မတို့ထိခဲ့ဖူးပါ။

ကုန္ဒြေသိက္ခာအပြည့်ရှိသော ချစ်မြတ်နိုးခြင်းတွေနဲ့ လှိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှိုက်လှဲလှဲစုံမက်ခဲ့သလို ဏီ့ကိုလည်း တန်ဖိုးထားလွန်းသည်။ ဏီအပေါ် ချစ်လွန်းသော မောင့်ရဲ့အဖြူရောင်က လူမှုရေးစည်းကမ်း ရှိသော မောင့်အသိုင်းအဝိုင်း၏အရိပ်ထင်ရဲ့။

ဟုတ်တယ်နော် မောင့်လိုယောကျ်ားတစ်ယောက်ကို ဏီဘဝ အတွက် လက်တွဲခွင့်ရတာ ဘယ်လောက်ကံကောင်းသလဲကွယ်။

''ဏီဏီ''

''ဟုတ်ကဲ့ ပြောပါဘိုးဘိုး''

''ဏီဏီ့ကိုလည်း ဘိုးဘိုးတို့ ချစ်ပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် မြေးငယ်လေးအတွက် အခုလို အပင်ပန်းခံရှာပေးတဲ့အတွက် ပိုပြီး အလေးအနက် ချစ်ရပါတယ်၊ ဏီဏီလည်း ပင်ပန်းရောပေါ့ ဏီဏီ၊ မာမီလည်း စိတ်ပူနေလိမ့်မယ်၊ လာပါ ဏီဏီ့ကို ဘိုးဘိုး လိုက်ပို့ ပေးမယ်''

ဘိုးဘိုး ဂရုတစိုက်ဆိုလာစဉ် ဏီ့ရင်မှာ မချမ်းမြေ့လှပါ။

''ရပါတယ်၊ ဏီဏီဘာသာ ပြန်လိုက်မယ်''

''ဘယ်ဟုတ်မလဲ၊ ဘွားဘွားတို့ စိတ်မချပါဘူး''

''သားတို့ လိုက်ပို့မယ်၊ ဘိုးဘိုးနေခဲ့လိုက်၊ ဏီ့မာမီကိုလည်း သား သေချာပြောလိုက်မှာပါ''

မောင့်အစ်ကိုကြီးက တည်တည်ငြိမ်ငြိမ်ပြောတော့ ဘိုးဘိုး လက်ခံလိုက်သည်။

''ဏီဏီ့ကို ကိုကြီးလိုက်ပို့လိမ့်မယ်၊ လိုက်သွားနော်''

''လာ ဏီဏီ၊ မမပါ အဖော်လိုက်ခဲ့မယ်''

ဟု ကိုကြီးအမျိုးသမီးက ဏီအပါးလာရပ်၍ ဖေးဖေးမမ ဆိုလာသည်။ ဘိုးဘိုးရဲ့အစီအစဉ်ကို ဏီလေးက မတတ်နိုင်တော့ပါ။ ခေါင်းညိတ်လိုက်ရသည်က လူကြီးဖွေ စိတ်ကျေနပ်စေဖို့ဖြစ်သည်။



ထိုအခါ အားလုံးမျက်နှာပေါ်က ကျေနပ်ရိပ်လေး လွှမ်းသွားသည်။ မောင့်မာမီက ဏီ့ကို ကားပေါ်အထိ လိုက်ပို့သည်။

''သားကြီး ဖြည်းဖြည်းမောင်းနော်၊ ဏီဏီ သမီးတော့ ဒီည အိပ်ရေးပျက်သွားတာ မာမီ စိတ်မကောင်းပါဘူးကွယ်၊ ညဉ့်လည်း နက်လှပြီ၊ ဂွတ်နိုက် ဏီဏီ''

မောင့်မာမီက ကရုဏာသက်စွာ တတွတ်တွတ်ရွတ်၍ နှုတ် ဆက်လေသည်။ ဏီတို့ကား ထွက်ခဲ့စဉ် အပေါ်ထပ်လသာဆောင်မှ ဏီ့ကိုလှမ်းကြည့်နေသည့် မောင်ကို မြင်ရစဉ် ဏီ့ရင်မှာ မောင့်အတွက် စိတ်မချမ်းမြေ့ဖြစ်သွားသည်။

မောင် ကျေနပ်မှုရစေဖို့ ဏီ လက်ပြနှုတ်ဆက်မိသည်။ ထိုအချိန်တွင် တိမ်ညိုဖုံးခံရသည့် လပြည့်ဝန်းသည် တဖြည်းဖြည်း ရှန်းကန်ပြူထွက်လာကာ လင်းလက်လာသည်။ အဲ့ဒါ မောင့်နှလုံးသား ပဲထင်ရဲ့။ လရောင်အောက်မှ မောင့်မျက်နှာပြင်ကိုကြည့်၍ ဏီ သက် ပြင်းရှိုက်လိုက်မိ၏။ ထိုညက လပြည့်ဝန်းကြီး သာနေဆဲ။ ဏီ့ရင်မှာ တော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ထိအကြောင်း ဟုတ်လား"

ထိအကြောင်းဆိုသည်နှင့် ဏီသွေးကြောမျှင်တွေ လှုပ်ရှားကာ နွေးနွေးကြီးဆူကြွလာသည်။ ထို့မှုမကာ စာရေးဖို့အသင့်ကိုင်ထားသည့် ဏီလက်ထဲက ဘောလ်ပင် လွတ်ခနဲကျသွားသည်အထိ ဏီ အမူအရာပျက်သွားသည်။

ဟုတ်တယ်လို့ ရီပြောလျှင် ဏီ့ကိုယ်ဏီ ပြန်ထိန်း၍

"တော်ပါတော့ ရီရယ်၊ ထိကို ဏီ မေ့ပစ်ဖို့ ဏီ ဆုံးဖြတ်ထားတယ်၊ ဒီနေ့ မောင့်ကို အဖြေပေးဖို့ အဆင်သင့်ဖြစ်နေပြီလေ"

မှိန်ဖျော့နေသည့် ဏီမျက်ဝန်းကို ရီတို့ ကရုဏာသက်စွာ ကြည့်လာသည်။ မေက မောင့်ကို စူးစူးနစ်နစ်ခံစားမိဟန်တူသည်။

"မေတော့ စစ်ဦးကို အရမ်းသနားတာပဲ ဏီ၊ ဏီ့ကို အဲသလောက် လိုက်လျောပေးမယ့် ယောကျ်ားတစ်ယောက်ရှိလာနိုင်မှာ မဟုတ်ဘူးဆိုတာ မေ ပြောရဲတယ်၊ တစ်ခါတစ်ရံမှာ မေတို့ မိန်းမတွေဟာ ချစ်ရသူထက် ချစ်နေတဲ့သူကို ပိုပြီးခံစားရစေတယ် တကယ်၊ ဒါကြောင့် ရီရေ ထိသတင်းကို နောက်တစ်ခါ သယ်မလာပါနဲ့ကွယ်"

"ဟုတ်သားပဲ၊ မေ့အဆိုကို ဒီ ထောက်ခံတယ်"



ရီ့ မေနှင့်ဒီ ဝင်ပြောလျှင် ခေါင်းဆတ်၍ သက်မ,ချသည်။

"ရှင်တို့သဘော မပြောနဲ့ဆို မပြောတော့ဘူး"

လို့ ရီ တုံးတိတိ ဆိုသည်။ ဏီမှာ မောင်ပေးထားသည့် သစ္စာပန်းခက်ကို ငေးစိုက်ကြည့်၍ မောင့်ထံ အာရုံသက်ဝင်အောင် ခံစားချက်တွေ သွပ်သွင်းနေမိသည်။

"ကဲ ဏီ မကြာခင် ဏီ့မောင်တော် ရောက်လာလိမ့်မယ်၊ ဒီတော့ ရီတို့ရှိနေရင် မကောင်းဘူးပေါ့၊ ရီတို့ ပြန်လိုက်မယ်" တဲ့။

ဏီ အလိုက်သင့် ခေါင်းညိတ်မိသည်။ ရီတို့ထွက်သွားပြီးလျှင် ဏီ သက်ပြင်းအကြိမ်ကြိမ်ချမိသည်။ ထို့နောက် ထိကို သတိရစိတ်နှင့် မှန်တံခါးအသာဟ၍ အပြင်ဘက်သို့ ချောင်းကြည့်မိသည်။

ထိကို မမြင်ရမှန်းသိသော်လည်း စိတ်က ညွတ်နူးနေမိသည်။ အိုး အချစ်အငှက် နှလုံးသားအတွက် ဏီ စောင့်စည်းရမယ်။ နှလုံးသားကို အလိုလိုက်ရင် မောင့်ခံစားချက်ကို လှည့်ဖြားတာနဲ့ တူရောမယ်။ ဟုတ်တယ်၊ အချစ်ဆိုတာ ချစ်နေရရုံနဲ့လည်း ပြီးပြည့်စုံတာပဲ။ ဦင်ဆိုင်ခြင်း၊ စွန့်လွှတ်ခြင်းကြားမှာ ရှိနေတဲ့တစနဲ့ သက်ဆိုင်တာကိုပဲ အသင့်တော်ဆုံးဖြစ်အောင် ရွေးရမယ်လေ။

ဟုတ်တယ်။ ထိအပေါ်စိုးမိုးနေတဲ့စိတ်ကို မျိုသိပ်ကာ မှန်တံခါးပိတ်၍ ဏီ မျက်လုံးစုံမှိတ်လိုက်သည်။ ထိုအခါ ပါးပြင်ပေါ်သို့ သိုကျလာသည့် ဏီမျက်ရည်ထဲမှာ ချစ်ခြင်းစကားလုံးတွေ ပြွတ်သိပ်ပြည့်နှက်နေသည်ဟု ဏီ သတိမှတ်လိုက်သည်။

ထိုစဉ် တံခါးခေါက်သံကြောင့် ဏီ အသိဝင်လာသည်။ မျက်ရည်စတွေကို ဏီ လက်ညှိုးလေးနဲ့ အမြန်ပဲ သပ်ချလိုက်သည်။ မှိုအစ်နေသည့် မျက်လုံးကို မှန်ကြည့်၍ ခရင်းပတ်ရိုက်ပြီး ဖုံးအုပ်ဖို့ ကြိုးစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သင်းသင်းလား ဝင်နိုင်လ"

လို့ အသံပုံမှန်ဖြစ်အောင် ထိန်း၍ပြောလိုက်သည်။ ခရင်းပတ်ဘူးနဲ့ ဏီမျက်နှာပြင်ကို အနားသတ်၍ နှုတ်ခမ်းများ ပန်းရောင်ပြေပြေ ဆေးထပ်ဆိုးလိုက်သည်။ ဝင်လာသူသည် ဏီထင်သလို သင်းသင်းမဟုတ်။ မောင်။ မောင်ဆိုတဲ့အသိနှင့် ဏီ အလှပြင်တာရပ်လိုက်တော့

"ဏီအလှပြင်နေတာ မောင့်ကြောင့် အနှောင့်အယှက်ဖြစ်သွားလား"

ဟု မေးလျှင် ဏီ ရင်တလှပ်လှပ် တုန်ခါလာသည်။

"မဖြစ်ပါဘူး မောင်ရောက်လာမယ်မှန်းသိလို့ ပြင်နေတာ၊ မောင့်အတွက်"

လို့ ဏီ နောင်တ,မရတမ်း ပြောချလိုက်သည်။ ထိုအခါ မောင့်မျက်ဝန်းက တောက်ပလဲ့ဖြာသွားကာ ရင်ခုန်သံမြန်မြန်နှင့် မျှော်လင့်တကြီးဖြစ်ပြီး

"ဏီ မောင့်ကို"

ဟု မျက်ဝန်းစကားနဲ့မေးလျှင် ဏီ မျက်လွှာချကာ ခေါင်းညိတ်လျက် 'ချစ်တယ်' လို့ ဖွဖွရေရွတ်လိုက်မိသည်။

"ဘယ်လို ဏီ မောင့်ကိုချစ်တယ် ဟုတ်လား"

မယုံနိုင်တဲ့မျက်ဝန်းနှင့် တအံ့တသြမေးကာ ဏီအပါး ရောက်လာသလို နူးညံ့အိထွေးနေသော ဏီလက်ဖဝါးနုနုကို ဖျစ်ကိုင်၍ အတည်မေး၏။

"မောင်ကို တကယ်ချစ်တယ်"

ဟု ကြိုတင်ရေးပြီး အလွတ်ကျက်ထားတဲ့ ဝါကျကို ဏီ မထစ်မငေါ့ ရွတ်မိလျက်သားဖြစ်သွားသည်။ အဲဒီအတွက် ဏီ့ကိုယ်



ဏီ ဘယ်တော့မှ နောင်တမရဖို့ ဆုံးမပြီးသားပါကွယ်။

"ဏီရယ် ဏီ့ကို မောင် ဘယ်လိုချစ်သွားမှန်းမသိဘူး၊ ဏီ့အချစ်ကို မောင်မမျှော်လင့်ရဲဘူး၊ ဏီချစ်တယ်ပြောတာ မောင် ဘယ်လိုရင်ခုန်သွားမှန်း မသိဘူး၊ မောင့်ရင်ခုန်သံကို နားဆင်ကြည့်ပါ ဏီရယ်"

လို့ ရင်ခွင်ထဲ ဏီ့ကိုယ်လုံးလေးဆွဲသွင်းကာ ရင်ခုန်သံမြိုင်မြိုင်နဲ့ပြောလျှင် မောင့်ရင်ခွင်ထဲက ဏီ မရုန်းမိအောင် စိတ်ထိန်းနေရင်းကြားမှ ဝမ်းနည်းသလိုဖြစ်လာသည်။

မောင်ကတော့ ဏီခံစားချက်ကို ရိပ်မိဟန်မတူ။ မောင့်ရင်ခွင်ရောက်နေတဲ့ ဏီမျက်နှာနုနုလေးကို ငုံ့ကြည့်ကာ ပါးပြင်ချင်းရှရှပွတ်လျက် နှုတ်ခမ်းလေးရွှေ့လျားသည်။

"ဏီနဲ့မောင် ချစ်သူဖြစ်ပြီပေါ့ ဏီ၊ ဟုတ်တယ်နော်၊ မောင်တို့ချစ်သူဖြစ်ခြင်း အထိမ်းအမှတ်နဲ့ ဦးဦးဖျားဖျား အနမ်းလေးပေးကြရအောင်လား"

"အိုး"

ပန်းနုသွေးရောင်ခြယ်ထားသည့် ထူပြည့်စိုအိနေသော ဏီနှုတ်ခမ်းလွှာလေး တဆတ်ဆတ်တုန်ယင်သွား၏။

ဘုရား ဘုရား အနမ်းဦးတဲ့။

ချစ်လို့ပဲဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ချစ်သူဖြစ်စမှာ အနမ်းဦးပေးခြင်းက ချစ်သူဖြစ်ခြင်း သင်္ကေတလား။ ဒါမှမဟုတ် အနမ်းဦးမပေးကြရင် ချစ်သူမည်ဘူးတဲ့လားကွယ်။

ဏီ မြတ်နိုးသော၊ ဏီ တန်ဖိုးထားသော ဏီနှုတ်ခမ်းလေးဟာ ရင်ခုန်စွာချစ်တဲ့သူ့အတွက်ပဲ ဖြစ်ရမှာပေါ့။ အခုတော့ ဏီ့လုံးသားတွက် ရင်ခုန်သံစဉ်တွေမဖြစ်ထွန်းတာ သေချာတဲ့ မောင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလား။ မောင့်နေရာမှာ ထိုသာ ဖြစ်လိုက်ပါတော့ကွယ်။ ထို သာဆိုရင် ဏီနှုတ်ခမ်းအစုံက ဒီလောက်အထိ ထိတ်ထိတ်ပျာပျာ ဖြစ်နေမယ်မထင်ပါဘူး။ တကယ်ပါလေ။ တစ်ဖက်မှာတစ်ခါ ဦးဦးဖျား ဖျားဖြစ်သော အနမ်းဦးအရသာ က ဘယ်လောက်များ ပျော်ဝင်ဖွယ် ကောင်းလိမ့်မလဲ။

ဖွဖွလေးထိကပ်ပြီးမှ စုပ်နမ်းလျှင် ရှိန်းခနဲ ဖိလိုက်ကာ မိန်းမူး စေကာ နွေးအိသွားတဲ့နှုတ်ခမ်းတို့ တသိမ့်သိမ့်တုန်လျက်။ တစိမ့်စိမ့် ပျော်မြူးမဆုံးနိုင်သော အနီးဆုံးအနမ်းရသည်။ (ဝါ) ဟန်မိုနီကျကျ စိမ့်ဖြာချိုမြိန်ဖွယ် အနမ်းဦးဖိလင်ကို ဏီချစ်ရသော ထိုနှုတ်ခမ်းနဲ့ပဲ မှတ်တိုင်လေး စိုက်ထူချင်ပါတယ်။

ခုတော့ အကြောင်းကြောင်းကိုငဲ့ပြီး ချစ်သူတော်ရမယ့် မောင့် နှုတ်ခမ်းအစုံနဲ့ အနမ်းဦးကမ္ပည်းတင်ရမှာသိလျှင် ဏီ့နှလုံးသားလေး ဝမ်းနည်းကာ တွန့်ခနဲလွန့်လူးသွားတဲ့ ဏီနှုတ်ခမ်းအသား သွေးခဲလို ညိုမှိုင်းကာ တဆတ်ဆတ်တုန်ခါသွားလျှင် သူ့နှုတ်ခမ်းက အလိုလို ဘာသာပြန်တတ်သွား၏။...

ချစ်သူဆီက အနမ်းဦးခံယူဖို့ ဝမ်းနည်းတကြီး မျက်ရည်ကျ နေတဲ့ရှာတဲ့ ဏီ့ကို သူ အနမ်းဦးမပေးရက်တော့ပါ။ သူပေးချင်လွန်း တဲ့ အနမ်းဦးမှတ်တိုင်လေး မစိုက်ထူမိအောင် ချက်ချင်းဘရိတ်အုပ် လိုက်ပြီး

"ဏီ့ကို မောင် အနမ်းဦးလေး မပေးတော့ဘူးကွယ်"

ဟု လှိုက်တုန်တိုးတိတ်စွာ ရွတ်၍ ဏီ့ပါးပြင်ထက်မှ မျက် ရည်စတွေကို သူ့လက်ညှိုးနှင့် အသာတို့ထိ ပွတ်သုတ်ပေးမိသည်။

"ဟင် မောင့်ကို ဏီချစ်ပါတယ်လေ ဟင့် ဟင့်"

ဒုတိယအကြိမ် ရေရွတ်၍ မောင့်ရင်ခွင်မှာ ကျရှုံးသူတစ်



ယောက်လို ဏီ ခေါင်းချင်ငိုက်လျက်သား ဖြစ်တော့၏။

"ဏီရယ်"

သူ တိုးလျလျရေရွတ်၍

"ဏီမျက်ရည်တွေက ချစ်ခြင်းလား၊ ရင်နာသံလား၊ မျှိသိပ် မှုတွေလားဟင်"

ဏီ ဘာမှမပြောနိုင်ဖြစ်ကာ ရှိုက်၍သာနေသည်။

"ဘာပဲဖြစ်ဖြစ် ဏီ့နှလုံးသားက ပေါက်ကွဲလွင့်ထွက်လာတဲ့ ခံစားမှုအားကို မောင် အသိအမှတ်ပြုမှာပါ၊ ဏီမျက်ရည်ဟာ ပုလဲဖြစ်ရင်လည်း မောင် မြတ်နိုးတယ်၊ စိန်ပွင့်တွေဆိုလည်း မောင် တန်ဖိုးထားတယ်၊ မီးပွားဆိုရင်လည်း မောင် မျိုချရက်တယ်၊ ကြေကွဲ မှုအပိုင်းအစဆိုရင်လည်း မောင် ထွေးပိုက်ထားမှာပါကွယ်"

"ဟင့် ဟင့်"

သူ နားလည်ပေးနိုင်စွာပဲ ကိုယ်လုံးလေးကိုဖွဖွဖက်လျက်

"ဏီ့နှလုံးသားထဲက မျက်ရည်ဟာ ဏီ့ရင်ခွင်ကို ဆေးကြော ပစ်နိုင်တဲ့ ဆေးတစ်လက်ဖြစ်စေတယ်ဆိုရင် မောင် ကျေကျေနပ်နပ် နှစ်သိမ့်ပေးမယ်၊ ဏီ့ရင်ခွင်မှာ လွင်ပြင်တစ်ခုလို ပြောင်သလင်းဖြစ် သွားသည့်အထိ ငိုလိုက်စမ်းပါ၊ ဏီ့နှလုံးသားမှာ အဲဒီမျက်ရည်တွေ ကြောင့် တင်းကျပ်လှောင်ပိတ်နေခဲ့တယ် မဟုတ်လား၊ အဲဒီမျက်ရည် တွေ ခန်းသွားရင် ဏီ့ရင်ခွင်တံခါးပေါက်ကို ဏီပြန်မြင်ရမှာလေ၊ ဏီဘဝအတွက် လင်းကျင်းတဲ့ပြတင်းပေါက်ရဖို့ ဏီမျက်ရည်လက် နက်နဲ့ တွန်းဖြိုတာကို မောင် ကျေကျေနပ်နပ် ခံယူပါတယ် ဏီ"

မောင့်စကားလုံးများက ဏီ့ရင်နဲ့ ဏီ့နှလုံးသားကို ဖွင့်မည့် သော့တံလေးနှင့် အလားသဏ္ဌာန်တူတော့သည်။ ဏီ့ကို လိုက်လျော သည့် မောင့်ရင်ခွင်မှာ ဏီ စိတ်တိုင်းကျ ငိုကြွေးခြင်းနှင့် မြှုပ်နှံကျရှုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်တာ ဘာကြောင့်လဲ။ ထိုကျရှုံးမှုက မောင်နှင့်ဏီ တရားဝင် ချစ်သူဖြစ်ခဲ့ရပြီး ဏီ့ကို အနမ်းဦးမပေးရက်သည့် မောင့်နှုတ်ခမ်းပါး ကို ဏီ ပေးဆပ်ရန် အသင့်ပြင်ဆင်မိသွားသည်။

နှုတ်ခမ်းပါး ရွှေ့လျားလာလျှင် ဏီနှုတ်ခမ်းပါးပေါ်က အနမ်း အဓိပ္ပာယ်ကို သူ ကောင်းစွာခံစားမိ၏။ ထိုအခါ ဏီနှုတ်ခမ်းပါးရွှေ့ သူ့လက်ညှိုးကို ကန့်လန့်ဆီးကာလိုက်သည်။ ဏီ ကျေနပ်မှုရစေဖို့ သူ တောက်ပရွှန်းလက်စွာပဲ ပြုံးရပြီး

"ဏီ အနမ်းဦးဆိုတာ ခံစားသူနဲ့ ခံယူသူ နှစ်ဦးလုံးရဲ့နှလုံး သားမှာ ထွန်းကြောင်းတစ်ခု ဒါမှမဟုတ် ဒဏ်ရာနက်တစ်ခု ဒါမှမဟုတ် အဆိပ်ပြင်းတစ်ခု ဖြစ်မနေဖို့လိုအပ်တယ်"

"ဟင်"

ဏီ ဖျတ်ခနဲ မော့ကြည့်မိလျှင် ဟဟလေးပွင့်နေရှာတဲ့ ဏီ နှုတ်ခမ်းအစုံကို စိုက်ကြည့်ရင်း မောင်ပြော၏။

"မောင်ခံစားရတဲ့အတိုင်းပြောရရင် အနမ်းဦးဆိုတာ ချစ်သူ နှုတ်ခမ်းမှာ တစ်သက်လုံးမှာ တစ်ကြိမ်ပဲ ပွင့်တဲ့ပန်းကလေးပါပဲ၊ အဲဒီပန်းဟာ နှလုံးသားအတွက် ညို့ရွှမ်းအားနဲ့ ဖြိုးဖျဖြိုးဖျ လှိုက်အိ စွဲနေစေရမယ်၊ အချိန်ကာလ ဘယ်လောက်ကြာကြာ ပျက်သိုးမသွား ဘဲ နှစ်ချို့ဝိုင်လို ရှတ,ယစ်မူးလာစေမယ့် တန်ခိုးလည်း ရှိရမယ်၊ အရင်းဆုံးပြောရရင် အချစ်ကြောင့် သန္ဓေတည်ပြီး နှလုံးသားက တိုးကြွလာတဲ့ အဦးဆုံးအနမ်းဟာ တို့ချစ်သူနှစ်ဦးအတွက် အခုအချိန် ကနေ မောင်တို့ အဘိုးကြီးအဘွားကြီးဖြစ်သွားတဲ့အထိ အောက်မေ့ ခံစားမိတိုင်း တလှိုက်လှိုက်ဆူပြီး ကြည်နူးမြူးကြွစရာ ရင်ခုန်ပီတိနဲ့ တသသအီစိမ့်နေစေမယ့် ရသထူး ရသစစ်ဖြစ်နေစေရမယ် ဏီ"

"မောင်ရယ် ဟင့် ဟင့်"



"ဟုတ်တယ် ဏီ တစ်စုံတစ်ရာနဲ့ ပူးကပ်ပြီး ဖြစ်တဲ့အနမ်း ဦးဆိုရင် အချိန်ကာလပြောင်းလဲလာလေ ရသပျယ်လာလေပဲ၊ ရသ ပျယ်လာရင် ခံစားသူ, ခံယူသူ နှစ်ဦးရဲ့နှလုံးသားမှာ အဆိပ် ဒါမှမဟုတ် ဒဏ်ရာ ဒါမှမဟုတ် ထွန်းကြောင်း၊ ဒါမှမဟုတ် ဒဏ်ရာနက်ဖြစ်လာ နိုင်တယ် ဏီ၊ အဲ့ဒါကြောင့် မောင်တို့နှစ်ယောက်ရဲ့အနမ်းဦးက အစစ် အမှန်ဖြစ်လာမှာ မဟုတ်ဘူး၊ အတုအယောင် ရသဖြစ်သွားမယ်လေ၊ အတုအယောင်ဖြစ်စေမယ့် အနမ်းဦးကို မောင်မလိုချင်ဘူး၊ အစစ်အမှန် အနမ်းဦးဖြစ်ဖို့ မောင်တို့နှစ်ယောက်ရဲ့ချစ်သူဘဝကို ပြန်ဆန်းစစ်ဖို့ လိုအပ်တယ် ဏီ၊ ဒါကြောင့် မောင်တို့နှစ်ယောက်ရဲ့ အနမ်းဦးကို ခေတ္တသိမ်းထားစို့ကွာ"

မောင်ရယ် အနမ်းဦးကို ခေတ္တသိမ်းထားစို့တဲ့လား။

ဏီ အသက်အောင့်မိသည့်အထိ အံ့ဩကာ မောင့်ကို ငေး စိုက်ကြည့်မိသည်။ ချစ်သူဆီက အနမ်းတစ်ပွင့်ကို အငမ်းမရယူဖို့ ဘယ်ယောကျ်ားမဆို သွေးဆူလှိုက်မူးနေတတ်သည့် ခံစားချက်ပြင်း ထန်လွန်းပါတယ်။

ရီ့အမျိုးသား ကိုတင်ခဆိုလျှင် ရီ့ကို ချစ်ခွင့်တောင်းစဉ်က တည်းက ရီကို အရမ်းချစ်တာပဲဟူသော ဝါကျတစ်ကြောင်းကို အကြိမ် ကြိမ်ရွတ်လျက် ရီ ငြင်းဆန်နေသည့်ကြားက အနမ်းဦးလေး ပေးခဲ့ သည်။ ရီ့ခမျာ ကိုတင်ခ၏အနမ်းဦးကို ငြင်းမရစွာ ခံယူပြီးမှ ချစ်တယ် လို့ အဖြေပေးတာ။ ချစ်သူဘဝကို စခဲ့ကြသည်။

အိချစ်သူ စည်က အိအဖြေပေးသည့်နေ့မှာ အနမ်းဦးပေး ချည်ဟု အတိအလင်း တောင်းဆိုလာသည်။ အိ ခပ်ရှက်ရှက်ငြင်း သည့်အခါ အနမ်းဦးမပေးလျှင် အိကို တစ်ပါးတည်း ခိုးပြေးမည်ဟု အကျပ်ကိုင်တောင်းဆိုမှုကို မလွန်ဆန်နိုင်ဘဲ စည်သူပေးတဲ့ အနမ်းဦး

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခံခဲ့ရသည်။

မေချစ်သူ ကိုနောင်က ချစ်သူစခြင်းခြင်းရဲ့သင်္ကေတက အနမ်းဦးပဲတဲ့။ ဒါကြောင့် မေ မုန်းလောက်အောင် အနမ်းဦးခြွေချခဲ့တဲ့သူ။ ယောကျ်ားတိုင်း ချစ်သူဆီက အနမ်းဦးကို တစ်နည်းနဲ့မဟုတ်တစ်နည်းနဲ့ အရယူနေတဲ့အချိန်မှာ မောင်က ဏီပေးတဲ့အနမ်းဦးကိုတောင် အလိုက်သင့်ယူဖို့ စိတ်မကူးဘဲ အနမ်းဦးရသနှင့် ခံစားမှုကို အလေးအနက် စိတ်ဖြာခံစားတတ်တဲ့ ခပ်ဆန်းဆန်းယောကျ်ားတစ်ယောက်ဖြစ်မှန်း သိရစဉ် ဏီ တစ်စုံတစ်ရာကို သွေးပူစိုးရွံ့မိသည်။

မောင်ဟာ အနမ်းဦးကို ထိုမျှအထိ တန်ဖိုးထားလျှင် အချစ်နှင့်ဘဝကို မည်မျှအထိ တန်ဖိုးထားပြီး နက်နက်ရှိုင်းရှိုင်း ခံစားမလဲ။ ဏီ ခန့်မှန်းဖို့ ရင်မောလာသည်။

"ဏီ"

ခုချိန်ထိ မောင့်အသံ နူးညံ့ညက်ညောနေသေးသည်။ ဏီ အမူအရာမပျက်အောင် သတိနှင့်ထိန်းလိုက်ပြီး

"ပြောလေ မောင်"

မျက်လွှာစင်းချထားတဲ့ ဏီပါးပြင်နုနုလေးကို မွှတ်သိပ်စွာ ဖွဖွလေး ပွတ်လျက် မောင့်ရင်ခုန်သံကို ထိန်းရင်း ပြောသည်။

"မောင်တို့ချစ်သူဖြစ်တဲ့နေ့မှာ အမှတ်တရဖြစ်သွားအောင် မောင်တို့သစ္စာပန်းခင်းရှိတဲ့ခြံထဲ သွားစို့လား"

"မောင့်သဘော"

ဟု ဏီဆိုရုံသာပေါ့။ လေပြည်ညှင်းလို နူးညံ့သည့် မောင့်အပြုံးနောက်မှာ ဏီဟာ သစ်ရွက်တစ်ရွက်လို ညင်ညင်သာသာ လွင့်ပါးနေမိသည်။ တို့ချစ်သူဖြစ်ခြင်းအထိမ်းအမှတ်နေ့အဖြစ် မောင် စိုက်ပျိုးထားသည့် သစ္စာပန်းခင်းခြံသို့ လိုက်ပါလာခြင်းသည် ဏီဘဝ



ထဲ့နှလုံးသားကို အကြီးမားဆုံးနဲ့ အနက်ရှိုင်းဆုံး ဖွင့်ထုတ်ခံရသည့် နှလုံးသားဖြစ်စဉ်နှင့် ရင်ဆိုင်ရလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။

သို့သော် ခုတော့ –

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

သစ္စာပန်းခင်းအလယ်ရှိ မြက်ခင်းစိမ်းပေါ်တွင် အနားညှိ တြိဂံပုံ ကျွန်းစားပွဲတစ်လုံးနှင့် ကြောမှီမပါသော တြိဂံပုံထိုင်ခုံသုံးလုံး ခင်းထားသည်။ စားပွဲပေါ်ရှိ ရှည်မျောမျော ပန်းပင်အိုးတွင် သုံးပွင့်ပါသည့် ပန်းရောင်ဖျော့သော သစ္စာခက်တစ်ခက်တည်း ထိုးထားသည်။

စားပွဲဝိုင်းအခင်းအကျင်းသည် ရိုးရိုးလေးနှင့် ထူးဆန်းလှသည်။ အထူးသဖြင့် အနားညှိတြိဂံပုံ စားပွဲဒီဇိုင်းကို ဇာ အခုမှ တွေ့ဖူးသောကြောင့် အံ့ဩသွားပြီး

"စားပွဲဝိုင်းဒီဇိုင်းက ထူးခြားတယ်နော်၊ အမြင်လည်း ဆန်းတယ်၊ ဇာတော့ မြင်မြင်ချင်း သဘောကျတယ်၊ သိလား"

ဟု ရင်ထဲကလာသည့်အတိုင်း ဆိုမိတဲ့အခါ မောင် ကျေနပ်စွာ ပြုံးလိုက်ပြီး

"မောင်သန့်စင်က Furniture တွေ ဒီဇိုင်းရေးဆွဲရာမှာ အရမ်းပဲ crazy ဖြစ်တယ်လေ၊ လာမယ့်နှစ်အတွက် ဒီဇိုင်းသစ်လေ ဒါ ပုံကြမ်းအဆင့်ပဲ ရှိသေးတယ်၊ နောက်ပြီး မောင့်ရဲ့သစ္စာပန်းခင်းနဲ့ဆို ဒီပုံစံက လိုက်ဖက်လို့ မောင်သန့်စင် လာထားပေးတာ၊ ဇာ သဘောကျတယ်ဆိုရင် အချောထည်ဖြစ်အောင် လုပ်နိုင်းလိုက်မယ်"



"ရပါတယ်၊ ဒီပုံစံလေးက ပိုလှတယ်၊ ကျွန်းသားအကွက်လေးတွေ ပေါ်နေတော့ ရိုးရိုးလေးနဲ့ ဆန်းသစ်တဲ့ဟန်က ပသာဒဖြစ်စေတယ်လေ"

"အင်း မောင်လည်း ဒီအတိုင်း သဘောကျတာ၊ မောင်သန့်စင်က ထိုင်ခုံမှာ ဆိုဖာပါ ခင်းမယ်၊ ကတ္တီပါနဲ့အနားကွပ်ရမယ်တဲ့လေ"

"အင်းပေါ့လေ Customer အကြိုက် အဆင်တန်ဆာနဲ့ ညှိရမှာပေါ့၊ မောင်သန့်စင်က အတွေးကောင်းလွန်းတယ်၊ ဒါပေမဲ့ မောင်သန့်စင် တစ်ခုချော်သွားတယ်"

"ဘာများလဲ ဇာ၊ ဇာ ဘယ်လိုမြင်လဲ၊ အကြံပေးလို့ရတယ်"

မောင် မျက်ခုံးပင့်၍ အလေးအနက်မေးလျှင် ဇာတစ်ချက်ပြုံးမိ၏။

"အမှန်ဆိုရင် ဇာတို့ချစ်သူနှစ်ဦးအတွက် တခြားဒီဇိုင်း ရွေးသင့်တယ်"

"ဘာဖြစ်လို့"

"သုံးနားညှိတြိဂံပုံဆိုတော့ အနားသုံးဖက်လေ၊ ဇာနဲ့မောင်က နှစ်ယောက်တည်း၊ နှစ်ယောက်ဆိုတော့ အနားနှစ်ဖက်၊ အခု အနားတစ်ဖက် ပိုနေသလို ထိုင်ခုံတစ်လုံးနဲ့ ပန်းအိုးထားတဲ့ ပန်းတစ်ပွင့် ပိုနေတယ်လေ"

"ဒါလား ဇာ မြင်တတ်သားပဲ"

ဟု မောင် လိုက်လိုက်လှဲလှဲပြုံး၍ ပြော၏။

"ဇာအမြင်မှန်တယ်၊ ဒါပေမဲ့ လက်ရှိအခြေအနေအရ အနားတစ်ဖက်ထိုင်ခုံတစ်လုံးနဲ့ ပန်းတစ်ပွင့် မပိုစေမယ့် အစီအစဉ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



ခု ရှိတယ်''

''ဟင်''

ဏီမျက်ဝန်းဝိုင်းက အံ့ဩစိတ်နှင့် ပို၍ဝိုင်းဝန်းသွားသည်။

''ဏီ အံ့ဩသွားလား''

''အံ့ဩတာထက် ပိုတယ် မောင်၊ လိုနေတဲ့ အနားတစ်ဖက်ကို ကိုယ်စားပြုတဲ့တစ်ယောက်ယောက် ရှိနေတယ်ဆိုတဲ့သဘောလား''

မောင် ခေါင်းဆတ်ညိတ်တော့ ဏီမျက်ဝန်းမှာ တွေဝေမှိုင်းမှုံသွားပြီး

''ဘယ်လို တစ်စုံတစ်ယောက်ရှိတယ်၊ ဘာကြောင့် ရှိရတာလဲ''

''ဏီအတွက် ဏီ့နှလုံးသားအတွက်ပေါ့ ဏီ''

''ဟင် ဏီ့နှလုံးသားအတွက် မောင် ဘာတွေပြောနေတာလဲ''

''ဏီ့ကို တစ်စုံတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့''

''ဘယ်သူလဲ မောင့်ချစ်သူလား''

အရဲစွန့်ကာ မေးလျှင် မောင် ပေါ့ပေါ့သွက်သွက် ရယ်မောလိုက်ပြီး

''မေးရက်လိုက်တာ ဏီဏီရယ်၊ မောင့်ချစ်သူဆိုတာ ဏီ ဏီလေ၊ မောင် အခုမိတ်ဆက်ပေးမယ့်သူက မောင့်နှလုံးနဲ့သွယ်ဝိုက်ပတ်သက်တဲ့သူ၊ ဏီ့နှလုံးသားနဲ့ တိုက်ရိုက်ပတ်သက်မယ်လို့ မောင်ယူဆတဲ့သူ''

''ဟင် ဘယ်သူလဲ ဘယ်သူလဲ၊ မောင်က ဘယ်သူ့ကို ဘယ်လိုယူဆမိလို့လဲ''



ဏီ မွန်းကျပ်စွာဆိုမိ၏။

''ဏီ အသက်မှန်မှန် ရှူပါဦးလေ''

မောင် နှစ်သိမ့်ပြုံးလေးနှင့်ဆိုလျှင် ဏီ့ကိုယ်ဏီ အငေါ်မှုများနေမှန်း သတိထားမိလာသည်။ မလုံမလဲ၊ ကြွတက်လာသည့်ရင်ထဲမှ အနည်တွေထိုင်သွားအောင် ဏီ အသက်အောက်လိုက်သည်။ ထို့နောက် သစ္စာပန်းခက်လေးကို စိုက်ကြည့်လိုက်ပြီး

''ဪ ဏီနဲ့တိုက်ရိုက်မဆုံဖူးသေးတဲ့ မောင့်ဆွေမျိုးတစ်ဦးနဲ့လား''

ဟု ဏီ ခပ်ဖော့ဖော့လေး ထင်ကြေးနှင့်မေးမိသည်။ မောင့်နှုတ်ခမ်းပါးက နားလည်မှုအပြည့်ပေးနိုင်စွမ်းသလို ထောင့်ချိုးညီညီတွန့်ကာ

''မောင် မိတ်ဆက်ပေးတော့ သိရမှာပေါ့၊ ဏီထိုင်လေ''

မောင့်စကားဆုံးမှ ဏီ ထိုင်ခုံတစ်လုံးမှာ ဏီ ဖြည်းညင်းစွာထိုင်လိုက်သည်။ မောင်လည်း ထိုင်ခုံတစ်လုံးမှာ ထိုင်ချသည်။ တြိဂံပုံအနားနှစ်နားမှာ ဏီနဲ့မောင်၊ လွတ်နေတဲ့တစ်နားက မောင် မိတ်ဆက်ပေးမယ်ဆိုတဲ့သူ။

သူက ဘယ်သူလဲ။ ဏီတို့နှစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ရင်ဆိုင်ရလောက်အောင် ဘယ်လိုပတ်သက်မှုတွေ ရှိလို့လဲ၊ အသံတိတ်မေးခွန်းတွေမေးရင် ဏီအာရုံမှာ မှိုင်းမှိုင်းတွေတွေဖြစ်လာသည်။

ကြည်လဲ့သောမောင့်မျက်ဝန်းနှင့် ပြုံးပြုံးလေးစိုက်ကြည့်နေတာကြောင့် ဏီလည်း မောင့်နည်းတူ ပြုံးမိလျှင်

''ဏီ မျက်လုံးမှိတ်ထားပါလား၊ မောင်က ဖွင့်ကြည့်ဆိုရင် လွတ်နေတဲ့နေရာကို ကြည့်လိုက်၊ ဟုတ်ပြီလား''

မောင့်သဘောလို့ ပြောရင်း ခေါင်းလေးဆတ်ကာ မော့လာ

www.burmeseclassic.com

www.burmeseclassic.com



လေး စင်းကာ မျက်လုံးမှိတ်လိုက်၏။ ဏီအာရုံမှာ မောင် မိတ်ဆက်ပေးမည့်သူဟာ ဘယ်သူပါလိမ့်ဆိုသည့်အတွေးနှင့် ဆူလိုက်လာသည်။ မျက်ခွံအောက်က မျက်ဝန်းက ခိုးလုခုလုဖြစ်လာသည်။ ဏီနားက မောင့်အသံကိုသာ ရင်ခုန်စွာ အာရုံစိုက်မိသည်။ နှစ်မိနစ်ခန့် တိတ်ဆိတ်ငြိမ်သက်ပြီးမှ ဏီနှာခေါင်းထဲ ရနံ့တစ်မျိုး တိုးဝင်လာသည်။

ထိုရနံ့။ ဏီမှတ်မိစွဲလမ်းမိသော ထိုရနံ့။ ဆေးနံ့လိုလို၊ ချွေးနံ့လိုလို စိုးထိုင်းထိုင်း ထိုရနံ့ကြောင့် ဏီ အာရုံလတ်ဆတ်သလို ညွတ်နူးလာသလို တွေးပြာလာသလိုနှင့် ခံစားမှုအသိက လှိုင်းဂယက်ခတ်လေသည်။

ထိုရနံ့ဟည့် ဏီအာရုံမှတစ်ဆင့် နှလုံးသားဆီ ပျံ့နှံ့စိပ်ဖြာဝင်လာလျှင် ဏီ ဘုရားတ,မိသည်။ ဒီရနံ့ပိုင်ရှင်ဟာ အိုး မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူးဟု ရင်မှာ အကြိမ်ကြိမ် ငြင်းဆန်နေမိသည်။

"ဏီ ဖွင့်ကြည့်လေ"

ဟု မောင်၏တိုးတိုးဆိုသံသည် ဏီနားမှာ ဗုံးတစ်လုံးပေါက်ကွဲသလို ကျယ်လောင်ထိတ်လန့်ဖွယ်ကောင်းတော့၏။ ဏီမျက်ခွံလွှာအသာပင့်၍ မောင်ပြောတဲ့အတိုင်း ကြည့်လိုက်၏။ လွတ်နေသည့်ထိုင်ခုံမှာ ခေါင်းငုံ့ထိုင်နေသည့် ထိုတစ်ယောက်ဟာ သူဆိုတဲ့အသိဏီ့ရင်မှာ ဗုံးတစ်လုံးပေါက်ကွဲသလို ဒိုင်းခနဲမြည်ဟည်းသွား၏။

"ဏီ သူက ဒေါက်တာ နေဝန်းထိလေ"

ဟု ပုံမှန်သံဖြင့် မောင် မိတ်ဆက်ပေးလိုက်စဉ် ဏီ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွား၏။ ထိုဟုပင် ဏီ့ရင်ထဲက မရေရွတ်နိုင်တော့ပါ။

မောင်နဲ့ထိကို ထိတ်လန့်ချောက်ချားသောမျက်ဝန်းနှင့် ဏီတစ်လှည့်စီ ကြည့်နေမိသည်။ မောင်က ပြုံးနေဆဲ။ ဒီအပြုံးက



ဏီ့ကို အလှပဆုံးထောက်ချောက်ဆင်ဖမ်းနိုင်တဲ့ မုဆိုးကျော်ရဲ့အပြုံးလား။ ဏီ ခွဲခြားနိုင်စွမ်းမရှိတော့။

ဏီ ဝုန်းခနဲ မတ်တတ်ရပ်လိုက်စဉ် ဏီ ခါးနဲ့တိုက်မိသည့် ကြွေပုံစားပွဲလေးလှုပ်ခါကာ ပန်းအိုး လဲကျသွားသည်။ ခေါင်းငုံ့လျက်ငြိမ်သက်နေသည့်ထိနှင့် ပြုံးနေသည့်မောင့်ကို ဏီ ဘယ်လိုရင်ဆိုင်ရမလဲကွယ်။ လဲကျသွားသည့် ဖန်ပန်းအိုးကို မောင် ပြန်ထောင်လိုက်ပြီ။

"ဏီ အံ့သြသွားလား"

တဲ့။ မောင့်အသံ တည်ငြိမ်နေပေမယ့် ဏီ့ရင်မှာ မတည်ငြိမ်နိုင်ပါ။ လှိုင်းလုံးတွေ တဝုန်းဝုန်းကြွလာပြီး ရင်ခုန်သံတွေ ချိုင့်ဝှမ်းတွေကို ဖြတ်လျှောက်ရသလို ခနိုခနဲ့နိုင်ကာ ပြင်းရှလာသည်။

ဏီ့နှလုံးသားက ခံပြင်းမှု၊ ဆွေဝေမှု၊ လှိုက်တုန်မှုတွေ အရှိန်ပြင်းတဲ့မုန်တိုင်းတစ်စင်းလို လွင့်စဉ်ထွက်လာကာ ဘာကိုမှ ဝေခွဲမရနိုင်ဘဲ 'တောက်' ခတ်မိသွား၏။

ဏီရဲ့တောက်ခတ်သံက သစ္စာပန်းခင်းတစ်ခုလုံးကို ပဲ့တင်ထပ်သွားစေသည်။ သေချာတာက ဏီ မျက်လုံးအစုံနဲ့ ဏီခြေထောက်ဟာ ထိုမျက်နှာနှစ်ခုကို ရင်ဆိုင်ဖို့ စွမ်းအားမရှိတော့ပါ။ ရုတ်တရက်လွင့်ကျလာသည့် မျက်ရည်တစ်စက်နှင့်အတူ ချာခနဲ လှည့်ထွက်ခဲ့မိသည်က ချက်ချင်း။

"ဏီဏီ"

ဟန့်တားသည့် မောင့်ခေါ်သံကို ဏီ ဂရုမမူတော့ပါ။ ခြေလှမ်း ဆက်လှမ်းခဲ့သည်။ ထိုအခါ ဏီရှေ့ မောင် ကမန်းကတန်း ပိတ်ရပ်လိုက်သည်။ ဏီ့မျက်ဝန်းအစုံက မောင့်ကို နားမလည်နိုင်ခြင်း၊ အမည်နာမသတ်မှတ်လို့မရသည့် စွပ်စွဲလိုမှု လှိုင်းတွေနဲ့ ဝေသိရောင်

www.burmeseclassic.com

www.burmeseclassic.com



ဆူပြီးနေပြီး ဏီမေးကြောများတင်းကာ သွေးကြောမျှင်များ ထောင်ထ,လာသည်။

"ဏီ့နှလုံးသားကို လှောင်ပိတ်လိုက်တာလား မောင်"

အက်တုန်ကြွပ်ဆတ်နေသည့် ဏီအသံဝါဝါကြီး ခုန်ထွက်လာလျှင်

"မဟုတ်ဘူး ဏီ၊ ဏီထင်သလို မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ၊ ဏီနဲ့မောင်က အတီအလင်းချစ်သူပါ၊ ဏီတို့ချစ်သူနှစ်ဦးကြားမှာ သူစိမ်းယောကျ်ားတစ်ယောက် ဘယ်လိုပတ်သက်လဲ၊ သူစိမ်းယောကျ်ားနဲ့ မိတ်ဆက်ပေးရတဲ့မောင့်ရည်ရွယ်ချက်က ဘာလဲ၊ ဏီ့ကို ဘယ်လိုပုံစံနဲ့ ဘောင်ခတ်ချင်တဲ့ မောင်အတွေးလား၊ ဏီ ဘယ်လိုနားလည်ရမလဲ မောင်၊ သူစိမ်းယောကျ်ားနဲ့ မိတ်ဆက်ပေးခြင်းနဲ့ ဏီ့ကို ကဲ့ရဲ့လှောင်ပြောင်လိုက်တာလား၊ ဒါမှမဟုတ် အပိုင်ချည်ပြီး ရှုတ်ချလိုက်နေတာလား ဟင်"

ဏီ့နှလုံးသားမှ လွင့်စဉ်ထွက်လာသည့် စကားလုံးအပိုင်းအစတွေကို သူ ချစ်မြတ်နိုးမှုတွေဖြင့် ခေါင်းငုံ့ခံယူလိုက်သည်။

"မောင်ရယ် ဒီလိုနည်းနဲ့ ဏီ့ကို မနှိပ်စက်ပါနဲ့၊ ဏီ့ကို မောင် ပိုင်ဆိုင်ခွင့်ရဖို့ ချစ်ခွင့်တောင်းခဲ့တယ်၊ လက်ထပ်ဖို့အရေးဆိုခဲ့တယ်၊ မောင်လိုချင်တဲ့ ချစ်ခွင့်အဖြေ ဏီပေးခဲ့တယ်၊ မောင်တောင်းတဲ့ လက်ထပ်ခွင့်ကိုလည်း လိုက်လျောခဲ့ပြီးပဲ၊ နောက်ထပ် မောင် ဘာလိုချင်သေးလဲ၊ ပြောစမ်းပါ၊ မောင့်ဆန္ဒအတွက် ဏီ အဆင်သင့်ပဲ၊ ready ပဲ မောင်ရယ်၊ ဘာကြောင့် ဒေါက်တာနေဝန်းထိကို ခုတုံးလုပ်ရတာလဲ၊ ဏီ့ကို မသတီလို့လားဟင်"

အက်ကွဲတုန်ခါနေသည့် ဏီ့အသံက သစ္စာပန်းခင်းကလေးပါ လန့်ဖျပ်မတတ်ဖြစ်ရရှာသည်။ ဏီ ထိုမျှထိ ခံပြင်းသွားမယ်လို



သူ မထင်ပါ။ ဏီ့ကိုပဲ တစ်ဦးတည်းငေးကြည့်နေပါသည်။

နေဝန်းထိက ခေါင်းငုံ့ထိုင်နေရာမှ အမူအရာနည်းနည်းမှ မပြောင်းလဲခဲ့။ ကျောက်ရုပ်လို တောင့်တင်းနေသည်။ အတန်ကြာသည်အထိ ဏီတို့သုံးယောက်၏အသက်ရှူသံတွေပဲ သစ္စာပန်းခင်းတွေပေါ် ဂယောက်ဂယက်ပြေးလွှားနေသည်။

"ဏီ့နှလုံးသားမှာ မောင်နဲ့ပတ်သက်ပြီး အဆိပ်အတောက်တွေ ဘယ်လောက်ရှိနေသေးလဲ၊ ဏီ ဖွင့်ပြောလိုက်ပါ၊ ဏီဖွင့်ပြောထုတ်သမျှ မောင် လက်ခံပါ့မယ် ဏီ"

သစ္စာပန်းပွင့်ဖတ်လို နူးညံ့သည့် မောင့်စကားလုံးသည် ညင်သာစွာ စီးဆင်းလာသည့် စမ်းရေစီးသံလို ဏီ့ရင်ခွင်ထဲ တသွင်သွင် စီးမျောလာသည်။ ထိုအခါ ဏီ့ရင်မှာ အမှားတစ်ခု ကျူးလွန်မိသလို စိတ်မချမ်းမသာဖြစ်သွားသည်။

"ဆောရီး မောင်ရယ်၊ ဏီ့ကို"

ဏီအသံက ဝမ်းနည်းလှိုက်ဖိုကာ တိမ်ဝင်သွားသည်။ မောင့်မျက်နှာပြင်ပေါ် ကြည်လင်သန့်စင်သည့် လေပြည်ညင်းလေး ဝေ့ဝဲတိုက်ခတ်လာပြီး

"ဏီရယ် ဏီ့နှလုံးသားနဲ့ ဏီဦးနှောက်ကို မောင် အကြိမ်ကြိမ် နားလည်ခံစားတတ်ခဲ့တယ်၊ ဒါကြောင့် ဏီ့ခံစားချက်ကို မောင် မျှဝေခံစားပေးချင်လို့ နေဝန်းထိနဲ့ မိတ်ဆက်ပေးလိုက်တာ၊ ဏီ့ရင်မှာ ခုလို လှိုင်းထန်စေဖို့ မရည်ရွယ်ခဲ့တာ မောင့်ရင်ထဲက သစ္စာပါ ဏီ"

မောင့်မျက်နှာပြင် ညိုတိုင်းထိုင်းကို ကရုဏာသက်စွာ ဏီ ငေးကြည့်လိုက်မိသည်။ မောင့်နှုတ်ခမ်းနှစ်လွှာကြားမှ လိမ့်ထွက်လာသည့် စကားလုံးတွေက စိန်ပွင့်တွေလို တဖျပ်ဖျပ်လင်းဝင်းနေသည်ဟု ဏီ ခံစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဏီထင်သလို ဏီ့ကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် မောင် လုံးပန်းနေတာ မဟုတ်ဘူး ဏီ၊ အစေအချာပြောရရင် ဏီ့ကို ပိုင်ဆိုင်ချင်တဲ့ ခံစားချက်နဲ့ မောင် ကြိုးစားတာဆိုရင် မောင် ဒီလောက်ထိ အချိန်ယူနေမှာ မဟုတ်ဘူး။ အချိန်ယူစရာလည်း မလိုဘူး၊ ဏီ့ကို အလွယ်တကူပိုင်ဆိုင်လို့ရတဲ့နည်းတွေ အများကြီးရှိတယ်၊ အလွယ်ကူဆုံးက ဏီမာမီကို မောင် ဖွင့်ပြောလိုက်တာနဲ့ ရက်ပိုင်းအတွင်း ဏီ့ကို တရားဝင်ပိုင်ဆိုင်လို့ရတဲ့ အခြေအနေကောင်းတွေ မောင့်မှာရှိတယ်၊ ဒါပေမဲ့"

သူ စကားရပ်လိုက်လျှင် ဏီ ဖျတ်ခနဲမော့ကြည့်နှင့် မောင်နှင့် အကြည့်ချင်းဆုံသည်။ အကြည့်မလွှဲတဲ့ မောင် ဆက်ပြောသည်။

"ဏီ့ကို မောင်ပိုင်ဆိုင်ချင်တာက ချစ်တဲ့အတွက်၊ မြတ်နိုးစုံမက်တဲ့အတွက် အလေးအနက် ပိုင်ဆိုင်ချင်တာပါ ဏီ၊ ဒါကြောင့် ဏီ့ရင်ခုန်သံ၊ ဏီ့ပင့်သက်ရှိုက်သံတွေရဲ့အနက်အဓိပ္ပာယ်ကို မောင် ဖော်ဆောင်တတ်ခဲ့တယ်၊ ဏီစကားလုံးတိုင်းရဲ့ အနက်အဓိပ္ပာယ်ကို မောင့်နှလုံးသားနဲ့ စိတ်ဖြာခံစားခဲ့တယ်၊ ဏီအမူအရာတွေကို ဖတ်တတ်အောင် မောင် အစွမ်းကုန်လေ့လာခဲ့တယ် ဏီ၊

အပွင့်လင်းဆုံးဝန်ခံရရင် မောင့်အပေါ် လိုက်လျောညီထွေဖြစ်နေတဲ့ ဏီ့စကားလုံးတွေ၊ အမူအရာတွေဟာ မောင့်ချစ်ခြင်းကို စွမ်းအားဖြစ်စေခဲ့တယ်၊ မောင့်နှလုံးသားကို တဖျပ်ဖျပ်မြူးကြွစေခဲ့တယ်၊ မောင့်ကို မြတ်မြတ်နိုးနိုးချစ်နေတယ်လို့ မောင် တစ်ထစ်ချ ယုံကြည်ခဲ့မိတယ်၊ ဒါပေမဲ့"

မောင့်ရင်ခုန်သံက တဖြည်းဖြည်းအရှိန်ကျသွားသလို ငြိမ်သက်သွားသည်။ ကြည်လင်သည့် မောင့်မျက်နှာပြင်မှာ ညှိုးရောင်သန်းလာသည်။ ခြောက်သွေ့လာသည့် နှုတ်ခမ်းလွှာကို လျှာနဲ့တစ်ချက်



သပ်၍ မောင် ဆက်ပြောပြန်သည်။

"ဒါပေမဲ့ ဏီဏီ အဲဒီနေ့လယ်က ဏီရဲ့ဟန်ဆောင်မှုတွေ ဖျတ်ခနဲ ကွာကျသွားတာမြင်ရတော့ မောင် ထိတ်လန့်သွားတယ်၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ မောင်သိခဲ့ရတော့ ဏီအတွက် မောင် စိတ်မချမ်းမသာဖြစ်ခဲ့ရတယ်၊ ဒါပေမဲ့ မောင့်ရဲ့ချစ်စိတ်က အတ္တကြီးတယ်လို့ဆိုရမလား မသိဘူး၊ ဏီဆီက အချစ်ကို လိုချင်တပ်မက်လာတယ်၊ ဒါကြောင့် ဏီ့နှလုံးသားက အချစ်ကို တောင်းဆိုခဲ့တယ်၊ ဏီ အဖြေပေးမယ်လို့ ကြော်ငြာလိုက်တော့ မောင် အရမ်းရင်ခုန်ခဲ့တယ်၊ ဏီ ယုံပါ့မလား၊ အဲဒီညက ဏီ ပြန်သွားပြီးကတည်းက လသာဆောင်မှာ ထိုင်ပြီး လမင်းကြီးကိုငေးရင်း မောင် အကြိမ်ကြိမ် ဆုတောင်းခဲ့တယ်၊ ဏီဆီက အချစ်ကို မောင် ရပါစေလို့လေ"

ဏီ သက်မလေးချမိသည်။

"မောင် ကံကောင်းတာလား၊ ဆုတောင်းပြည့်တာလား မသိဘူး။ ဏီ ချစ်နေပါတယ်လို့ အဖြေပေးလိုက်တော့ မောင့်ကိုယ်မောင် ဘာဖြစ်လို့ဖြစ်သွားမှန်းမသိအောင် ကြည်နူးလိုက်အိသွားတယ်၊ ညီမျှတဲ့ချစ်ခြင်းနဲ့အတူ ပူပူနွေးနွေးချစ်သူဘဝကို အနမ်းဦးနဲ့ ကမ္ပည်းတင်ချင်စိတ် ရှန်းကြွလာခဲ့တယ်၊ အဲ့ဒါကြောင့် ဏီဆီမှာ ခွင့်တောင်းခဲ့တယ်၊ ဏီလည်း ခွင့်ပြုခဲ့တယ်လေ"

ဏီ အသက်အောက်လိုက်မိသည်။ အသံဆက်မကြားပါစေနဲ့လို့ ရင်ထဲမှာ အကြိမ်ကြိမ်ဆုတောင်းမိသည်။ သို့သော်လည်း ဏီ ဆုတောင်းမပြည့်စွာ အသံတွေ တဒိုင်းဒိုင်းပြေးဝင်လာသည်။

"ဒါပေမဲ့ အဲဒီခံစားမှုမှာ မောင် လိုက်မမှီတာလား၊ နားမလည်နိုင်တာလား၊ အကဲခတ်ညံ့တာလား၊ ဘာလားတော့မသိဘူး၊ သေချာတာက မောင့်ရဲ့ညံ့ဖျင်းမှုပဲ တကယ်ပါဏီ၊ ချစ်သူဆီက အနမ်း

www.burmeseclassic.com

www.burmeseclassic.com



ဦး ခံယူမယ့်မိန်းကလေးဟာ ဘယ်လိုခံစားမှု၊ ဘယ်လိုကြည်နူးမှု၊ ဘယ်လိုနူးညံ့ပျော်ဝင်မှုနဲ့ တုံ့ပြန်ခံယူတတ်မလဲဆိုတာ မောင် ကြိုတင်မသေချာလာထားမိဘူး၊ မောင့်ခံစားမှုအရ မောင့်အထင်အရ ပြောရရင် အနမ်းဦးခံယူတဲ့ချစ်သူမိန်းကလေးက ပန်းသွေးရောင်ရက်ရိပ်လေး ဆမ်းပြီး နုဖတ်ပျော်ဝင်နေတဲ့ ရှုတူတူနှုတ်ခမ်းပါးလေး အလိုက်သင့် ပါလားလိမ့်မယ်လို့ မောင် ထင်တယ်''

ဘုရား ဘုရား ဏီ မလုံမလဲဖြင့် မျက်လွှာလေးစင်းကျသွားသည်။ မောင်က ဘာကိုမှ အားမနာ ထိရှေ့မှာဆိုတာလည်း မရှောင်ခဲ့။ ပွင့်ပွင့်လင်းလင်းပဲ အိပ်သွန်ဖာမှောက် ပြောချတော့သည်။

''ခုတော့ မောင့်အနမ်းဦး ခံယူမယ့် ဏီဆီမှာ ရင်ခုန်တာတွေလည်းမရှိဘူး၊ မောင့်အနမ်းဦးကို တုံ့ပြန်မယ့် နှုတ်ခမ်းအစုံက စိုလဲ့ဆူကြွမနေဘူး၊ ပြီးတော့ ဝမ်းနည်းမျက်ရည်ကျလာတာ မြင်ရတော့ မောင် ဘယ်လိုလုပ် နမ်းရက်မလဲ၊ ဏီ တကယ်လို့ မောင့်အနမ်းဦး ပေးမိတယ်ဆိုပါတော့ ဏီ့နှလုံးသားမှာ ရင်ခုန်တဲ့ခံစားချက်ထက် အဆိပ်အတောက်ဖြစ်သွားဖို့က ရာနှုန်းပြည့်ပဲ၊ အဲဒါ ဘာကြောင့်လဲဆိုတာ မောင့်နှလုံးသား အချက်ပေးခေါင်းလောင်းမြည်လာခဲ့တယ်၊ အဲဒီခေါင်းလောင်းသံက ဘာလို့ ဏီ ထင်သလဲ''

ဏီ ဘာမှမထင်တတ်အောင် ငေးရီသွားသည်။

''မောင့်ကိုချစ်တယ်ဆိုတာ ဏီ့နှလုံးသားက အသေအချာအဖြေမပေးနိုင်တဲ့အနေအထား၊ တစ်နည်းပြောရရင် တစ်စုံတစ်ရာအတွက် ဦးနှောက်က တွန်းပို့ညွှန်ထုတ်လိုက်တဲ့ ဏီ့နှလုံးသားအဖြေလို့ မောင် ဖတ်တတ်ခဲ့တယ် ဏီ၊ ဒါကြောင့် ဏီ့နှလုံးသားက အဖြေကို ဏီ့ကိုယ်တိုင် ရဲရဲဝံ့ဝံ့ ကြော်ငြာနိုင်အောင် ကြော်ငြာခွင့်ရအောင် မောင် နေဝန်းထိန့် ဆွေးနွေးပြီး မိတ်ဆက်ပေးလိုက်တာ ဏီ၊ မောင့်



နှလုံးသား ရေးရာရေးအတွက် အသုံးချလိုက်တာ မဟုတ်ပါဘူး ဏီရယ်၊ ဏီ့ကို ခုတုံးလုပ်တာ မဟုတ်ပါဘူးကွယ်''

တောင်းပန်သလို ရှင်းပြသလိုလိုနဲ့ တရစပ်ပြောနေတဲ့ မောင့်အသံ တုန်ရှရှကို ဏီ နားမဆင်ဝံ့တော့ပါ။ မောင့်နှလုံးသားမှ ပုလဲလုံးတွေလို စီချလာသည့် စကားလုံးနုနုတွေက ဏီ့ရင်ခွင်ထဲက အချစ်ကို လွှတ်လွှတ်လပ်လပ် ထုတ်ဖော်ဝန်ခံစမ်းပါလို့ လမ်းဖွင့်ပေးနေတာလားဟင်။

''ဏီ့နှလုံးသားကို ဏီ့ရင်ခုန်သံနဲ့ အသေးငယ်ဆုံးခံစားမှုအထိ ခွဲခြမ်းစိတ်ဖြာပြီး အစစ်အမှန်ချစ်ခြင်း ပေါ်လာအောင် ဆန်းစစ်ကြည့် ဏီ၊ ဏီ့နှလုံးသားကို ဆန်းစစ်တဲ့အခါမှာ ဏီ့မာမီ၊ ဏီမမ၊ မောင့်အသိုင်းအဝိုင်းဆိုတဲ့ ကြိုးတွေကို မဆွဲပါနဲ့၊ မောင့်ချစ်ခြင်းနဲ့ နေဝန်းထိချစ်ခြင်းအပေါ် ဏီ့နှလုံးသားက ဘယ်သူ့အပေါ် တိမ်းမူးညွတ်ယိုင်စေမလဲ၊ ဏီခံစားပြီးမှ အဖြေပေးပါ ဏီ၊ အဲဒီအတွက် ဏီ ဘာကိုမှ မငဲ့ပါနဲ့''

မငဲ့ပါနဲ့တဲ့၊ ဏီမျက်ဝန်းက မောင်နဲ့ရင်ဆိုင်မရဲအောင်ဖြစ်ကာ ချက်ချင်း မျက်လွှာချမိသွားသည်။ မောင် ဘာကြောင့် ဒီလောက်ထိလမ်းဖွင့်ပေးရတာလဲကွယ်။

''အချစ်ကလွဲပြီး ဘာမှရောထွေးမနေတဲ့ အစစ်မှန်ဆုံး ချစ်ခြင်းအတွက် မောင်တို့နှစ်ယောက်ချစ်ခြင်းကို ဏီ့နှလုံးသားနဲ့ မှတ်ကျောက်တင်ပေးဖို့ပဲ ဏီ၊

နောက်တစ်ခု မောင်တောင်းဆိုချင်တာက ဏီ မောင့်ကို ဏီ အားမနာပါနဲ့၊ မောင်က အကောင်းဆုံးကိုရော အဆိုးဆုံးကိုပါ မျှော်လင့်ပြီး ကြိုတင်ပြင်ဆင်ထားပြီးသားပါ၊ အကောင်းဆုံးဖြစ်ခဲ့ရင်တော့ မောင်တို့ ချစ်သူဘဝ ပီပြင်ပြီးပေါ့၊ အကယ်၍ အဆိုးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရင်လည်း မောင် ကြိုတင်ပြင်ဆင်ထားပြီးသားပါ၊ ဏီ နေဝန်းထိ ကို ချစ်သွားတယ်ဆိုရင် ဏီနဲ့နေဝန်းထိရဲ့ချစ်ခရီး ဖြောင့်ဖြူးဖို့ မောင် အစွမ်းကုန်အကျိုးဆောင်ပေးဖို့ အသင့်ပဲ ဏီ၊ အခုလောလောဆယ် ဏီ စိတ်ဖြောင့်ဖြောင့်ခံစားနိုင်အောင် နေဝန်းထိနဲ့ဏီ့ကို ဘယ်သူမှ မရိပ်မိစေဖို့ မောင် ကာကွယ်ပေးမှာပါ၊ ဏီဆန္ဒ ဘယ်လိုရှိလဲ အံချိန် ယူပြီး စဉ်းစားချင်ရင် စဉ်းစားပါ''

ဏီ ဘာမှပြန်မပြောတတ်တော့ပါ။ ဏီအသွင်သည် သစ်ရွက် ခြောက်လို နီမောင်းမောင်းအရောင်ပြောင်းလဲသွားသည်။ မောင့်မျက် နှာလေးကို ဏီ ငေးကြည့်ဖို့ စွမ်းအားမရှိတော့ပါ။ ရှေ့က အနီရောင် သစ္စာပန်းခင်းကို မှိုင်းတုံ့တုံ့ငေးကြည့်မိသည်။

လက်ရှိအနေအထားအရ သူတို့သုံးယောက်ဟာ သုံးနာညီ ကြိုဂံပုံ ကျောခိုင်းလျက် ရင်ဆိုင်ရပ်ကာ ဏီက အနီရောင်သစ္စာပန်း ခင်းကိုလည်းကောင်း၊ နေဝန်းထိက အဝါရောင်သစ္စာပန်းခင်းကိုလည်း ကောင်း၊ သူက အဖြူရောင်သစ္စာပန်းခင်းကိုလည်း ချစ်ခြင်းဖွဲ့သစ္စာ နှင့် တိုင်တည်ကာ တိတ်ဆိတ်နေကြသည်။

ထိုစဉ် ခြံထဲသို့ ကားတစ်စီး အရှိန်ပြင်းပြင်းဝင်လာ၍ ထိုး ရပ်သွားသည်။ ကားပေါ်မှ ရီတို့သုံးဦး စိုးရိမ်ထိတ်လန့်မှုဖြင့် ပြေးဆင်း လာသည်။

''ဏီ ဘာတွေဖြစ်ကုန်ပြီလဲဟင်၊ ရီတို့ စိုးရိမ်လို့လိုက်ခဲ့တာ''

''ထိန့် စစ်ဦး ဆွေးနွေးတယ်လို့ သတင်းရကတည်းက မေတို့ ထိတ်လန့်ပြီး ဏီ့ကို လိုက်ရှာတာ၊ မောင်သန့်စင်က ညွှန်လိုက်လို့ ကမန်းကတန်းလိုက်လာတာ''

''စစ်ဦးနဲ့နေဝန်းထိ စကားလုံးနဲ့ဖြစ်ဖြစ်, လက်သီးနဲ့ဖြစ်ဖြစ် ဖိုက်ကြသေးလားဟင်''



သူငယ်ချင်းတွေ ဏီအနားကပ်၍ တိုးတိုးလေးမေးကြသည်။ မောင့်သဘောထားကြီးမှုအတွက် ဏီ ဘာပြန်ပြောရမှန်းမသိအောင် မှုန်းကျပ်သွားသည်။

''ရီတို့ကိုလည်း ကျွန်တော် တစ်ခုတောင်းဆိုချင်တယ်''

သူ့အသံက ရေခဲတုံးတစ်တုံးလို အေးခဲနေသည်။ ရီတို့ မျက်ဝန်းတောက်တောက်နှင့် သူ့ကို စိုက်ကြည့်ပြီး

''ဘာကိုတောင်းဆိုချင်တာလဲ ကိုစစ်ဦး''

''ကျွန်တော်တို့သုံးယောက်ရဲ့အချစ်စစ်ကို အနားညှိနေတဲ့ နှလုံးသားခံစားချက်မှာ ရီတို့အနေနဲ့ ဏီ့ကို ဟိုဘက် ဒီဘက်ယိုင်းယိမ်း မသွားအောင် စေတနာနဲ့ဖြစ်ဖြစ် ဖိအားမပေးပါနဲ့''

မေ မျက်မှောင်တွန့်ကြုတ်၍

''ဘာတွေလဲ ကိုစစ်ဦးပြောတာ မေတို့ နားမလည်ဘူး''

''မေတို့ နားလည်အောင်ပြောရရင် ဏီဟာ နေဝန်းထိကို ဖြစ်ဖြစ် ကျွန်တော့်ကိုဖြစ်ဖြစ် အလေးပေးရွေးချယ်မိအောင် ပြောင်း ပေးတာမျိုး လမ်းညွှန်တွန်းအားပေးတဲ့အကြံမျိုး မပေးပါနဲ့၊ အထူး သဖြင့် ကျွန်တော့်အချစ်ကို ဏီလက်ခံဖို့ မတိုက်တွန်းပါနဲ့၊ ဏီနှလုံး သားနဲ့ ဏီ့ကိုယ်တိုင် ခံစားရွေးချယ်ပါစေလေ''

တဲ့။ မောင်၏လိုက်လျောမှုတွေကို နားသောတဆင်နိုင်ဖို့ သတ္တိမရှိတော့ပါ။ ထို့ကြောင့် ခနိုခနဲ့ခြေလှမ်းနှင့် ဏီ လှမ်းထွက်ခဲ့ သည်။ ထိုအခါ ရီတို့သုံးယောက် ယောင်တောင်တောင်ဖြစ်ကာ ဏီ နောက်က လိုက်ပါခဲ့လေသည်။

ထိုနေ့ခင်းသည် ဏီ့နှလုံးသားကို အချစ်အလင်းတန်းတစ်ခု ထွန်းလင်းခွင့်ပေးသော နေ့ခင်းဖြစ်နေသတဲ့လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အဲသလောက်တောင် လိုက်လျောသတဲ့လား"

"ဘုရား ဘုရား စစ်ဦးက"

မေတို့သုံးယောက် အံ့ဩတုန်ခါသည့်အထိ မယုံနိုင်လောက်အောင် ဖြစ်ရသည်။ အိက အံ့ဩလွန်းလို့ အသံပင် မထွက်နိုင်တော့ပါ။

"ရိတို့အထင်က နေဝန်းထိကို စစ်ဦးက ငွေဂုဏ်အသိုင်းအဝိုင်းဂုဏ်နဲ့ ဖိနှိပ်မယ်လို့ ယူဆခဲ့တာ၊ အခုတော့ နေဝန်းထိအပေါ် မလိုတမာမဖြစ်ဘူး၊ သဘောထားကြီးကြီးနဲ့ မိတ်ဆက်ပေးရုံမက နေဝန်းထိ ပိုးပန်းခွင့်ရအောင် လမ်းဖွင့်ပေးလိုက်တာ၊ မယုံနိုင်စရာတကယ့်ကို မယုံနိုင်စရာပဲ၊ အိတော့ စစ်ဦးအချစ်ကို အမြင့်ဆုံးအဆင့်မှာ ပန်းပွင့်တဲ့အချစ်ထူးလို့ ဂုဏ်ပြုလိုက်ချင်တော့တယ်တကယ်"

"အဲဒီထက် ပိုပါတယ်ဟာ"

လို့။ အလေးအနက် ဏီ တစ်ခွန်းထောက်ခံလိုက်သည်။ ထိုအခါ ရိတို့ အစွမ်းကုန်အံ့ဩပြီး

"ဘယ်လိုပိုတာလဲ ဏီ"

ဏီလက်ကိုင်အိတ်ထဲက စာတစ်စောင်ထုတ်၍ ရိတို့လက်ထဲ



အပ်လိုက်သည်။ ထိုစာက ထိရဲ့စာလေ။ မောင်က ထုံးစံအတိုင်း မှုမပျက်, ဟန်မပျက်, အလေးအနက်ထားခြင်းမပျက်ကွက်ဘဲ ဏီ့ကို ကုမ္ပဏီရုံးခန်းအရောက် လိုက်ပို့သည်။ ပို့ပြီးမှ ထိုစာခေါက်လေးထုတ်ပေး၍

"နေဝန်းထိ ပေးလိုက်တာ"

ဟု ကျေကျေနပ်နပ်ပြုံးကာဆို၍ ဏီလက်ထဲ ထည့်ပေးခဲ့သည်။ ဏီမှာ စာခေါက်လေးကို ဆုပ်ကိုင်ထားရင်း ရင်ခုန်စွာ အံ့ဩလိုက်တုန်စွာ တွေဝေငေးမောစွာ မောင့်ကို ကြည့်မိသည်။

မောင့်မျက်နှာပေးက အရောင်တစ်မျိုးမှ ပြောင်းလဲမသွားပါ။ ပုံမှန်ဟန်၊ ပုံမှန်အသံ၊ ပုံမှန်လှုပ်ရှားမှုနှင့် ဏီ့ကို နှုတ်ဆက်ထွက်သွားခဲ့သည်။ ထိုအခါ ဏီ အတန်ကြာ စာခေါက်ကို ဆုပ်ကိုင်ထားမိသည်။ မောင့်အနံ့အသက် လွင့်ပျောက်သွားမှ သက်မလှိုင်လှိုင်ချ၍ စာခေါက်ကို ပြန်ဖတ်လိုက်သည်။

ပုလဲဏီ

ညနေ တွေ့ပါရစေ။ ခွင့်ပြုပါ။

တဲ့။ ထိုစာဖတ်ပြီးစဉ် ဏီ့နှလုံးသားနုနုလေး ပျော့ခွေသွားသည်။ ဏီ့ရင်ခုန်သံ ရှုန်းကြွလာကာ မောင့်မျက်နှာပေးနှင့် ထိအသွင်ကို တဝဲလည်လည် မြင်ယောင်လာသည်။

"ဘုရား ဘုရား။ တစ်ဦးက အောင်သွယ်တော် လုပ်ပေးသတဲ့လား ဏီရယ်"

"ဒါဆို ဏီ"

ရိတို့ တစ်ခုခုထင်မြင်ချက်ပေးလာသည်ကို ဏီ မကြားလိုတော့ပါ။ မကြားဝံ့တော့ဆို ပိုမှန်လိမ့်မယ်။ ဒါကြောင့် ဏီ လက်ကာတန့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလေ ကျွန်မ့်နှလုံးသားတံခါးကို ဆွဲဖွင့်ဖို့ ဆုံးဖြတ်ချင်တယ်၊ ကျွန်မ့်နှလုံးသားက ယိုစိမ့်ကျလာတဲ့ အချစ်ရဲ့အနှစ်ရသကို ကျွန်မကိုယ်တိုင် ခံစားချင်တယ်၊ ကျွန်မချစ်သူရဲ့ရင်ဖွင့်သံကို နားစွင့်ချင်တယ်ဟာ၊ အဲဒါ ကျွန်မ မှားသလားဟင်၊ ကျွန်မ မှားသွားနိုင်မလား"

ကျွန်မ၏ဖွင့်ဟဝန်ခံလျှင် ရီတို့ မျက်စိမျက်နှာပျက်သွားစေသည်။ ကျွန်မ့်ကို အတန်ကြာစူးစိုက်ငေးမောကြည့်၍ သက်မပြိုင်တူချပြီး

"စစ်ဦးတောင်းဆိုတဲ့အတိုင်း မေတို့ ဖိအားမပေးပါရစေနဲ့ ကွယ်"

"ဟုတ်တယ် ကျွန်မ၊ တော်ကြာ ကျွန်မချစ်ခြင်းမှာ တစ်စုံတစ်ရာ လွဲချော်သွားရင် အိတို့ပယောဂမကင်းသလိုဖြစ်ရမယ်လေ"

"ကျွန်မရယ် ဘာကိုမှစဉ်းစားပြီး တွေဝေမနေပါနဲ့တော့၊ နှလုံးသားရေးရာမှာ လွတ်လပ်စွာခံစားခွင့်ရဖို့က မလွယ်အူးလေ၊ အခုလို ကျွန်မ့်နှလုံးသား လွတ်လပ်ခွင့်ရတာ ကျွန်မ အရမ်းကံကောင်းတယ်လို့ပဲ မှတ်လိုက်နော်၊ ရီတို့လည်း ကျွန်မအဖြေကို သိချင်ပါတယ်ကွယ်၊ ကျွန်မချစ်တဲ့ချစ်သူကို ရွေးတော့ပေါ့ဟာ"

"ဟုတ်တယ် ကျွန်မ"

အိတို့အားလုံး ထိုမျှသာ အကြံပေးကြတော့သည်။ ရီဖတ်ပြီး ကမ်းပေးသည့် ထိုစာရွက်ကို ကျွန်မ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ထိုစာခေါက်က ကျွန်မ့်နှလုံးသားကို စွမ်းအားဖြစ်စေခဲ့သည်။

ရီတို့ နှုတ်ဆက်ထွက်သွားသည်ကို ကျွန်မ နားစိုက်ငေးကြည့်ရင်း နှုတ်ဆိတ်နေမိသည်။ ထိနဲ့တွေ့ဆုံဖို့ ထိရဲ့ရင်ခုန်သံ၊ ထိရဲ့ခံစားမှုကို ကျွန်မ ဘယ်လိုနှလုံးသားနဲ့ နားသွင်းရမလဲ။

ထိကိုမြင်တာနဲ့ ကျွန်မ အရမ်းရင်ခုန်ပြီး ချောက်ထိချောက်ချား ဖြစ်သွားမလား၊ မြူးထူးလိုက်အီသွားမလား၊ ပျော်ရွှင်မှုများနှင့် ထူပူ



သွားမလား။ လားပေါင်းများသည့် အတွေးနှင့် ကျွန်မ့်ရင်မှာ တလှိုက်လှိုက် လှုပ်ရှားလာသည်။

ထိုလှုပ်ရှားမှုတွင် ညနေငါးနာရီ၏နာရီသံသည် ကျွန်မ့်နှလုံးသားကို စမ်းရေထဲမျှောချသလို တငြိမ့်ငြိမ့် မျောပါသွားစေသည်။ ထိုစဉ်

"ဒေါက် ဒေါက်"

နှင့် တံခါးခေါက်သံနှစ်ချက် ကြားရသည်။ ဒီအချိန်ဆို မောင် လာကြိုနေကျ။ ကျွန်မ မှန်ပြတင်းမှ ထိကို မြင်ရလိုမြင်ရငြား ချောင်း ကြည့်နေရာမှ ကျွန်မကိုယ် ဆတ်ခနဲမတ်လာသည်။ မှန်ပြတင်းဆီမှ အကြည့်ခွာ၍ ကျွန်မ့်မျက်နှာပြင် ပျက်ယွင်းမနေအောင် ပြင်ဆင်လိုက်ပြီး

"မောင် ဝင်ခဲ့လေ"

ဟု အတည်ငြိမ်ဆုံး ဖိတ်ခေါ်လိုက်သည်။ တံခါးရွက်လေး ဖြည်းညင်းစွာ ပွင့်လာသည်။ ပွင့်လာသည့်တံခါးဝမှ ပေါ်လာသူသည် ကျွန်မထင်သလို မောင်မဟုတ်ခဲ့။

ကျွန်မ့်ရင်မှာ စွဲထင်ခဲ့ဖူးသည့်ဝတ်စုံနှင့် ထိမှန်း မြင်လိုက်ရလျှင် ကျွန်မ့်အာရုံတစ်ခုလုံးသည် လေပြည်လေညင်းတိုက်ခတ်သည့် လွင်ပြင်ကျယ်ထဲ လွင့်မျောသွားသလို ခံစားရလေသည်။

ခပ်ညှံ့ညှံ့စပို့ရှပ်အနက်၊ ဂျင်းဘောင်းဘီအနက်နှင့် ထိအသွင်၊ ဆေးနံ့နှင့်ချွေးနံ့ ရောထွေးနေသည့် ထိ ကိုယ်နံ့စိုစိုရှိန်းရှိန်းက ကျွန်မ့် နှလုံးသားထဲ တိုးဝင်လာသည်။ ရင်ခုန်လှိုက်မောသည့် ထိအကြည့် အောက်မှ ကျွန်မ ရင်ခုန်စွာ မျက်လွှာချထားမိသွားသည်။

"ပုလဲကျွန်မ"

ရင်ခုန်သံ ထုံသင်းယစ်ဝေနေသည့် ထိခေါ်သံက ကျွန်မနှုတ်ခမ်းပါးကို လှုပ်လှုပ်ရှားရှားဖြစ်သွားစေသည်။ မျက်ခွံလေး အသာပင့်၍ ထိကိုကြည့်မိတော့ ထိ နှုတ်ခမ်းညိုစိုစိုလေး ပွင့်ဟလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပုလဲဏီ မှတ်မိမလား"

"ဘာကိုလဲဟင်"

"အဲဒီနေ့က ပုလဲဏီ သူငယ်ချင်းသုံးယောက်နဲ့ ယက်ဖက်ရည်ဆိုင်ထိုင်ပြီး ရယ်ရယ်မောမောရှိနေခဲ့တယ်၊ ကျွန်တော်က သူငယ်ချင်းနဲ့ ချိန်းထားလို့ သူငယ်ချင်းကို အဲဒီလက်ဖက်ရည်ဆိုင်ဘေးမှာ ရပ်စောင့်နေတဲ့အချိန်ပေါ့"

ဏီမျက်မှောင်ကြုတ်ကာ စဉ်းစားမိသွားသည်။

"ပုလဲဏီ့ကိုမြင်ရတော့ အရိုးသားဆုံးပြောရရင် မြင်မြင်ချင်းရင်ခုန်တာလား၊ ချစ်တာလား၊ ရူးသွပ်သွားတာလား မသိဘူး။ သေချာတာက အဲဒီညက ကျွန်တော် နိုက်ဂျူတီမှာ၊ ကျွန်တော့်လက်ချောင်းတွေဟာ နားကျပ်ကိုင်လို့မရအောင် တုန်ခါနေခဲ့တယ်၊ အဲဒီအတွက် ကျွန်တော် အိပ်ဆေးတွေ သောက်ပစ်ခဲ့တယ် ပုလဲဏီ"

"အလို"

"ဟုတ်တယ်၊ ကျွန်တော့်အာရုံမှာ ပုလဲဏီ့ကို ထပ်ခါထပ်ခါ ခံစားနေမိတယ်၊ အဲဒီခံစားမှုကို ဖြေဖျောက်ဖို့ ကျွန်တော် ကြိုးစားခဲ့တယ်၊ ကြိုးစားလို့လည်း မထိန်းနိုင်ခဲ့ဘူး။ ဒါကြောင့် ပုလဲဏီ့ကို ကျွန်တော် လာငေးမိတယ်၊ ညနေငါးနာရီဆိုရင် ကျွန်တော့်ရဲ့ကိုယ်ပိုင်ဆေးခန်းထိုင်ချိန်ကို ဖွဲ့ယူပြီး လာငေးဖြစ်တဲ့အထိ ဝေဒနာတိုးလာခဲ့တယ်၊ အထူးသဖြင့် ကျွန်တော့်ထက် အဆထောင်သောင်းမက ပြည့်စုံတဲ့မိန်းကလေးဆိုတဲ့အသိက ကျွန်တော့်ခံစားချက်တွေ ခြေတစ်လှမ်း မတိုးရဲအောင် ဝေဒနာတွေ ကျပ်ခဲလာတယ်"

ဏီ ရင်တွေ တဒိတ်ဒိတ်ခုန်မြန်သွားသည်။ ထိုပြောနေတာက နှလုံးသားခံစားမှုအစလား။ ဘာကြောင့် ထိုအစကို ဖော်ရတာလဲ ထိုက အရှိန်နဲ့ပြောနေလေရဲ့။



"အခြေအနေချင်း သိပ်ကွာခြားလွန်းတဲ့ ပုလဲဏီ့ကို ကျွန်တော် မချဉ်းကပ်ဝံ့ဘူး။ ပတ်ဝန်းကျင်က ဝေဖန်လာမှာကို ကျွန်တော် ကြောက်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘဝမှာ ပုလဲဏီလို ကုမ္ပဏီမပိုင်ဘူး။ မိဘနောက်ခံငွေကြေး မတောင့်တင်းဘူး၊ တိုက်တွေလည်း မပိုင်ဘူး၊ ကားတွေလည်း မရှိဘူး"

ဏီ့ရင်မှာ မွန်းကျပ်သလိုဖြစ်ကာ လက်ချောင်းလေးကို တင်းနေအောင်ဆုပ်ရင်း အသက်ဝအောင် ဖိရှူလိုက်၏။

"ကျွန်တော်ပိုင်တာက M.B.B.S ဘွဲ့တစ်ခု၊ ဆေးခန်းငယ်ငယ်တစ်ခု၊ အိမ်ငယ်တစ်လုံး။ ရောဂါသည်အမေ၊ ကျောင်းတက်နေတဲ့ ညီတစ်ယောက်၊ ညီမတစ်ယောက်၊ မွေးစားညီမငယ်လေးတစ်ယောက်၊ မိသားစုဝင်ငါးယောက်နဲ့ များပြားလှတဲ့ တာဝန်ဝတ္တရားတွေကြားမှာ အချိန်ပိုနာရီဝက် မကျန်လောက်အောင် ကျွန်တော် ရုန်းကန်ရသူပါ၊ အဲဒီဘဝအနေနဲ့ ပုလဲဏီကို ကျွန်တော် တကယ်ချစ်သွားပြီလို့ သိလိုက်ရတဲ့အချိန်မှာ ပုလဲဏီ ကျွန်တော့်ကို စည်းတစ်ခုတားလိုက်တယ်လေ လာမငေးပါနဲ့တဲ့"

ထိုအသံက ထိုနေရာတွင် ပြတ်တောက်သွားတော့၏။ ထိုအခါ ဏီ့ရင်မှာ ကြေကွဲသလိုလို လှိုက်ဆူလာသည်။ ထိုမျက်နှာလေး ညိုမှောင်ကာ သက်ပြင်းငွေ့ငွေ့ချပြီး ဆက်ပြောသည်။

"ပုလဲဏီရဲ့ဆန္ဒအတိုင်းဖြစ်အောင် ကျွန်တော် ကြိုးစားထိန်းချုပ်ခဲ့တယ်၊ ပုလဲဏီ့ကို မြင်ခွင့်ရတဲ့ညနေငါးနာရီအချိန်ရောက်ရင် ကျွန်တော်ရင်အုံမှာ ဆူလောင်ပေါက်ကွဲခဲ့တယ်၊ ပုလဲဏီတားတဲ့စည်းကို မကျော်မိစေဖို့ လာမငေးမိစေဖို့ ကျွန်တော် အိပ်ဆေးတွေသောက်ပစ်ခဲ့တယ်၊ ဒီလိုနဲ့ တင်းခံခဲ့တယ် ပုလဲဏီ၊ ဒါပေမဲ့ ကံကြမ္မာက ကျွန်တော့်ကို မျက်နှာသာပေးတာလား၊ နှိပ်စက်တာလားမသိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဆရာကိုယ်စား ဒေါ်ပုလဲကို လူနာလာကြည့်တော့ ပုလဲဏီကို ဘွားခနဲတွေ့ရတော့ ကျွန်တော်ရဲ့တင်းခံစိတ်တွေ ဝုန်းခနဲပြိုကျသွားခဲ့တယ်၊ ကျွန်တော် ရင်မဖွင့်ရရင် မနေနိုင်တော့ဘူး။

အဲဒီစိတ်က ကျွန်တော့်ကို အစိမ်းလိုက် ဝါးမျိုလိုက်သလိုပဲ ပုလဲဏီ၊ ကျွန်တော့်ကိုယ်ကျွန်တော် ဘာဖြစ်လို့ဖြစ်နေမှန်း မသိတော့ဘူး၊ မိုးစက်တွေကို တိုင်တည်ပြီး ကျွန်တော့်အချစ်တွေကို ရင်ဖွင့်ခဲ့မိတယ်''

ရင်ဖွင့်ဝန်ခံသံ လိုက်ဆူနေသည်။ ထိုအသံနှင့်အတူ ဏီ့ရင်မှာ ထိုညနေက ခံစားမှုတွေ တဖြည်းဖြည်းစီးမျောလာခဲ့သည်။ ထိုရင်ခုန်သံကို [illegible]က်မောလာသည်။ ထိုအချစ်ကို ခံစားဖို့ ဏီ မိုးရေထဲ ဆင်းသွားမိသည်။ ထိုရေ့ ခြေလှမ်းတွေ ရွေ့ခဲ့သည်။

''အလို''

ဏီရှေ့ရောက်နေသည့် ထိုရင်ခွင်ထဲ ခေါင်းမချမိအောင် ဏီ့ကိုယ်ဏီ အကြိမ်ကြိမ်ထိန်းချုပ်လိုက်ရသည်။

ထိုမျက်ဝန်းအိမ်မှ ရင်ခုန်မျက်ရည်တွေ အိုင်ထွန်းလာသည်ကို ကရုဏာသက်စွာ ဏီ ငေးရီစိုက်ကြည့်လိုက်မိသည်။

''အဲဒီညက ကျွန်တော် အရူးတစ်ယောက်လို မိုးရေထဲ လျှောက်ပြေးနေမိတယ်၊ ဏီ ဖြတ်လျှောက်နေကျ လေကားထစ်တွေဆီ ဘယ်နှစ်ခေါက်လျှောက်လို့ လျှောက်နေမိသည်မသိခဲ့ဘူး၊ ကျွန်တော် ကောင်းကောင်းသတိရလာတော့ ဆေးရုံပေါ်မှာလေ၊ အဲဒီနောက်မှာ ကျွန်တော် သိရတာက ပုလဲဏီဆီမှာ စစ်ဦးရှိနေသတဲ့''

ထိစကားအဆုံးမှာ နှစ်ယောက်သား အကြည့်ဆုံသွားသည်။ အကြည့်လွှဲဖို့လည်း သတိမရတော့ပါ။

''စစ်ဦးရှိနေတဲ့အတွက်လည်း ပုလဲဆီက အချစ်ကို ကျွန်တော်



မတောင်းခံဝံ့တော့ဘူး။ ဒါကြောင့် ကျွန်တော် နောက်ဆုတ်ဖို့ ခြေလှမ်းပြင်လိုက်တယ်၊ ကျွန်တော့်ရှေ့ ပုလဲဏီရောက်မလာမိစေဖို့ ကျွန်တော့်ဆေးခန်းကို ပိတ်လိုက်တယ်၊ ဆရာ့ဆီမှာ ကိုယ်ရေးကိုယ်တာကိစ္စအကြောင်းတင်ပြပြီး ခွင့်ယူလိုက်တယ်၊ ဘယ်သူမှမရိပ်မိအောင် ကျွန်တော် မေမေ့အိမ် ပြန်ခဲ့တယ်၊ ပြီးတော့ မေမေ့ရင်ခွင်မှာ ငိုခဲ့တယ်''

ဘုရားရေ ငိုခဲ့တယ်တဲ့။ ဏီလည်း ငိုခဲ့တယ်လေ။ ဘာကြောင့် ငိုဖြစ်တာလဲ။ အဖြေက စဉ်းစားစရာမလိုအောင် သေချာနေပါပြီရယ်။

''အဲဒီနောက်မှာ စစ်ဦး ကျွန်တော့်ကို လာတွေ့ပြီး ရင်ဖွင့်ခွင့်ပေးမယ်ပြောတော့ ကျွန်တော် ဘယ်လိုဝမ်းသာသွားမှန်းမသိဘူး''

ထိုပြောရင်း ရေ့တိုးလာကာ ဏီလက်ဖဝါးနုနုလေးကို ဆုပ်ကိုင်လျက် ဏီရုန်းဖို့ ဖယ်ချဖို့တွေ သတိရမတော့ပါ။

''အမှန်အတိုင်းဝန်ခံရရင် ပုလဲဏီရဲ့ နှလုံးသားက အချစ်ကို ကျွန်တော် အရူးအမူးလိုချင်ခဲ့တယ်၊ ဒါကြောင့် ပုလဲဏီ ဆုံးဖြတ်ပေးပါနော်၊ ပုလဲဏီ့ကို ကျွန်တော် ချစ်တယ်''

ဘုရားရေ ဏီ ဘယ်လိုပြန်ဖြေရမလဲ။

''ပုလဲဏီ ကျွန်တော့်ကို ချစ်ရဲ့လား''

ဟု ချစ်မျက်ဝန်းနဲ့ မျက်စပစ်လျှင် ဏီ့ရင်ခုန်သံ ပရမ်းပတာဖြစ်သွား၏။

''ထိရယ်''

လို့။ ဏီ့နှလုံးသားမှာ အတိုးညင်းဆုံး ရွတ်မိသွားသည်။ ထိုမျက်ဝန်းစိုလဲ့လဲ့နှင့် ဏီ့နှလုံးသားကို ဖောက်ထွင်းမတတ် စူးစူးနက်နက် စိုက်ကြည့်လာသည်။ နောက်မှ ဂျင်းဘောင်းဘီအိတ်ထဲက ထောင်မှန်ဇာတုဂံပုံငွေရောင်အပြားလေးတစ်ခုကို ထို ထုတ်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဏီလက်ချောင်းတွေထဲ ထည့်ပေးရင်း ပြော၏။

''ကျွန်တော့်ချစ်ခြင်းအတွက် အမှတ်တရပေါ့ ပုလဲဏီ၊ စိန်ဦးလိုတော့ စိန်ဆံထိုးလက်ဆောင် မပေးနိုင်ပါဘူး၊ ကျွန်တော့် အတတ်ပညာအရင်းခံပြီး အရိုးသားဆုံးရှာဖွေလို့ရတဲ့ငွေနဲ့ ဝယ်ထားတဲ့ ခပ်ညံ့ညံ့ချော့ကလက်ပြားလေးပါ ပုလဲဏီ၊ အမှတ်တရ လက်ခံပေးပါဗျာ''

ဏီ့လက်ထဲရောက်နေပြီဖြစ်တဲ့ ချော့ကလက်ပြားလေးကိုဏီ တလှိုက်လှိုက်ရင်ခုန်စွာငုံ့ကြည့်မိသည်။ ထိုချော့ကလက်ပြာလေးသည် ထီပေးခဲ့ဖူးတဲ့ စာရွက်လို ပလာစတာတစ်ခုလို ဏီ့ရင်ကိုလှုပ်ရှားစေသည်။

'ပုလဲဏီ ကျွန်တော့်ကိုချစ်တယ်၊ ကျွန်တော့်အချစ်ကို လက်ခံတယ်ဆိုရင် ကျွန်တော်ပေးတဲ့ အညံ့စားချော့ကလက်လေးကိုကြည့်ပြီး အဖြေပေးလှည့်ပါ''

ထိစကားအဆုံးတွင် ဏီ အလိုအလျောက် ခေါင်းညိတ်မိတော့သည်။ ဘုရား ဘုရား။ ဏီ ဘာဖြစ်လို့ ခေါင်းညိတ်လိုက်ရတာလဲ။ ခေါင်းညိတ်ရုံတင်မက ဏီလက်ချောင်းကလေးများက ချော့ကလက်ပြားလေးကို တင်းအောင်ဆုပ်ကိုင်၍

''ဏီ အချိန်ယူပါရစေ''

ဟု လှိုက်လှိုက်လှဲလှဲပြောမိလျက်ဖြစ်တော့၏။ ထီ မျက်ဝန်းအစုံလည်း အချစ်တွေနှင့် တောက်ပကာ လပြည့်ဝန်းလို ရွှန်းလဲ့ပြီးပြုံးနေတော့သည်။

''ကျေးဇူးတင်လိုက်တာ ပုလဲဏီ၊ တကယ်ပါဗျာ''

ဟု ဝမ်းသာသံအိုင်အိုင်နှင့်ဆိုလျှင် ထိုအသံနောက်မှာ ဏီ့နှလုံးသား စိမ့်ချိုမွေးရှတနေတော့သည်။ တကယ်ပါ ထီရယ်။

✿ ✿ ✿

## အခန်း (၂၅)

''ဟင် မောင်''

အခန်းဝမှာရပ်နေတဲ့မောင့်ကို ဘွားခနဲတွေ့ရလျှင် မလုံမလဲဖြစ်၍ ရုံးခန်းထဲ ပြန်ဝင်ဖို့ ခြေလှမ်းမိသည်။

''ဏီ''

တိုးလျလျခေါ်သည်။ ဏီခြေလှမ်း တုံ့ဆိုင်းရပ်တန့်ကာ မဝံ့မရဲမျက်ဝန်းနှင့် မောင့်ကို လှမ်းကြည့်သည်။

''ဘာဖြစ်လို့လဲ ဏီ၊ မောင်လာကြိုတာကို လက်မခံချင်လို့လား''

ဏီ ကမန်းကတန်း ခေါင်းယမ်းကာ စိတ်မှာမလုံခြုံသည့်အသံဖြင့်

''မဟုတ်ဘူး မောင် မဟုတ်ဘူး၊ မောင့်ကို အသိမပေးဘဲ ဏီ ဏီလေ ထီရင်ဖွင့်တာကို လက်ခံခဲ့တယ်၊ ခုနလေးတင် ထီထွက်သွားတယ်၊ အဲဒါ''

ဏီ တွေတွေထိုင်းထိုင်းနှင့် မလုံမလဲဖြစ်နေသလောက် မောင်ဟန်က မပြောင်းလဲပါ။ ဏီ့ကို မြတ်နိုးဆဲ၊ ချစ်ကြင်ဆဲ၊ ရင်ခုန်ဆဲမျက်ဝန်းနှင့် လေးလေးနက်နက်ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



"မောင် သိပါတယ်"တဲ့

"ဟင် ဒါ ဆို ထီ ရင်ဖွင့်တာ"

ပျာယာခတ်သွားလျှင် မောင့်သွားစွယ်လေးပေါ်သည့်အထိ လှလှပပပြုံးပြီး

"မောင် အားလုံးကြားပါတယ်"

"ဟင်"

မောင့်ကိုကြည့်ရုံလောက်အောင် ရှက်နိုးဝေ၍ ဏီ မျက်လွှာချမိသည်။

"ဏီရယ် ဒါ ရှက်စရာမှမဟုတ်တာ၊ မရှက်ပါနဲ့၊ ဒါ မိန်းကလေးတစ်ယောက် ခံစားထိုက်တဲ့အခွင့်အရေးပဲ၊ ဘယ်မိန်းကလေးဖြစ်ဖြစ် ကိုယ့်ကိုချစ်တဲ့ယောကျ်ားတွေရဲ့ရင်ဖွင့်စကားကို နားသောတဆင်နိုင်တယ်၊ မောင့်ရင်ဖွင့်တုန်းကလည်း ဏီ နားဆင်ခဲ့တယ်၊ နေဝန်းထီရင်ဖွင့်တာကိုလည်း ဏီ နားဆင်တာ သဘာဝကျတယ်လေ၊ နေဝန်းထီသာမက တခြားဘယ်ယောကျ်ားရဲ့ရင်ဖွင့်မှုကိုမဆို ဏီ နားဆင်နိုင်တယ်၊ မောင့်ကို အသိပေးစရာမလိုပါဘူး၊ အဲ့ဒီအတွက် မောင့်ကို ရှက်နေဖို့လည်း မလိုဘူးကွာ"

တဲ့။ အပြုံးနှင့်ပဲ မောင်ပြောချလျှင် ဘုရား ဘုရား ဏီ့ရင်ကို ဏီလက်အစုံနှင့် ဖိထားမိသည်။ ယောကျ်ားတွေရဲ့အတ္တဟာ ကိုယ်ချစ်နေတဲ့ မိန်းကလေးကို တစ်ပါးယောကျ်ားတွေ စိုက်ကြည့်ရင်တောင် သည်းမခံချင်တဲ့ အချစ်စိတ်မြောတွေ ကပ်နေတတ်တယ်လေ၊ ခုတော့ မောင်က တစ်ပါးယောကျ်ားက ကိုယ့်ချစ်သူကို ရင်ဖွင့်တာကို ကျေကျေနပ်နပ် လက်ပိုက်ကြည့်ပြီး နားထောင်ဝံ့သတဲ့။ ချစ်ခြင်းကို ဏီ မယုံနိုင်လောက်အောင်ပါပဲ တက်ယ။

"နေဝန်းထီ ဏီ့ကို ရင်ဖွင့်ဖို့ သိမ်ငယ်နေတာလေ၊ ဒါကြောင့်



မောင်ကိုယ်တိုင် ဏီရုံးခန်းအထိ လိုက်ပို့ခဲ့တာ"

တဲ့။ ဏီ အသက်မဲ့သွားသလို တောင့်တောင့်မတ်မတ်ဖြစ်သွားသည်။

"မောင်ရယ် ဘာဖြစ်လို့ ဏီ့ကို အဲသလောက် လိုက်လျောနေရတာလဲကွယ်"

ဏီ့ရင်မှာ ဝမ်းနည်းစွာ ဆိုမိတော့သည်။

"တကယ်တော့ နေဝန်းထီဟာ လူတော်လူကောင်းတစ်ယောက်ပါ၊ နေဝန်းထီနဲ့ မောင့်အရည်အချင်းကို အကဲဖြတ်မယ်ဆိုရင် နေဝန်းထီက မောင်ထက် အရည်အသွေးမြင့်တယ် ဏီ"

ဏီမျက်ဝန်းပြူးကျယ်သွားပြန်သည်။

"ဟင် မောင် ဘာဖြစ်လို့ ထီကို အမှတ်ပေးနေရတာလဲ၊ ဏီ့အမြင်အရ ထီထက် မောင့်အရည်အသွေးမြင့်တယ်လေ၊ ဘာဖြစ်လို့ မောင့်ကိုယ်မောင် နှိမ့်ချနေရတာလဲဟင်"

သူ့လက်ချောင်းတွေကို ဘောင်းဘီအိတ်ထဲထည့်လျှိုလျက်

"ဏီထင်သလို မောင်ကိုယ်မောင် နှိမ်ချနေတာ မဟုတ်ဘူး၊ နေဝန်းထီကိုမြင်မှ သဘောပေါက်ခဲ့တယ်၊ ဘာဖြစ်လို့ နေဝန်းထီရဲ့ ဘဝဖြစ်စဉ်ဟာ သာမန်ယောကျ်ားတွေထက် အထူးသဖြင့် မောင့်ဘဝထက် ထူးခြားတယ် ဏီဏီ"

"ဟင်"

"ဟုတ်တယ် ဏီ၊ မောင့်ဘဝက မျိုးရိုးစဉ်ဆက် ပြည့်စုံကြွယ်ဝတဲ့ မိဘက မွေးလာတယ်၊ မိဘက ပညာသင်ပေးတယ်၊ ဘွဲ့နှစ်ခုရတယ်၊ ဘွဲ့ရပြီးတော့ မိဘထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းထဲ အလွယ်တကူဝင်တယ်၊ စီးပွားရေးအမြင်ကျယ်တဲ့ မိဘရဲ့ အုပ်ထိန်းမှုအောက်မှာ ရတနာအရောင်းခန်းမတွေကို ကြီးကြပ်အုပ်ထိန်း

www.burmeseclassic.com



ခဲ့တယ်၊ စီးပွားရေးလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်၊ မိဘရင်ခွင်မှာ သားအငယ်ဆုံးပီပီ ကလေးတစ်ယောက်လို ဆိုးနွဲ့ခဲ့တယ်၊ ဒီလောက်ပါပဲ၊ ဘဝတစ်ခုလုံး နက်ရှိုင်းမှုကို ယောက်ျားတစ်ယောက်ရဲ့အရည်အသွေးနဲ့ ဘယ်လိုထိုးထွင်းကြံဆောင်ရသလဲဆိုတဲ့ idea မျိုးမရှိဘူး၊ နေဝန်းထိကမောင့်ဘဝနဲ့ ဆန့်ကျင်ဘက်ပဲ''

တောင့်တင်းနေတဲ့ ဏီ့ကိုယ်က ဘာကြောင့်မှန်းမသိ ပျော့ဖတ်သွားကာ ထိုင်ခုံမှီကို ဆုပ်ကိုင်လိုက်သည်။ မောင်က ခေါင်းတစ်ချက်ဆတ်ပြီး ဆက်ပြောသည်။

''မပြည့်စုံတဲ့မိဘက ဆင်းသက်လာတယ်၊ ပညာသင်တဲ့အခါမှာလည်း မိဘရဲ့မပြေလည်မှုဝန်တွေကိုထမ်းရင်း ချို့ချို့ငဲ့ငဲ့သင်ခဲ့ရတယ်၊ သူ့အဖေက ကြိုးစားရင်း စီးပွားရေးအလုံအထည်တစ်ခုကို ဆုပ်မိပေမယ့် စီးပွားရေးမာယာကြွယ်တဲ့ အဝမ္ပဆန်ဆန်စီးပွားရေးသမားရဲ့ပယောဂနဲ့ စီးပွားရေးအားလုံး ဆုံးရှုံးရရုံတင်မက အဲဒီသူရဲ့မရိုးသားတဲ့ထောင်ချောက်ထဲမှာ အသက်ဆုံးရှုံးခဲ့ရတယ်''

ဘုရားရေ ထိဘဝက ဒီလိုလား။ ဒါတင်မဟုတ်သေး။

''သူ့အဖေ ဆုံးတဲ့အချိန်မှာ နေဝန်းထိဟာ ဆယ်တန်း Five D နဲ့ဆယ်တန်းအောင်ပြီးအရွယ်။ အဖေလုပ်သူက စီးပွားမရှာတတ်တဲ့ ရိုးရိုးအအမိခင်၊ သူ့အောက်မှာ မောင်နှမနှစ်ယောက်၊ နောက်ပြီး သူ့အဖေက သူ့ကို ဆရာဝန်ဖြစ်စေချင်တဲ့ အာသီသရှိသတဲ့၊ စဉ်းစားကြည့် ဏီ''

ဏီ့ရင်မှာ ဆန်းကြယ်စွာ သက်ပြင်းချမိသည်။ ဏီဘဝအတွက် ထိ ဘယ်လောက်တောင် ရုန်းကန်ရမလဲဆိုတာ မတွေးရဲအောင်ပါပဲ တကယ်။

''အိမ်ထောင်စုတစ်စုမှာ အားအထားရတဲ့ဖခင်မရှိတော့ရင်



အဲဒီမိသားစုရဲ့ဘက်စုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ သားကြီးပီပီ အဖတာဝန်ထမ်းဖို့ သူ့ဘဝသူ တိုးတက်အောင် ကြိုးစားဖို့ သူ့ဖခင်ဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ သူ့အောက်က ညီ၊ ညီမတွေ ပညာတတ်ဖို့ သူ ဘယ်လောက်ရုန်းကန်ခဲ့ရမလဲ၊ သူ့ရဲ့ပင်ကိုယ်အရည်အသွေးကို သူ ဘယ်လိုနည်းနဲ့လှသုံးမလဲ၊ အကယ်၍ သူ့နေရာမှာ မောင်သာဆိုရင် အဖေကို လုပ်ကြံသူကို အပြီးမှား အမေ့မျက်နှာကြည့်၊ မောင်နှမနှစ်ယောက်ကိုဖက်ပြီး ငိုနေရုံ စိတ်ဓာတ်ကျငေးမောနေရုံပဲ တတ်နိုင်လိမ့်မယ်ထင်တယ် ဏီရယ်''

ဏီ တံတွေးမျိုချကာ ထိမျက်နှာပြေးမြင်ရင်း ရင်မှာအမော့စို့သလိုဖြစ်သွားတာ ထိကို ငဲ့ညှာတဲ့စိတ်နဲ့ပဲထင်ရင်း မောင်ကတော့ အားတက်သရော ဆက်ပြောနေဆဲ။

''ဒါပေမဲ့ နေဝန်းထိက အဲသလိုမဟုတ်ခဲ့ဘူး၊ သူ့အဖေကို လုပ်ကြံသွားတဲ့ ပုဂ္ဂိုလ်ကို သိလျက် အငြိုးမပွားဘဲ လျစ်လျူရှုခဲ့တယ်၊ သူ့အဖေဖြစ်စေချင်တဲ့ ဆရာဝန်ဖြစ်ဖို့အတွက် သူတို့နေတဲ့ အိမ်နဲ့ခြံကို ဈေးကောင်းနဲ့ရောင်းချပစ်တယ်၊ ရတဲ့ငွေကို ဒေါက်တာဦးထွန်းလူလက်ထဲထည့်ပြီး အကူအညီတောင်းခဲ့တယ်၊ သူ့မိသားစုနေဖို့ မြို့ပြနဲ့ ဝေးတဲ့ရပ်ကွက်ညံ့ညံ့မှာ အိမ်တစ်လုံးငှားတယ်၊ သူက ကျောင်းတက်ရင်း ဒေါက်တာဦးထွန်းလူ ဆေးတိုက်မှာ Nurseမောင် လုပ်ရင်း ပင်ငွေရှာခဲ့တယ်၊ မိသားစုစားဝတ်နေရေးနဲ့ ညီ့ညီမရဲ့ကျောင်းစရိတ်ကို အလျှင်မီအောင် ဖန်တီးခဲ့တယ်၊ အဲသလို ရုန်းကန်နေရတဲ့ဘဝမှာ နှစ်နှစ်အရွယ်ကလေးမတစ်ယောက်ကို မွေးစားထားလိုက်သေးတယ်တဲ့''

ဏီအာရုံတစ်ခုလုံး ငေးမောသွားစေသည်။ ထိရယ် ပင်ပန်းလိုက်တာကွယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်ရောင်းလို့ရတဲ့ငွေက သူ့ဆရာဝန်ဖြစ်ဖို့ လုံလောက်တဲ့ငွေမဖြစ်လို့ ဦးထွန်းလူက မေတ္တာနဲ့ငွေချေးပေးခဲ့တယ်၊ သုံးနှစ်ကြာအောင် ဆပ်ခဲ့ရတယ်၊ သူ့မိသားစုရဲ့ရပ်တည်ရေးက သူ့လခ၊ ပုဂ္ဂလိကဆေးရုံတွေမှာ အချိန်ပိုင်းထိုင်လို့ရတဲ့ငွေနဲ့ အခုလက်ရှိ ရပ်တည်နေရတယ်၊ အခုဆိုရင် သူ့ညီမက ဥပဒေအဓိကနဲ့ မဟာတန်းတက်နေတယ်၊ သူ့မောင်က စီးပွားရေးနောက်ဆုံးနှစ်၊ သူ့မွေးစားညီမက တတိယတန်း၊ သူ့ဆေးခန်းကရတဲ့ငွေက သူ့အမေရဲ့နှလုံးရောဂါထဲ စီးမျောနေတယ်"

ထိဘဝဖြစ်စဉ်က ဏီခေါင်းထဲမှာ မူးနောက်နောက်ဖြစ်လာသည်အထိ မွန်းကျပ်လာပြန်သည်။

"သူ့မှာဘာပိုင်ဆိုင်မှုမှမရှိပေမယ့် မိသားစုတစ်စု ဖရိုဖရဲမဖြစ်အောင် ဖွမ်းဆောင်နိုင်တဲ့ သူ့အရည်အချင်းမျိုး ရှာတွေ့ဖို့ခဲယဉ်းတယ်ဏီ၊ အရှင်းဆုံးပြောရရင် နေဝန်းထိ ဆယ်တန်းအောင်တဲ့ ဆယ့်ခြောက်နှစ်အရွယ်ကတည်းက အခု အသက်သုံးဆယ်ပြည့်အတဲ့အထိ ဆယ့်လေးနှစ်တာကာလ သူ့ဘဝတိုက်ပွဲရှည်မှာ သူ ဘယ်လိုလုံ့လစွမ်းအားနဲ့ အံတင်းခုခံခဲ့သလဲဆိုတာ မောင်တော့ အကြိမ်ကြိမ် အံ့သြချီးကျူးမဆုံးဖြစ်ရတယ်၊ ဒါကြောင့် မောင့်ထက် နေဝန်းထိအရည်အသွေးပြည့်ဝခဲ့တယ်လို့ မောင် အကဲခတ်မိတယ်"

ဏီ သက်မချရင်း မျက်နှာကိုမော့ကြည့်မိသွားသည်၊ မောင်က ထိအပေါ် ပြုံ့ဘက်ဆိုတဲ့အမြင်မျိုးထက် အားကျစရာအမြင်မျိုးနဲ့ ပြောနေသည်။

"ဘာပဲဖြစ်ဖြစ် ဏီနှလုံးသားမှာ စစ်မှန်မှုရသပေါ်ပေါက်လာဖို့ နေဝန်းထိရဲ့ဘဝက ဏီအတွက် အရေးကြီးပါတယ်၊ ဒါကြောင့် နေဝန်းထိရဲ့ အတ္ထုပ္ပတ္တိကို မောင် စုံစမ်းခဲ့တယ်၊ မောင်သိသမျှ ဏီ့ကို ပြန်



ပြောပြတာပါ၊ နှလုံးသားနဲ့ခံစားမှုမှာ ဏီဘာသာ ဆုံးဖြတ်ပါ၊ မောင်တို့နှစ်ယောက်လုံးက ဏီပေးမယ့်အဖြေကို လေးလေးနက်နက်မျှော်လင့်ပါတယ်၊ ဒါကြောင့် ဏီ မောင့်ကို ရှက်နေစရာ၊ ငဲ့နေစရာမလိုပါဘူး ဏီ၊ မောင်ပြောတာ လက်ခံရဲ့လား"

မောင့်စိတ်ဓာတ်ကို ဏီ အံ့သြမှင်တက်ငေးမောသွားစေသည်။ ဏီလက်ခံမှုကို စိတ်ရှည်ရှည် စောင့်ကြည့်နေသည့် မောင့်ကို ဏီ အတန်ကြာမှ ခေါင်းညိတ်လိုက်မိသည်။ ထိုအခါ မောင့်အပြုံးက ကြယ်စင်တွေလို လင်းလက်ပြီး

"အခု မောင် ဏီ့ကို ပုံမှန်အတိုင်း ကြိုပို့တာက ဏီမာမီ မရိပ်မိအောင်၊ နောက်ပြီး မောင်ဆန္ဒက ကြိုပို့ပေးချင်စိတ်ထက်သန်တယ်၊ အဲဒါကိုရော ဏီ လက်ခံရဲ့လား"

ဏီ ထပ်ဆင့်ခေါင်းညိတ်ကာ မောင်၏သိတတ်နားလည်မှုကို ဏီ ကျေကျေနပ်နပ်အသိအမှတ်ပြုစွာပဲဖြစ်သည်။

"ဩော် နောက်တစ်ချက်ရှိသေးတယ်၊ ဏီ မှတ်မိမယ်ထင်တယ်၊ မောင်တို့ဘုရားသွားတဲ့နေ့က လမ်းမှာ မီးပွိုင့်မိတုန်းက စိတ်ကောက်နေတဲ့ စုံတွဲလို့ထင်ပြီး မောင်တို့ ငေးကြည့်ခဲ့တာလေ"

"အင်း မှတ်မိတာပေါ့"

"အဲဒါ နေဝန်းထိမောင်နှမပဲ၊ ကျောင်းအားရက်မှာ ညီမလုပ်သူက သူငယ်ချင်းစက်ရုံမှာ အချိန်ပိုင်းအလုပ်လုပ်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရှာဖို့ ကြိုးစားတာ၊ နေဝန်းထိက ခွင့်မပြုဘူး၊ စက်ရုံကနေ ချော့မော့ပြန်ခေါ်လာတာတဲ့၊ အဲဒါ နေဝန်းထိကောင်မလေးလို့ ဏီ့ရင်မှာ အထင်မှားနေမှာစိုးလို့ မောင်သိသမျှ ပြောလိုက်တာ၊ အဲဒီအချက်ကလည်း ဏီ့နှလုံးသားနဲ့သက်ဆိုင်ကောင်း သက်ဆိုင်လိမ့်မယ်၊ မောင် စုံစမ်းသိရသမျှထဲမှာ နေဝန်းထိ ဘယ်ကောင်မလေးကိုမှ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား ငေးမကြည့်ခဲ့ဘူး၊ ဏီဏီတစ်ယောက်တည်းကိုသာတဲ့''

ဏီ့နှလုံးသားလေး ဟန်မဆောင်နိုင်အောင် ကြည်နူးလိုက်ဖြာသွားခဲ့သည်။ မောင့်ကို အားမနာနိုင်ဘဲ ချိုချိုမြိန်မြိန်ပြုံးသွားသည်အထိ။ အိပ်မပျော်နိုင်အောင်ပဲ တကယ်။ ကြယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ သာယာသော ကောင်းကင်ပြာကို ငေးကြည့်ရင်း ဏီနှလုံးသား အကြိမ်ကြိမ် စိတ်ကူးယဉ်မိတော့သည်။

''ဘယ်ကောင်မလေးကိုမှ စိတ်ဝင်တစား ငေးမကြည့်ခဲ့ဘူး။ ဏီဏီ တစ်ယောက်တည်းကိုသာ'' ဆိုတဲ့ မောင့်စကားသံသည် ဏီ့နှလုံးသားကို မြူးမြူးလေး ခုန်ကြွလာစေတာ အမှန်ပင်။ ဏီ့ကိုသာ ငေးကြည့်ရသည်အထိ ရင်ခုန်ရသတဲ့။ ချစ်လာသတဲ့လား။ ဒါဆို ဏီကရော။ အိုး ဏီ့နှလုံးသားက အချစ်သမုဒ္ဒရာဆီ လွင့်လွင့်ကာ တငြိမ့်ငြိမ့်နှင့်။

✿ ✿ ✿

## အခန်း (၂၆)

ဏီ့နှလုံးသား၌ ကျွန်းတွေလည်း စိကာမနေတော့ပါ။ ရေပြင်လို ဖြောင့်ဖြူးစွာ မောင် အစွမ်းကုန်လိုက်လျောတာကြောင့် ထိုနှင့်နှစ်ယောက်တည်း လွတ်လပ်စွာ တွေ့ဆုံစကားပြောခွင့် ဏီ ရခဲ့သည်။

ထို ဆေးခန်းငယ်လေးကို ဏီ အလည်ရောက်ဖူးပြီး ဆင်းရဲသားရပ်ကွက်မှ ထိုဆေးခန်းငယ်ငယ်သည် ငွေကြေးချို့တဲ့သော လူနာများ အဝင်အထွက်များလှသည်။ လူနာများထံမှ ဆေးဖိုးအနည်းအကျဉ်းမျှသာ ရရှိသော်လည်း ထို၏မျက်နှာသည် ဖူးပွင့်စပန်းတစ်ပွင့်လို လတ်ဆတ်မြူးကြွလျက်ရှိသည်။

အပြုံးလှိုင်လှိုင်ပွင့်သော တင်းတိမ်ရောင့်ရဲတတ်သော ချို့တဲ့လူနာများကို ငဲ့ညှာဖေးမတတ်သည့် ထိုအသွင်ကို မြင်ရစဉ် ဏီ့ရင်မှာ အတိုင်းမသိ ကြည်နူးဆွတ်ပျံ့ကာ တစိမ့်စိမ့်ရင်ခုန်ခဲ့ရသည်။ ဏီ့ကို တွေ့လျှင် တဖိတ်ဖိတ်တောက်သော မျက်လုံးနှင့်။

''ဟာ ဏီ လာလေ၊ ကျွန်တော့်ဆီလာလည်တာလား''

ဟူသော အံ့သြရွှန်းလက်သည့် စကားလုံးများဖြင့် ကြိုဆိုတတ်သည်။ ထို့နောက် ထို တတ်နိုင်သမျှ ရေသန့်တစ်ခွက်ဖြစ်စေ၊ ဆေးခန်းဘေး ယိုင်နဲ့နဲ့ဆိုင်က လက်ဖက်ရည်နှင့်ဖြစ်စေ လိုက်လိုက်

www.burmeseclassic.com



လှဲ့လှဲ့ ညှော်ဝတ်ပြုတတ်သည်။ မောင့်ကိုလည်း လိုလိုလားလား ကျေ ကျေနပ်နပ် အလေးပေးဆက်ဆံတတ်သည်။

"ပုလဲဏီ တစ်ခါတစ်ခါ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ဆန်းစစ်မိတယ် သိလား၊ နှလုံးသားရေးရာမှာ စစ်ဦးလောက် ကျွန်တော် သဘောထားမကြီးနိုင်သလို ခံစားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စစ်ဦးနေရာမှာ ကျွန်တော်သာဆိုရင် ပုလဲဏီ့ကို ခုလို အခွင့်အရေးပေးနိုင်လိမ့်မယ် မထင်ဘူး"

ဟု မလုံမလဲဖြင့် စိတ်မှ အရိုးသားဆုံး ထိ ဝန်ခံတတ်ခဲ့သည်။ ဒါတင်မက ထိဘ၀ အဖက်ဖက်မှ နိမ့်ကျမှုကို မဖုံးကွယ်စ[illegible]း ဏီ့ကို လက်တွေ့ပြခဲ့သည်။ ထိုနေ့က ထိမိသားစုဆီသို့ ဏီ့ကို အလည် ဖိတ်ခေါ်ခဲ့သည်ကို ဏီ မငြင်းခဲ့ပါ။ ထိတို့အိမ်သွားသည့်လမ်းသည် ဏီအတွက် ဆိုးဝါးလွန်းလှသည်။ လမ်းကျယ်၊ လမ်းကျယ်မှ လမ်းသွယ်၊ လမ်းသွယ်မှ လမ်းကျဉ်းကလေး။ အိမ်ရှိရာ ထိုလမ်းကျဉ်းထဲ အထိ ဏီ ကားဝင်လို့မရခဲ့၊ လမ်းကျဉ်းရုံမက မိုးဒဏ်ကြောင့် လမ်းက ဗွက်ထ၍ ခနိုခနဲ့ နိုင်လွန်းသည်။

ထိုလမ်းပေါ်သို့ ဏီ ခြေချရန် တွန့်ဆုတ်မိတာအမှန်။ ကားပေါ်မှ ဏီခြေချသည်နှင့် ခြေက ဗွက်အိုင်ထဲရောက်လေပြီ၊ အေးစက်စေးကပ်နေသည့် ဗွက်တွေကြားမှာ ဏီခြေ တစ်လှမ်းလှမ်းဖို့ မဝံ့မရဲဖြစ်ရသည်။

ခြေတစ်လှမ်းက ဗွက်ထဲက ရုန်းရတာမျိုး ရှိသည်။ ထိုအခါ ဏီခြေလှမ်းက အားမပါ။ ဖွေးဖြူသန့်စင်လှသည့် ဏီခြေချောင်းကလေးများ ရွှံ့ဗွက်တွေရဲ့ အနားသတ်မှာ မလှမပဖြစ်ရသည်။

ဒါပေမဲ့ ဏီ ထဘီစကို အသာမ,၍ မညီမညာဗွက်ထသည့် ထိုလမ်းကျဉ်းလေးကို စိတ်ဝင်တစားဖြစ်လျက်ဖြစ်သည်။ ထိက



အသားကျနေသည့် ခြေလှမ်းနှင့် ဏီရှေ့က လှမ်းထွက်သွားတာ အားကျစရာကြီး။

ထိုလမ်းကျဉ်းလေးလွန်ပြီး နောက်လမ်းကျဉ်းတစ်ခုကို ဖြတ်လျှောက်ရသည်။ ထိုလမ်းကျဉ်းက ကုန်းတက်လို မို့မောက်နေသည်။ ကုန်းပေါ်တက်ရသည်က ဏီခြေလှမ်းကို ခဲဆွဲထားသလို လေးလံလွန်းသည်။ ထိုကုန်းတက်ကိုရောက်ဖို့ ဏီခမျာ နဖူးကချွေး ခြေမထိကျရသည်။

နေကပူပူ လမ်းကကြမ်းကြမ်း။ ဘယ်သူ့လက်ကိုမှမတွဲဘဲ ဏီခွန် ဏီအားနဲ့ ထိဘ၀၏ခက်ခဲကြမ်းတမ်းမှုတွေကို ကျေကျေနပ်နပ်ဖြည်းစမ်းနေမိသည်က ဏီ့နှလုံးသားမှ နှစ်နှစ်ရရရှိလှသည်။

လမ်းတစ်လျှောက် ဏီ ဘယ်လောက်ပင်ပန်းခဲ့ပါစေ ထိမိခင်၏ရိုးသားအေးစက်အပြုံး၊ ထိညီမ၏လှိုက်လှိုက်လှဲလှဲအကြည့်၊ ထိမောင်၏အံ့သြဝမ်းသာသောအသွင်၊ ထိမွေးစားညီမလေး ပြေးဖက်ကြိုဆိုမှုတို့သည် ဏီ့ရင်ကို ဖူးစပန်းကလေးလို လန်းကြွစေသည်။

အင်ဖက်မိုး ထရံကာ ပျဉ်ထောင်အိမ်ဟောင်းလေးသည် ဏီ့ကို လုံခြုံမှုပေးသလို ခံစားမိသည်။ မောင့်မိသားစုညှော်ခံသည့် ထမင်းပွဲသည် ဏီခံတွင်းမှ ရသပြည့်ရှမ်းသလိုရှိသည်။ အညှီစားထမင်း၊ တို့စရာအစုံ၊ ငါးပိရည်၊ ချဉ်ပေါင်ကြော်နှင့် အရည်သောက်ဟင်းတစ်ခွက်သည် ဏီခံတွင်းမှ ရသာထူးသွားသည်။

ဏီ ထမင်းမြိန်သည့်နေ့ထဲတွင် ထိုနေ့သည် တစ်နေ့အပါအဝင်ဖြစ်ခဲ့သည်။ အကယ်၍ ကိုငြိမ်းဖြစ်စဉ် မာမီဘ၀ထဲမှာ ထိတ်လန့်စရာကောင်းလောက်အောင်မရှိခဲ့လျှင် ထိကို မာမီလက်ခံလိမ့်မယ်ဟု ဏီ တစ်ထစ်ချယုံကြည်မိသည်။ ခုတော့ ထိုဖြစ်စဉ်အတွက် ဏီ့နိုင်မှာ လာထိနိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ထိဘဝက ဘိုနှလုံးသားမှာ စွဲစေ၊ ငြိစေ ယစ်မူးစေခဲ့တာ အမှန်ပဲ။ ထိဘဝကို ရိတို့တောင် ဘီလို တအံ့တသြ ဖြစ်ကြပြီး

"ဘိတို့များ ခုမှပဲ ပြုံးနိုင်ပျော်နိုင်တော့တယ်နော်"

"ဟုတ်ပ"

"တစ်ခါတလေတော့လည်း ငပိဖုတ်က ခံတွင်းလိုက်စေသလိုပေါ့"

လို့ ရယ်ကျဲကျဲ ပြန်လာကြသည်။ ထို့ပြင် အိက အနက် ခံစားမိပာန်နှင့် ဆိုသေးသည်။

"ဘိ ငါးပိဖုတ်ကို တစ်သက်လုံး ခံတွင်းမြိန်စေမလား။ ဟင်းကောင်းတစ်ခွက်ကို ဘယ်တော့မှ မတောင့်တပဲ ခံစားနိုင်မလား။ နှလုံးသားနဲ့သာမက ဦးနှောက်နဲ့ပါ ခံစားပြီး ဆုံးဖြတ်ပါကွယ်"

"ဟုတ်တယ် ဘိ၊ ရိတို့က စစ်ဦးအဆိုအတိုင်း ဘို့ကို ဘယ်ဘက်ကိုမှ ဖိအားမပေးချင်ဘူး"

"ဘို့နှလုံးသားက ညီမျှခြင်းထုတ်မယ့်အဖြေဟာ ဘိဘဝ တစ်လျှောက်လုံးအတွက် ဘယ်တော့မှ နောင်တမရစေမယ့် အစစ်မှန် ဆုံးအဖြေပဲ ဖြစ်ချင်တယ်ကွယ်"

မေတို့အားလုံး ဘို့ကို ကြားနေဝါဒနှင့် ပြန်လာတော့၏။ ခုချိန်မှာ နှလုံးသားအပြုံးဆုံးနှင့်အပျော်ရွှင်ဆုံးပါပဲ။

"စိတ်ချပါဟာ၊ ဘို့နှလုံးသားနဲ့ ဘိဘဝအတွက် အလိုအပ် ဆုံးအဖြေတစ်ခုကို ဘိ ရှာဖွေထားပြီးပြီဟ"

"ဟင် ဘယ်လိုအဖြေလဲ၊ ဘိ ဘယ်သူ့ကို"

"ဟို မလောနဲ့လေ၊ ဘိ ကြော်ငြာမယ့်ရက်ကို စောင့်ဦးပေါ့"

"ဘယ်နေ့ကြော်ငြာမှာလဲ"



အိ စိတ်ဝင်စားမှု လွန်ကဲစွာ ခပ်လေးလေးမေးသည်။ ထို အခါ ဘိ စားပွဲပေါ်ရှိ အလှဖန်ခွက်ထဲ ထည့်ထားသည့် မောင့်ဆံထိုး နှင့် ထိရှော့ကလက်လေးကို အတန်ကြာ စူးစိုက်ငေးကြည့်ပြီးနောက်။

"မနက်ဖြန်"

ဟု တည်ငြိမ်ပြတ်သားစွာ ဆိုလိုက်မိသည်။ ရိတို့ ဘို့ကို အံ့သြလေးနက်စွာ စိတ်တည်ငြိမ်စွာသော မျက်ဝန်းအစုံဖြင့် ပိတ်ဆို့ ကြည့်ကြသည်။

ထိုအကြည့်တွေကို ဘိ ဝင့်ဝင့်စားစား ရင်ဆိုင်ကြည့်၍ အပီပြင်ဆုံး ပြုံးလိုက်မိသည်။ မေ တစ်ခုခုပြောဟန်ပြင်သော်လည်း ဘိ ပြောခွင့်မပေးနိုင်။ လက်ဟန့်၍

"ဘိ ဆုံးဖြတ်ပြီးပြီ၊ ရွေးချယ်ပြီးပြီ၊ ဘို့နှလုံးသားနဲ့ဘဝ အတွက် အလိုအပ်ဆုံး နောက်ဆံမတင်းတမ်း ခံစားပြီးမှ ဆုံးဖြတ် ချက်ချလိုက်တာ၊ အဲဒီဆုံးဖြတ်ချက်ကို နက်ဖြန် ကြော်ငြာမယ်လေ စောင့်ကြည့်"

ဟု ဘိ ဝင့်ဝင့်ကြွားကြွား ဆိုလိုက်တော့သည်။

"အင်းလေ မနက်ဖြန် တို့စောင့်ကြည့်တာပေါ့"

လို့ မေ လေအေးလေးနဲ့ဆိုလျှင် ဘိ ကြည်ကြည်နူးနူးပြုံး လျက်ပင်။ မနက်ဖြန်အတွက် ဘို့ကိုယ်တိုင်လည်း ရင်ခုန်နေတာ။ သို့သော်လည်း ပေဟာဒီညနေခင်းဟာ အကျည်းတန်ကဗျာနှင့်မခြား တော့ပေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကိုငြိမ်း ၅ ရှလင့် ကို မလုံးတယ်၊ မုန်းတယ်၊ ရှလင် က ကြွလွှေ့ ..ချစ်ကို စော်ကားတယ်၊ ကြွေဘဝကို ဖလက်ဆီးတယ်၊ ကြွေ သမီးလေးနဲ့ ခွဲဖြစ်တယ်၊ ဒယ်ဒီ စီးပွားတွေကို ဝါးမလိုတယ်၊ ကလိုလေးကို သေတွင်းထဲရောက်အောင် ဆလေးနဲ့ ဖြူးအလွယ်ခဲ့ တယ်၊ အဲဒါနဲ့ အားမရသေးဘဲ ရှလင့် အကြံနဲ့ ဏီဏီဘဝဲထဲကို နေဝန်းထလိန်ဆိုတဲ့ အကောင်ကို ဖျားယောင်သွပ်သွင်းခဲ့တယ် မဟုတ် လား။ အဲဒီ့အတွက် ရှလင့်ကိုရော အဲဒီကောင် နေဝန်းထလိန်ကိုရော ကြွလွှေ့ ကိုယ်တိုင် ပောဒီ ဓားနဲ့ ထရိုးသတ်မယ်၊ သတ်မယ်"

ဟု မမက ပုံမှန်အသိဝင်လာတာလား၊ ဒါမှမဟုတ် ဘာအ ကြောင်းကြောင့်မှန်းမသိပါ။ နှုတ်ခမ်းကိုတင်းအောင်ကိုက်ကာ ဓားတဝင့်ဝင့်နဲ့ ပြောသည်။ မာမီက မမကို စိုးရိမ်တကြီး လှမ်းကြည့်၍

"ကြွေ သမီးကြီး ဘာတွေပြောနေတာလဲ၊ သမီးဘဝမှာ ကိုငြိမ်းမရှိခဲ့ဘူးလေ၊ မရှိခဲ့ဘူး"

"ဟားဟား ဘာလို့ မရှိလိုရမှာလဲ၊ ရှလိခဲ့တယ်၊ ရှိခဲ့လို့ ကြွလွှေ့ အခုလို ဒုက္ခတိ ဖြစ်နေတာ၊ စိတ် ရောဂါ ရနေတာ၊ နှလုံး သား ရောဂါ ရနေတာ၊ ကလိုငြိမ်းကြောင့် ကလိုငြိမ်း ယုတ်မာခဲ့လို့



ကြွလွှေ့ ဒီဘဝရောက်ခဲ့တာ မာမီ၊ အခု အခု ကြွလွှေ့ ညီမလေး ဏီဏီ့ကို ကြွေလိုဘဝရောက်အောင် သေချင်ဆလိုး ကိုငြိမ်း က နေဝန်းထိကို ဖျားယောင်ပြီး ဏီဏီဆီကို ချဉ်းကပ်ခိုင်းတာ၊ ကြွလွှေ့ သိတယ် သိတယ်"

ဘုရားရေဟု မာမီ ယောင်ယမ်းရွတ်မိသည်။

မမက ကိုငြိမ်းအပေါ် နာကြည်းစိတ် ဏီ့ကို ချစ်စိတ်တွေနှင့် စိုးရိမ်စိတ်လွန်ကဲစွာ ထိကို မှတ်ထားပြီးပြောလျှင် မာမီ သံသယမျက် ဝန်း ဏီထံ ဝဲကျလာသည်။

မာမီရဲ့သံသယမျက်ဝန်းအမိပွာယ်လွဲသွားဖို့ ဏီ ဘာလုပ်ရ မလဲ။

"ဘာ မဟာလုပ်ရမှာလဲ၊ ဟုတ်တယ် မာမီ၊ မယလုံရင် ပောဒီမှာ ကြလိ၊ ဏီဏီ့ကို နေဝန်းထိ ပေးထားတဲ့စာတွေ၊ အဲဒီစာ ထဲမှာ ကလိုငြိမ်း ပယောဂတွေကပ်ငြိနေတယ်၊ မယုံရင် ကြည့် ကြည့်"

မမ လွှတ်ချသည့် စာရွက်ကို မာမီ ကမန်းကတန်းကောက် ကြည့်လိုက်တဲ့နောက်မှာ မာမီ့သံသယမျက်ဝန်း သွေးရောင်ရဲမှည့်သွား ပြီး

"ဟင် နေဝန်းထိ နေဝန်းထိ ဆိုတာ ဟိုကောင်မဟုတ်လား၊ မာမီ မောင်းထုတ်လိုက်တဲ့ကောင် မဟုတ်ဘူး၊ မဟုတ်ဘူးလား၊ ဏီ ဏီ မဟုတ်ဘူးလား"

မာမီ သွေးရူးသွေးတန်းနှင့် ဏီ့ကို ဆုပ်ကိုင်လှုပ်ခါမေးငေါ ဏီ ဘာပြန်ပြောရမှန်းမသိအောင် ပြာဝေကာ ခေါင်းငုံ့မိသွားသည်။

"တောက်"

မာမာခဲခဲကျစ်ကျစ် တောက်ခတ်လျှင်- ဏီမျက်လွှာပြန်ပင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဖြေရှင်းချက်ပေးဖို့ ကြိုးစားလျှင်

"မဟုတ်ဘူး မာမီ မဟုတ်ဘူး"

ဟု မောင် ဦးစွာဝင်ဖြေသည်။ ဏီကို လာပြီးသည့် မောင်က မပြန်သေးပါ။ ကားမောင်းသူနေရာမှ စစ်ဦး ချက်ချင်းဆင်းကာ ဧည့်ခန်းထဲတန်းဝင်ပြီး မာမီနဲ့ မျက်နှာချင်းဆိုင်ပြောသည်။

"မမကြွေပြောတာတွေ မယုံပါနဲ့၊ ဏီအပါးမှာ ကျွန်တော် အချိန်ပြည့်ရှိနေတာ မာမီ သိတာပဲ"

"မယုံနဲ့ မာမီ၊ စလစ်ဦးပြောတာ မယုံနဲ့၊ စစ်ဦးက လူလိမ် သူ့ကိုယ်သူ ကိုကိုလေးတဲ့၊ ဟား ဟား ဟား လိမ်တယ်၊ အခုလည်း လိမ်တယ် မယုံနဲ့"

မောင့်ကို လက်ညှိုးထိုးပြီး မမ ဗလုံးဗထွေးဖိပြောလျှင် မောင့်မျက်နှာ တစ်ချက်ပျက်၏။ ထိုတာကို မာမီ ဂနာမငြိမ်စွာ ဖတ်ကြည့်ရှုစမ်းပြီးနောက် ဏီနဲ့မောင့်အပေါ် ပုံစံတစ်မျိုးနဲ့ တည်တည်စိုက်ကြည့်လာသည်။ ဏီ မလုံမလဲဖြစ်တဲ့စိတ်နဲ့ မောင့်နောက် ကွယ်ရပ်လျှင် မာမီ မျက်ဝန်းနီနီကြီးနဲ့ ဏီ့ကို အတန်ကြာစိုက်ကြည့်ပြီး

"ဏီဏီ မိုက်လှချည်လား၊ ဟာ စစ်ဦး နှင် မာမီရဲ့ယုံကြည်စိတ်ချမှုကို အလွဲသုံးစားလုပ်ရဲတယ် ဟုတ်လား၊ ဏီဏီကလည်း မာမီ့ကို ကျိုတ်ပြီးတော်လှန်တယ်၊ မာမီတို့မိသားစုဘ၀ ဘယ်လောက်ထိ ထိနိုက်ကြေကွဲရသလဲဆိုတာ သိသိကြီး၊ အို ဏီဏီ ဏီဏီ့ကို မာမီ ခွင့်မလွှတ်ဘူး မလွှတ်ဘူး"

အံကြိတ်လျက် နာကျင်သံနဲ့ပြော၍ ဏီ့ကို မာမီဆွဲယူပြီး ဒေါသလက်နဲ့ လှမ်းရိုက်၏။

"မာမီရယ် မာမီစိတ်လျှော့ပါဦး၊ ကျွန်တော် ရှင်းပြပါရစေ"

စစ်ဦးပြောဆိုဟန့်တား ကာကွယ်နေရင်းက ညီမလေးကို



မာမီ ရိုက်နေတာမြင်တော့ ကြွေ စိတ်မနိုင်တော့ပါ။

"မာမီ ညီ ညီမလေးကို မရလိုက်နဲ့၊ ညလီမလေးမှာ အပြစ်မရှိဘူး၊ အမိက တရားခံက ကလိုငြိမ်း၊ ဒုတိယ တရားခံက နေဝန်းထလိန်၊ အဲဒီနှစ်ယောက်လုံးကို ကြွေ ဆုံးမမယ်၊ ဆလုံးမမယ်၊ ကြွေတို့မိသားစုအတွက် ကြွေ့နှလုံးသားအတွက် ညီမလေးနှလုံးသားအတွက် ကြလွေ လက်တုံ့ပြန်မယ်၊ လက်တုံ့ပြန်မယ်၊ ညီမလေးကို မရိုက်နဲ့၊ မရိုက်နဲ့။

ညီမလေးကို ဒေါသတကြီး ရိုက်နေသေးသည့် မာမီကို ကြွေ ဆွဲထားရသည်။ ပြောရင်း အပေါ်ဆင်း လှေကားထစ်မှာရှိနေတဲ့ ကြွေက ဘာကိုမှလည်း မမှုနိုင်တော့ပါ။ ခြေတစ်ဖက်ဆွဲကာ ကလိမ်ဖယ်ဖယ်နှင့် ပြေးဆင်းလာသည်။

"မာမီ စိတ်ထိန်းပါ၊ မမကြွေက စိတ်မှန့်တဲ့သူမဟုတ်ဘူးဆိုတာ သတိထားပါ မာမီရယ်၊ ဏီဏီမှာ အပြစ်မရှိပါဘူး၊ အပြစ်ဆိုချင်ရင် ကျွန်တော့်ကိုပဲဆိုပါ မာမီရယ်နော်"

မောင်က ဏီရှေ့က ဆီးကား အပြစ်တွေ လွှဲပြောင်းယူဖို့ ကြိုးစားမိသည်။

"ဟုတ်တယ်၊ ဏီမှာ အပြစ်မဆလိဘူး မာမီ၊ စစ်ဦးမှာပဲ အပြစ်ရှိ ဝုန်း"

စကားမဆုံးခင် အရာဝတ္ထုကြီးတစ်ခု အရှိန်ပြင်းပြင်း ကျသံ။ ထို့နောက်မှ

"အား"

ခနဲ သည်းခံနာကျင်သံကြီး ထွက်လာသည်။ ထိုအသံတွေကြောင့် သုံးယောက်လုံး လှည့်ကြည့်လျှင်

"အို"

www.burmeseclassic.com

www.burmeseclassic.com



လေကားခြေရင်းမှာ မှောက်လျက်နှင့် လဲကျနေတဲ့ မမ။ ကြမ်းခင်းနဲ့ကပ်နေတဲ့ မမရင်အုံမှ သွေးတွေက ဒလဟော။ ဏီ မျက်ဝန်းအစုံ ပြာတူး နက်မှောင်သွားၿပီ။ ဏီ့ကို ဒေါသတကြီး ရိုက်နေသည့် မာမီကို ဆွဲတားဖို့ လိမ့်ဖယ်လိမ့်ဖယ်ပြေးဆင်းလာသည့် မမ လေကားထစ်တွေကို ကျော်ဆင်းသလိုဖြစ်ကာ ခြေချင်းခလုတ်တိုက်မိပြီး လေကားထစ်ပေါ်မှ လိမ့်ကျသလို မမ ဆုပ်ကိုင်ထားတဲ့ဓားက မမရင်အုံဆီ ဘယ်လိုစိုက်ဝင်သွားမှန်း ဏီလည်း မသိတော့ပါ။ ခုတော့ မမရင်အုံမှ နီရဲတောက်ပနေသော သွေးတွေက ဟောခနဲပြာကျနေ လျှင်

ဏီ အသက်မဲ့သလို ပါးစပ်အပွင့်သားဖြင့် သွေးအိုင်ထဲ တစ်ချက်နှစ်ချက်တွန့်လိမ်လူးလိမ့်နေသည့်မမ။ ရင်ဘတ်ကိုဖိ၍ မယုံနိုင်လောက်အောင် ပြူးကြည့်နေသည့်မာမီ။ ထို့နောက် မာမီ၏ ကြွေသမီးကြီးကို သွေးပျက်ချောက်ချားကာ အော်ဟစ်သံ။

မောင်က မမကိုယ်လေးကို ပြေးပွေ့လျက် ရင်ခွင်ထဲထည့်ကာ ပန်းလေးလှုပ်ခါခေါ်လျှင် တစ်ခုခုပြောဟန် နှုတ်ခမ်းလေးပွင့်ဟလာတဲ့ နောက်မှာ မမကိုယ်လုံးလေးက အိခနဲခွေကျသွားတော့၏။

မမကို ဏီ အသံကုန်အော်ခေါ်မိတဲ့နောက်မှာ ဏီ့ကိုယ်လည်း တောင့်တောင့်ကြီးဖြစ်ကာ မမလိုပဲ အသက်မဲ့သွားသည့်အလား။

✿ ✿ ✿

## အခန်း (၂၈)

မမရယ် ကံဆိုးလိုက်တာကွယ်။ အဖြစ်ဆိုးစွာ ဆုံးပါးသွားရှာတဲ့ မမမျက်နှာလေးကို တစိမ့်စိမ့်မြင်ယောင်နေတဲ့ ဏီ့ရင်မှာ မျက်ရည်ကျမဆုံးနိုင်ပါ။

မာမီက အံတင်းတင်းကြိတ်ကာ ဏီမောင်နဲ့ထိအပေါ် သံသယရှိတဲ့မျက်ဝန်းနဲ့ စူးစူးရဲရဲကြည့်ကာ တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်ပစ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ မျက်နှာထား ရင်ဆိုင်လာသည်။

"ဏီ ဒီနေ့ကစပြီး ကုမ္ပဏီမသွားရတော့ဘူး"

တဲ့။ တင်းပြတ်သောအသံနဲ့ အမိန့်ချတဲ့နောက်မှာ ဘာမှဝင်ပြောခွင့်မရပါ။ ဏီဘေးမှာထိုင်နေတဲ့ မောင့်ကို စူးစိုက်ကြည့်ပြီး ဆက်ပြော၏။

"သား စစ်ဦး မင်းကို မာမီ သားအရင်းလို ချစ်တယ်၊ ချစ်လွန်းလို့ မာမီ အစွမ်းကုန်လိုက်လျောခဲ့တယ်၊ သားကြောင့် မာမီတို့ လက်ကျန်မိသားစုလေး ပျော်ရွှင်ခဲ့ရတယ်၊ သားကြောင့် မာမီ သမီးကြီး ကံဆိုးခဲ့ရတယ်"

စစ်ဦး မျက်လွှာစင်းကျသွားကာ ဝမ်းနည်းစွာပဲ ဖြစ်သည်။ မမကြွေ ကံဆိုးတာ သူ့ကြောင့်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သားကို မာမီ ပြစ်တင်နေဖို့ထက် မာမီတို့မိသားစုရဲ့ဆိုးဝါးတဲ့ ကံကြမ္မာလို့ပဲ မှတ်လိုက်မယ်၊ နောက်နောင် ဒီလိုကြမ္မာဆိုးတွေ မဖြစ်ဖို့ သား ဆင်ခြင်ရမယ်၊ ဏီဏီဆန္ဒကို အဲသလောက်လိုက်လျောဖို့ မလိုဘူး"

ဏီနဲ့မောင် အကြည့်ချင်းဆုံသည်။ မာမီ ဘာကိုရည်ရွယ်ပြောမှန်း နှစ်ယောက်သား နားလည်ကာ သက်ပြင်းကိုယ်စီချသည်။ သောကမီးလောင်နေတဲ့ မာမ့်မျက်ဝန်းက အရောင်တဖိတ်ဖိတ်တောက်နေဆဲ။ စကားလုံးတွေကလည်း မာပြတ်နေဆဲ။

"မာမီတို့လူကြီးတွေ အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းစီစဉ်ထားပြီးပြီ၊ ဟောဒီရက်ပိုင်းအတွင်းမှာ သားနဲ့ဏီဏီ့ကို မင်္ဂလာဆောင်ပေးမယ်၊ သားဘိုးဘိုးကိုယ်တိုင် စီစဉ်ထားတယ်"

"ဟင်"

"သား ဏီဏီ့ကိုချစ်မြတ်နိုးတယ်ဆိုတာ မာမီတို့လူကြီးအားလုံး လက်ခံအသိအမှတ်လည်း ပြုပြီးသား၊ ဒါကြောင့် ဏီဏီ ဖြေသိမ့်တတ်အောင် ဖြေသိမ့်နိုင်အောင် သား ကြိုးစားဖို့ပဲလိုတယ်၊ မာမီတို့နှစ်ဖက်မိဘအနေနဲ့ သားနဲ့ဏီဏီ့ကို ဘယ်လိုအကြောင်းကြောင်းမှ ငြင်းဆန်ခွင့်ပေးမှာ မဟုတ်ဘူး၊ အဲဒါကိုတော့ သားကော ဏီဏီ စွဲနေအောင် မှတ်ထားပါ၊ သားကို မာမီ ဒီလောက်ပဲ ပြောချင်တယ်"

ပြောချင်တာ တစ်ရှိန်တည်း ပြောပြီး စကားကို တိခနဲ မာမီ ဖြတ်တောက်လိုက်သည်။ ပြီးတော့ မောင်နဲ့ဏီရှေ့မှာ လမ်းလျှောက်ရင်း ဏီ့ကို စိုက်ကြည့်ပြန်သည်။

မျက်ရည်တွေကြောင့် စိုစွတ်နေသေးတဲ့ ဏီပါးပြင်နုနုလေးနဲ့ ဝမ်းနည်းကြီးစွာ တုန်နေရှာတဲ့ ဏီနှုတ်ခမ်းသားကို စိုက်ကြည့်ပြီး



ခေါ်သည်။

"သမီး ဏီဏီ" တဲ့။ ဏီ မော့ကြည့်တော့

"ဏီက မာမီတို့မိသားစုရဲ့ကြမ္မာဆိုးကို ကောင်းကောင်းကြီးခံစားခဲ့ပြီးပြီ၊ ဘာအတွက်ကြောင့် ဘယ်လိုတွေဖြစ်လာခဲ့သလဲဆိုတာ ခရေစေ့တွင်းကျသိခဲ့တယ်၊ သိသိကြီးနဲ့ မိုက်ဇာတ်ခင်းဖို့ ခြေတစ်လှမ်းတိုးရင် ဏီဏီ့ကို မာမီကိုယ်တိုင် သတ်မိလိမ့်မယ်"

ဟင်ခနဲဖြစ်ပြီး ဏီ လန့်လန့်ဖျပ်ဖျပ် မော့ကြည့်လျှင်

"ဏီ့ကိုသတ်ပြီးရင် မာမီကိုယ်မာမီ သတ်သေပစ်မယ်၊ အဲဒါမာမီရဲ့ဆုံးဖြတ်ချက်၊ မာမီရဲ့ရွေးချယ်ချက်ပဲ ဏီဏီ"

ဏီတစ်ကိုယ်လုံး ကြက်သီးဖျန်းခနဲထကာ လန့်ဖျပ်သွားသည်။ မောင်က ဏီလက်ဖျားလေးကို ဆုပ်ကိုင်ပြီး နှစ်သိမ့်ပေးသလို ကြည့်သည်။ မာမ့်မျက်နှာက ကျောက်တောင်လို တန့်တန့်ကြီး မာဆတ်နေဆဲနှင့်

"စကားကုန်ပြောရရင် မာမီတို့မိသားစုထဲကို ကြမ္မာဆိုးတွေသွပ်သွင်းပေးခဲ့တဲ့ ကိုငြိမ်း၊ ကိုငြိမ်းရဲ့ညီဇာခံ နေဝန်းထိ၊ ဒင်းတို့နှစ်ကောင်ကို ပြေလုန်ရှာပြီး မာမီ လက်စားချေမယ်၊ နေဝန်းထိနဲ့ကိုငြိမ်း ဆွဲဖြဲ ငါမသေမချင်း ဒင်းတို့နှစ်ယောက်လုံးကို လက်တုံ့ပြန်ရမယ် ဟင့် ဟင့် ဟင့်"

မောင့်လက်ကို ဏီ အားကိုးတကြီး ဆုပ်ကိုင်လိုက်မိသည်။ ချက်ချင်း ဦးတည်သွားတဲ့ မာမီခြေလှမ်းက ဘယ်ဆီလဲကွယ်၊ မာမ့်ကို ဟန့်တားသလို ခေါ်ပေမယ့် မာမ့်ခြေလှမ်း တုံ့မသွားပါ။ နိုင်မာတဲ့ လက်စားခြေလို့မှုနဲ့ မရပ်တမ်း လှမ်းသွားသည်က ပြတ်ပြတ်သားသား။

မောင်ရယ် အားကိုးတကြီးခေါ်ရင်း ဟီးခနဲ ဏီငိုရသည်သာ။ ထိန့်ကြက်ကြောက်ကွဲလွန်းလို့ပဲဖြစ်မယ် မောင်လည်း ဏီ့ကို အသံတိတ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ချော့မော့နှစ်သိမ့်ပေးနိုင်သည်။

ကံကြမ္မာရယ် ဘာကြောင့် ဏီတို့နှလုံးသားကွဲကြေအောင် ဖန်တီးရတာလဲ။ ဒါမှမဟုတ် ကြမ္မာဆိုးမျိုးနဲ့ ကြုံအောင် ဘယ်သူက ပြုစားနေတာလဲ။ ဏီ သိခွင့်ရချင်ပါတယ်ကွယ်။

✿ ✿ ✿

## အခန်း (၂၉)

ဒေါ်ပုလဲ မျက်နှာကို မာန်အရောင်တဖိတ်ဖိတ်တောက်အောင် ထန်ပစ်လိုက်သည်။ ဆရာဝန်ဆိုတာ ဂုဏ်တစ်ခုနဲ့ ဆောင့်ကြွကြွ ဂျစ်ကန်ကန်နိုင်တဲ့ နေဝန်းထိီ။ ဒင်းကို အရင်ဆုံး အရည်ဖျော်ရမယ်။

ဒင်းပြီးတော့ ကိုငြိမ်း။

ရင်ထဲမှာ အစီအစဉ်ချပြီး နှုတ်ခမ်းကို တင်းနေအောင်စေ့ကာ ခြံဝင်းရှေ့မှ ခြေစုံရပ်သည်။ လည်တိုင်ကိုမော့ပြီး မီးရောင်တောက်နေတဲ့ မျက်ဝန်းနဲ့ ခြံဝင်းခတ်ထားတဲ့ ပျဉ်ထောင်အိမ်ဟောင်းလေးကို မဲ့မဲ့ရွဲ့ရွဲ့ကြည့်သည်။

"အန်တီကြီးက ဘယ်သူလဲ"

တံခါးချပ်တွေဖွင့်ထားတဲ့ အိမ်ထဲ လူရိပ်သူရိပ်ကို သဲသဲမဲမဲကြည့်နေတုန်း ဘေးတိုက်ဆီမှ လွင့်လာတဲ့အသံ။

ဒေါ်ပုလဲ ဖျတ်ခနဲလှည့်ကြည့်တော့ ကွပ်ပျစ်ပေါ်က ခုန်ဆင်းလာသော ဒူးဖုံးရုံ ဂါဝန်လက်ပြတ်ဝတ်ထားတဲ့ ကလေးမလေး။ ကျောလယ်လောက်ရှိတဲ့ ဆံပင်ပါးပါးလေးကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ကာ ကျောလယ်မှာ ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နဖူးနဲ့နားသယ်မှာ ဆံနုလေးတွေ ဖွာကျနေကာ မျက်ခုံးနက်နက်နဲ့ မျက်ဝန်းတောက်တောက်နဲ့ ကလေးမလေး။ ဒီကလေးမက ဒင်းမွေးစားတယ်ဆိုတဲ့ လမ်းပေါ်က ကလေးပဲဖြစ်မှာပါ။

ဒီလိုကလေကချေကလေးက သူမကို စူးစမ်းသလို စိုက်ကြည့်ပြီး ဘယ်သူလဲလို့မေးရတယ်လို့။

ဟွန်း။

ဒေါ်ပုလဲမျက်နှာကိုခါလျက် နှုတ်ခမ်းကို ဘဝင်မြင့်မြင့်တွန့်ပြီး လက်ညှိုးထိုးပြောချသည်။

"ငါ ဘယ်သူဆိုတာ ညည်းစပ်စုစရာမလိုဘူး"

"မစပ်စုစေချင်ရင် ငယ်ငယ်တို့ခြံရှေ့ လာရပ်မနေနဲ့"

"ဘာပြောတယ်"

ပက်ခနဲပြန်ပြောတဲ့ ကလေးမရှေ့ ဒေါ်ပုလဲ လှွားခနဲရပ်ပြီး ငုံ့ကြည့်ကာ ဒေါသနဲ့ ဖိမေးသည်။ ကလေးမလေး သူမကို မနှစ်မြို့စွာ နှုတ်ခမ်းတစ်ချက်တွန့်သည်။

ပြီးတော့ လူကြီးသူမဆိုတာလည်း အားမနာစွာပြောချသည်။

"ဟုတ်တယ်လေ၊ အန်တီကြီးခြံရှေ့ လာရပ်နေလို့မေးတာ၊ မဖြေချင်ရင် ဘာလို့လာရပ်နေလဲ၊ ငယ်တို့က ငယ်တို့ခြံရှေ့လာရပ်ရင် မေးရမြန်းရမှာပဲ"

"အောင်မာ လူပါးဝလို့"

ဒေါ်ပုလဲ လက်တစ်ဖက်မြှောက်တက်သွားမတတ် ခံပြင်းသွားသည်။

"သမီးငယ်ငယ် သူ ဘယ်သူနဲ့ ဘာတွေပြောနေတာလဲ"

အိမ်အတွင်းဘက်မှ လှမ်းမေးတဲ့ မေမေ့အသံကြားတော့ ငယ်ငယ်နှုတ်ခမ်းကို စူပစ်ပြီး



"ဒီမှာပေါ့ ဘယ်ကဟာကြီးလဲ မသိဘူး"

"အလို"

ကြည့်စမ်း ကြည့်စမ်း သူမကိုပြောလိုက်တာ ဘယ်ကဟာကြီးလည်း မသိဘူးတဲ့။ တောက် ဒေါ်ပုလဲ တောက်ခတ်ရင်း လက်တစ်ဖက် ခါးထောက်လိုက်သည်။

"ဪ ညှိုသည့်ထင်ရဲ့၊ ဘယ်သူလဲည်း မသိဘူး"

ကလေးမကို ဒေါ်ပုလဲ ပြန်ပြောဖို့ပြင်တုန်း ထပ်ဆင့်မေးတဲ့ အိမ်ရှေ့ရောက်လာတဲ့အိမ်ရှင်။ ဒေါ်ပုလဲမျက်ဝန်းက ကလေးမ,ဆီ မရောက်ဖြစ်ဘဲ အိမ်ရှင်မဆီ ဒိုင်းခနဲရောက်သွားသည်။

သွယ်ဝန်းသောမျက်နှာနှင့် ပိရိသောနှုတ်ခမ်းက ဒင်းနဲ့တူနေသည်။ ဒင်းမိခင်ပဲဖြစ်ရမယ်။ ချည်သားအင်္ကျီလက်တိုကိုယ်ပွ အဝါရောင်မှိုင်းမှိုင်း ပါတိတ်ထဘီအနီပွင့်ခံနှင့် အဆင်ကွဲဝတ်ထားသဖြင့် ဒေါ်ပုလဲမျက်လုံးထဲမှာ ကန့်လန့်ကြီးဖြစ်နေသည်။

နဂိုကတည်းက ဒင်းတို့ကို အထင်အမြင်သေးရတဲ့အထဲ အခုလို ကန့်လန့်ကြီးဖြစ်လာတော့ ခံပြင်းစိတ်တွေ ဖျာထွက်ကုန်ပြီး

"ကျုပ်က ဒေါ်ပုလဲ၊ ပုလဲရတနာကုမ္ပဏီပိုင်ရှင်"

"ဪ ဘာကိစ္စရှိလို့လဲ"

အိမ်ရှင်မက ပုံမှန်အသံနဲ့ပဲ မေးသည်။ ဒေါ်ပုလဲ မတူမတန်သလိုကြည့်ပစ်ပြီး

"နေဝန်းထိ ဘယ်မှာလဲ၊ ဒင်းနဲ့တွေ့ဖို့ ခုချက်ချင်းခေါ်ပေး"

အမိန့်ပေးသလို ဒေါ်ပုလဲပြော၍ အိမ်ရှင်အမျိုးသမီး မျက်မှောင်ကြုတ်ကြည့်သည်။ အနီရောင်ပိုးပွင့်ဝမ်းဆက်နဲ့ အနီရောင်ရတနာတွေကြီး ရဲတောက်ညွှတ်အိနေအောင် ဆင်ထားသဖြင့် တစ်ကိုယ်လုံး ရဲမှည့်ကာ မာနရောင်က ပိုပြီးရင့်နေစေတဲ့ညီသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှေ့သည်မို့ အိမ်ရှင်က သည်းခံရမယ်ဆိုတဲ့အသိနဲ့ ကျွေ့ရရပဲ ပြန်ပြောရသည်။

"သားလား လမ်းထိပ်ထွက်သွားတယ်၊ ခဏစောင့် ငယ်ငယ် ကိုကြီးကို သွားပြေးခေါ်ခဲ့"

မေမေ တစ်ချက်တည်းခိုင်းတာကြောင့် ညှေ့သည်ကို မနှစ်မြို့စွာမဲ့ကြည့်ရင်း ငယ်ငယ်ခြံပြင်ထွက်ဖို့ ခြေလှမ်းပြင်လျှင်

"ဟောဟိုမှာ သား မြန်မြန်လာ"

မေမေ့အသံက ဆက်တိုက်။ ငယ်ငယ်ကြည့်လိုက်တော့ ကိုလေးနဲ့မမတို့နောက်မှ ပြေးလိုက်လာတဲ့ ကိုကြီး။ ကိုလေးနဲ့မမက ကိုကြီး လိုက်ဖမ်းလို့မမိအောင် လမ်းချိုးထဲ ကွေ့ဝင်ပြီး ပတ်ပြေးကာ ခြံဆီ ဦးတည်ပြေးလာခြင်း။

သေချာတာက စိန်ပြေးတမ်းကစားရင်း ပြန်လာနေကြတာလေ။ ညှေ့သည်သာမရှိရင် ငယ်လည်း ကိုကြီးတို့နဲ့ ရောကစားခွင့်ရမည်။ ခုတော့ ဟွန်း ညှေ့သည်ကို မနှစ်မြို့နိုင်တဲ့စိတ်နဲ့ပဲ ခြေထောက်လေးဆောင့်ကာ ကွပ်ပျစ်လေးဆီ ခုန်တက်လိုက်သည်။

ခြံဝင်းထဲ ရှေ့ကပြေးဝင်လာတဲ့ ကိုလေးနဲ့မမက အနီရောင်ဖက်ရှင်နဲ့ ညှေ့သည်ကို ဘွားခနဲမြင်လျှင် ခြေလှမ်းတွေတန့်ကာ အပျော်မျက်နှာတွေ အရောင်ပြောင်းသလို ကိုကြီးလည်း ဆက်တိုက်ဖြစ်ကာ ခြေလှမ်းတန့်လျက် ကိုလေးကို နောက်မှရပ်လျက် ညှေ့သည်ကို တအံ့တသြကြည့်သည်။

"နေဝန်းထီ"

ကိုကြီးဘက် တစ်ကိုယ်လုံးလှည့်လာတဲ့ ဒေါ်ပုလဲ၊ ကိုလေးနဲ့ မမကြားမှဖြတ်ကာ ကိုကြီးရှေ့ ရပ်ပစ်ရင်း အသံနက်နဲ့ ခေါ်သည်။

နေဝန်းထီ ကျွေ့မပျက်ပါ။



"ဘာကိစ္စလဲ အန်တီ"

သူ့ကို အထင်သေးသော၊ ရွတ်ရွတ်ချချ ကြည့်တတ်သော ဒေါ်ပုလဲမျက်ဝန်းကို နေဝန်းထီ အတတ်နိုင်ဆုံးသည်းခံပြီး ပုံမှန်အသံနှင့် မေး၏။

"အဟင့် ဘာကိစ္စလဲတဲ့၊ ဒင်းလေး မင်းက မသိချင်ဟန်ဆောင်နေမှတော့ ငါကလည်း ပြောရတော့မပေါ့"

ဒေါ်ပုလဲနဲ့သားအသွင်က ပေါက်ကွဲတော့မယ့် ဗုံးနှစ်လုံးနဲ့တူနေသည်။ ဒေါ်တင်တင်ချို ရိပ်မိတာကြောင့် အခြေအနေကို ထိန်းဖို့ ရှေ့တိုးလာလျှင်

"ဒီမှာ ဒေါ်တင်တင် ရှင့်သား ဘယ်လိုအဆင့်အတန်းနဲ့ ဘာတွေလုပ်နေသလဲဆိုတာ ရှင်သိဖို့ လိုအပ်တယ်"

"ဟင် သားက"

"အေး ရှင့်သားက ရိုးသားဟန်ဆောင်ပြီး သိုက်တူးနေတာ၊ အချစ်ကို ဗန်းပြပြီး ကျွန်မသမီးကို ချိုင်ယူနေတာလေ"

"ကျစ် အန်တီ"

နေဝန်းထီ ဒေါသမထိန်းနိုင်အောင် ဖြစ်ရသည်။

သူ့မိသားစုတွေအမြင်မှာ သူဟာ သူ့ရဲကောင်းတစ်ယောက်။ ဒေါ်ပုလဲကြောင့် တစ်ခုခုအမြင်မှားစေမယ့် စကားလုံးတွေ မကြားစေလိုပါ။ မေမေနဲ့မောင်နှမတွေ သူ့ကို နားမလည်စွာစိုက်ကြည့်လျှင် သူ ခေါင်းငုံ့ကျမသွားပါ။ ခေါင်းကို ဆတ်ခနဲမော့ပြီး ဒေါ်ပုလဲနဲ့ ရင်ဆိုင်ပစ်သည်။

ဒေါ်ပုလဲ မဲ့မဲ့ရွဲ့ရွဲ့စိုက်ကြည့်တော့ သူပြန်စိုက်ကြည့်၏။ အရောင်တောက်နေတဲ့ အကြည့်ချင်း မီးပွင့်မတတ်ဖြစ်တဲ့နောက် ဘယ်သူမှ အကြည့်မလွှဲကြပေ။ ဒေါ်ပုလဲက မာန်လက်ညှိုးထိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နေဝန်းထီ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ဘာကောင်လဲဆိုတာ ကြည့်တတ်ရမယ်၊ မြင်တတ်ရမယ်၊ မင်းက မကြည့်တတ် မမြင်တတ်ရင် ကြည့်တတ်မြင်တတ်အောင် ကြိုးစားလို့ရတယ်၊ ဒါပေမဲ့ မင်းကိုယ်မင်း ကြည့်တတ် မြင်တတ်အောင် မကြိုးစားနိုင်တာ ဘာကြောင့်လဲ၊ သူတစ်ပါးစည်းစိမ်ဥစ္စာကို ကြောင်တောင်နိုက် တူးဖော်နေတဲ့ကောင်၊ မင်းဟာ သိုက်ဆရာ"

ထီမျက်ခုံးနှစ်ဖက် တွန့်ခေါက်သွားကာ

"အန်တီ ဘာတွေလာပြောနေတာလဲ"

"မင်း သိထားဖို့က မင်း သရုပ်ဆောင်တာ ဘယ်လောက်ပဲ တော်ပါစေ ငါ့သမီးဘဝနဲ့အသည်းနှလုံးကို မင်း ဘယ်တော့မှ မရစေရဘူး၊ မင်း နားလည်လား၊ ဒီမှာ ဟေ့ နေဝန်းထီ မင်းလို M.B.B.S ဘွဲ့တစ်ခုက ငါတို့ကိုယ်ပေါ်က ကျွတ်သွားတဲ့ အမွေးတစ်မျှင်လို တန်ဖိုးမဲ့လွန်းတယ် နားလည်လား၊ မင်းလို အထည်လဲ ဝတ်စရာမရှိတဲ့ လူနုံတစ်ယောက်က သဖင်ပန်းကို တုံးချပြီးဖြစ်ဖြစ်, တံချူနဲ့ဖြစ်ဖြစ် လှမ်းခူးဖို့ ကြိုးစားတာ ဘာကြောင့်လဲဆိုတာ ဗေဒင်ပြေးမမေးဘဲ အဖြေထွက်နေတယ် နေဝန်းထီ၊ ငါတို့ရဲ့ကြွယ်ဝမှုကို အောက်လမ်းနည်းနဲ့ပြုစားတာ ရယ်စရာကောင်းလွန်းတယ်၊ ဒီယုန်မြင်လို့ ဒီချုံထွင်းတဲ့ လမ်းရိုးဟောင်းကြီးလိုက်နေတဲ့ မင်းကို သနားဖို့ကောင်းလွန်းတယ်၊ ဟွန်း သိပ်သနားဖို့ကောင်းတယ်၊ မင်းလိုချင်ရာကို ငါ့ဆီမှာ တစ်ခွန်းပဲ တောင်းဆိုလိုက်စမ်းပါ၊ ငါ့သမီးဆီက ဘာကိုလိုချင်တာလဲ ပြောစမ်းပါ ပြောစမ်းပါကွ"

သူ့ရင်ဘတ်ကို တွန်းထိုးပုတ်ခတ်ရင်း တရစပ်မေးချတဲ့ ဒေါ်ပုလဲစကားလုံးတွေက အငြိုးနဲ့ ပြည့်နှက်နေသည်။

ဒီအငြိုးတွေကို ထီ ခေါင်းငုံ့ခံဖို့သင့်လား။ ထီ့ရင်ထဲက အဖြေထွက်မလာခင် ဒေါ်ပုလဲစကားလုံးတွေ ကြမ်းကြမ်းကြီး လိုမ့်ထွက်လာပြန်သည်။



"အေး မင်းရင်ထဲက လောဘနဲ့အတ္တကို မင်း ကြော်ငြာဖို့ သတ္တိမရှိပေမယ့် မင်းရင်ထဲ ကိန်းဝပ်နေတဲ့ လောဘကို ငါမြင်တယ်၊ မင်းရဲ့လောဘကို ငါဖြည့်ဆည်းပေးလိုက်မယ်၊ မင်းတို့မိသားစု ဟောဒီ အိမ်စုတ်ကနေ တိုက်ပေါ်ရောက်စေရမယ်၊ ဇိမ်ခံကားကြီး စီးစေနိုင်ရမယ်၊ လက်ဖျားမှာ ငွေပဒေသာ သီးနေစေရမယ် နေဝန်းထီ"

ပြောရင်း ပခုံးပေါ်မှသားရေအိတ်ကို ဖြုတ်၍ ဖစ်ကိုဖတ်ခနဲ ဆွဲဖွင့်ကာ စာရွက်တစ်ရွက်နှိုက်ထုတ်ပြီး

"ဟောဒီမှာ သိန်းငါးထောင်တန် ချက်လက်မှတ်"

ခြေတွဲလောင်းချပြီး ငယ်ငယ်ထိုင်နေတဲ့ ကွပ်ပျစ်ပေါ် ပစ်ချပေးလျှင် သူ့ရင်ကို လုံသွား ပြေးဝင်လာသလို စူးခနဲမျက်ရှလာသည်။

"မင်းလို ငွေကြေးအဆင့်အတန်းမရှိတဲ့ သူဟာ ငါ့အမြင်အောက်မှာ နွားချေးပိုးကောင်လို မသတီစရာကောင်းလွန်းတယ်၊ နားလည်ရဲ့လား၊ နောက်ပြီး ကိုငြိမ်းရဲ့နည်းလမ်းမျိုးနဲ့ ငါတို့မိသားစုဘဝကို ဝင်မွှေဖို့ကြိုးစားတဲ့ မင်းပရိယာယ်ကို ရွံတယ်၊ မုန်းတယ်၊ မင်းဟာ ငါတို့စည်းစိမ်ဥစ္စာကို အလွယ်တကူယူဖို့ အချစ်ဆိုတဲ့ ပြယုဂ်နဲ့ သိုက်တူးဖို့ ကြိုးစားလာတဲ့ အဆင့်အတန်းမရှိတဲ့ကောင်၊ ကိုငြိမ်းရဲ့ဩဇာခံ အညတြကောင်၊ အကြံသမား လူယုတ်မာ၊ မင်းလိုကောင်နဲ့ ငါ့သမီး မထိုက်တန်ဘူး၊ မထိုက်တန်ဘူးဆိုတာ နားလည်စမ်း နေဝန်းထီ"

ပြောချင်ရာပြောပြီး စွပ်စွဲချင်သလို စွပ်စွဲနေတဲ့ ဒေါ်ပုလဲရဲ့ အနိုင်ပိုင်းလိုမှုကို ထီ သည်းမခံနိုင်တော့ပါ။ ရင်ကော့ပြီး ဒေါ်ပုလဲရှေ့ တိုးလာတဲ့ ထီ။ အသားစိုင်တွေ တုန်ခါသလို တစ်ခုခုပြောဖို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ထိန္နတ်ခမ်းပါးပေါ်သို့ လက်ဖဝါးတစ်ခု ပိတ်ကာကျလာသည် ငုံ့ကြည့်လိုက်တော့ မေမေ။ ထိုကို မျက်နှာပျက်ပျက်နှင့်ကြည့်ရင်း

"သား ပြန်မပြောရဘူးနော်၊ သူတို့အမြင်နဲ့ သူတို့ပြောတာ ပြောပါစေ၊ သူတို့ရင်ထဲရှိသမျှ ပြောထုတ်ပါစေကွယ်"

မေမေရယ် ရှေ့မှာ သားကို ဒီလိုစုတ်စုတ်ပွဲပွဲ လာပြောနေတာ မေမေ ဘာကြောင့် သည်းခံနေနိုင်ရတာလဲ။ မေမေ့လက်ဖဝါးကို ဝမ်းနည်းစွာ ဆုပ်ကိုင်ထားမိသည်။ ထိုတို့မိသားစုဘဝကြမ်းမှာ ဆိုး အောင် ဖန်တီးပေးတာ ဒေါ်ပုလဲမိသားစုဆိုတာ သိနှင့်လျက် ကြောင့်မကား မေမေ ခေါင်းငုံ့ခံချင်ရတာလဲ။

"ပြောစရာရှိတာ ပြောရမှာပဲ ဒေါ်တင်တင်ချို၊ ရှင်က လူ မြင်ကောင်းအောင် ဟန်ဆောင် ဆုံးမ,မနေနဲ့၊ နေဝန်းထိ သိုက်တူ တဲ့လမ်းစဥ် ရပ်တန်းက ရပ်နိုင်းလိုက်"

"တောက်"

ထိ မျက်လုံးကို စုံမှိတ်၍ တောက်ခတ်ရင်း ယမ်းလိုက်သည်။

"ကိုငြိမ်း ဘယ်မှာလဲ ပြောစမ်းကွာ၊ ဘယ်မှာလဲ ကိုငြိမ်း ဘယ်မှာလဲလို့"

တစာစာ မေးပြန်သည်။ ထိ ရင်ဘတ်ကိုပုတ်ရင်း မေးပြန် သည်။ ထိ အံကြိတ်လျက်

"ကိုငြိမ်း ဘယ်မှာလဲသိချင်လား"

ထိ စကားမဆုံးခင် ထိန္နတ်ခမ်းပါးကို မေမေ့လက်ဖဝါးက လာပိတ်ပြန်သည်။

"အမေ အမေ ခဏလေး ဘေးဖယ်နေပေးပါ"

ညှိုးရော်မှိုင်းပျနေသည့်မေမေ့မျက်နှာကို ထိမကြည့်ဘဲပြော ကာ မေမေ့ကို ထိရှေ့မှ ဖယ်ထုတ်၏။ သူ့ရင်ကို မချမ်းမြေ့



မချမ်းမြေ့ပေမယ့် ညီနှင့်ညီမက မေမေ့ကို ဆွဲထားကြသလို ငယ်ငယ် က ကွပ်ပျစ်ပေါ်မှဆင်းပြီး မေမေ့ကို အတင်းဖက်ထားသည်။

ပေါက်ကွဲနေတဲ့ သားစိတ်ကြောင့် ဒေါ်တင်တင်ချိုမျက်ဝန်း မှာ မျက်ရည်ကြည်တွေ ဝေ့တက်လာသည်။

"ပြော ကိုငြိမ်း ဘယ်မှာလဲ ပြောစမ်းကွ ပြောစမ်း"

ဒေါ်ပုလဲ မေးကြောကြီးများထောင်ထ,လာသည်အထိ သိလို စိတ်ကြွကာ အငမ်းမရ ဆက်တိုက်မေးလာသည်။ ထိလက်တစ်ဖက် ဘောင်းဘီအိတ်ထဲကိုထည့်ကာ ဒေါ်ပုလဲကို ရှုးရှုးရဲရဲငဲ့စောင်းကြည့် သည်။

"ဘာကြောင့် ကိုငြိမ်းကို မေးတာလဲ၊ ကိုငြိမ်းက ခင်ဗျားတို့ မိသားစုအတွက် သကြားလုံးလို ချိုရှခဲ့တယ် ထင်တယ်"

"ဟင်"

ဒေါ်ပုလဲ ဟင်ခနဲဖြစ်ကာ မျက်ဝန်းအစိမ်းရောင်တောက်သွား သည်။ ထိမထင်မျက်နှာနဲ့ မဲ့ရွဲ့ကာမေးတဲ့ ထိကိုလည်း ပြူးပြူးပြဲပြဲ ကြည့်လာပြီး လက်ညှိုးထိုးပြန်သည်။

"မင်း မင်း လူယုတ်မာ ကိုငြိမ်းရဲ့ကြံရာပါ သြော်ခံ၊ ကိုငြိမ်း ဘယ်မှာလဲ ပြော ပြောစမ်း"

ဒေါ်ပုလဲ သူ့ရှေ့ တိုးကပ်၍ ထိအင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲ၍ အတင်းအကျပ်မေးလာသည်။ အင်္ကျီရင်ဘတ်ပေါ်က ဒေါ်ပုလဲလက်ကို ထိ အားမနာတမ်း ပုတ်ချလိုက်သည်။ လက်ကိုပုတ်ချခံရတော့ ဒေါ် ပုလဲ ငရုတ်သီးစပ်သလို တရှူးရှူးတရွဲရွဲဖြစ်သွားပြီး

"ပြော ပြောစမ်း၊ မပြောရင်း မင်းဘဝတစ်ခုလုံး ဒီထက် အခြေအနေဆိုးအောင် ငါလုပ်မယ် နေဝန်းထိ၊ ပြောစမ်း လူယုတ်မာ ကိုငြိမ်း ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''ကိုငြိမ်းအကြောင်းသိချင်ရင် အပေးအယူတစ်ခု လုပ်ကြရအောင်''

''ဘာလဲ ငွေထပ်လိုချင်သေးလား၊ ရော့ ဟောဒီမှာ သိန်းတစ်ထောင်''

ဒေါ်ပုလဲ လက်ဆွဲအိတ်ထဲက နောက်ထပ် ချက်လက်မှတ်တစ်စောင်။ ကွပ်ပျစ်ပေါ်သို့ ကျရောက်လာပြန်သည်။ သူ ချက်လက်မှတ်နှစ်စောင်ကို ထိ မဲ့မဲ့ကြီးပြုး၍ စိုက်ကြည့်ပြီး

''အန်တီတို့မှာ ငွေ အဲလောက်ပေါမှန်း ခုမှ သိရတော့တယ် ဟင့် ဟင့်''

ဒေါ်ပုလဲ မြွေဟောက်တစ်ကောင်လို မာနပါးပြင်ထောင်ပြီး

''ဟေ့ ငွေဆိုတာ ငါတို့ဘဝအတွက် အလျှံကြွ အလျှံနားလည်လား၊ မင်း ဝေ့လည်လည်မလုပ်နဲ့၊ ပြောစရာရှိတာ အမြန်ပြော''

''ပြောမှာပါ၊ ကျွန်တော်ကလည်း အဲဒီအကြောင်းကို ပြောချင်နေတာ ပါးစပ်ကို ခွေးလယားသီးထိသလို ယားနေတာဗျ၊ နေပါဦး ဟော ဒီငွေတွေက အန်တီရှာဖွေထားတဲ့ သမာအာဇီဝကျကျငွေတွေ ဟုတ်ရဲ့လား''

သူ့ ချက်လက်မှတ်နှစ်စောင်ကို မသတီစွာဆုပ်ကိုင်လိုက်သည်။ မနှစ်မြို့စွာ တည်းတည်းကြည့်၍ မေးချလျှင် ဒေါ်ပုလဲ သွေးရူးသွေးတန်းဖြစ်သွားပြီး

''ဟေ့ မင်း ငါ့ငွေကို ဘာမှစစ်ကြောစရာမလိုဘူး၊ မင်းလိုချင်တဲ့ငွေကို ငါပေးတယ်၊ မင်း အဲဒီငွေတွေရဖို့ သိက်တူးနေတဲ့ သိက်တူးသမားပဲ၊ ငွေရရင် ပါးစပ်ပိတ်၊ ငါမေးတာကို ဖြေ၊ ဖြေစမ်း ကိုငြိမ်း ဘယ်မှာလဲ''



သူ နှုတ်ခမ်းပါးကို ခပ်မဲ့မဲ့တွန့်သည်။ ချက်လက်မှတ်နှစ်စောင်ကို ကွပ်ပျစ်ပေါ်ပြန်ပစ်ချသည်။

''ကောင်းပြီလေ ကိုငြိမ်း ဘယ်မှာလဲဆိုတာ ကျွန်တော်ပြောမယ်၊ ဒါပေမဲ့ ကိုငြိမ်းကို ဘာကြောင့်တွေ့ချင်တာလဲ၊ တွေ့ရင်ကော ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ''

ထိ လက်နှစ်ဖက်ပိုက်ကာ မှင်သေသေကြည့်၍မထေ့မဲ့မြင်မေးချသည်။ ထိရဲ့ ခပ်အေးအေးစကားလုံးက ဒေါ်ပုလဲရင်ဘတ်ထဲက အနာကို ခပ်ကြမ်းကြမ်းထိုးဆွသည်နှင့် တူလာသည်။ ထိုအခါ ဒေါ်ပုလဲ ဝေဒနာကြွတက်လာပြီး

''ဟေ့ မင်း ရှောင်ဖယ်ဖယ်မမေးနဲ့၊ ကိုငြိမ်းဆိုတာ ငါတို့မိသားစု စုတ်ပြတ်သွားအောင် ဖန်တီးတဲ့ အတ္တသမား၊ ခွေးဝဲစားကောင်၊ ဒီကောင့်ကို ငါ့တစ်သက် ခွင့်မလွှတ်နိုင်ဘူး၊ ဒီကောင့်ကို မီးကျီးခဲရဲရဲမှာ ဖုတ်ချင်တယ်၊ ကင်ချင်တယ်၊ နားလည်လား''

ဒေါသလှိုင်းတွေနဲ့ တောင့်တောင့်ကြီးရပ်နေတဲ့ ဒေါ်ပုလဲကို ထိ တစ်ပတ်ပတ်လျှောက်ပြီး

''ဟုတ်တာပေါ့၊ ကိုငြိမ်းအပေါ် အခဲမကျေတာ သဘာဝကျဘယ်၊ ကိုငြိမ်းကြောင့် အန်တီတို့မိသားစုဝင်တချို့ သေပွဲဝင်ရတယ်၊ အန်တီ့သမီး၊ ဒုက္ခိတဖြစ်ရတယ်၊ ရူးသွပ်ရတယ်၊ စီးပွားရေး ဆုံးရှုံးရတယ်၊ အန်တီရဲ့မြေးလေးနဲ့ ကွဲရတယ်၊ စဉ်းစားလိုက်တိုင်း ကိုငြိမ်းအပေါ် ဒေါသဖြစ်ရတာ သဘာဝကျပါတယ်၊ ဟုတ်တယ် သဘာဝကျတယ်၊ ကိုငြိမ်း သိက်တူးလို့ အန်တီတို့နလုံးနာခဲ့ရတယ်၊ ဒါပေမဲ့ အန်တီနဲ့ကျွန်တော် အပေးအယူလုပ်ရအောင်လို့ပြောတာ ငွေပိုင်ဆိုင်မှုအများကြီးပါတဲ့ ချက်လက်မှတ်မဟုတ်ဘူး''

''ဘာလဲ ဘာလဲ ပြော''

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ကိုငြိမ်းကို ပြောက်စားချေဖို့ အခွင့်အရေးရှိပေမယ့် ကျွန်တော့်ကို စွပ်စွဲပိုင်ခွင့်မရှိဘူး၊ ဒါပေမဲ့ အန်တီ ကျွန်တော့်ကို စကားလုံးထည်လဲသုံးပြီး စွပ်စွဲခဲ့တယ်၊ အဲဒါ ဘာကြောင့်လဲဆိုတာ အရင်ပြောပါ၊ ပြောမှ ကိုငြိမ်း ဘယ်မှာလဲဆိုတာ ပြောနိုင်မယ်"

"မင်း စကားကို ယောင်ချာချာမပြောနဲ့ ကိုငြိမ်း ဘယ်မှာလဲ ပြော ပြော ပြောစမ်း"

နာကျင်လွန်းလို့ ထိုတစ်ကိုယ်လုံးက သံချောင်းလို မာတောင့်နေပါပြီ၊ ကိုယ်ထဲက သွေးတွေဟာလည်း ခံရပေါင်းများလို့ ပွက်ပွက်ဆူနေပါပြီ။

"ကိုငြိမ်း ဘယ်မှာလဲဆိုတာ အန်တီသိချင်သလို ဘာကြောင့် ကျွန်တော့်ကို ချိုးချိုးဖွဲ့ဖွဲ့စွပ်စွဲခဲ့ရတာလဲ၊ ကျွန်တော် သိချင်တယ် ကျွန်တော့်မိသားစုရင်ထဲ အစိုင်အခဲဖြစ်အောင် အနုလို လာပြီး ဘာကြောင့် လက်ညှိုးထိုးရတာလဲ၊ မသိလို့ မေးပါရစေ၊ ကျွန်တော် ကိုငြိမ်းလို အန်တီတို့မိသားစုအပေါ် ဆိုးကျိုးဖြစ်အောင် ဘာတွေဖန်တီးခဲ့မိသလဲ၊ ဘာတွေကို ယုတ်မာခဲ့သလဲ၊ အဆင့်အတန်းမရှိအောင် ဘယ်လိုပြုခဲ့သလဲ ပြောစမ်းပါ ပြောစမ်းပါ"

ထိုမျက်နှာသည် အုံ့ဆိုင်းနေသည့် မိုးကောင်းကင်ကြီးလို ညှိုမှောင်နေသည်။ ထိုစကားလုံးတွေသည် မိုးကြိုးသံလို ပြင်းရှနေသည်။ ထိုအခါ ဒေါ်ပုလဲမျက်လုံး အပြူးသားနှင့် ထိုကို စူးစိုက်ကြည့်လာသည်။ ထိုမျက်ဝန်းသည် တဖျပ်ဖျပ်ရဲရဲစိုစို လက်သလို ထိုစကားလုံးတွေက တဖြည်းဖြည်းမွန်းရှလာသည်မှာ ဒေါ်ပုလဲရင်ဆီသို့ အပ်သွားတွေလို စူးစူးရှရှပြေးဝင်သလို ခံစားရ၏။

"အန်တီပြောတဲ့ အဆင့်, အတန်း, သိုက်တူးတာ, လူယုတ်မာဆိုတာ ဘာတွေလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ကျွန်တော့်ရဲ့ဘယ်လိုအပြု



အမူအတွက် မှတ်ချက်ပေးရတာလဲ၊ ပြောစမ်းပါ"

ဒေါ်ပုလဲပါးစပ်အပွင့်သားဖြစ်ကာ ထိုကို အသံတိတ်ငေးကြည့်ကာ ဘာပြန်ပြောရမှန်းမသိအောင် မှားသွား၏။

"အန်တီတို့လို ငွေပုံပေါ်မှာ စံနေတဲ့ လူတန်းစားဟာ အဆင့်အတန်းမြင့်တဲ့ လူသူတော်ကောင်းတွေလား၊ ကျွန်တော်တို့လို ဆင်းရဲမွဲတေနေတဲ့သူတွေက အဆင့်အတန်းမရှိဖဲ့ လူယုတ်မာတွေလား၊ အန်တီတို့လို ငွေရှင်၊ ကြေးရှင်တွေ သိုက်မတူးကြဘူးလား၊ မယုတ်မာခဲ့ကြဘူးလား"

"ဘုရား ဘုရား"

ထိုမေးခွန်းက ဒေါ်ပုလဲရင်ခွင်ထဲ မြားသွားလို စွတ်ခနဲစိုက်ပင်လာဟန်တူသည်။ ဒေါ်ပုလဲတစ်ကိုယ်လုံး ဆတ်တုန်လာပြီး

"မင်း မဆိုင်တာတွေ ဆွဲမပြောနဲ့ နေဝန်းထို"

"မဆိုင်တာ၊ ဘာက မဆိုင်တာလဲ၊ ဘာကိုမဆိုင်ဘူးလို့ ပြောချင်တာလဲ"

ဒေါ်ပုလဲမှာ ထုံထုံထိုင်းထိုင်းဖြစ်သွားသည်။ ထို ပေစောင်းစောင်းစိုက်ကြည့်လာလျှင်

"မင်း ပေရှည်အောင် ဆွဲမဆန့်ထားနဲ့၊ ကိုငြိမ်းကြောင့် ငါတို့မိသားစု သေကွဲကွဲခဲ့ရတယ်၊ မင်းကြောင့်လည်း ငါတို့လက်ကျန်မိသားစု သေကွဲမကွဲချင်ဘဲ ငါ့သမီးကြီး သေဆုံးခဲ့ရပြီးပြီ၊ ဒါတွေဟာ မင်းပယောဂကြောင့်၊ မင်းရဲ့ဇာတ်လမ်းထွင်မှုကြောင့်ဖြစ်ရတာ၊ မင်းကသာ ထီးထို့ကို ဇာတ်လမ်းမထွင်ခဲ့ဘူးဆိုရင် ငါ့သမီးကြီး ခုလို မရူးမလှ သေရမှာမဟုတ်ဘူးကွ နားလည်လား၊ ဘာပဲဖြစ်ဖြစ် ထီးထို့ကို မင်း မချစ်ထိုက်ဘူး၊ မင်းနဲ့မတန်ဘူး၊ ငါ့သမီးဟာ မင်းလိုဝဲစားဘဝနဲ့ မအပ်စပ်ဘူး၊ ပန်းသဇင်ဟာ ထိုက်တန်တဲ့သူမှ ပန်ဆင်ခွင့်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မင်း သိရဲ့လား''

''ဘာလဲ ပုလဲဏီကို ချစ်ခွင့်မရှိဘူးဆိုလိုတာလား''

''ဟုတ်တယ်၊ မင်းနဲ့မထိုက်တန်တဲ့ပန်းပဲ၊ ငါ့သမီးက ဟိုး ပင်မြင့်ထက်က ပန်းသဇင်လေ၊ မင်းနားမလည်ဘူးလား''

ဒေါ်ပုလဲ နာနာကျင်ကျင်နဲ့ ဆတ်ဆတ်ထိမခံ ဟစ်ကြွေး သည့်က အသံတွေပါ တုန်အက်နေသည်။ ထိုက သဘောကျသလို ရယ်ပြီး

''ဒီမှာ အန်တီ ပန်းသဇင်ဆိုတာ မြေစိုက်ပန်းလောက် သတ္တိ မရှိဘူး၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ ဟောဒီ မြေပေါ်မှာ ရပ်တည်ပြီး ပန်းမပွင့် နိုင်ဘူး၊ မြေစိုက်ပင်ရဲ့ပင်စည်မှာ မှီတွယ်ပြီးမှ ပန်းပွင့်နိုင်တာလေ၊ အဲ့ဒါ ဂုဏ်မြင့်တာမဟုတ်ဘူး၊ မြေစိုက်ပင်စည်ရဲ့အသားမှာ ကပ်တွယ်၊ အဆီကိုစုပ်စား၊ ဝါးမျိုပြီးမှ ပန်းပွင့်တာ၊ ဒါကြောင့် ပုလဲဏီကို ကျွန်တော် သဇင်ပန်းလို့မမြင်ဘူး၊ မြေကြီးပေါ်မှာ ခြေနှစ်ဖက်နဲ့ လမ်း လျှောက်နေတဲ့ မိန်းမပျိုအဖြစ်ပဲ မြင်တယ်''

''မင်း မင်း စကားကို ဘုကန့်လန့် မပြောနဲ့''

''ကျွန်တော် အတည်ပြောနေတာ အန်တီ၊ ဒီမှာအန်တီ ယောကျ်ားပျိုတစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက်ရဲ့အချစ်ကိစ္စမှာ တူတယ်, တန်တယ်၊ မတူဘူး,၊ မတန်ဘူးဆိုတဲ့ စည်းမျိုး ဘုရားသခင် တောင် မတားဆီးခဲ့ဘူး၊ ဒါကြောင့် အန်တီက သူတစ်ပါးအခိုင်းအစေ အလုပ်သမားအညတြတစ်ဦးနဲ့ချစ်သူဖြစ်ပြီး ဖူးစာဆုံးခဲ့တယ် မဟုတ် လား''

''ဟင် မင်း မင်း''

ဒေါ်ပုလဲမျက်နှာသည် ငရုတ်သီးရောင်လို ရဲရဲတောက်သွား ၏။



''မင်း ငါ့ ငါ့ ကို ဝေဖန်တာလား''

''အန်တီသိထားဖို့က ကျွန်တော်ဟာ အန်တီ့ချစ်သူ၊ အန်တီ့ ခင်ပွန်း ပုလဲဏီရဲ့ဖခင်လို သူတစ်ပါးအခိုင်းအစေ အလုပ်သမား လူ့ရွှံ လူစုတ် မဟုတ်ဘူး၊ ကျွန်တော့်ခွန် ကျွန်တော့်အားနဲ့ ကျွန်တော့်ဘဝ ကို ရုန်းကန်လှုပ်ရှားနေတဲ့ ဆင်းရဲသားလူငယ်ပါ''

''မင်း တော် တော် တော့''

ဒေါ်ပုလဲ တဆတ်ဆတ်တုန်ခါစွာ ပြူးပြူးပြဲပြဲ ဟန့်တား၏။ ဒေါ်ပုလဲ ဟန့်တားတိုင်း ထိနာခံဖို့မရှိပါ။ ဒီပြဿနာကို အပြီးအထိ ရှင်းထုတ်ဖို့ ထိ ဆုံးဖြတ်ခဲ့တာ ဒေါ်ပုလဲ စတင်စွပ်စွဲကတည်းက ဖြစ်သည်။

''ဒီမှာ ကျွန်တော်ရထားတဲ့ M.B.B.S ဘွဲ့တစ်ခုကို ထိပါး စော်ကားစရာမလိုဘူး၊ ကျွန်တော့်ပညာနဲ့ သက်မွေးမှုကို အထင်သေး စရာမလိုဘူး၊ ကျွန်တော့်ဘဝကို ရှုတ်ချစရာမလိုဘူး၊ ကိုငြိမ်းရဲ့ဖြစ် စဉ်ကို လက်ဆုပ်လက်ကိုင်ပြုပြီး ကျွန်တော့်နှလုံးသားကို စီးတိုက်စရာ မလိုဘူး အန်တီ၊ အန်တီသိထားဖို့က ကျွန်တော် ပုလဲဏီကို အရိုး သားဆုံး ချစ်ခဲ့တယ်၊ အရိုးသားဆုံး ချစ်ခွင့်ပန်ခဲ့တယ်၊ ကျွန်တော့် နှလုံးသားကိစ္စမှာ အန်တီ စွက်ဖက်ပိုင်ခွင့်မရှိဘူး၊ အခုက ကျွန်တော့် အချစ်ကို ပုလဲဏီငြင်းရင် နောက်ဆုတ်ဖို့ပြင်ဆင်ပြီးသားပါ၊ အန်တီ့မှာ လုပ်ပိုင်ခွင့်တစ်ခုပဲရှိတယ်၊ ကျွန်တော့်ရှေ့လာပြီး ဗုံးကြဲနေတာထက် ပုလဲဏီကို အန်တီ တားဆီးနိုင်တယ်၊ ချုပ်ကိုင်နိုင်တယ်၊ ပုလဲဏီ ကျွန်တော့်ကို လက်မခံအောင် ဖျောင်းဖျသင့်တယ်၊ ခုလို ကျွန်တော့် ရှေ့ရောက်လာပြီး စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းထဲက ငွေရှင်ကြေးရှင် မိခင်လို လက်ညှိုးငေါက်ငေါက် လာထိုးနေတာက အန်တီရဲ့ အကြီးမား ဆုံး ချွတ်ယွင်းချက်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အန်တီသိထားဖို့ ကျွန်တော်ဟာ စိတ်ကူးယဉ်ဇာတ်လမ်းထဲက ဇာတ်ကောင်မဟုတ်ဘူး၊ အန်တီ လက်ညှိုးအောက်မှာ ပြားပြားဝပ်နေတဲ့ကောင်မဟုတ်ဘူး။ အထူးသဖြင့် အန်တီ လက်ခံဖို့အတွက် ကိုငြိမ်းလို ခေါင်းငုံ့ခံမှာမဟုတ်ဘူး။ ခြေသလုံးဖက်မှာ မဟုတ်ဘူး၊ နားလည်လား''

''မင်း မင်း တော်တော့နော် တော် တော့၊ မင်း ဆက်မပြောနဲ့တော့၊ မင်း အဝ္တသမား၊ လူယုတ်မာ၊ အသိတရားမရှိတဲ့ကောင်၊ အထက်စီးနင်းပြီး ငါ့သမီးအချစ်ကို မြှူဆွယ်နေတဲ့ကောင်''

ဒေါ်ပုလဲ ကမူးရှူးထိုး လက်ညှိုးထိုးပြန်သည်။ ထိ် ဟား တိုက်ရယ်မောပစ်လိုက်သည်။

''စွပ်စွဲတာ သိပ်ပြင်းလွန်းပါတယ် အန်တီ၊ ကျွန်တော်က အဝ္တသမား၊ လူယုတ်မာ၊ သိုက်ဆရာ၊ မြှူဆွယ်တဲ့ကောင်တဲ့၊ အိုစုံနေတာပဲ၊ မသိလို့ မေးပါရစေ၊ ကျွန်တော် အန်တီ့သမီးကို ဓော်ကားခဲ့ဖူးသလား၊ အန်တီတို့ငွေ တစ်ပြားတစ်ချပ်ကို ညာယူခဲ့ဖူးသလား၊ အန်တီတို့ကို ခြိမ်းခြောက်ပြီး အကျပ်ကိုင်ခဲ့ဖူးသလား၊ အန်တီ့သမီးဆီက အချစ်ကို မာယာနဲ့ဖျားယောင်းခဲ့ဖူးသလား ဖြေပါ''

မျက်နှာတည်းတည်းစိုက်ကြည့်ပြီး မေးခွန်းပေါင်းများစွာ မေးချလျှင် ဒေါ်ပုလဲမျက်နှာ မီးလိုပူကာ အကြည့်လွှဲပစ်လိုက်သည်။

''ဖြေပါ အန်တီ စွပ်စွဲရလောက်အောင် ကျွန်တော် ဘာကျူးလွန်ခဲ့ဖူးသလဲ''

ထိုမေးခွန်းက လည်မျိုကို အညှစ်ခံရသည့်နှယ် ဒေါ်ပုလဲ စို့စို့အစ်အစ်ဖြစ်သွားသလို ပူလောင်မွန်းကျပ်လာတာအမှန်။ တစ်ခုခု ချေပပြောထုတ်ချင်တဲ့စကားလုံးတွေက မီးလောင်ပြာကျသလို ဖြစ်လေပြီ။



''ဒီမှာ အန်တီ၊ လောကမှာ ဘာကိစ္စမှ အကြောင်းမဲ့ပေါ်လာတာမရှိဘူး၊ သစ်ရွက်ဟာ သူ့အလိုလိုမလှုပ်ဘူး၊ လေတိုက်လို့ သစ်ရွက်လှုပ်ရတာ၊ လေ ဘာကြောင့်တိုက်လဲ၊ သူ့မှာလည်း အကြောင်းပြချက်ရှိတာပဲ၊ အဲဒီသဘောအတိုင်းပဲ ကိုငြိမ်းဟာ အန်တီတို့မိသားစုအပေါ် ရက်စက်ခဲ့တယ်၊ အဲဒါ ဘာကြောင့်ရက်စက်ခဲ့တာလဲ၊ ဘာကြောင့်လဲ အန်တီ''

ဘာကြောင့်လဲတဲ့။ ထိ်စကားလုံးက ဒေါ်ပုလဲဦးနှောက်ထဲ အပ်တစ်ချောင်းပြေးဝင်လာသလို ခံခက်လွန်းသည်။ ဘုရား ဘုရား ဒေါ်ပုလဲမှာ ထိ်ကို ဘီလူးသဘက်တစ်ကောင်လို ချောက်ချောက်ချားချား ကြည့်ရင်း ဒေါ်ပုလဲ ခေါင်းတွင်တွင်ယမ်းနေမိသည်။

''အန်တီတို့ ဘာကြောင့် ကျိကျိတက်ချမ်းသာလာလဲ ပြန်ဆန်းစစ်ကြည့်ပါ''

ဒေါ်ပုလဲ မိုက်ခနဲဖြစ်သွားသည်အထိ ကြက်သီးဖျက်သွားသည်။ နေဝန်းထိ်ဆိုတဲ့ ဒင်းကို လျှော့တွက်ခဲ့တာ သူမ မှားပြီလားဆိုတဲ့ အတွေးလည်း ဝင်လာသည်။ နောက်တစ်ဆက်တည်း သူမဘဝ အတိတ်စာမျက်နှာပေါ်က စာလုံးတွေ။

''အပျိုစင်ဘဝက အန်တီက ရွှေဘုံပေါ်မှာ စံခဲ့တယ်၊ အိမ်ထောင်သည်ဘဝမှာ ရွှေဘုံပေါ် ဆက်လက်စိုးစံနိုင်ဖို့အတွက် အန်တီ့ ခင်ပွန်း ဘယ်လိုနည်းနဲ့ စီးပွားရှာခဲ့သလဲ''

မေးခွန်းက ရင်ဘတ်ထဲ ဒိုင်းခနဲပြေးဝင်လာလျှင် ဒေါ်ပုလဲ ချောက်ချားသွား၏။

''အန်တီမမှတ်မိရင် ကျွန်တော် ပြောပြမယ်၊ သေချာနားထောင်''

''အလိုလေး''

www.burmeseclassic.com

www.burmeseclassic.com



"အဟင့်"

"အန်တီခင်ပွန်းဟာ စက္ကန့်နဲ့အမျှ ဝင်ငွေတိုးပွားဖို့ တစ်နိုင်ငံလုံးက စီးပွားရေးစားကျက်တွေကို လှည့်လည်ရှာဖွေခဲ့တယ်၊ ရိုးသားတဲ့ စီးပွားရေးသမားတွေကို ချေးပေါင်းပြီး ပရိယာယ်ကြွယ်တဲ့ စီးပွားရေးလှည့်ကွက်နဲ့ မျှားယူသိမ်းသွင်း၊ ဝါရင့်စီးပွားရေးသမားတွေကို မျက်နှာချိုသွေးပြီး တပည့်ခံ၊ အောက်ကျို့၊ အကွက်ဝင်လာရင် လှလှပပ တိုက်စစ်ဆင်၊ ဝါရင့်စီးပွားရေးသမားထဲက စီးပွားရေးလုပ်ကွက်ကောင်းကောင်းတွေကို ကတုံးတင်မကဘူး၊ တစ်ကိုယ်လုံးက ရှိသမျှကို ရိတ်ယူ၊ ပြီးရင် ပြည်ပကို တရားမဝင် တရားဝင်ထွက်ပြီး ဘယ်နည်းနဲ့ဖြစ်ဖြစ် ငွေရဖို့ ကြိုးစားတဲ့သူ၊ အထူးသဖြင့် ဘယ်သူတစ်ဦးတစ်ယောက်ရဲ့စီးပွားရေးလုပ်ကွက်ကို လုရမယ်ဆိုရင် ဘယ်သူ့အသက်၊ ဘယ်သူ့မိသားစုအရေးကိုမှမထောက် အနိုင်ယူခဲ့တဲ့သူ၊ အန်တီ့ခင်ပွန်းရဲ့အချိုင်ခံရမှုထဲမှာ ရိုးသားကြိုးစားတဲ့ စီးပွားရေးသမား အယောက်ပေါင်းဘယ်လောက် ဘဝပျက်ခဲ့သလဲ၊ အန်တီ မသိတာလား၊ မသိချင်ဟန်ဆောင်ခဲ့တာလား၊ ပြောစမ်းပါ"

ဒေါ်ပုလဲ ခေါင်းညိတ်ရအခက် ခေါင်းခါရအခက်နဲ့ ကတုန်ကယင်ဖြစ်သွားသည်။ သူမခင်ပွန်း၏စီးပွားရှာနည်းက ဖြူခြင်း၊ မည်းခြင်းကို မခွဲခြားတာ သူမ သိတယ်။ နေဝန်းထိ တည့်တည့်မေးတော့ ဒေါ်ပုလဲ ချွေးပျံမတတ်ဖြစ်လာသည်။

"အန်တီ့ခင်ပွန်းရဲ့ကုပ်သွေးစုပ်လို့ ကိုငြိမ်းတို့မိသားစု စီးပွားရေးပျက်တယ်၊ စီးပွားပျက်လို့ ကိုငြိမ်းအဖေ စိတ္တဇရောဂါသည် ဖြစ်တယ်၊ အန်တီခင်ပွန်းရဲ့ပယောဂမကင်းတဲ့ တပည့်ကျော်ရဲ့စနက်ကြောင့် ကိုငြိမ်းမမ ကိုယ်ဝန်ရခဲ့တယ်၊ အဲဒီတပည့်ကို အန်တီ့ခင်ပွန်း ခြေရာဖျောက်လိုက်လို့ ကိုငြိမ်းမမ ရှက်ပြီး ကိုယ်ဝန်ရှင်းပြစ်ရာက



ရေတိမ်နစ်ခဲ့တယ်၊ အန်တီ့ခင်ပွန်းကို အမြဲတမ်း မျက်မုန်းကျိုးနေတဲ့ ကိုငြိမ်းရဲ့အစ်ကိုကြီးကို အန်တီ့ခင်ပွန်းက ဆေးသမားဘဝရောက်အောင် ဖြားယောင်းသွပ်သွင်းလိုက်တယ်၊ အမိအဖမဲ့သွားတဲ့ လက်ကျန် ကိုငြိမ်းတို့မောင်နှမ လူမမယ်သုံးယောက်က သူတစ်ပါးဆီမှာ လက်ဖြန့်တောင်းစားခဲ့တဲ့ဘဝ ရောက်ခဲ့ရတယ် အန်တီ"

ဒေါ်ပုလဲတစ်ကိုယ်လုံး ချွေးဒီတွေ ဖြာသွား၏။ နေဝန်းထိ ဒီအကြောင်းတွေ ဘာလို့သိနေရတာလဲ။ ပြီးတော့

"ကိုငြိမ်းတို့မိသားစုတွင်မကဘူး ဖေဖေ့ရဲ့စီးပွားရေးတွေကို လှည့်ကွက်ဆင်ယူရုံမကဘူး၊ ဖေဖေ့ကို ပရိယာယ်ဆင်ပြီး ကားအက်ဆီဒန့်နဲ့ အသက်ဆုံးသွားအောင် လုပ်ခဲ့တယ်၊ အန်တီ့ခင်ပွန်းကြောင့် ကျွန်တော့်ဖေဖေ သေရတာ၊ ကိုငြိမ်းတို့မိသားစု သေကွဲကွဲရတာဗျ"

အက်ကွဲတုန်ခါနေသည့် နေဝန်းထိအသံအဆုံးမှာ ဆွေးမြေ့ကြေကွဲနေသော နှလုံးသားမှ မျက်ရည်တွေ ပေါခနဲ ပြိုကျလာသည်။

ပြီးတော့ ရှိုက်ငိုနေကြတဲ့ မိသားစုဝင်တွေရဲ့ ငိုကြွေးသံတွေက ဒေါ်ပုလဲအသည်းနှလုံးကို ခပ်နာနာကိုက်ဖဲ့နေသလိုဖြစ်ကာ ဒေါ်ပုလဲ ရှူးချင်ချင်ဖြစ်လာသည်။

ဒီမိသားစုရှေ့မှာ မာနနဲ့ရင့်ကော့ပြီး အောင်လံလွှင့်ဖို့လာခဲ့တဲ့ ဒေါ်ပုလဲ ခုတော့ မာနနဲ့အရှိန်အဝါတွေ တစ်လွှာချင်း အဖွဲ့ခံရသလို ဖြစ်လာပြီး

"ကိုငြိမ်းကြောင့် အန်တီတို့ခံစားခဲ့ရသလို အန်တီခင်ပွန်းကြောင့် ကိုငြိမ်းတို့မိသားစု အရင်ဆုံးအသည်းက ရင်ကွဲ ခံစားခဲ့ရတာပါ အန်တီ၊ ကျွန်တော်တို့မိသားစုရဲ့ရွှေတောင်ကြီးလည်း ပြိုကျခဲ့ရတယ်၊ ကျွန်တော်တို့တွေလိုပဲ တခြားမိသားစုဝင်တွေ အများကြီး အန်တီ့ခင်ပွန်းကြောင့် ဒုက္ခရောက်ခဲ့ကြတယ် အန်တီ၊ အန်တီတို့

www.burmeseclassic.com

www.burmeseclassic.com



စားနေတဲ့ ငွေကြေးစည်းစိမ်တွေဟာ ကျွန်တော်တို့လို၊ ကိုငြိမ်းတို့လို မိသားစုပေါင်းများစွာရဲ့ မျက်ရည်တွေ၊ အသည်းနှလုံးတွေ၊ အသက်တွေ ဘယ်လောက်တောင် စတေးခဲ့ရသလဲ၊ ဒါတွေကို အန်ကယ် သိခဲ့တာ မဟုတ်ဘူး။ မသိချင်ဟန်ဆောင်နေခဲ့တာ မဟုတ်လား''

အတိအကျကြီး ပြောချတဲ့အခါ ဒေါ်ပုလဲနှလုံးသားက အရှုံးတစ်ယောက်လို ယောက်ယက်ခတ်ကုန်သည်။ သူ့များမိသားစု ကြေကွဲရစဉ်က ဒေါ်ပုလဲတို့ ထမင်းစားမပျက်ခဲ့ကြပါ။ ဘယ်သူသေသေ ငတေမှန်ရင်ပြီးရောဆိုတဲ့ စိတ်နဲ့ ရှာယူခဲ့တဲ့ငွေကြေးစည်းစိမ်တွေကို ပြန်မြင်ယောင်ရင်း မျက်လုံးထဲမှာ မီးတောင်ပေါင်းများစွာ ထွန်းလာသည်။

ဘုရား ဘုရား ဒေါ်ပုလဲ နားကိုဖိပိတ်ထားမိသည်။ ရှေ့ဆက်မကြားလိုတဲ့စိတ်နဲ့ ခြံဝင်းထဲက ပြေးထွက်ခဲ့ပေမယ့် နေဝန်းထိရဲ့ နောက်ဆက်တွဲစကားလုံးတွေက သူမနှလုံးသားကို အကြိမ်ကြိမ် ဖွဲ့ချနေသည့်နှယ်။

✿ ✿ ✿

## အခန်း (၃၀)

''နေဦး အန်တီ၊ အန်တီမသိသေးတာ ရှိသေးတယ်၊ ကျွန်တော်တို့မိသားစုမွေးစားထားတဲ့ ရတီငြိမ်းငြိမ်းကြွေဆိုတဲ့ ငယ်ငယ်ကို အန်တီသေချာကြည့်''

ပြေးထွက်သွားလို့မရအောင် ဒေါ်ပုလဲရှေ့ နေဝန်းထိ ထွန်းပိုလိုက်တဲ့ ကောင်မလေး။ သူမကို မုန်းတီးတဲ့မျက်ဝန်းနဲ့ မော့ကြည့်နေတဲ့ ကလေးမ။

ဒေါ်ပုလဲ အရာရာကို မေ့လျော့ကာ ယောင်ယောင်ယမ်းယမ်း မျက်ဝန်းနှင့် စူးစူးစိုက်စိုက်ကြည့်မိသွားသည်။

မျက်ခုံးတန်းထူထူနက်နက်၊ တိုကော့ကော့မျက်တောင်များ ကြားမှ ဝိုင်းစက်ကာ ရွှန်းတောက်နေသော မျက်ဝန်း။ မသိမသာလေး သွယ်ယောင်ရှိသော နှာတံ၊ စူစူလေးတွန့်ထားသည့် နှုတ်ခမ်းလွှာနှင့် သွယ်သောမေးဖျားချွန် ချွန်လေးကို တစိမ့်စိမ့်ကြည့်မိလျှင်

ဒေါ်ပုလဲ လက်နှစ်ဖက်က ကတုန်ကယင်ဖြစ်ကာ ကလေးမလေးပခုံးကို ဆုပ်ကိုင်မိမတတ်ဖြစ်သွားပြီး နေဝန်းထိကို မော့ကြည့်၏။

''ဒီ ဒီကလေးက''

လို့ ပြတ်တောင်းတောင်းမေးတော့ နေဝန်းထိ နှုတ်ခမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖိကိုက်ပြီး ပြောဖို့ပြင်လျှင် ဒေါ်တင်တင်ချို သားအပါး ပြေးကပ်လာသည်။

သားလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း ခေါင်းလည်း ယမ်းကာ ပြောသည်။

"သား ငယ်ငယ့်ကို ဒီပြဿနာထဲ မဆွဲသွင်းပါနဲ့ကွယ် ငယ်ငယ့်ကို မေမေတို့ ဘယ်လောက်ချစ်ခဲ့ရသလဲကွယ်"

"ဟုတ်တယ် ကိုကြီး၊ ငယ်ငယ့်အကြောင်းကို မပြောပါနဲ့နော်"

မေမေနဲ့အတူ ညီနဲ့ညီမပါ ခေါင်းတွေယမ်းရင်း ဟန့်တားကြသည်။ ငယ်ငယ်က မျက်လုံးလေး ပြူးကြောင်ကြောင်နဲ့ အားလုံးကို နားမလည်စွာ ငေးကြည့်နေသည်။

"ပြောလေ နေဝန်းထိ ဒီကလေးက"

ဒေါ်ပုလဲက ဒါပဲ တရစပ်မေး၏။ မေမေကလည်း မပြောနဲ့လို့ပဲ ဝမ်းနည်းစွာဆိုပြန်သည်။ ငယ်ငယ့်အပေါ်ထားတဲ့ မေမေ့မေတ္တာနဲ့ သူတို့မောင်နှမ ဘယ်လောက်ထိ ချစ်ခင်တွယ်တာလဲဆိုတာ ကိုယ်တိုင်အသိဖြစ်သည်။

ကျန်းမာရေးချို့တဲ့ရှာတဲ့ငယ်ငယ့်ကို သူတို့မိသားစု ပိုးမွေးသလို မွေးခဲ့ရတယ်။ သူပင်ပင်ပန်းပန်းရှာဖွေထားတဲ့ငွေကြေးကို မနှမြောတမ်း သုံးပြီး ငယ်ငယ်လေးကို ဆေးကုပေးခဲ့သည်။

သွေးသားရင်းနဲ့မခြား ချစ်ခင်တဲ့ ငယ်ငယ်ဟာ ဒေါ်ပုလဲနဲ့ ပတ်သက်နေတဲ့အတွက် ဒေါ်ပုလဲသိအောင်ပြောဖို့ ယတိပြတ်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

မေမေနဲ့မောင်နှမတွေကို နှစ်သိမ့်ပေးတဲ့မျက်လုံးနဲ့ကြည့်ပြီး မေမေ့ပခုံးကို အသားဖက်ကာ ရင့်နင့်စွာပဲဖြေသည်။



"မေမေ အမှန်တရားကို မဖုံးကွယ်ပါရစေနဲ့၊ ငယ်ငယ်ကို သားလည်း ညီမလေးလို၊ သမီးလေးလိုချစ်ခဲ့တာပါ၊ ဒါပေမဲ့ ဘယ်သူ ဘယ်ဝါဆိုတာ ဒေါ်ပုလဲသိသင့်တယ်၊ သိဖို့လိုအပ်တယ် မေမေ၊ မေမေ မတားပါနဲ့နော်"

နေဝန်းထိစကားဆုံးလျှင် ထိုမိသားစုဝင်တွေ ကြေကြေကွဲကွဲပဲ အိခနဲငိုကာ သူမရှေ့မှ ငယ်ငယ်ကို ဝိုင်းဖက်ထားကြ၏။

ထိုမျက်ဝန်းပေါင်းများစွာထဲ လျှို့ဝှက်ချက်တွေရှိနေမှန်း ဒေါ်ပုလဲ တစ်အပ်သိသွားသည်။ ထိုလျှို့ဝှက်ချက်ကို ဒေါ်ပုလဲမသိရဘဲ မနေနိုင်တော့ပါ။

"ပြောလေ နေဝန်းထိ ဒီကလေးက"

"ကိုငြိမ်းနဲ့ မမကြွေရဲ့သမီး အန်တီ့မြေး"

"ဘုရားရေ"

ဒေါ်ပုလဲရင်ဘတ်ထဲ မိုးကြိုးတစ်စင်း ဒိုင်းခနဲပြေးဝင်သွား၏။ ရင်ဘတ်ကိုလည်းဖိကာ ငယ်ငယ်လေးကိုလည်း ပြူးကြည့်ရင်း

"ကြွေသမီး ဟုတ်လား၊ ကိုငြိမ်း နိုးသွားတဲ့ ငါ့သမီးကြီးရဲ့ ကလေးပေါ့၊ ဟုတ်လား၊ ဟုတ်တယ်နော်"

မငိုဘဲ မရှိုက်ဘဲ ပြိုဆင်းလာတဲ့မျက်ရည်တွေကို သူ သုတ်ပစ်ကာ ဝမ်းမနည်းမိအောင် အံကြိတ်တင်းခံလိုက်သည်။

ဖွင့်ပြောလိုက်လို့ ဝမ်းနည်းထိခိုက်သွားရှာတဲ့ မေမေနဲ့ညီညီမတွေရဲ့ ငိုရှိုက်သံကို သူ လျစ်လျူရှုပစ်ကာ

"ဟုတ်တယ်၊ ငယ်ငယ် နှစ်နှစ်အရွယ်မှာ ကိုငြိမ်းကားအက်စီးဒန့်ဖြစ်ပြီး ဆုံးသွားတယ်"

အားလုံးသောမျက်ဝန်းမှ မျက်ရည်တွေ ဟောခနဲပြိုဆင်းကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုငြိမ်းမဆုံးခင် ကိုငြိမ်းသမီးနဲ့ ကိုငြိမ်းရဲ့ပိုင်ဆိုင်မှုအားလုံး ကျွန်တော့်ကို လွှဲခဲ့တယ်၊ နေဦး"

ပြောရင်း နေဝန်းထိ ပျဉ်းထောင်အိမ်လေးပေါ်တက်သွားသည်။ ချက်ချင်း ပြန်ပြီးဆင်းလာတော့ အနီရောင်ဖိုင်တစ်ခု ယူထုတ်လာသည်။

ဒေါ်ပုလဲမှာ နေဝန်းထိကိုကြည့်လိုက် ကလေးမလေးကို ကြည့်လိုက်နဲ့ သွေးရူးသွေးတန်းဖြစ်လာသည်။ သမီးကြီးကြွေက ကလေးအတွက် စိတ်ရောဂါရခဲ့တာလေ။

ကလေးက ဒင်းတို့လက်ထဲမှာရှိနေမှန်း အစကတည်းက သိရင် သမီးကြီး အသေဆိုးနဲ့ သေပွဲဝင်ရမှာမဟုတ်ဘူးလို့လည်း တွေးရင်း ကြေကွဲခြင်းက ထပ်ဆင့်လာပြန်သည်။

"ကိုငြိမ်းလွှဲခဲ့တဲ့ ပိုင်ဆိုင်မှုအားလုံးကို 'ရတီငြိမ်းငြိမ်းကြွေ' နာမည်နဲ့ ကျွန်တော် ပြန်လွှဲထားတဲ့ စာရွက်စာတမ်းအားလုံးပါတယ်၊ ကိုငြိမ်းပိုင်ဆိုင်မှုက အန်တီတို့စည်းစိမ်တစ်ဝက်ပါသလို၊ ကိုငြိမ်း သမား အာဇီဝကျကျရှာထားတဲ့ စည်းစိမ်လည်းပါတယ်၊ အဲဒါ အန်တီပြန်ယူသွားပါ"

နေဝန်းထိ ထိုးပေးတဲ့ အနီရောင်ဖိုင်ကိုကြည့်မိ၍ ဒေါ်ပုလဲ ရင်မှာ မြွေတစ်ကောင်မြင်ရသလို လန့်လန့်ဖျပ်ဖျပ်ခံစားလိုက်ရသည်။ ဒါတင်မက နေဝန်းထိရဲ့မဆုံးတဲ့စကားတွေ။

"အန်တီသိထားဖို့က သူတစ်ပါးငွေတစ်ကျပ်တစ်ပြားကိုမှ အလွဲသုံးစားလုပ်ပစ်ဖို့ ကျွန်တော်တို့ စိတ်မကူးခဲ့ဘူး၊ သူတစ်ပါးပိုင်ဆိုင်မှုကို ကျွန်တော်တို့ မျက်စိမကျဘူး၊ ဘယ်သူ့စီးပွားရေးအသိုက်အမြုံကိုမှ တူးယူဖို့ လောဘမတက်ဘူး၊ အန်တီ့ခင်ပွန်းလို သူတစ်ပါးစီးပွားရေး တူးယူချင်တဲ့ဆန္ဒရှိခဲ့ရင် သွေးလွန်တုပ်ကွေးနဲ့ သေကောင်



ပေါင်းလဲဖြစ်တဲ့အချိန်က ငယ်ငယ့်ကို ဆေးမကုဘဲ ထားခဲ့တယ် အန်တီ"

ထက်ရှတုန်ခါနေသော နေဝန်းထိစကားမဆုံးခင် ငယ်ငယ် ဟီးခနဲငိုလျှင် ဒေါ်ပုလဲ ကြက်သီးမွေးညင်းထောင်ထမတတ် လိပ်ပြာမလုံဖြစ်လာသည်။

"ကျွန်တော်တို့မိသားစု ငွေကြေးမပြေလည်တဲ့ကြားထဲက ငယ်ငယ့်ကို ဒုက္ခခံပြီး ဆေးကုခဲ့တယ် အန်တီ၊ အဲ့ဒါ ဘာဖြစ်လို့လဲ သိလား၊ လူတစ်ယောက်ရဲ့အသက်ကို ကိုယ့်အသက်လို တန်ဖိုးထားမြတ်နိုးလို့ပါ အန်တီ"

ဒေါ်ပုလဲမျက်နှာက ချက်ချင်း မည်းတူးမှောင်ချိတ်သွားသည်။ လူတစ်ယောက်ရဲ့အသက်ကို ကိုယ့်အသက်လို တန်ဖိုးထားလို့တဲ့။ ဒါဆို သူမခင်ပွန်းဦးအောင်သိုက်ထွန်းက သူတစ်ပါးအသက်ကို တန်ဖိုးမထားရုံမက ပျက်စီးရာပျက်စီးကြောင်း လုပ်ခဲ့တဲ့သူလို့ သွယ်ဝိုက်ပြောနေတာလား။

သူမကိုယ်တိုင်ရော ခင်ပွန်းသည်လိုပဲ သူတစ်ပါးအသက်ကို တန်ဖိုးမထားတဲ့မိန်းမ ဖြစ်နေမယ့်သဘောပေါ့။ ဒေါ်ပုလဲ မျက်နှာကို ဖြတ်ချုပစ်ရနိုးနိုး၊ တစ်နေရာရာမှထိုးဝှက်ထားရကောင်းနိုးနိုးနှင့် ပျာယာခတ်သွားသည်။

နေဝန်းထိက ပြောစရာရှိသမျှကို အေးအေးစက်စက်ပြုံးမှု ပြောဆိုဖို့ အဆင့်သင့်ဖြစ်နေဟန်နှင့်။ ကွပ်ပျစ်ပေါ်မှ သူမ၏ချက်လက်မှတ်ကို ဖိုင်ထဲထည့်သွင်းရင်း ပြောသည်။

"ငယ်ငယ်ဟာ ကျွန်တော်တို့မိသားစုရဲ့ရွှေတောင်ကြီး ပြိုကျအောင်လုပ်ခဲ့တဲ့ ဦးအောင်သိုက်ထွန်းရဲ့မျိုးဆက်သွေးဖြစ်ပေမယ့် ငယ်ငယ့်အပေါ်မှာ ကျွန်တော်တို့မိသားစု နည်းနည်းလေးမှ မငြိုငြင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး၊ မေမေက မွေးလိုက်တဲ့သွေးရင်းသားရင်းလို သဘောထားပြီး ညီမလေးအငယ်ဆုံးလေးလို တယုတယအလိုလိုက်ပြီး မွေးခဲ့ကြတာပါ အန်တီ၊ သူတစ်ပါးပိုင်ဆိုင်မှုမက်ရင် ဘာမှမသိသေးတဲ့ ယင်ယင်ကို အသေခံပစ်ပြီး ယင်ယင်ရဲ့ပိုင်ဆိုင်မှုတွေနဲ့ အန်တီတို့လိုပဲ ကျွန်တော်တို့ သူဌေးဘွဲ့ခံလို့ရတယ်၊ ကုမ္ပဏီထောင်နိုင်တယ်၊ သူတစ်ပါးကို ငွေစောင်းခေါက်ပြီး မို့ချိုးမျှစ်ချိုး ပြောလို့ရတယ် အန်တီ၊ ဒါပေမဲ့"

တိခနဲပြတ်သွားတဲ့ စကားလုံးတွေက ဒေါ်ပုလဲရင်ဘတ်ကို တစ်လုံးပြီးတစ်လုံး စောင့်ဝင်လာတဲ့အခါ ရပ်နေတဲ့ခြေဖဝါးတွေက အစ မြောက်တက်လွင့်စဉ်သွားမတတ် ဖြစ်နေပြီ။

နေဝန်းထိဖိုင်တွဲကို ကျစ်ကျစ်ဆုပ်ကိုင်လျက် ဆက်ပြောသည်။

"ဒါပေမဲ့ အန်တီ၊ ကျွန်တော်တို့ သူတစ်ပါးစီးပွားရေးအသိုက်ကို တူးယူဖို့ထက် ခွန်အားအစစ်အမှန်နဲ့ သမာအာဇီဝကျကျရှာလို့ရတဲ့ စည်းစိမ်ကိုပဲ မက်မောတယ်၊ ထမင်းနှစ်နပ်ကို အဆိပ်တောက်ကင်းကင်းနဲ့ စားရဖို့ပဲ ကြိုးစားရုန်းကန်တယ်၊ အန်တီလက်ညှိုးထိုးသလို ဘယ်သူက သိုက်တူးခဲ့တာလဲ၊ ဘယ်သူက လူယုတ်မာခဲ့တာလဲ၊ ဘယ်သူက အတ္တကြီးခဲ့တာလဲဆိုတာ အန်တီ့ဘာသာ အန်တီဆုံးဖြတ်ပါ"

ဒေါ်ပုလဲမျက်ဝန်းထဲမှ လက်ညှိုးပေါင်းများစွာ မြင်ယောင်လာသည်။ သူမ ထိုးခဲ့ဖူးသည့် လက်ညှိုးက သူမရင်အုံတည့်တည့် ပြေးဝင်လာသည်။

သူမ ချွေချခဲ့တဲ့စကားလုံးလေးက သူမနှလုံးသားဆီ ပြန်လှည့်လာသလို ခံစားရလျှင် ဒေါ်ပုလဲ အသိတရားက မီးတွေလို ဟုန်းဟုန်းတောက်ကာ။ ဒါတင်မက နေဝန်းထိပြောချတဲ့ နောက်ဆုံး



စကား။

"အန်တီ့ကို ကျွန်တော် နောက်ဆုံးပြောမယ်၊ ယင်ယင်ရယ်၊ ယင်ယင့်ရဲ့ပိုင်ဆိုင်မှုတွေနဲ့ အန်တီ့ချက်လက်မှတ်တွေ အန်တီ ပြန်ယူသွားပါ၊ နောက် ဘယ်တော့မှ ကျွန်တော်တို့မိသားစုကို လက်ညှိုးမထိုးပါနဲ့၊ ရော့"

ယင်ယင့်လက်ကို တစ်ဖက်က ဆွဲသလို ဖိုင်တွဲကိုတစ်ဖက်က ကိုင်ပြီး ထိုးပေးနေတဲ့ နေဝန်းထိ ဒေါ်ပုလဲမျက်ဝန်းနဲ့အသိတရားမှာ သူမမြေးနဲ့ပိုင်ဆိုင်မှုတွေလည်း မမြင်သလို ပူလောင်နေတာပဲ သိသည်။

နှုတ်ခမ်းက ဖွင့်ဟတုန်ခါနေပေမယ့် စကားလုံးတွေ ထွက်မလာတာ ခက်လှသည်။ ကမ်းယူဖို့ ငြင်းပယ်ဖို့ လက်နှစ်ဖက်လုံး မရှိသလိုလည်း ခံစားရသည်။ မြေပေါ် ဖုတ်ခနဲလျောကျသွားတဲ့ သူမလက်ကောက်ဝတ်မှ သားရေအိတ်နှင့်အတူ

"ဟင့်အင်း ယင်ယင် မလိုက်ဘူး၊ အဲဒီဟာကြီးကို ယင်ကြောက်တယ်၊ မုန်းတယ် ကိုကြီး၊ ယင့်ကို မထည့်နဲ့နော်၊ ယင်မသွားဘူး၊ မေမေ ယင်မသွားဘူးနော်၊ ကိုလေး, မမ ကိုကြီးကို ပြောပေးဦး၊ ယင်မသွားဘူး၊ မုန်းတယ် ဟီးဟီး"

သူမမျက်နှာကို စူးစူးရဲရဲကြည့်ပြီး နေဝန်းထိလက်ထဲက အတင်းရုန်းရင်း ထိုမိသားစုတွေကို အားကိုးတကြီးအော်ဟစ်အကူအညီတောင်းနေရှာတဲ့ သူမရဲ့မျိုးဆက်သွေး။

သွေးအေးမှန်းသိတာနဲ့ ကြောက်သတဲ့ မုန်းသတဲ့။ လူမယ်ရင်သွေးကတောင် သူမထက် သွေးသားမတော်စပ်တဲ့မိသားစုအပေါ်မှာ တွယ်တာနေတဲ့အဖြစ်။

တွေးမိတိုင်း နှလုံးသားမှာ အရောင်တွေ ဆန့်ကျင်နေမှန်း သိသာနေသည်။ သူမကိုယ်သူမ အဖြူပါလို့ တစ်သက်လုံး ခေါင်လံ

www.burmeseclassic.com

www.burmeseclassic.com



လွင့်တူခဲ့တဲ့ ဂုဏ်ပကာသနရဲ့မှိုင်းတွေ။ ဒင်းတို့မိသားစုရှေ့မှာ အနက်ရောင်တွေ ဖြစ်နေမှန်း ဘွားခနဲသိလိုက်ရတဲ့အဖြစ်။

"သား သူတို့ပိုင်ဆိုင်တာတွေ သူတို့ကို ပြန်ပေးတာ မေမေ ကျေနပ်တယ်၊ ဒါပေမဲ့ ငယ်ငယ်ကိုတော့ အမေ မခွဲနိုင်ပါဘူး သားရယ်"

"ဟုတ်တယ် ကိုကြီးရယ်၊ ငယ်ငယ်ကို မထည့်လိုက်နဲ့နော်"

မေမေနဲ့ညီမက ငိုယိုရင်းပြောကာ ငယ်ငယ့်ကိုဆွဲယူသလို ညီက သူ့လက်ထဲက ဖိုင်တွဲကိုဆတ်ခနဲဆွဲယူ၍ ဒေါ်ပုလဲလက်ထဲ အတင်းထည့်ရင်း ပြောသည်။

"ဒီမှာ အန်တီ ငယ်ငယ့်ကို ကျွန်တော်တို့မပေးနိုင်ဘူး။ အဲဒီဖိုင်တွဲယူပြီး ပြန်တော့"

ပါလို့ပြောရင်း ဖိုင်တွဲနှင့်သူမကို သူမကားပေါ် ဆွဲထည့်လိုက်တဲ့အဖြစ်။ ဒေါ်ပုလဲ မြင်ယောင်ခံစားမိတိုင်း နှလုံးသားမှာ စက္ကန့်မလပ် ပူပင်လောင်မြိုက်ကာ အသိတရားက ဆောက်တည်ရာမရဖြစ်ကုန်သည်။

သူမရင်ဘတ်ထဲက အတ္တက ဓားသွားတစ်ချောင်းအဖြစ် သူမရင်အုံတည့်တည့် ပြန်ပြေးဝင်နေတဲ့အဖြစ်။

မိသားစုအားလုံးရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ငယ်ငယ်ကို သူမရင်ခွင်ထဲ နေဝန်းထိ ပြန်ထည့်ပေးတဲ့အခါ အသည်းကွဲရင်ကွဲ အော်ဟစ်ငိုကြွေးနေတဲ့ ငယ်ငယ်အသံ၊ ထိုမိသားစုရဲ့ရင်ကွဲပက်လက်ငိုသံတွေက သူမအသည်းနှလုံးကို နှတ်နှတ်စဉ်းနေသလို နာကျင်နေသည်။

ဒေါ်ပုလဲ အသိတရားလက်လွှတ်ကုန်သည်။ ခြေလှမ်းတွေ ဦးတည်ရာမဲ့ကာ နှလုံးသားက သွေးရူးသွေးတန်းဖြစ်လျက် ကိုယ့်လက်ညှိုးနဲ့ ကိုယ့်စကားက ကိုယ့်ကို တန်ပြန်ထိုးနှက်တဲ့ဝေဒနာကို



ဒေါ်ပုလဲ ခံစားနိုင်စွမ်းမရှိတော့ဘူးထင်ရသည်။

မျက်ရည်တွေလည်း ဒလဟောကျလေပြီ။ ဘယ်မျက်နှာနဲ့မှ ရင်မဆိုင်ရဲတဲ့ သူမ။ အရှင်းဆုံးပြောရရင် သူ့မျက်နှာကိုတောင် သူမ ပြန်မကြည့်ရဲတဲ့ဝေဒနာ ဆိုးလိုက်တဲ့ ဝဋ်ကြွေးလေအလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"တကယ်လား မာမီ၊ တကယ်လားဟင်၊ ဒယ်ဒီက အဲသလို လူလား၊ ဏီတို့စည်းစိမ်တွေက အဲဒီနည်းနဲ့တိုးပွားခဲ့တာလားဟင်၊ ဏီ့ကို ပြောပါ မာမီရယ်၊ ဏီ သိပါရစေ ဟင့် ဟင့်"

မာမီ့လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း ပွက်ပွက်ဆူသော သွေးနဲ့မေးပေမယ့် မာမီ ပြန်ပြောနိုင်တဲ့စွမ်းအားတွေ မရှိတော့တာ ဏီ သိနေသည်။

ရတက်မအေးသောမျက်ဝန်းနဲ့ နှုတ်ခမ်းတို့က ဟဟလေး ပွင့်ကာ သောကမငြိမ်းနိုင်သောမျက်နှာနှင့် အသက်မဲ့နေရှာသော မာမီ။

စကားလုံးတွေနဲ့ လက်ညှိုးတွေက တန်ပြန်အဆိပ်လို ခံစား မိရှာတဲ့အဖြစ်နှင့် ထိုညမှာပဲ ဝှန်းခနဲလဲကျသွားတဲ့အသံနောက်မှာ အသက်ပါသွားသည်။ ဏီ့ရင်ထဲက စကားလုံးတွေကို မဖြေနိုင်တော့တဲ့ မာမီ့ဘဝနိဂုံးရယ်ပါ။

ဒယ်ဒီ့ကြောင့် သူတစ်ပါးမိသားစုတွေ ခံစားရသလို ဏီတို့ မိသားစုလည်း တန်ပြန်ခံစားရတာလားကွယ်။ ကိုလေးလည်း သေခဲ့ ရတယ်။ ဒယ်ဒီလည်း မရှုမလှဝေဒနာနဲ့ အသက်ပါသွားတယ်။

မမလည်း အဖြစ်ဆိုးနဲ့ ဘဝဆုံးရတယ်။ မာမီလည်း အဆိပ်



တွေ ဝါးမျိုမိသလို အဆုံးမသတ်နိုင်တဲ့သောကနဲ့ သေပွဲဝင်ရရှာတယ်။

ဏီကရော ဘာထူးလဲ။ ဒယ်ဒီပြုခဲ့လို့ တန်ပြန်ဖြစ်လာတဲ့ ဝေဒနာဆိုးနဲ့ အသက်ရှင်နေတဲ့အဖြစ်၊ ဏီ ဘယ်လိုမျက်နှာနဲ့ အသိုင်း အဝိုင်းထဲ ဝင်ရမှာလဲ၊ ထိုအတွေးနဲ့တင် ငရဲကျသလို ဏီ ခံစားနေခဲ့ရ သည်။ မာမီ့ရှာပနပြီးကတည်းက ဏီခမျာ အခန်းထဲ ကျိတ်ငိုနေရတဲ့ အဖြစ်၊ ဘယ်သူနဲ့မှရင်မဆိုင်ရဲတဲ့ဝေဒနာက ကင်ဆာရောဂါလိုပဲ အမြစ် ပွားနေသည့်အလား။ တစိမ့်စိမ့်လိုက်စားနေစေသည်။ ပြီးတော့

"ငယ်မနေဘူး၊ ငယ့်ကို ပြန်ပို့ပေးပါ ဟင့် ဟင့်၊ ကိုကြီး ငယ့်ကို လာခေါ်လေ၊ ကိုလေးနဲ့မမရော ငယ့်ကို ပစ်ထားတော့မှာ လား၊ မေမေ ငယ့်ကို မချစ်တော့ဘူးလား ဟင့် ဟင့် ဟင့်၊ ငယ့်ကို ပြန်ပို့ပေးကြပါ ဟင့် ဟင့် ဟီး"

ပြောရင်း ငိုရင်း လက်အုပ်လေးချီပြီး မရပ်မနားပြောနေရှာ တဲ့ မမသမီးလေးရဲ့အသည်းကွဲ ရင်ကွဲတောင်းဆိုသံက ဏီ့နှလုံးသား ကို လှောင်မြှုက်နေသလို၊ ဏီအလစ်မှာ ထွက်ပြေးသွားတဲ့ ငယ်ငယ်။

ဏီ ခေါင်းမီးတောက်အောင်လိုက်ရှာတော့ ထိတ်မိသားစု ရင်ခွင်ကို အားကိုးတကြီး ဖက်တွယ်ပြီး

"ငယ့်ကို ကိုကြီးတို့နဲ့ မခွဲပါနဲ့၊ မေမေတို့နဲ့ မခွဲပါရစေနဲ့၊ ကိုလေးတို့ မမတို့နဲ့ ခွဲရရင် ငယ် သေပစ်လိုက်မယ် ဟီး ဟီး"

နှလုံးသားနုနယ်တဲ့ကလေးတစ်ယောက်ရဲ့ခံစားချက်ကို ဏီ မျက်ရည်ကျပြီး ကျောခိုင်းခဲ့တာ ဘာကြောင့်လဲ။ သွေးရင်းသားရင်း ဖြစ်မှန်းသိတဲ့ကလေးဟာ သွေးရင်းသားရင်းဖြစ်တဲ့ ဏီအပေါ် ဘာ ကြောင့်မခင်တွယ်နိုင်ရတာလဲ။

ဝဋ်ကြွေးမို့လား။ ဝဋ်ကြွေးဆိုရင်လည်း ကြေပါလေတော့ ကွယ်။ မိဘထားခဲ့တဲ့စည်းစိမ်တွေကြားမှ ဏီတစ်ကိုယ်တည်း လောင်

www.burmeseclassic.com



ကျွမ်းနေတဲ့အဖြစ်။ ဏီ ငြိမ်းချမ်းမှု ရချင်ပါတယ်။ တကယ်ပါလေ။

သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျရုံမကာ သူတစ်ပါး မိသားစု သောကွဲကွဲစေပြီးမှ တိုးပွားလာတဲ့ ဒီစည်းစိမ်တွေဟာ ဏီ အသက်ရှူသံနဲ့ထပ်တူ ဖြစ်ချောက်နေသလို ဏီ့ရင်မှာ လိပ်ပြာလန့်မတတ် ကြောက်ရွံ့ရတာ အမှန်ပါ။

''ဏီရယ် ပြီးခဲ့တာကို မေ့လိုက်ပါတော့ဟယ်''

လို့ သူငယ်ချင်းတွေ ဝိုင်းဝန်းဖျောင်းဖျလာတဲ့အခါ ဏီ မျက်ရည်မစဲနိုင်အောင် ငိုချင်လိုက်မိသည်အထိ ဏီ့နှလုံးသား အားငယ်ထိခိုက်ရရှာသည်။ စစ်ဦးနိုင်ကတော့ ဏီအပေါ် သနားပြီးရင် သနားနေခဲ့တာအမှန်။

ဏီမိတာရဲ့သဘောထားက သိပ်ကြောက်စရာကောင်းပေမယ့် ဏီကတော့ ကူကယ်ရာမဲ့နေတဲ့ ယုန်သူငယ်လို ဖေးမနှစ်သိမ့်ပေးချင်စရာကောင်းအောင် ဖြူစင်နေခဲ့သည်။

ဏီလေ ဘာအကြောင်းကိုဖြစ်ဖြစ် အစစ်အမှန်ခံစားချင်ခဲ့တာ ဏီဇီဖပါ။ ဒါပေမဲ့ ဏီသိတတ်ကတည်းက ဏီစိတ်နဲ့ဏီ့ကိုယ် လွတ်လွတ်လပ်လပ်ခံစားခွင့်မရခဲ့ဘူး။ လှမ်းမိုးနိုင်တဲ့ မာမီ့လက်ညှိုးနောက်မှာ ဏီ ဟန်ဆောင်ခဲ့ရတယ်။

ဏီ ရင်ထဲက ခံစားရတာတွေကို မျိုသိပ်ခဲ့ရတယ်။ အဲဒီအတွက် ဏီ့ရင်ဟာ လှိုင်းတွေလိုပဲ အစဉ်အမြဲ မငြိမ်မသက်ဖြစ်ရရှာတယ်။ အခုအချိန်က အဆိုးဆုံးပါပဲ မောင်ရယ်။ စစ်ဦး မျက်လွှာချကာ ဏီ့ကို အကြင်နာမလျော့နိုင်စွာ ငေးကြည့်လျက်။

''ဏီရယ် အတိတ်အကြောင်းက ပြီးခဲ့တဲ့အတိုင်းပဲထားလိုက်တော့၊ ဟုတ်ပြီလား၊ ဏီ့ကို မောင် အထင်မသေးဘူး။ မောင့်အသိုင်းအဝိုင်းကလည်း ဏီ့ကို အရင်လိုပဲ ချစ်ခင်နေဆဲပဲ၊ စိတ်မချမ်းမြေ့



စရာတွေးပြီး ဏီစိတ်ကို ဏီ မညှဉ်းဆဲပါနဲ့ နော် ဏီ''

မျက်ရည်တို့နဲ့ စိုအိနေတဲ့ ဏီပါးပြင်နုနုကို ဖွဖွပုတ်သုတ်ပေးရင်း ယုယုယယနှစ်သိမ့်ပေးတဲ့ သူ့နှလုံးသားက ဏီ့ကို အရင်ထက်ပိုချစ်မိကြောင်း သူ့ကိုယ်သူ ပိုသိလာသည်။ အင့်ခနဲ တစ်ချက်ရှိုက်လျက်။

''ဟုတ်တယ် ဏီစိတ်ကို ဏီမညှဉ်းဆဲချင်တော့ဘူး၊ ဏီဆုံးဖြတ်ပြီးပြီ''

''ဘာ ဘာကိုလဲ ဏီ''

စစ်ဦး လှုပ်လှုပ်ရှားရှားဖြစ်ကာ မျက်တောင်မခတ် လိုက်ကြည့်သည်။ အိသူ၊ ခင်ရီနဲ့ ဝင်းမေတို့လည်း နားမလည်နိုင်တဲ့မျက်ဝန်းနဲ့ ဏီ့ကိုပဲ အရိပ်တကြည့်ကြည့်ဖြစ်ကြသည်။

အန်တီဆုံးကတည်းက စကားမပြောနိုင်ရှာအောင် ကြေကွဲထိရှိနေတဲ့ ဏီ။ အန်တီရက်လည်ပြီးနောက် ကြေကွဲစရာတွေကို ထိန်းချုပ်ကာ ပြောလာတဲ့ ဝန်ခံစကားနဲ့အတူ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ထိန်းချုပ်လှုပ်ရှားနေခဲ့သည်။ အခုတစ်ခါ ဘာကိုဆုံးဖြတ်ပြီးပြီလဲ။

သိချင်စိတ်က အားလုံးကို ဖင်တကြွကြွဖြစ်လာသည်။ မျက်ဝန်းအိမ်ထဲမှ စိမ့်ထွက်လာသမျှ ကြေကွဲမျက်ရည်ကို ဏီ အကုန်အစင်သုတ်ကာ ရှိကေ့စ်ပေါ်အဆင်သင့်ထားခဲ့သော အပြာရောင်ဖိုင်တွဲကို ဆွဲယူသည်။

ဖိုင်တွဲကို မောင်ထိုင်နေတဲ့ ရှေ့က ပန်းခင်းထားတဲ့စားပွဲပေါ် ချပေးကာ မတ်မတ်လေးရပ်၍ ဘယ်သူ့ကိုမှ မကြည့်ဘဲပြော၏။

''အဲဒီထဲမှာ ဒယ်ဒီနဲ့မာမီလက်ထက်က ပိုင်ဆိုင်ခဲ့တဲ့ စည်းစိမ်အားလုံး ဏီနာမည်နဲ့ ကျန်နေတယ်လေ၊ အဲဒီစည်းစိမ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကြောင့် မျက်ရည်ကျခဲ့တဲ့မိသားစုဝင်တွေကို ဏီ တရားဝင် ပြန်လွှဲပေးထားတယ်''

''ဏီ''

စစ်ဦး ဖျတ်ခနဲထရပ်ပြီးခေါ်လျှင် ဏီပြုံးနိုင်အောင်ကြိုးစားပြီး

''ဒယ်ဒီ့အတွက်ကို သံသရာကြွေးအဖြစ် လက်ဆင့်ကမ်းသယ်မသွားချင်ဘူး၊ သားသမီးဆိုတာ မိဘရဲ့ဆိုးမွေ ကောင်းမွေကို ခံစားရသူတွေပါ၊ မိဘပေးတဲ့ကောင်းမွေက ဝမ်းမြောက်စရာဖြစ်ပေမယ့် ဆိုးမွေက ထိုခိုက်ကြေကွဲစရာတွေပါ၊ ထိခိုက်ကြေကွဲစရာဆိုးမွေချန်ခဲ့တဲ့ မိဘအတွက် သင်ပုန်းချေပေးဖို့ ဏီမှာ တာဝန်ရှိပါတယ်၊ ဏီ တာဝန်ကျေမှ တမလွန်ရောက်နေတဲ့ ဏီမိဘလည်း လွတ်ငြိမ်းချမ်းသာရနိုင်မယ်လေ၊ ဏီဆုံးဖြတ်လိုက်တာ၊ ဏီဆုံးဖြတ်ဖြစ်တဲ့အတိုင်း မောင်ကူညီပြီး ပေးပေးပါ၊ ဏီ့ကိုယ်တိုင် မျက်နှာချင်းဆိုင်ပေးရင် မျက်နှာပြောင်တိုက်တယ်လို့ သူတို့စိတ်ထဲ ထင်မှားမှာစိုးတယ်''

ပြောနေရင်း ထိန်းနေရင်းကြားက မျက်ရည်တို့ စို့လာပြန်သည်။ သူငယ်ချင်းတွေနဲ့ စစ်ဦးလည်း ဏီ့ကိုပြောချင်တာတွေ ရှိပေမယ့် ထိခိုက်ကြေကွဲနေရှာတဲ့ ဏီ့ကို နားလည်ပေးနိုင်တာကြောင့် မပြောကြတော့ပါ။ သက်မတွေသာချရင်း ငေးကြည့်ရသည်။

''ရှေ့ဆက်ရမယ့် ဏီဘဝခရီးမှာ ဘယ်သူ့မျက်ရည်တွေမှ ရောပါနေတာမျိုး ဏီ မခံစားချင်ဘူး၊ ဝမ်းတစ်ခါးအတွက် အဆိပ်အတောက်ကင်းကင်း ရှာဖွေစားသောက်ဖို့ သတ္တိရှိပါတယ်၊ အဲဒါလေးကိုတော့ ထိလက်ထဲထည့်ပေးလိုက်ပါနော်''

စစ်ဦးတိုင် သက်ပြင်းချကာ ချစ်သူအလိုကျ ခေါင်းညိတ်ရှာသည်။

✿ ✿ ✿

အခန်း (၃၂)

''ကျွန်တော်လိုချင်တာ စည်းစိမ်ဥစ္စာမဟုတ်ဘူး၊ ဏီနှလုံးသားထဲက အချစ်ပါ ကိုစစ်''

ရှေ့ချပေးလိုက်တဲ့ဖိုင်တွဲကိုမကြည့်ဘဲ ထိပြောလျှင် စစ်ဦးတိုင် နားလည်စွာ ခေါင်းတဆတ်ဆတ်ညိတ်မိသွားသည်။

ဏီဆီက အချစ်ကို သူသာမက ထိလည်း လိုချင်တပ်မက်တာချင်း တူနေပေမယ့် တစ်ယောက်အပေါ်တစ်ယောက် စိတ်မကွက်သလို၊ တစ်ယောက်ကိုတစ်ယောက်လည်း နားလည်မှုရှိရှိ ဖေးမပေးနိုင်တဲ့စိတ်နဲ့ ခင်မင်တွယ်တာနေကြတဲ့အဖြစ်။

ထိပ်ခုံးစွန်းကိုကိုင်ရင်း ထိနှင့်မျက်နှာချင်းဆိုင် စစ်ဦးတိုင် ယှဉ်ရပ်မိသွားသည်က အားပေးနှစ်သိမ့်ချင်တဲ့ စေတနာနဲ့ပါ။

ထိမျက်ဝန်းထဲကအချစ်ဘာသာပေဒကို စစ်ဦးတိုင် ဖတ်တတ်နေပြန်သည်။ ဆုပ်ကိုင်ထားမိတဲ့ ထိပခုံးကို တစ်ချက်ဖျစ်လိုက်ပြီး

''ကိုယ်နားလည်တယ် ထိ''

''ကျွန်တော်ပြောတာကို ယုံရဲ့လား ကိုစစ်''

ပခုံးအပေါ်က လက်ကိုပြန်ရုပ်ပြီး စစ်ဦးတိုင် ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဏို့ကို စတွေ့ကတည်းက ကျွန်တော်ချစ်ခဲ့တယ်၊ ဦးသိုက်ထွန်းကျော်ရဲ့သမီးမှန်းမသိဘဲ အရိုးခံစိတ်နဲ့ချစ်ခဲ့တယ်၊ နောက်မှ ဦးသိုက်ထွန်းကျော်ရဲ့သမီးမှန်းသိရတော့ ကြံကြံဖန်ဖန်ဆုံတွေ့ခွင့်ပေးတဲ့ ကံကြမ္မာကို ကျွန်တော် အံ့ဩမိတယ်၊ ဦးသိုက်ထန်းကျော်ဆိုတဲ့ နာမည်ကို ကျွန်တော့်မိသားစု မေ့ထားတာ ဖေဖေဆုံးပြီးကတည်းက ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုငြိမ်းလို အငြိုးတွေနဲ့ ပူလောင်နေတဲ့ ဘဝမျိုးကို မခံစားစေချင်ဘူး၊ ဖြစ်လာသမျှက ကံကံ၏အကျိုးလို့ပဲ သတ်မှတ်လိုက်တယ်၊ ဖေဖေသေဆုံးရတာဟာ ဦးသိုက်ထွန်းကျော်ရဲ့ စနက်ကြောင့်ဆိုတာထက် ဖေဖေပြုခဲ့တဲ့ရှေ့ဘဝဝဋ်ကြွေးကြောင့်ပဲလို့ လက်ခံပြီး ဖြေသိမ့်ခဲ့တယ်"

ပြောရင်း ပြည့်အိုင်နေတဲ့မျက်ရည်က ထိရဲ့ဘယ်ဘက်ပါးပြင်ပေါ် ကန့်လန့်ဖြတ်ပြီးကျလာသည်။ ထိုမျက်ရည်ကို ထိ ခေါင်းလေးငုံ့ကာ လက်မောင်းနဲ့ ပွတ်သုတ်လိုက်သည်အထိ စစ်ဦးတိုင် အသက်မရှူဘဲငေးကြည့်သည်။

"ဖေဖေ မရှိပေမယ့် မေမေ့ကို စိတ်ဓာတ်မကျ ဝမ်းမနည်းစေချင်ဘူး၊ ညီနဲ့ညီမလေးကို အားမငယ်စေချင်ဘူး၊ မိသားစုအတွက် ဖေဖေ့သားပီပီ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရုန်းကန်ခဲ့တယ်၊ ဦးသိုက်ထွန်းကျော်ကို အမုန်းမပွားနိုင်တဲ့စိတ်ကြောင့်လည်း ကိုငြိမ်းမဆုံးခင် ကျွန်တော့်လက်ထဲ ယုံကြည်စွာအပ်ခဲ့တဲ့ ကလေးကို ကျွန်တော်တို့မိသားစု မြတ်မြတ်နိုးနိုးမွေးခဲ့တယ်၊ အဲဒီအချိန်အထိ ဦးသိုက်ထွန်းကျော်တို့မိသားစု ဘယ်မှာနေတယ်၊ ဘာညာဆိုတာတောင် ကျွန်တော်တို့ မသိခဲ့ဘူး၊ ဏီဏီဟာ ဦးသိုက်ထွန်းကျော်သမီးမှန်းသိရတဲ့နောက်မှာ ကိုငြိမ်း သူတို့မိသားစုကို ဘယ်လိုလက်စားချေခဲ့တယ်ဆိုတာ ကျွန်တော် သိခဲ့ရတယ်၊ ကိုငြိမ်း အငြိုးထား



တာတော့ သိတယ်၊ အဲသလောက်ထိ လက်တုံ့ပြန်မယ်လို့ ကျွန်တော် မထင်ဘူး။ အဲဒါ ကျွန်တော့်ရင်ထဲက စစ်မှန်တဲ့သစ္စာစကားကို ကိုစစ်"

မွန်းကျပ်တဲ့စိတ် ပေါ့ပါးသွားစေဖို့ စစ်ဦးတိုင် အသက်ကို ဖိရှူကာ အနက်ရောင်မှန်ပြတင်းပေါက်ဆီ လျှောက်သွားရင်း ဖျတ်ခနဲ တွန်းဖွင့်လိုက်သည်။

သစ္စာပန်းခင်းတွေပေါ်မှ ဖြတ်လျှောက်ဝင်လာတဲ့ လေချိုနုနုကို နှစ်ယောက်သား ရှူရှိုက်ကြသည်။ သစ္စာပန်းခင်းတွေကို ရှေ့ရှုပြီး ထိုနှလုံးသားတံခါးချပ်တွေကို စစ်ဦးတိုင် ဖွင့်ခွင့်ပေးခဲ့ဖူးသည်။ အခုလည်း ထိနှလုံးသားထဲက စကားလုံးတွေကို ရင်ဖွင့်ခွင့်ပေးကာ ကိုယ်တိုင်လည်း မျှဝေခံစားနေမိတာ ဏို့ကို ချစ်သောကြောင့်ဖြစ်သလို ဏို့ကိုချစ်နေတဲ့ ထိနှလုံးသားကို သဘောထားကြီးကြီးဖြင့် နားလည်ပေးနိုင်သောကြောင့်လည်း ဖြစ်မည်ထင်ရသည်။

"ဏီဒယ်ဒီရဲ့အတ္တကို ဏီသိအောင် ဘယ်တော့မှ ထုတ်ပြောမှာမဟုတ်ဘူးလို့လည်း ကျွန်တော် ဆုံးဖြတ်ထားတယ်၊ ဒါပေမဲ့ အန်တီနဲ့လက်ညှိုးနဲ့စကားလုံးဟာ ကျွန်တော်တို့မိသားစုရဲ့နှလုံးသားကို မွမွကြေအောင်လုပ်လာတော့ ရင်ထဲမှာမေ့ထားတဲ့၊ ဖုံးထားတဲ့ ဝေဒနာမီးတောင်က မာနတွေနဲ့အတူ ဟုန်းခနဲပေါက်ကွဲသလိုဖြစ်သွားတယ်၊ ကျွန်တော့်ရဲ့ကပေါက်ကွဲမှုကြောင့် ဏီမာမီ အဖြစ်ဆိုးနဲ့ကြုံရမှန်းသိတော့ ကျွန်တော့်ကိုယ်ကျွန်တော် ယူကျုံးမရခံစားရတယ်၊ ကိုစစ် ကျွန်တော့်ကြောင့် အန်တီသေရတာလား၊ အန်တီသေသွားအောင် ကျွန်တော် ရက်စက်လိုက်ပြီလားလို့"

"မဆိုင်တာဘဲ ထိရယ်၊ အန်တီမှာ နှလုံးနဲ့သွေးတိုးရှိတယ်၊ အစ်ခါတလေ ရောဂါထလာရင် သေလုမျောပါးဖြစ်တဲ့အထိ အခြေအနေဆိုးလောက်အောင် အန်တီ ရောဂါထတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးဖြစ်သွားတဲ့သဘောပါ။ မင်းလည်း ဆရာဝန်တစ်ယောက်ပဲ အန်တီ့ရောဂါအခြေအနေကို အန်ကယ်ထွန်းလူကတစ်ဆင့် သိသင့်သလောက် သိထားတာပဲ၊ ကံပါကွာ ပြီးခဲ့တာတွေ ခေါက်လိုက်တော့ လောလောဆယ် ဏီပေးတာကို လက်ခံလိုက်ပါ၊ တခြားမိသားစုဝင်တွေကို ထိ သိနေတယ်မဟုတ်လား၊ သူတို့ကိုလည်း ဏီ့ကိုယ်စား ထိပဲ ခွဲပေးလိုက်ပါ''

ချစ်သူအတွက် ပြုံးဘက်လိုသဘောမထားဘဲ မိတ်ဆွေရင်းညီကိုရင်းသဖွယ် ဖေးဖေးမမဆက်ဆံတတ်တဲ့ စစ်ဦးတိုင်ရဲ့နှလုံးသားကို ထိ လျစ်လျူမရှုရက်နိုင်ပါ။

လောလောဆယ် ဏီကျေနပ်အောင်လုပ်ပေးဖို့ ထိမှာ တာဝန်ရှိတယ်ဆိုရင် ထိ ဆောင်ရွက်ပေးရုံပေါ့။ စားပွဲပေါ်ရှိ ဗိုင်တွဲကို ထိ စိတ်ဝင်စားစွာ တစ်ချက်ကြည့်ပြီး ခေါင်းဆတ်လက်ခံလိုက်ရသည်။ ပြီးမှ

''ကျွန်တော် ဏီနဲ့ တွေ့ချင်တယ် ကိုစစ်''

ထိအားမနာစွာပဲ ပြောလျှင် စစ်ဦးတိုင် သက်မချရပြီလေ။ ညှိခန်းမျက်နှာစာမှအလှထားသည့် ငါးကန်လေးကို တစ်ချက်ကြည့်မိသည်။

ကြည်လဲ့နေတဲ့ မှန်အိမ်ထဲမှာ တစ်ကောင်တည်း ထည့်ထားတဲ့ ရွှေဝါရောင် ငါးလှလှလေးက ကျောက်တုံးကျောက်ခဲတွေနဲ့ ရေညှိပင်တွေကို တို့ထိဆော့ကစားကူးခတ်နေရှာသည်။

ထိုအဖြစ်က သူတို့သုံးယောက်နှင့်တူလှသည်။ ဏီက ငါးလှလှလေး၊ သူက မှန်အိမ်ထဲက ရေကြည်ရေသန့်ဆိုရင် ထိက ကျောက်တုံးကျောက်ခဲတွေပေါ့။

''ကိုယ်လည်း အဲဒါကို ပြောမလို့ပဲ''



ထိမျက်တောင်ကို ပုတ်ခတ်လုပ်၍ ကြေကွဲမျက်ရည်တွေကို နှလုံးအိမ်ထဲ သိမ်းသွင်းရင်း

''ဘာလဲ ကိုစစ်''

ရွှေဝါရောင်အလှငါးလေးဆီက စစ်ဦး အကြည့်ခွာသည်။ သူ့ရင်အုံမှာ ကပ်နေတဲ့ အဝါနုရောင်အစင်းလေးမျိုးပါတဲ့ တီရှပ်အိတ်ထဲ ထည့်ထားတဲ့ ပစ္စည်းလေးနှစ်ခုကို ငုံ့ကြည့်၍ ဆွဲထုတ်လိုက်လျှင်

ထိမျက်ဝန်းအစုံ အံ့ဩကာ တလက်လက်တောက်သွားသည်။ စစ်ဦးတိုင်က စိန်ဆံထိုးလေးကို တီရှပ်အိတ်ပြန်ထည့်၍ ချော့ကလက်ပြားကို ဆုပ်ကိုင်ကာ ထိနှလုံးသားကို ခပ်မှန်မှန်လျှောက်လာသည်။ ထိုချော့ကလက်ပြားလေးက ထိနှလုံးသားကို ကိုယ်စားပြုတဲ့သင်္ကေတ။

''အခုလောလောဆယ် ဏီစိတ်မှာ ကိုယ်တို့အချစ်ကို တုံ့ပြန်ရွေးချယ်ဖို့ထက် ကိုယ်တို့ချစ်ခြင်းတွေကို ရင်ဆိုင်ရဲတဲ့သတ္တိ မရှိဘူး၊ ပြီးတော့ ဝမ်းနည်းတာ, ကြေကွဲတာ, ယူကျုံးမရဖြစ်တာ, ရှက်တာ ဘာညာတွေနဲ့ရောပြီး မွန်းကျပ်နေပုံရတယ်၊ ခင်ရီတို့နဲ့အတူ စက်ာပူ ထွက်သွားပြီ''

''ဟင်''

''ဟုတ်တယ်၊ ကိုယ်လည်း မတားရက်ဘူး၊ ဏီစိတ်သောကတွေ ပြေငြိမ်းမယ်ဆိုရင် ပြီးတာပါပဲ၊ မသွားခင် ကိုယ့်ရဲ့စိန်ဆံထိုးနဲ့ မင်းရဲ့ချော့ကလက်လေး ပြန်ပေးသွားတယ်၊ ရော့ မင်းရဲ့ချော့ကလက်ပြား ကိုယ်ပေးဖို့ မေးသွားတယ်''

ငွေရောင်ပါကင် တလက်လက်တောက်နေသော ချော့ကလက်ပြားလေးကို ထိ ကတုန်ကယင် ယူလိုက်မိသည်။

ထိအချစ်ကို ငြင်းလိုက်တာလား ဏီရယ်။ ထိကို ငြင်းရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်ကိုလည်း ငြင်းလိုက်တာပေါ့။ ဟုတ်ရဲ့လား။ ထိုမေးခွန်းပါတဲ့ အသံတိတ်မျက်ဝန်းနဲ့ စစ်ဦးတိုင်ကို ထိ မော့ကြည့်၏။

စစ်ဦးတိုင်က နှုတ်ခမ်းလေးစေ့ပိတ်ကာ ယှဲယှဲပြုံး၍ ရင်ခုန်မပြယ်သောအသံနှင့် တစ်လုံးချင်းပြောသည်။

"ဤနှလုံးသားမှာ စစ်မှန်တဲ့အချစ်တစ်ခု ရှိတယ်၊ အဲဒီအချစ်က ကိုယ်နဲ့ထိ နှစ်ယောက်တည်းက တစ်ယောက်ကိုတော့ တစ်ချိန်ချိန်မှာ ကမ်းပေးမှာ သေချာတယ်၊ ဤ ကမ်းပေးမယ့်အချိန်ကို ကိုယ်တို့ ရင်ခုန်စွာ စောင့်နေဖို့ပဲလိုတယ်"

တဲ့။ ဤရယ်လို့ နှလုံးသားနဲ့ ရေရွတ်ရင်း –

✿ ✿ ✿

## အခန်း (၃၃)

ခဲပြာရောင်ဆေးသားခြယ်ထားတဲ့ကောင်းကင်ကြီးက ရင်သပ်ရှုမောဖွယ်ကြည့်ဖွယ်ကောင်းအောင် ဆွဲငင်အားတွေ ပါနေသည်။

တလက်လက်မြူးနေသော ကြယ်စင်အလင်းရောင်ကလည်း နှလုံးသားပြတင်းတံခါးကို ဆွဲဖွင့်လိုက်ပါတော့လို့ အသံတိတ် မြူဆွယ်နေသယောင်ရှိသည်။

တစ်လုံးတည်းလင်းဖြာနေတဲ့ ရှုံကြယ်လေးခမျာ အထီးကျန်ဆတ်သူအဖြစ် ပုံဆောင်ပြနေလျှင် ဤရင်မှာ ဆွေးဆွေးမြွေမြွေလေး ခံစားရကာ လွမ်းမောမျက်ရည်လေးများ စို့ထွက်ချင်ချင်ဖြစ်လာသည်။

အားလုံးကို စွန့်ခွာကျောခိုင်းခဲ့တဲ့ ဤက နောက်ပြန်လှည့်မကြည့်စတမ်းပဲ လျစ်လျူရှုနေခဲ့တာ ခုဆို တစ်နှစ်တောင်ကျော်ပြီလေ။

ဤကို မောင်နဲ့ထိ မဆက်သွယ်သလို ဤလည်း ဆက်သွယ်ဖို့ စိတ်ကူးမရှိခဲ့ပါ။ ဒီလိုနဲ့ အထီးကျန်ဆန်စွာနေခဲ့တဲ့ ဤဆီကို ဆိုက်ဆိုက်မြိုက်မြိုက် စာတစ်စောင် ရောက်လာခဲ့သည်။

ငယ်ငယ်ဆီကဖြစ်မှန်းသိလျှင် ဤနှလုံးသား ပွမွှေးကာ

www.burmeseclassic.com

www.burmeseclassic.com



အနည်ကြွလုမတတ်ဖြစ်လာသည်။ တစ်ဦးတည်းသော တွယ်တာစရာ သွေးသားအရင်းဖြစ်ပေမယ့် ဏီ့ရင်ခွင်ထဲက ပြေးထွက်ပြီး ထိုမိသားစု ရင်ခွင်ထဲ ခိုလှုံကတည်းက ဏီ နောက်ပြန်လှည့်မကြည့်ဘဲ ကျော ခိုင်းစွန့်ခွာခဲ့သည်။

အဲဒီအတွက် မမှားဘူးလို့ ဏီထင်သည်။ ဒါကြောင့် အားလုံး ကို အဆက်အသွယ်ဖြတ်ခဲ့သလို ငယ့်ကိုပါ အဆက်အသွယ်ဖြတ်ခဲ့ တာပေါ့။

ငယ်ငယ်ဆီက ဦးဦးဖျားဖျားဆက်သွယ်တဲ့စာရလျှင် ဏီ့ရင် မှာ လှုပ်ရှားသွားတာအမှန်ပါကွယ်။

စာကို တင်းတင်းလေးဆုပ်ကိုင်ရင်း ဖောက်ဖတ်ဖို့ကို မေ့နေ တာမဟုတ်ဘဲ မဖတ်ဘူးလို့ ရင်ထဲက တင်းထားမိသည်အထိ ဏီ စိတ်မငြိမ်မသက်ဖြစ်နေရှာသည်။

"ဏီရယ် ကလေးလေးနဲ့ ဖက်ပြိုင်ပြီးတင်းမထားပါနဲ့ကွယ်၊ ငယ်ငယ့်ကို ဏီ မခေါ်ဘဲနေလို့ရပေမယ့် မတော်လို့မှမရတာ၊ တစ် လောကလုံးမှာ ဏီနဲ့သွေးအရင်းဆုံးကို ပြေးကြည့်ရင် ငယ်ငယ် တစ် ယောက်တည်းရှိတာလေ၊ ဖတ်ကြည့်လိုက်ပါဟယ်"

လို့ ခင်ရီ အတင်းပဲ တိုက်တွန်းပြန်သည်။ ခင်ရီ ပြောတာ မှန်တော့ မှန်ပါသည်။ ဏီကတော့ ပြတ်တဲ့ကြိုးကို ပြတ်တဲ့အတိုင်းဘဲ ထားလိုက်ချင်တယ်။

သို့သော်လည်း ဏီသွေးက တောင်းဆိုနေတော့လည်း တင်မထားတဲ့ရာနှုန်းက ဒီရေလို တရိပ်ရိပ်ကျလာကာ သပ်သပ်ရပ်ရပ် နှင့် ဝိုင်းဝိုင်းလေး ငယ်ငယ်လက်ရေးကို စိတ်လှုပ်ရှားစွာပဲ ဖွင့်ဖတ် လျက်သား ဖြစ်သွားသည်။

အန်တီဏီဏီ

ငယ်ငယ့်ကို လှည့်မကြည့်ချင်အောင် မုန်းသွားပြီလားဟင်။

တဲ့။ စာဖတ်နေရင်း ဏီအလိုလိုခေါင်းယမ်းမိကာ မုန်းလို့ လှည့်မကြည့်တာမဟုတ်ဘူးလို့လည်း အသံတိတ်ရွတ်မိသွားသည်။

မုန်းသွားလို့ မဆက်သွယ်တာပေါ့နော်။ ငယ်ငယ်ကတော့လေ အန်တီဏီ ဘယ်တော့များ ဆက်သွယ်မလဲလို့ စောင့်နေခဲ့တာပါ။

ငယ်ငယ့်မျက်နှာလေး မြင်ယောင်လာလျှင် ဏီ့ရင်မှာ သနား စိတ် ဖြာဝေလာသည်။ ခမျာလေးက မိမဲ့ဖမဲ့ဖြစ်ကာ တွယ်မိတွယ်တာ နှင့် ထိုတို့မိသားစုကို ချစ်နေရရှာတာ ဏီ ခံစားလို့ရပါတယ်။

အန်တီဏီ မဆက်သွယ်တော့ ငယ်ပဲ ဆက်သွယ်ဖို့ဆုံးဖြတ်လိုက် တယ်။ ဘာဖြစ်လို့လဲဆိုတော့ အန်တီဏီကို ငယ်ငယ် အရမ်းသတိရတယ်၊ ချစ်လည်းချစ်တယ်၊ အန်တီဏီက ငယ့်မေမေနဲ့ တူတယ်တဲ့၊ အန်ကယ်စစ် ပြောတာလေ၊ ဟုတ်လားဟင် အန်တီဏီ၊ ဟုတ်လားလို့။

ဏီ့ရင်မှာ အစ်စို့လာကာ ဝမ်းနည်းမျက်ရည် စို့ချင်ချင်ဖြစ် လာသည်။ ငယ် စာသားလေးတွေက ဏီအပါးမှာ ငယ်ငယ်ကိုယ်တိုင် တတွတ်တွတ်လာမေးနေသလို ခံစားရသည်။

ဏီ မျက်တောင်ပုတ်ခတ်လုပ်ပြီး မဆုံးသေးတဲ့စာလုံးတွေကို ဆက်ဖတ်လိုက်သည်။

ငယ်ငယ့်မှာ မေမေမရှိတော့ မေမေနဲ့တူတဲ့ အန်တီဏီကို ငယ့် မေမေလို ချစ်ချင်မိတယ်။ ချစ်တဲ့စိတ်နဲ့ အန်တီဏီအပါးမှာ ငယ် နေချင်တယ်။ အန်တီဏီနဲ့ ဝေးမနေချင်ပါဘူး။ အန်တီဏီရော ငယ့်ကိုချစ်လားဟင် ငယ့်ကိုချစ်ရင် ငယ်နဲ့တူတူ နေမှာပေါ့နော်။ ငယ့်ကိုမချစ်လို့ အန်တီဏီ ကျောခိုင်းနေနိုင်တာလားဟင်။

ဏီ ခေါင်းယမ်းရင်း နှလုံးသားမှ [illegible]ကပ်လာတဲ့ဝေဒနာကို

www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်မျိုချမိတာ မှူးမိုက်မတတ်ပါပဲ။ ယေ့်ကို ဇီချစ်ရပါတယ်ကွယ်လို့ ရင်ထဲမှာ ရှိုက်ရင်း ကြေညာမိပြန်သည်။

အန်တီဇီရယ် ချစ်တဲ့စိတ်က ဝေးနေရမှ ပိုဝမ်းနည်းစရာ ကောင်းမှန်း ယေသိတယ်၊ ယေဝမ်းနည်းရသလို ကိုကြီးနဲ့အန်ကယ်စစ် လည်း ဝမ်းနည်းရတာပါပဲ။

မောင်နဲ့ထိမျက်နှာကို မြင်ယောင်လာ၍ နှလုံးသားမှာ တဆတ်ဆတ်တုန်ခါလာသည့်ထင့်၊ စာရွက်ဖြန့်ကိုင်ထားတဲ့ ဇီလက်ချောင်း လေးများပင် တုန်ယင်လာသည်။

ချစ်နေရင် ရှောင်နေလို့ ဝေးအောင်ကျော့နိုင်းနေလို့ ဘာထူးမှာလဲ အန်တီဇီရယ်၊ အန်ကယ်စစ်နဲ့ကိုကြီးရဲ့အချစ်ကို အန်တီဇီ စိတ်ကြိုက်ရွေး လိုက်ပါနော်။ ဘယ်သူ့ကိုပဲ အန်တီဇီ ရွေးရွေး ယေချစ်မှာပဲ။ အန်တီဇီ ရွေးရခက်နေရင် ကိုကြီးနဲ့အန်ကယ်စစ်ကိုယ်စား ယေ မဲလိပ်နှစ်လိပ်လုပ်ပြီး ပါဆယ်ပို့ပေးမယ်၊ ကြိုက်တဲ့မဲလိပ်ကို မျက်လုံးစုံမှိတ်ပြီး အန်တီဇီ ရွေးလိုက်ပါနော်။ ယေ့်ကို တကယ်ချစ်ရင် ယေပို့ပေးတဲ့ မဲလိပ်နှစ်လိပ်ထဲက တစ်လိပ်ကို ရွေးလိုက်ပါ။

အန်တီဇီကိုချစ်တဲ့တူမလေး
ယေယေ (ခ) ရတီငြိမ်းငြိမ်းကြွေ

စာအဆုံးမှာ ဇီမျက်ဝန်းမှ မျက်ရည်ဥတို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ခင်ရီက အလိုက်သိသိ မမြင့်ချင်ဟန်ဆောင်ပေးခဲ့လို့ ဇီ့ရင်မှာ သက်သာရာရသွားသည်။

ဇီမျက်ရည်တွေကိုသုတ်ရင်း ချစ်တဲ့စိတ်က လှိုင်းလုံးကြီး တွေ တဝုန်းဝုန်းရုန်းကြွလာသည့်နှယ်။ ကောင်းကင်ပြာကိုကြည့်၍ ငိုမိသလို ကြယ်စင်တွေကိုကြည့်ရင်း ဆွေးမိပြန်သည်။ ထို့ပြင် ရှုပ်



ကြယ်လို အထီးကျန်ဆန်မနေချင်ပါဘူးလို့လည်း ရင်ခုန်သံက တောင်း ဆိုလာပြန်သည်။

နောက်တစ်နေ့မှာ ရောက်လာတဲ့ အဖြူရောင် ပါကင်ပေပါ နှင့် လှလှပပထုပ်ပိုးတဲ့ ပါဆယ်ထုပ်သေးသေးကို ဇီ မျက်တောင် မခတ်တမ်း ငေးစိုက်ကြည့်ကာ တိတ်ဆိတ်ငြိမ်သက်သောညဉ့်ကို ရှေ့ရှုလျက် ဇီ မျက်ဝန်းကို စုံမှိတ်ချလိုက်မိသည်။

နှလုံးသားက စေခိုင်းတဲ့ ဇီလက်ချောင်းက မောင်နဲ့ထိကို ကိုယ်စားပြုနေတဲ့ အဘယ်မဲလိပ်ကို ဆုပ်ကိုင်မိမလဲ။ ရင်တွေခုန်ပိုက် တာ အရမ်းပဲ။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

မျက်လွှာချကာ မျက်တောင်လေးများ ထိယှက်သွားသည်အထိ ဖိကပ်စေ့ပိတ်ကာ ကျွန်မမျက်လုံးအိမ်ကို စုံမှိတ်ချသည်။

ပါကင်အတွင်းမှာ ငြိမ်သက်စွာ လဲလျောင်းနေတဲ့ အဖြူရောင်မဲလိပ်နှစ်လိပ်ရှိနေတာ ကျွန်မ သိနေသည်။

ထိုမဲလိပ်နှစ်လိပ်က မောင်နဲ့ထိက်ကို ကိုယ်စားပြုသလို မောင်နဲ့ထိက ကျွန်မရွေးချယ်တာကို ကျေကျေနပ်နပ်ဖြစ်နေမယ်ဆိုတာလည်း ကျွန်မ မြင်ယောင်လာသည်။

မျက်လုံးစုံမှိတ်ရွေးချယ်တဲ့အတွက် ကျွန်မ နောင်တမရဖို့ ကျွန်မကိုယ်ကျွန်မ ဆုံးမပြီးသားပါ။

အဖြူရောင်မဲလိပ်လေးဆီ ဦးတည်သွားတဲ့ ကျွန်မ့လက်ချောင်းလေးကတော့ ကျွန်မချစ်တဲ့သူ ကျွန်မရင်ခုန်တဲ့သူကိုပဲ ရွေးချယ်ပါစေလို့ နှလုံးသားက တောင်းဆိုလျက် ရင်တွေလည်း အခုန်မြန်နေပါသည်။

ရင်ခွင်မှာလည်း တသိမ့်သိမ့်လှုပ်ရှားနေပြန်သည်။ နှလုံးသားကံကြမ္မာအတိုင်း ပါပဲလို့ စိတ်ကိုထိန်းကာ မဲလိပ်ဖြူဖြူလေး နှစ်လိပ်ထဲက တစ်လိပ်ကို နိုက်ယူဆုပ်ကိုင်လျှင် ကျွန်မတစ်ကိုယ်လုံးရှိ သွေးကြောကလေးမှာ လှုပ်ကြွနွေးဖိုကုန်သည်။

BURMESE CLASSIC .com



ကျွန်မလက်ချောင်းတွေထဲ ဆုပ်တွေးထားမိတဲ့ မဲလိပ်ဖြူဖြူလေးကို ကျွန်မ ဖြန့်မကြည့်ရဲပါ။

ဆုပ်ကိုင်ထားမိတဲ့ မဲလိပ်ကို ကျစ်သထက်ကျစ်အောင် လက်သီးဆုပ်ကိုင်ထားရင်း ကျွန်မ တရွေ့ရွေ့သွားနေမိပေါ့။

ကျွန်မ ဘယ်လောက်ကြာအောင် ရွေ့သွားနေမိလဲ ကျွန်မ မသိတော့ပါ။ အချိန်တွေ ဘယ်လောက်ကုန်ဆုံးသွားပြီး ကျွန်မ ရေတွက်မနေအားပါ။

ရင်ခုန်နေတာရယ်၊ တလှပ်လှပ်နွေးဖိုနေတာရယ် နှလုံးသားမှာ လွှမ်းမိုးနေသည်။

ထိုစဉ် ကျစ်ကျစ်လေးဆုပ်ထားမိတဲ့ ကျွန်မလက်သီးဆုပ်ကို ဖွဖွဆုပ်ကိုင်လာတဲ့ လက်နွေးနွေးတစ်စုံနဲ့အတူ နှာခေါင်းထဲ တိုးဝင်လာတဲ့ ရနံ့ချိုချို။

ကျွန်မ့နှလုံးသားမှာ မပျောက်မပျက် စွဲလမ်းခဲ့ဖူးသော ဆေးနံ့နဲ့ ရွှေးစို့ရနံ့ရောနေသော ကိုယ်သင်းရနံ့မွှေးမွှေးလေး။ ကျွန်မ့နှလုံးသားလေး တလှိုက်လှိုက်မြူးကာ ကျွန်မတောင့်တသောချစ်သူဖြစ်မှန်း ကျွန်မ့ရင်ခုန်သံက အလိုလိုသိသွားသည်။

ကျွန်မမျက်ဝန်းစုံဖွင့်ကာ ဆုပ်ကိုင်ထားတဲ့ လက်ချောင်းလေးတွေကိုဖယ်၍ ကျွန်မဆုပ်ထားတဲ့ မဲလိပ်ဖြူဖြူလေးကို ဖြန့်ကြည့်လျှင် ချော့ကလက်လို့ ရေးထားတဲ့ စာလုံးသုံးလုံး။

"အို"

ကျွန်မမျက်ဝန်းမှာ မျက်ရည်တို့ ဝေခနဲပြိုကျလာသည်။ ပြီးတော့ သူငယ်ချင်းတွေရဲ့လက်ခုပ်သံတွေ။

"ထိ"

ကွန်ကရက်ကျူးလေးရှင်းလို့ ဩဘာပေးတဲ့ မောင့်အသံ။

www.burmeseclassic.com

www.burmeseclassic.com



ခါနဲ့ ကိုကြီးပေါ့လို့ ဝမ်းမြောက်မြူးထူးစွာ အော်ဟစ်လိုက်တဲ့ ငယ်ငယ့်အသံ။

ဘယ်လိုအစီအစဉ်တွေနဲ့ ဘယ်အချိန်ကတည်းက ဏီ့အပါး ရောက်နေကြမှန်း ဏီ မစူးစမ်းချင်တော့ပါ။

ဏီအချစ်တွေနဲ့ ငြိမ်းချမ်းပါစေလို့ ရီတို့ဆုတောင်းပေးသံ နောက်မှာ ဏီမော့ကြည့်လိုက်တော့ ဏီ့ကို မည်မျှချစ်ကြောင်း မျက်ဝန်းနှင့်နှုတ်ခမ်းတို့က သက်သေထူနေသော ထီး။

ဏီ အကြည့်မလွှဲရက်တော့ပါ။

ရင်ခုန်မျက်ရည်တို့ ရွှန်းစို နေတဲ့ ဏီမျက်ဝန်းတည့်တည့် ထီး စိုက်ကြည့်လာပြီး

"ချစ်တယ် ဏီရယ်"

လို့ သူငယ်ချင်းတွေ ဘာတွေ ရှိနေတာလည်း မသိတော့ပါ။ မအောင့်အီးနိုင်ဘဲပြောချကာ ဏီပခုံးနှစ်ဖက်ဖွဖွလေး အုပ်ကိုင်ပြီး ထီး ရင်ခွင်ထဲ ထွေးဖက်၏။ ထိုအခါ ဏီ့ကိုယ်လုံးနွဲ့နွဲ့ အလိုက်သင့် ပါသွားလျှင်

"အတိတ်က ဝေဒနာနဲ့သောကတွေကို နိဂုံးချုပ်လိုက်ပါ ဏီရယ်"

ထီးရင်ခွင်မှာ ဏီ အလိုက်သင့်ခေါင်းညိတ်လိုက်မိသွားသည်။

"ဏီ ထီးကို ချစ်တယ်မဟုတ်လား"

"မေးစရာလိုသေးလားဟင်"

သူငယ်ချင်းတွေ အလိုက်သိသိ ရှောင်သွားလျှင် ထီး တိုးတိုးလေး ပြောသည်။

"ဟီး မမေးနဲ့ ကိုကြီး အန်တီဏီ့ကို မွှေးမွှေးပေးလိုက်တော့"

လို့ ငယ်ငယ် မျက်လုံးလေးပြူးပြကာ ပြောပြီး သူငယ်ချင်း



တွေနဲ့ မောင့်နောက် ပြေးထွက်တဲ့ ငယ်ငယ့်ကို ပြုံးတူကြည့်ရင်း နှစ်ယောက်ကြား ပြုံးလေးဖူးဝေသွားသည်။

"ဏီ"

ငယ်ငယ်တို့အရိပ်တွေ အတော်ဝေးကွာသွားမှ နားနားကပ်၍ ထီး တိုးတိုးခေါ်သည်။

ရှက်ပြုံးတွေက အချစ်ပြုံးတွေအဖြစ် အရောင်ပြောင်းလဲ သွားတဲ့ ထီးမျက်ဝန်းနဲ့ ဆုံအတွေ့မှာ ဏီပါးပြင်နုနုလေး ပန်းသွေးရောင် ပြောင်းလဲသွားသည်။

"ပြောလေ"

မျက်ခုံးလေးပင့်ကာ ပခုံးပါဝင့်၍ မြိန်မြိန်လေးပြုံးပြီး မေး သည်။

"ငယ်ငယ်ပြောသွားတာ ကြားလား"

"ဘာလဲဟင်"

"မွှေးမွှေးပေးလိုက်တဲ့"

မျက်နှာချင်းထိလုမတတ် ထီး ငုံ့ကြည့်ရင်းပြောတော့ ဏီ မျက်စောင်းလေး ထိုးသည်။ ထီးက သဘောတကျရယ်သည်။ ထို့နောက် ဏီပါးပြင်ကို ဖွဖွပွတ်ကာ နှုတ်ခမ်းကို စိုက်ကြည့်ပြီး မျက်စ လေးနဲ့ ပြောသည်။

"မွှေးမယ်နော်" တဲ့။

"မမွှေးနဲ့"

လို့ ပြောရင်း လက်သီးဆုပ်နဲ့ ထီးရင်အုံကို ဖွဖွထုမိတဲ့ ဏီ့ လက်ချောင်းတွေကို ထီး ဆုပ်ကိုင်သည်။

"မမွှေးနဲ့ဆို မမွှေးတော့ဘူး"

"ဘာဖြစ်လို့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟိုဒီ မျက်မှောင်ကြုတ်ကြည့်၍မေးတော့ ဟိုနှုတ်ခမ်းဖွင့်ကာ ပြုံးပြီး

"အနမ်းဦး ပေးတော့မယ်လေ" တဲ့။

"ဟွန့်"

ရှုပြလိုက်တဲ့ ဟိုနှုတ်ခမ်းလွှာက အချစ်တွေနဲ့ စိုလဲ့ကာ တုံ့ပြန်ဖို့ ready ဖြစ်နေတော့လည်း နူးညံ့မွှေးအီသော အနမ်းဦးပန်းလေး ပွင့်သည်လေ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

BURMESE CLASSIC .com

www.burmeseclassic.com